www.burmeseclassic.com

# နတ်သမီး

## တဒင်္ဂလေးမှာ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ
ဒေါ်မြင့်မြင့်ရီ (မြ-၀၄၅၀၆) (ဗျူးတာပေ)
အမှတ်- ၅၂၀(က)၊ အင်း၀ (၄)လမ်း၊
(၆) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်
ဦးကျော်ရင် (မြ-၀၅၄၁၇) (ရွှေခြသေ့ပုံနှိပ်တိုက်)
အမှတ် (၁၂)၊ သရဖီလမ်း၊ စော/နောက် ရပ်ကွက်၊
အလုံမြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးပန်းချီ
သိန်းရွှေကြည်
အတွင်းဖလင်
ကိုပေါက် (Image Art Work)
ပုံနှိပ်ခြင်း
ပထမအကြိမ်၊
၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ
တန်ဖိုး - ၁၀၀ ကျပ်၊ အုပ်ရေ - ၅၀၀
ဖြန့်ချိရေး
ဗျူးတာပေ
၀၉ ၅၀၃၀၁၁၈၆၊ ၀၉ ၅၁၈၅၀၈၄၊
၀၁ ၈၅၀၀၆၉၆

| |
|---|
| ၈၉၅. ၈၃ |
| နတ်သမီး<br>တခါက်လေးမှာ<br>ဗျူးတာပေ ၊ ၂၀၁၄၊<br>၂၅၆ - စာ ၊ ၁၂ × ၁၈ စင်တီ။<br>(၁) တခါက်လေးမှာ |

## အခန်း (၁)

"ဟင့်အင်း အမေ သမီး အဲဒီအလုပ်ကြီးကို မလုပ်ပါရစေနဲ့"

"ဘာရယ် ညည်းက ဒီအလုပ် မလုပ်ချင်ဘူးဆိုတော့ ဘာအလုပ် လုပ်မှာလဲ၊ ညည်း ပညာအရည်အချင်းက ဆယ်တန်းအောင်ရုံလောက်ကို နင်က ဘွဲ့ရပညာတတ်ကြီး ထင်နေသလား"

အမေ့စကားကြောင့် ဝါဠမ်း ရင်ထဲမှာမကောင်းဖြစ်ရသည်။ တကယ်ဆို ဝါဠမ်း မျှော်လင့်ထားခဲ့တာ ဆယ်တန်းအောင်လျှင် တက္ကသိုလ်တက်ကာ ဘွဲ့တစ်ခုရရှိအောင် ကြိုးစားဖို့ ဖြစ်သည်။

ဒါပေမဲ့ မမျှော်လင့်ဘဲ အဖေတိမ်းပါးတော့ ဝါဠမ်း မျှော်လင့်ချက်တွေ အားလုံးပြိုပျက်ခဲ့ရတော့၏။

"ကိုယ့်ကိုကိုယ် ဘဝင်မြင့် အထင်ကြီးမနေပါနဲ့ ဝါဠမ်း၊ အရေးကြီးတာ ကိုယ့်မိသားစု ဝမ်းဝအဆင်ပြေဖို့ပဲ၊ အခု ငါ ရွေးပေးတဲ့အလုပ်က အကောင်းဆုံးပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဝါဂွမ်း ဘယ်လိုမှ လက်မခံနိုင်တာ အမှန်။ အမေ ပြောသည့် အလုပ်ဆိုတာကို တွေးကြည့်ရုံနှင့် ခြေဖျားလက်ဖျားတွေ အေးစက်ထုံကျင်လာအောင် စိုးကြောက်မိ၏။ စားသောက်ဆိုင်မှာ သောက်စားယစ်မူးနေကြသူတွေကို စတီတ်စင်ပေါ်က မီးရောင်အောက်မှာ ဖျော်ဖြေအသုံးတော်ခံရမည့်အလုပ်။

"အမေ သမီးတောင်းပန်ပါတယ်၊ အိမ်ရဲ့အခြေမပြေမှုတွေကိုလည်း သမီး သိပါတယ်၊ ဒါပေမဲ့ စားသောက်ဆိုင်မှာ သီချင်းဆိုတဲ့ အလုပ်ကြီးကိုတော့ သမီး မလုပ်ပါရစေနဲ့၊ သမီး တခြားဘယ်အလုပ်ဖြစ်ဖြစ် လုပ်ပါ့မယ် အမေ၊ နောက်ဆုံး ဈေးဘမ်းခေါင်းရွက်ရောင်းရရောင်းရ"

"အမလေးနော် ငါ ဒေါသဖြစ်လိုက်တာ၊ အရပ်တကာလှည့် ဈေးရောင်းတဲ့အလုပ်ကိုတော့ မရှက်ဘူးပေါ့လေ၊ နေပါဦး အဲဒီအလုပ်ကကော မိသားစုလေးယောက် ဝမ်းဝမတဲ့လား"

"အမေရယ် ဝါဂွမ်း တတ်နိုင်သလောက် ရှာဖွေပေးမှာပေါ့"

"မဖြစ်နိုင်တာတွေ မပြောနဲ့ ဝါဂွမ်း၊ ဈေးရောင်း ရောင်း လခစားအလုပ်တစ်ခုခုလုပ်လုပ် မိသားစုအတွက် အဆင်ပြေမှာမဟုတ်ဘူး။ ဝမ်းဝတင်းတီမိတယ်ပဲထား အငယ်နှစ်ယောက် ပညာရေးနဲ့ ဝတ်စားဆင်ယင်မှုကို ဘယ်သွားထားမတုန်း။ အစားလေး မသေရုံတမယ် စားပြီး ဂုန်နီအိတ်စုတ် ပတ်နေကြရမှာလား"

အမေ့ဒေါသနှင့်အတူ စကားတွေကပါ ကြမ်းတမ်းလာသည်။ အဖေမရှိတော့သည့်နောက်ပိုင်းမှာ ကျန်ရစ်ခဲ့တာ မိသားစုလေးယောက်ပဲ



ဖြစ်၏။ အမေရယ် ဝါဂွမ်းရယ် ခုနစ်တန်းကျောင်းသူ ညီမလေးနှင့် နှစ်တန်းကျောင်းသား မောင်လေးတို့ဖြစ်သည်။

ဒီအချိန်မှာ အစ်မကြီးအမိရာဆိုသည့်အတိုင်း အကြီးဆုံး ဝါဂွမ်းမှာ တာဝန်ရှိတာကိုလည်း လက်ခံထားပြီးသား ဖြစ်၏။ ဒါပေမဲ့ ဝါဂွမ်း မနိုင်သည့်ဝန်ကိုတော့ အမေ ဖွတ်ထမ်းခိုင်းနေတာ မဖြစ်သင့်ဟု ထင်၏။

"ဘာလဲ ညည်းက ငါ ညည်းကို ခိုင်းစားနေတယ်ထင်လို့လား၊ ငါ့မှာလည်း ငါ့အပူတွေနဲ့ချာလည်နေတာ ညည်းသိတာပဲ၊ ညည်းတို့အဖေသေတော့ လက်ထဲမှာ ဘာတစ်ပြား ကျန်ခဲ့လို့လဲ၊ ပွဲရုံက ထောက်ပံ့တဲ့ ငွေတစ်သိန်းနဲ့ သူ့မြေချရက်လည်ကိစ္စတွေ ဘယ်မှာလောင်မှာလဲ၊ သူများဆီ မျက်နှာငယ်နဲ့ ချေးငှားထားရတာတွေ အခုထိ ပြန်မဆပ်နိုင်သေးဘူး။ သေတဲ့လူက အေးချမ်းသွားပေမယ့် ငါ့မှာ ကလေးသုံးယောက်နဲ့ ဒုက္ခတွေ နင့်ပိုးကျန်ရစ်ခဲ့တာပါအေ"

သွားလေသူ အဖေ့ကို အပြစ်ဖွဲ့နေသော အမေ့စကားတွေကို ကြားရတော့ ဝါဂွမ်းပိုလို့ စိတ်မကောင်းဖြစ်ရပါသည်။ တကယ်ဆို အဖေသည် ပွဲရုံမှာ သူဌေးလူယုံဝန်ထမ်းအဖြစ် ရိုးသားကြိုးစားကာ ရသမျှ လခငွေကို အမေ့လက်ထဲအပ်နှံခဲ့သူဖြစ်သည်။

အရက်၊ လောင်းကစားကင်းရှင်းကာ မိသားစုအပေါ် တာဝန်ကျေခဲ့သူဖြစ်၏။ အမေသာ ချွေတာစုဆောင်းတတ်လျှင် ဒီလိုအခြေအနေတွေ ရောက်လာစရာမရှိဟု ဝါဂွမ်း သိထားသည်။

အခုချိန်မှာ ဒါတွေပြောမိလျှင် အမေအရင်းမဟုတ်တာမို့ ဝါဂွမ်း ခံပက်သည်ဟု အပြောခံရဦးမှာ သေချာ၏။

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်သန့်စင် ဆိုတာက ဝါဂွမ်းရဲ့အမေအရင်း မဟုတ်ပါ။ ဝါဂွမ်းမေမေ ဆုံးပါးပြီးမှ အဖေပြုခဲ့သော နောက်အိမ်ထောင်ဖြစ်၏။ ညီမလေး အိစင်နှင့် မောင်လေးသန့်စင်က ဝါဂွမ်းရဲ့အဖေတူ အမေကွဲ မောင်နှမတွေသာ။

"ဟဲ့ ဝါဂွမ်း ညည်း ငါပြောတဲ့အလုပ်ကိုလုပ်မှာလား မလုပ်ဖူးလား ပြော"

ဝါဂွမ်း အတွေးစတွေက အမေ့ရဲ့ယတိပြတ်အမေးကြောင့် လွင့်ပျောက်ကုန်သည်။ ခေါင်းမညိတ် ခေါင်းမခါဖြစ်တဲ့ မျက်ရည်တွေ ဝဲတက်လာ၏။

"သမီးရယ် အမေတို့မိသားစုအရေးအတွက် သမီးကို လုပ်ခိုင်းရတာပါကွယ်၊ ဖြစ်နိုင်ရင် အမေက ဘယ်သူ့ကိုမှ မခိုင်းချင်ပါဘူး။ အမေ့သားသမီးသုံးယောက်ကို အမေပဲရှာဖွေကျွေးမွေးချင်တာပေါ့၊ ဒါပေမဲ့ အမေ့အရွယ်က ရှာဖွေလုပ်ကိုင်နိုင်တဲ့အရွယ် မဟုတ်တော့ဘူးလေ"

အမေ့လေသံတွေ ပျော့ပျောင်းသွားကာ ဝါဂွမ်းကို ချော့မော့ သိမ်းသွင်းတော့မည်ဆိုတာကိုလည်း ကြိုသိနေပြီးသားဖြစ်၏။

"မခင်မြင့်သမီး မင်းမင်းနိုင်ဆိုရင် သမီးလောက် ရုပ်ခံမကောင်းဘဲနဲ့ အဆင်ပြေနေတာ ကြည့်ပါလား။ ဝတ်စားလိုက်တာလည်း အလန်း၊ သုံးလိုက်တာလည်း အမှန်း၊ ကိုင်တဲ့ဟန်းဖုန်းကအစ သိန်းကျော်တန်မှကဲ အချိန်ပိုင်းလေး အလုပ်ဝင်ရုံနဲ့ ပြောင်းလဲသွားတာ၊ ရွှေနဲ့ငွေနဲ့ ပြောရရင် သမီးလောက်တောင် ပညာမတတ်ပါဘူး၊ ရှစ်တန်းနဲ့ ကျောင်းထွက်ထားရတာလေ"





မင်းမင်းနိုင် ဆိုတာ ဝါဂွမ်းတို့နှင့် တစ်လမ်းကျော်မှာနေသော ကျောင်းနေဘက်သူငယ်ချင်းပဲဖြစ်၏။ မင်းမင်းနိုင်က ရှစ်တန်းနှစ်မှာပဲ စာမေးပွဲကျကာ ကျောင်းထွက်သွားခဲ့ရသည်။

အခုတော့ စားသောက်ဆိုင်မှာ အဆိုတော်ဝင်လုပ်ကာ အဆင်ပြေနေတော့ အမေ အားကျနေတာဖြစ်၏။

"ရပ်ကွက်က မင်းမင်းနိုင်လေးကို အရင်က အထင်သေးကြတယ်၊ ဟော အခုကျတော့ သူ ရေလိုသုံးပြီး သူဌေးလိုနေနိုင်တော့ အမည်းစက်ဆိုတာကိုလည်း မမြင်ကြတော့ဘူး။ အရာရာကိုငွေက ဖုံးလွှမ်းနိုင်တာပဲပေါ့၊ သူ့မိဘ သားသမီးတွေလည်း အဆင်ပြေလို့ ဘယ်လောက် လိမ္မာလိုက်သလဲ"

လေမတိုးအောင် အမေ့နှုတ်က တတွတ်တွတ် ပြောနေတာကို နားထောင်ရင်း ဝါဂွမ်း ရင်ထဲမှာ လေးပင်မွန်းကြပ်နေ၏။ မင်းမင်းနိုင် ဘဝ ပြောင်းလဲသွားတာ မှန်ပါသည်။

ဒါပေမဲ့ ကွယ်ရာမှာပြောနေကြသော စကားသံတွေကိုလည်း ဝါဂွမ်း ကြားနေရတာပါပဲ။

ယောကျ်ားတကာရဲ့ မျက်စိရှေ့မှောက်မှာ ကိုယ့်ရဲ့ခန္ဓာကိုယ်ကို စည်းချက်အမျိုးမျိုးနှင့် လှုပ်ရမ်းသီဆိုကခုန်ပြီး ငွေပန်းကုံးတွေ စွပ်လာအောင် မြူဆွယ်ရမည့်အလုပ်ကြီးကို ဝါဂွမ်း လိပ်ပြာမလုံပါ။

"ကဲ ဝါဂွမ်း ငါပြောထားတဲ့အတိုင်း မင်းမင်းနိုင်နဲ့ သီချင်းလိုက်ဆိုရင်ဆို ဒါမှမဟုတ် ညည်းကို သဘောကျနေတဲ့ ကျော်မောင်အောင်နဲ့ လက်ထပ်ချင်လက်ထပ် ဒီနှစ်လမ်းထဲက တစ်လမ်းရွေးတော့"



www.burmeseclassic.com

www.burmeseclassic.com



စကားအဆုံးမှာ အမေ ဝါဂွမ်းအနားက ထရပ်ပြီး အိမ်ထဲကို ခြေဆောင့်ဝင်သွားခဲ့သည်။

ဝါဂွမ်း ငြင်းပယ်လို့မရအောင် ချည်ပြီးတုပ်ပြီး ပြောသွားသော အမေ့ကို ဝါဂွမ်း ဘာပြေရှင်းချက်မှ မရှိတာ သေချာသည်။

ဝဲတက်လာသော မျက်ရည်တွေကြားက ပြေးသတိရမိတာ အဖေ့ကိုပဲဖြစ်သည်။ အဖေသာရှိနေလျှင် ဝါဂွမ်း ဒီလိုအိပ်မက်ဆိုးတွေ မက်ခွင့်ရမှာမဟုတ်ပါ။ အခုတော့ . . .။

■ ■ ■



## အခန်း (၂)

"နင် ငါနဲ့အတူ အလုပ်လုပ်ဖို့ ဆုံးဖြတ်လိုက်ပြီပေါ့ ဟုတ်လား ဝါဂွမ်း"

မင်းမင်းခိုင် မယုံသလို မျက်ဝန်းတွေနှင့် ကြည့်ရင်းမေးတော့ ဝါဂွမ်း ပင့်သက်ရှိုက်ရင်း

"ငါ့မှာ ရွေးချယ်စရာလမ်းမှ မရှိတော့ဘဲဟယ်၊ ဒီအလုပ်မှ မလုပ်ရင် ကျော်မောင်မောင်နဲ့ အမေက ပေးစားမယ်တဲ့"

"ကိုကျော်မောင်မောင်လား မဆိုးပါဘူးဟ၊ သူတို့က ချမ်းသာတော့ နင့်အတွက်ကော အန်တီခင်တို့အတွက်ပါ အဆင်ပြေတာပဲ"

"သူ့ကိုယူနိုင်းမယ့်အတူတူ ငါ့ကိုသာ စိတ်ကျန်းမာရေးဆေးရုံကို ပို့လိုက်တော့ မင်းခိုင်ရယ်"

"ဩော် ဝါဂွမ်းရယ် ငါက လူတွေ အထင်သေးကဲ့ရဲ့မယ့် ဒီ



www.burmeseclassic.com

www.burmeseclassic.com



အလုပ်ကြီးကို နင် မလုပ်စေချင်လို့ပါ၊ အိမ်ထောင်ပြုလိုက်တာ နင့်ဘဝ တည်ငြိမ်မယ်ထင်လို့ပါ''

မင်းမင်းခိုင် စကားကြောင့် ဝါဂွမ်း ပင့်သက်ရှိုက်မိသည်။ တကယ်ဆို အဖေရှိစဉ်ကတည်းက ကျော်မောင်မောင်ဆိုတာ အိမ်ကို ဝင်ထွက်နေတာဖြစ်သည်။ အိမ်ကိုလာတိုင်းလည်း အမေ့အတွက် စားသောက်စရာနှင့် ဝါဂွမ်းအတွက်ဆိုကာ လက်ဆောင်တွေပါလာတတ်သည်။

ဝါဂွမ်းတို့ ရပ်ကွပ်နှင့် ကပ်လျက်ရပ်ကွက်မှာနေသော ကျော်မောင်မောင်အကြောင်းကို ဝါဂွမ်း သိထားပါသည်။

ငွေကြေးချမ်းသာတာ မှန်ပေမယ့် ကျော်မောင်မောင်တို့မျိုးရိုးက ဂေါက်မျိုးရိုးတွေဟု ပြောရမည်။ အသက်ကလေးရလာသည်နှင့် ယဉ်ယဉ်လေးနှင့် ရူးသွားတတ်ကြသူတွေ၊ မျိုးရိုးစဉ်ဆက် ရူးသွားတတ်ကြသည့်သူတွေ ဖြစ်သည်။

ဒါကိုသိလျက်နှင့် အမေ သဘောတူနေခြင်းက ကျော်မောင်မောင်တို့မိသားစု၏ ပြည့်စုံချမ်းသာမှုကြောင့်ဖြစ်၏။

ဒီလိုယောကျ်ားတစ်ယောက်ကို ဝါဂွမ်း မျက်စိစုံမှိတ် လက်ထပ်ရမည်တဲ့လား။

''ဝါဂွမ်း နင် တကယ်ဆုံးဖြတ်ပြီးပြီဆိုရင် ငါတို့အလုပ်ရှင်သူဌေးနဲ့လိုက်တွေ့လေ အဆင်ပြေမှာပါ''

မင်းမင်းခိုင် ပြောမှ ဝါဂွမ်း အတွေးတွေ ပြန်စုစည်းမိသည်။ တကယ် ရင်ဆိုင်ရတော့မည်ဆိုတော့စိတ်ထဲမှာ စိုးရိမ်ပူပန်စိတ်တွေက တိုးဝင်လာရပြန်သည်။





''ဟို ငါ ငါ အဆင်ပြေပါ့မလား မင်းခိုင်ရယ်''

''ဘာပဲဖြစ်ဖြစ် နင့်ကိုမြင်တာနဲ့ ဆိုင်ရှင်သူဌေးမကတော့ သဘောကျမှာ သေချာတယ် ဝါဂွမ်း''

''မဟုတ်ဘူးလေ ငါက စတိတ်စင်ပေါ်မှာ သီချင်းမဆိုဖူးဘူးလေဟာ''

''ဒါတော့ဟာ ငါတို့လည်း ဒီအလုပ်စဝင်တုန်းက ဒီလိုပဲ အစိမ်းသက်သက်ပဲပေါ့၊ တဖြည်းဖြည်းနဲ့ အဆင်ပြေသွားတာပဲလေ၊ နင့်ကို တစ်ပတ်လောက်တော့ လေ့ကျင့်ပေးမှာပါ''

မဖြစ်မနေ ရွေးချယ်ပြီးသည့်လမ်းကိုတော့ ဝါဂွမ်း လျှောက်လှမ်းရတော့မှာပဲဖြစ်သည်။

''ငါလည်း ရှိနေတာပဲ ဝါဂွမ်းရယ်၊ မစိုးရိမ်ပါနဲ့ အဲ တစ်ခါတလေ ဧည့်သည်တွေဝိုင်းကိုဆင်းပြီး ဧည့်ခံရင်သာ နင် သတိထားရမှာ၊ တချို့က သဘောကောင်းပြီး စာနာယဉ်ကျေးတယ်၊ အဲဒီလိုလူမျိုးနဲ့ဆိုရင် ဘာပြဿနာမှမရှိဘူး၊ တချို့က သောက်စားပြီးရင် သွေးဆိုးတတ်ကြတယ်၊ ဒီလိုလူမျိုးနဲ့ကြုံရင် နင် ကလန်ကဆန်တော့ သွားမလုပ်နဲ့၊ ကိုယ်ပဲ နစ်နာသွားလိမ့်မယ်''

မင်းမင်းခိုင် ပြောသမျှ ဝါဂွမ်း ခေါင်းလေးညိတ်ရင်း နားထောင်နေမိသည်။ အလုပ်ကို မရင်ဆိုင်ရသေးခင်ကပဲ ရင်မောစိုးကြောက်နေရသည့်အဖြစ်။

''ကိုယ်ဧည့်ခံရတဲ့ဝိုင်းက လူတွေ အချိုရည်တို့ ဘီယာတို့ နည်းနည်းတိုက်ရင် ဟန်ပြသောက်ပေးလိုက်၊ သူတို့ကျေနပ်အောင် အမြည်း



www.burmeseclassic.com

www.burmeseclassic.com



လေး ဘာလေး ခွဲကျွေးလိုက်ပေါ့ဟာ''

''ဘာရယ် ငါက အဲဒီလို လုပ်ပေးရမှာလား မင်းနိုင်ရယ်၊ ဟို လေ ငါမှ အဲဒါတွေ မလုပ်တတ်တာ''

''ဝါဂွမ်းရယ် နင် အဲဒီလို အလိုက်အထိုက်နေမှလည်း သူတို့က ဘောက်ဆူးတွေဘာတွေ ပေးမှာပေါ့။ တချို့ သွေးဆိုးတဲ့ အမူးသမားတွေ ဆိုရင် မကြားဝံ့မနာသာတွေတောင် ပြောတတ်သေးတယ်၊ အင်း ဒါပေမဲ့ နောက်တော့လည်း နင် ကျင့်သားရသွားမှာပါ''

မင်းမင်းနိုင် ပြောသလို ကျင့်သားရသွားမည်တဲ့လား။ အခုချိန်မှာတော့ ကြားနေရတာနှင့်တင် ဝါဂွမ်း ကြက်သီးတွေထကာ ခပ်ရှုံ့ရှုံ့ ဖြစ်နေခဲ့သည်။

အမေ့ရဲ့တောင်းဆိုမှုတွေကို မျက်စိစုံမှိတ် လိုက်လျောလိုက်မိတာ ဝါဂွမ်း မှားယွင်းသွားခဲ့ပြီလား။



## အခန်း (၃)

ညနေလေးနာရီဆိုလျှင် လာကြိုသော Town Ace ကားလေးက လမ်းထိပ်မှာ ပုံမှန်ရောက်လာကတတ်သည်။

ဝါဂွမ်းနှင့်မင်းမင်းနိုင် အပါအဝင် မိန်းကလေးဆယ့်နှစ်ယောက် ဖြစ်သည်။ အားလုံးက ဝါဂွမ်း အလုပ်ဝင်မည့် G Point စားသောက်ဆိုင်မှာ သီဆိုဖျော်ဖြေကြသူတွေချည်းဖြစ်သည်။

မှုန်နေအောင် ပြင်ဆင်ထားသော မျက်နှာတွေနှင့် ဝတ်စားဆင်ယင်ထားပုံတွေကလည်း တကယ့် ဟော့ရှော့စတိုင်တွေပါပဲ။ မိန်းမသားချင်းဖြစ်သော ဝါဂွမ်းတောင် ရဲရဲမကြည့်ရဲပါ။

မင်းမင်းနိုင်က အားလုံးနှင့် မိတ်ဆက်ပေးတော့ ဝါဂွမ်း အလိုက်သင့် ခေါင်းလေးညိတ် ပြုံးပြရသည်။ အားလုံးထဲမှာ ဝါဂွမ်းပုံစံကတော့ တကယ့်ကို အထူးအဆန်းဖြစ်နေမှာ သေချာ၏။



www.burmeseclassic.com

www.burmeseclassic.com



လုံလုံခြုံခြုံ ဘလောက်စ်အင်္ကျီနှင့် အရောင်တူလုံချည်ကိုပဲ ဝတ် ဆင်ထားသော ဝါဝွမ်းကို မင်းနိုင်ကလည်း ကြိုတော့ သတိပေးထား ခဲ့သည်။

"ဝါဝွမ်း နှင် နောက်ပိုင်းကျ ဒီလိုဝတ်စားဆင်ယင်လို့တော့ မရဘူးနော်၊ စင်ပေါ်တက် ဖျော်ဖြေရမှာဆိုတော့ စွဲဆောင်မှုရှိအောင် ဝတ်ရမှာပဲ"

မင်းမင်းနိုင် ဘာကိုဆိုလိုသည်ဆိုတာ ဝါဝွမ်း သဘောပေါက်ပြီး သားဖြစ်သည်။ ဒူးပေါ်ပေါင်ပေါ် မီနီစကတ်ကြပ်ကြပ်နှင့် ပြေပြစ်သော ခန္ဓာကိုယ်အချိုးအစားကို ပေါ်လွင်အောင် ဝတ်ဆင်မှုမျိုးတွေနှင့် ပုရိသ တွေကို ဖမ်းစားညို့ငင်ရမည့်သဘော။

G Point ပိုင်ရှင် သူဌေး ဒေါ်တင်စန္ဒာနှင်တွေ့တော့လည်း ဝါဝွမ်း ကို ခြေဆုံးခေါင်းဖျား အကဲခတ်ကြည့်ရင်း

"မင်းနိုင် မင်းသူငယ်ချင်းကို ဝတ်စားတတ်အောင်တော့ သင် ပေးဖို့လိုနေပြီ၊ ဝါဝွမ်းဖြူဖြူ ဆိုတဲ့နာမည်နဲ့လိုက်အောင် ချောချောမော့ မောလေးပဲ ပြင်ဆင်လိုက်ရင် တော်တော်ကြည့်ကောင်းသွားမှာ သေချာ တယ်"

"ဟုတ်ကဲ့ မမကြီး၊ ဝါဝွမ်းက အတွေ့အကြုံ မရှိသေးတော့ ရှက်ရွံ့နေလို့ပါ"

"ဘာမှရှက်မနေနဲ့ ဒီအလုပ်က ရှက်နေလို့ရတဲ့အလုပ်မှ မဟုတ် တာ၊ ကိုယ့်အလှနဲ့ စွဲဆောင်မှုက ကိုယ့်ဝင်ငွေကို ရှာပေးမယ့်အလုပ်ပဲ ကြိုးစားပါ ဝါဝွမ်းဖြူ မင်းအတွက် အဆင်ပြေအသားကျသွားမှာပါ"





"ဟုတ်ကဲ့ရှင့်"

"ဒီတစ်ပတ်တော့ မင်းနဲ့လိုက်ဖက်မယ့် သီချင်းတွေရွေးပြီး သီချင်းတွေတိုက်ထားပါ၊ ဒါမှ စင်ပေါ်ကျရင် မင်းအတွက်အဆင်ပြေမှာ"

ဝါဝွမ်း တစ်ပတ်လုံးလုံး သီချင်းတွေတိုက်ရသည်။ သီချင်း ဝါသနာပါသော ဝါဝွမ်းအတွက်တော့ အခက်အခဲမရှိပါ။

"ဝါဝွမ်း ဒီရက်တွေမှာလည်း ငါ့အိမ်လာခဲ့လေ၊ ဝိုင်းနဲ့မဟုတ် ပေမယ့် ကာရာအိုကေနဲ့လည်း လေ့ကျင့်ပေါ့"

မင်းမင်းနိုင်ကတော့ ဝါဝွမ်းကို အားလုံးကူညီပေးသူပဲဖြစ်သည်။ ဝါဝွမ်း ဝတ်ဆင်ရမည့် အဝတ်အစားဖိုးအတွက် လိုအပ်သောငွေကြေးကို လည်း ဆိုင်ရှင်သူဌေးမထံက ကြိုတင်တောင်းပေးသည်။

"ဝါဝွမ်း နှင့်ဆံပင်ကို ပြုပြင်ရင် ပိုကောင်းမယ်"

"ဟင် ဆံပင်ညှပ်ရမှာလား၊ ငါ မညှပ်ချင်ဘူး မင်းနိုင်"

ဂုတ်ဝဲဆံပင်ရှေရောင် အခွေအလိပ်လေးနှင့် မင်းမင်းနိုင်ကို ကြည့်ကာ ဝါဝွမ်း ခေါင်းခါငြင်းမိသည်။ ခါးထိလုမတတ် ရှည်နေသော ဆံပင်တွေကိုတော့ ဝါဝွမ်း အဆုံးရှုံးမခံနိုင်ပါ။

"မညှပ်ချင်လည်း ရပါတယ်၊ ဒါပေမဲ့ ဖယောင်းသွင်းပြီး ကာ လာနည်းနည်းတင်ဖို့တော့ လိုလိမ့်မယ်"

မင်းမင်းနိုင် အကြံပေးသည့်အတိုင်း ဝါဝွမ်း နာခံလိုက်ရပါ သည်။ ဖြူတီဆလွန်းကိုရောက်တော့ ဝါဝွမ်း ဆံပင်နက်မှောင်မှောင်တွေ က မဟော်ဂနီရောင်ကို ပြောင်းလဲသွားခဲ့သည်။

Junction မှာလည်း မင်းမင်းနိုင်က ဝါဝွမ်း ဝတ်ဆင်ဖို့ အဝတ် အစားတွေ ရွေးချယ်ဝယ်ပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ဝါဂွမ်း တစ်ခါမှ မဝတ်ဆင်ဖူးသော မဝတ်ရဲခဲ့သော အဝတ်အစားတွေကို အဝတ်လဲခန်းလေးထဲမှာ ဝတ်ဆင်ကြည့်ရင်း ဝါဂွမ်းမျက်နှာလေး ပန်းနုရောင်သမ်းနေမှာ အသေအချာဖြစ်သည်။

"အဆင်မပြေဘူး ထင်တယ် မင်းနိုင် ငါ မဝတ်ရဲဘူးဟာ"

"နင်ထင်လို့ပါ ဝါဂွမ်းရဲ့၊ တကယ်လှတယ်၊ ငါတို့လူဒွေးမသော နင့်ကို ဒီလိုပုံစံနဲ့မြင်သွားရင် အရမ်းသဘောကျသွားမှာ သေချာတယ်"

မင်းမင်းနိုင် ပြောပေမယ့် ဝါဂွမ်းကတော့ ကိုယ်လုံးပေါ်မှန်ချပ်ကြီးထဲမှာ မြင်နေရသော ကိုယ့်ရုပ်သွင်ကိုယ်ပြန်ကြည့်ဖို့တောင် မဝံ့ရဲပါ။

ကြိုးတစ်ချောင်း ကိုယ်ကြပ်အင်္ကျီနီနီလေးက ဝါဂွမ်းခန္ဓာကိုယ်လေးပေါ်မှာ ချပ်ချပ်ရပ်ရပ်လေးရှိသည်။ ဝင်းမွတ်နေသော ပခုံးသားလေးတွေ ထင်ထင်ရှားရှား ပေါ်လွင်နေတာကိုတော့ ဝါဂွမ်း ရှက်ရွံ့ရွံ့ဖြစ်မိသည်။

စတော်ကင် နီညိုရောင်လေးကလည်း ဒူးဖုံးရုံပဲရှိကာ ဝါဂွမ်းခန္ဓာကိုယ်ကောက်ကြောင်း အလှတွေကို တမင်လှစ်ဟပြထားသလို ခံစားရသည်။

ဒီလို အဝတ်အစားတွေ ဝတ်ဆင်ကာ စတိတ်စင်ပေါ်က မီးရောင်အောက်မှာ ဝါဂွမ်းကပြ အသုံးတော်ခံရမှာတဲ့လား။

ဘီယာလေးငုံ အမြည်းလေးစားရင်း ဝိုင်းဝန်းကြည့်ရှုနေကြမည့် ယောက်ျားတွေဆီက ဆုပန်းကုံးတွေကို ဝါဂွမ်း ချူချဖို့ ကြိုးပမ်းရမည့် အလုပ်ကြီးကို လုပ်ရတော့မှာပေါ့။

ဝါဂွမ်း ရင်တွေမောလိုက်တာ။



## အခန်း (၄)

ခမ်းနားထည်ဝါလှသော G Point စားသောက်ဆိုင်ကြီး၏ စတိတ်စင်နောက်ဘက်အခန်းထဲမှာတော့ ဝါဂွမ်းတို့ အဆိုရှင်မိန်းကလေးတွေ ရှိနေခဲ့သည်။

ဒီနေ့က ဝါဂွမ်းအတွက် ပထမဆုံး အတွေ့အကြုံသစ်ကို ရင်ဆိုင်ရမည့်နေ့မို့ ကြောက်ဒူးလေးတုန်နေတာတော့ အမှန်ဖြစ်သည်။

"ဝါဂွမ်း၊ မြရိပ်လွှာ ပြီးရင် နင့်အလှည့်နော်"

ဝါဂွမ်း အနားရောက်လာကာ သတိပေးလာသော မင်းမင်းနိုင်ကြောင့် စိတ်တို့ပိုလို့ ယောက်ယက်ခတ်သွားရသည်။

"ငါ ငါ ဖြစ်ပါ့မလား မင်းနိုင်၊ ဒူးတွေတုန်ချင်နေပြီ"

"စိုးရိမ်စိတ်တွေကို ဖျောက်ထားလိုက်ပါ ဝါဂွမ်း၊ အဆင်ပြေသွားမှာပါ၊ စင်အောက်ကို မကြည့်ဘဲ ကိုယ့်ဟာသာမှန်သွင်းပြီး ဆိုလိုက်ဒါဆို အိုကေပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



မင်းမင်းခိုင် ပြောတာကို ခေါင်းလေးညိတ်ပြလိုက်ရပေမယ့် လှုပ်ခတ်နေသောရင်က မပြေချင်သေးပါ။

ဝါဂွမ်း ရှေ့က ဖျော်ဖြေနေသော မြရိပ်လွှာအလှည့်ပြီးဆုံးသွားတော့ ကြေညာသံက ထွက်လာ၏။

"ဟုတ်ကဲ့ မင်္ဂလာပါရှင် အခုသီဆိုဖျော်ဖြေဖို့ အလှည့်ကျသူက G Point ရဲ့ အဆိုရှင်အသစ်ကလေး ဝါဂွမ်းဖြူဖြူပဲဖြစ်ပါတယ်ရှင်၊ နားဆင်အားပေးကြပါဦးရှင်"

"သွားလိုက် ဝါဂွမ်း အကောင်းဆုံး ဖျော်ဖြေလိုက်"

မင်းမင်းခိုင်က ဝါဂွမ်းပခုံးလေးကို ဆုပ်ကိုင်အားပေးသည်။ စင်ဘေးဘက်က လှေကားလေးဆီ ဝါဂွမ်းလျှောက်ခဲ့လိုက်သည်။

ကြောက်စိတ်တွေ ရှက်စိတ်တွေကို ဝါဂွမ်း ကြိုးစားဖြေဖျောက်ပစ်လိုက်မိသည်။ ရောင်စုံဆလိုက်မီးရောင်တွေ လက်ဖြာနေသော စတိတ်စင်လေးအလယ်ကို လျှောက်ခဲ့လိုက်၏။

"မင်္ဂလာပါရှင်"

ခေါင်းလေးညွှတ်ရင်း စင်အောက်ကို ဝါဂွမ်းကြည့်မိတော့ တာဝိုင်းတွေမှာ ထိုင်နေသော ပရိသတ်တွေ၏အကြည့်တွေ ဝါဂွမ်းရှိရာ စတိတ်စင်မြင့်ပေါ်ကို ရောက်လာကြသည်။

ပန်းဆီရောင် ကြိုးသိုင်းအင်္ကျီလေးနှင့် အနက်ရောင် ဒူးဖုံးစကော့ကင်လေးကို ဝတ်ဆင်ထားသော ဝါဂွမ်းစိတ်မှာ ကိုယ့်ကိုကိုယ် မလုံခြုံသလို ခံစားနေရ၏။

တီးဝိုင်းက သံစဉ်လေး နားစည်ထဲတိုးဝင်လာတော့ ဝါဂွမ်း





အသံအာရုံတွေကို စုစည်းရင်း မျက်ဝန်းတွေကို ဆလိုက်မီးရောင်ဆီ လွှဲမိ၏။

အမြင်အာရုံတွေ ပြာဝေသွားခဲ့သည်။ ဒါကပဲ ဝါဂွမ်းအတွက် အဆင်ပြေသွားခဲ့သည်။ အဆုံးမှာ လက်ခုပ်သံတွေကို ဝါဂွမ်း ကြားရသည်။ ဒုတိယတစ်ပုဒ် ဖျော်ဖြေနေတုန်းမှာပဲ စတိတ်စင်ပေါ် တက်လာသော ယောကျ်ားတစ်ယောက်။

"ဟန်နီလေး ဂုဏ်ပြုချင်လို့"

ဝါဂွမ်း အလိုက်သင့် ခေါင်းငုံ့ပေးတော့ လက်ထဲက ဆုပန်းကုံးကို ထိုသူကလည်တိုင်မှာ ဆွဲပေးလာသည်။ မွှန်ထူသော ယမကာရနံ့ဖူးစူးတွေ နှာဝကို တိုးဝင်လာတာမို့ ဝါဂွမ်း အသက်အောင့်ထားရ၏။

"နာမည်ကော လူကော အရမ်းလန်းတယ်ကွာ၊ တို့တော့ နိုက်သွားပြီ သိလား အဟဲ"

ယမကာခိုးဝေသော မျက်ဝန်းတွေ ကျွတ်ကျမတတ် ဝါဂွမ်းဆီမှာ စူးနစ်ကြည့်ရင်း လက်ကမ်းပေးတော့ မင်းမင်းခိုင် မှာထားသည့်အတိုင်း ဝါဂွမ်း အလိုက်သင့် လက်ဆွဲနှုတ်ဆက်ရ၏။

"အို အမေ့"

ဖျတ်ခနဲ ဝါဂွမ်း လက်ကိုဆွဲယူနမ်းရှိုက်လိုက်တာမို့ ဝါဂွမ်း အလန့်တကြား အော်မိတော့ ထိုလူ သဘောကျသလို ရယ်မောကာ စင်အောက်ပြန်ဆင်းသွား၏။

တီးဝိုင်းက တီးခတ်နေပြီမို့ ဝါဂွမ်း ကိုယ်သီဆိုရမည့်သီချင်းကိုပဲ အာရုံစူးစိုက် ဆိုလိုက်ရသည်။ အမူးသမား နမ်းရှိုက်သွားသော လက်ဖမိုး



www.burmeseclassic.com

www.burmeseclassic.com



ကိုတော့ ဝါဂွမ်းစိတ်မှာ မသဲတီရှုံ့ရှာစိတ်တွေ ပြင်းပြနေမိတာ အမှန်။

ဝါဂွမ်း အစီအစဉ်ပြီးခါနီးမှာ ဆုပန်းကုံးတစ်ကုံး ထပ်ချီးမြှင့်လာသူက အန်ကယ်ကြီးတစ်ယောက်ပဲ ဖြစ်၏။

"ကလေးကိုတော့ အစ်ကိုကြီး နိုက်သွားပြီ အဟဲ"

အဆီပြန် နီရဲနေသော မျက်နှာနှင့် ယမကာခိုးဝေနေသော မျက်ဝန်းတွေက အတူတူပဲဖြစ်သည်။ တကယ်ဆိုလျှင် ဒီအန်ကယ်ကြီးအရွယ်က ဝါဂွမ်းအဖေထက်တောင် အသက်ကြီးမလား မသိ။

"နောက်နေ့တွေ အစ်ကိုကြီးတို့ ထပ်ဆုံကြမယ်၊ ဟုတ်လား ကလေး"

ဒီတစ်ခါတော့ ဝါဂွမ်း လက်ခွဲမနှုတ်ဆက်ရဲတော့ပါ။ အလိုက်သင့်ခေါင်းလေးညိတ်ပြပြီး စင်ပေါ်က ခပ်သုတ်သုတ်လေး ဆင်းခဲ့မိ၏။

"ဝါဂွမ်း အေးဆေးပဲမို့လား၊ ဆုပန်းကုံး နှစ်ကုံးတောင်ရလိုက်တော့ ဒီည နင့်အတွက် အိုကေသွားပြီပေါ့"

မင်းမင်းခိုင်က ဆီးကြိုရင်း ချီးကျူးစကားဆိုလာပေမယ့် ဝါဂွမ်းဘာမှပြန်မပြောနိုင်ပါ။ သနပ်စင်ခန်းဘက်ဆီကိုပဲ ကသုတ်ကရိုက်လေး လှမ်းခဲ့သည်။

အခန်းထဲရောက်တော့ အမူးသမားပုဂ္ဂိုလ် နမ်းရှိုက်သွားသော လက်ဖမိုးကို ရေနှင့်အထပ်ထပ် ဆေးကြောပစ်မိ၏။

ဒါ ဝါဂွမ်းအတွက် ပထမဆုံးနေ့ ပထမဆုံးအတွေ့အကြုံပဲ ရှိသေး၏။ ဒီလိုကြုံဆုံမှုလေးကြောင့် ဝါဂွမ်း ချွေးတွေပြန်၊ စိတ်တွေရှုပ်မသာတီစရာဖြစ်ခဲ့ရ၏။





နောက်ထပ် ဒီလိုမျိုးတွေ ဝါဂွမ်းနေ့စဉ်ရက်ဆက် ရင်ဆိုင်ရလျှင် ဘယ်လိုလုပ်ရမည် မသိတော့။

အဖေ့မျက်နှာကို ပြေးမြင်မိသည်။ သောင်းတန်ဆုပန်းကုံး နှစ်ကုံးအတွက် ဝါဂွမ်း ရရှိမည့် ဆုငွေနှင့် ဆိုင်ကပေးလိုက်သော ညကြေးကို မြင်လျှင် အမေ ကျေနပ်ဝမ်းသာသွားမှာ သေချာသည်။

ဝါဂွမ်းမှာတော့. . .။ အမေရယ် ဝါဂွမ်း ကြာရင်မလွယ်ဘူး ထင်ရဲ့။

■ ■ ■

www.burmeseclassic.com

## အခန်း (၃)

''အမေ့သမီးလေးက လိမ္မာလိုက်တာကွယ်၊ စစချင်းအလုပ်ဝင်တဲ့နေ့ကို နှစ်သောင်းရတယ်ဆိုတော့ မင်းမင်းနိုင်လေးကတောင် အံ့သြဝမ်းသာပြီးပြောတယ်၊ သူတို့တောင် အလုပ်စဝင်ဝင်ချင်း ဒီလောက်မရဖူးဘူးတဲ့၊ အခု သမီးလေးက စံချိန်ချိုးတာတဲ့၊ နောက်ပိုင်းကျရင် ဆုပန်းကုံးတွေ သရဖူတွေ အပြင် ဆိုင်ရှင်ကလည်း ညကြေးတိုးပေးလာမှာတဲ့ သိလား သမီး''

အမေ ဝမ်းသာအားရ ပြောနေပေမယ့် ဝါဂွမ်း မပျော်ရွှင်နိုင်ပါ။ ပထမဆုံး စင်ပေါ်မှာ ကြုံခဲ့ရသောအတွေ့အကြုံကိုပြောပြတော့လည်း အမေက အပြုံးမပျက်နားထောင်ရင်း

''အမလေး သမီးရယ် လက်ကိုနမ်းတာလေးများ ဘာဖြစ်လို့လဲကွယ်၊ ကိုယ့်အသားပဲ့ပါသွားတာမှ မဟုတ်တာဘဲ၊ အဟင်း ဟင်း ကိုယ်က အလိုက်အထိုက် နေလိုက်ပေါ့ကွယ်၊ အရေးကြီးတာ သူတို့





သဘောကျပြီး ဆုပန်းကုံးတွေ ချီးမြှင့်ဖို့ပဲပေါ့ကွယ်''

အမေ့စကားတွေကို ဝါဂွမ်း ဘဝင်မကျနိုင်ပါ။ ကိုယ့်သမီးအပျိုစင်နုနုထွတ်ထွတ်လေးကို အရက်သမားတွေ ထိကိုင် နမ်းရှိုက်တာကို အမေက ကျေနပ်နေနိုင်သည်လားဟု မေးလိုက်ချင်ပေမယ့် မမေးဖြစ်ခဲ့ပါ။

''ဒီအလုပ်ကြီးနဲ့တော့ သမီး ရေရှည်မဖြစ်ဘူးထင်တယ် အမေ''

''အို မဟုတ်တာ ဒီလောက်အဆင်ပြေနေတာကို သမီးက ဘာလို့ မလုပ်ချင်တာလဲ၊ တစ်နေကုန် ပင်ပင်ပန်းပန်း လုပ်ရတာလည်း မဟုတ်ဘဲကွယ်၊ အချိန်ပိုလေးနဲ့ ငွေနှစ်သောင်းသုံးသောင်းရတဲ့အလုပ် ဘယ်မှာရှိမလဲ''

''အဲဒီအချိန်ပိုင်းလေးက သမီးအတွက် ငရဲခန်းထဲရောက်နေရသလိုပဲ အမေ၊ သောက်စားမူးယစ်နေတဲ့လူတွေကို ဖျော်ဖြေနေရတာ သမီး မပျော်ဘူး။ ပြီးတော့ ဒီလူတွေ မူးရူးပြီးပေးလာတဲ့ ဆုကြေးတွေကိုလည်း သမီး မယူချင်ဘူး အမေ''

''ဝါဂွမ်း အခုပဲ အလုပ်ဝင်နေပြီ၊ မိသားစုအဆင်ပြေနေမှ ဘာလို့ ကလန်ကဆန်တွေ လုပ်ချင်နေရတာလဲ သမီး၊ 'နောက်အပတ်ဆိုရင်ပဲ ဟိုအငယ်နှစ်ယောက်က ပြန်လာတော့မယ်၊ သူတို့တွေ ကျောင်းတက်ရင် ပိုက်ဆံက ကုန်ဖို့တွေပဲရှိတယ်၊ ငါကတော့ အဆင်ပြေပြီလို့ ဝမ်းသာနေတာ ညည်းက ရက်ပိုင်းမရှိသေးဘူး ပြဿနာရှာပြီပေါ့လေ''

ဝါဂွမ်း ပင့်သက်ရှိုက်ရပြန်ပါသည်။ အဖေ၏ရက်လည်ပြီးကတည်းက ရွာကအမေ့အမျိုးတွေအိမ် လိုက်သွားကြသော ညီမလေးနှင့် မောင်လေးတို့မျက်နှာတွေ ပြေးမြင်မိသေး၏။



www.burmeseclassic.com

www.burmeseclassic.com



ပြောရလျှင် အမျိုးအဆွေတွေဆိုတာလည်း ပြည့်စုံချမ်းသာကြတာမဟုတ်ပါ။ ကျောင်းပိတ်ရက်မှ ခေတ္တခဏ ကူညီစောင့်ရှောက်ပေးထားကြခြင်းသာ ဖြစ်သည်။

မောင်နှမတွေ ပြန်လာလျှင် စားဝတ်နေရေးနှင့် ပညာရေးအတွက် ကုန်ကျမည့်ငွေတွေ ရှိသေးသည်။ ဒါကို ဝါဂွမ်း မေ့ထားတာတော့ မဟုတ်။ ဝါဂွမ်း ကျောင်းမတက်နိုင်ပေမယ့် ညီမလေးတွေကိုတော့ ပညာတတ်စေချင်သည်။

အဖေ့ရဲ့သွေးသားဆိုတော့ ဝါဂွမ်းကလည်း ခင်မင်တွယ်တာပါသည်။

''သမီး အမေပြောတာ သဘောပေါက်ရင် အခုအလုပ်ကို သည်းခံပြီးဆက်လုပ်ပါကွယ်၊ ကြာတော့လည်း အသားကျသွားမှာပါ၊ သမီးပါးနပ်ရင်တောင် ပိုက်ဆံချမ်းသာတဲ့သူဌေးတစ်ယောက် ရနိုင်သေးတာပဲ''

ဝါဂွမ်းနှုတ်က ဘာမှပြန်မပြောဖြစ်ပေမယ့် ရင်ထဲကတော့ ခါးခါးသီးသီး ငြင်းမိပါသည်။

အမေပြောသည့် သူဌေးတစ်ယောက်ဆိုတာ ငွေနှင့်ဝါဂွမ်းကို ဝယ်ယူမည့်သူလား။

တစ်ခါတစ်ရံမှာတော့ အမေသည် ဝါဂွမ်းအမြင်မှာတော့ မိထွေးတစ်ယောက်ရဲ့ စိတ်ထားမျိုးရှိသူဖြစ်နေ၏။ ဒါပေမဲ့ ဝါဂွမ်းကတော့ အမေရင်းတစ်ယောက်လို ချစ်ခင်လေးစားကြည်ညိုခဲ့တာပဲဖြစ်သည်။

''ကဲ ကဲ သမီးလေး ရေမိုးသွားချိုးပြင်ဆင်ထားတော့လေကွယ်





ခဏနေရင် လာကြိုတဲ့ကားက ရောက်လာတော့မှာမဟုတ်လား၊ သမီးက လိမ္မာပါတယ်ကွယ်''

လေသံချိုချိုနှင့် အမေ ဝါဂွမ်းကို ချော့မော့သိမ်းသွင်းနေပြန်ပြီ။ ပင့်သက်မောကြီး ခိုးချရင်း ရေချိုးဖို့ ထွက်ခဲ့မိသည်။

ဝါဂွမ်းအတွက်တော့ ဒီအလုပ်ကြီးက ရုန်းထွက်ဖို့ လက်ရှိအခြေအနေမှာ မဖြစ်နိုင်သေးတာ သေချာနေသည်။ အမေကတော့ ဒီအလုပ်က ဘယ်တော့မှ ထွက်ခိုင်းသွားမှာမဟုတ်။

ဝါဂွမ်းကိုယ်တိုင်ပဲ ကြိုးစားမှ အဆင်ပြေမည်ထင်၏။ အခြေအနေမကောင်းလျှင်တော့ ဝါဂွမ်းဘဝကို ရိုးသားစွာ လိပ်ပြာသန့်စွာပဲ တည်ဆောက်ရှင်သန်ဖို့ ကြိုးစားရမည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

"ဒါ အသစ်ထင်တယ်ကွ"

"အေး ဟုတ်မယ်ထင်တယ်၊ ငါ အခုမှမြင်ဖူးတာ"

တည်ကြည်နှင့် ဖေယျာခန့်တို့ မျက်ဝန်းတွေက စတီတ်စင်ပေါ်ကို မျက်တောင်မခတ်တမ်း ကြည့်နေကြသည်။

စတီတ်စင်ကို ကျောပေးထိုင်နေမိသော အထင်ကရကတော့ စိတ်မဝင်စားဘဲ ပုစွန်စိမ်းသုတ်ကို တူဖြင့်နှိုက်စားလိုက်သည်။

"မဆိုးဘူးကွ အသံလည်းကောင်းသားပဲ"

"ရုပ်ကလည်း လန်းတယ်နော်၊ ဘာမှအပြစ်ဆိုရက်စရာမရှိဘူး"

စားပွဲပေါ်က စားသောက်စရာတွေကို အာရုံမရှိဘဲ စင်ပေါ်က မိန်းကလေးဆီမှာပဲ အာရုံရှိနေကြသော ထိုနှစ်ကောင်ကို အထင်ကရ နည်းနည်းတော့ အမြင်ကပ်ချင်လာပြီ။





လှည့်မကြည့်လို့ မျက်နှာကို မမြင်တွေ့ရပေမယ့် ကြားနေရသော သီချင်းသံလေးကတော့ အတော်ချိုသာကြည်လင်သည်။ ဒီလို စားသောက်ဆိုင်တွေမှာ သီဆိုကြသော မိန်းကလေးအများစုက ဒီလောက် အသံကောင်းကြတာမဟုတ်ပါ။

တချို့ဆိုလျှင် နားထောင်ရတာတောင် အဆင်မပြေလောက်အောင် အဝင်အထွက် တိုင်ပင်မညီကြပါ။ ဒါပေမဲ့ မလုံ့တလုံ ဝတ်စားဆင်ယင်မှုနှင့် ညုတုတုကကွက်တွေကြောင့် ခပ်ထွေထွေဖြစ်နေသည့် စားသုံးသူတွေက ဆုပန်းကုံးတွေတက်ချကြတာမျိုးတွေ သူ ကြုံတွေ့ဖူးသည်။

ဒါကြောင့်လည်း အထင်ကရ လုံးဝအထင်မကြီး စိတ်မဝင်စားတော့ပါ။ အများစုက ဝါသနာဆိုတာထက် ဝမ်းရေးအတွက် အလုပ်လုပ်နေတာဟု နားလည်သည်။

ဆုပန်းကုံးတက်ချ ရီသွဲ့သွဲ့ပြော ပတ်သက်ချင်သူတွေထဲမှာ အထင်ကရ လုံးဝမပါပါ။ ပြီးတော့ သူကလည်း နေ့စဉ်သောက်စားတတ်သူ မဟုတ်ပါ။

အခုပွဲက ဖေယျာခန့်ရဲ့ပွဲမို့ မငြင်းသာဘဲ လိုက်ခဲ့ရတာဖြစ်သည်။ ရက်ပိုင်းအတွင်း သဘောပြန်တက်တော့မည့် ဖေယျာခန့်ရဲ့နှုတ်ဆက်ပြုစုပွဲမို့ပဲဖြစ်၏။

ဖေယျာခန့်နှင့်တည်ကြည်က အပြင်းတွေချကာ အထင်ကရကတော့ ဘီယာလောက်ပဲသောက်တာဖြစ်သည်။

"တည်ကြည် မင်း ခိုက်သွားရင် ဆုပန်းကုံးတက်ချပါလားကွ"



www.burmeseclassic.com

www.burmeseclassic.com



"အေးကွ ငါစဉ်းစားနေတာ ကောင်မလေးပုံစံက အခုမှစပြီး ဆိုတဲ့ပုံစံလေးနော် သိပ်ပြီးရဲတင်းပုံမရှိဘူး"

"ဟေ့ကောင်တွေ ကိုယ့်တာသာ သောက်စရာရှိတာအေးအေး ဆေးဆေး သောက်ကြကွာ၊ ဒီလိုမိန်းမမျိုးတွေကို မင်းတို့သွားစလိုက်ရင် ပါသမျှတောင် လောက်မှာမဟုတ်ဘူး၊ နောက်ဆက်တွဲ ဖယားတွေ နွယ်လာမှာကွ၊ ငါကတော့ လက်ကျန်ဖြတ်ပြီးရင် ပြန်မှာနော်"

"ဟာ ထင်ကြီးကလည်း အေးဆေးပေါ့ကွာ၊ နောက်ဆို ငါတို့ ဆုံဖို့က မလွယ်ဘူးလေကွာ၊ ငါက မသွားခင် မင်းတို့ကို အပြည့်အဝ ပြုစုသွားချင်လို့ပါ၊ ဆန္ဒရှိရင် အကုန်တာဝန်ယူပေးမယ် အဟဲ"

"ဟေ့ကောင် ဖေယျာ သောက်နေတာတောင် မင်းကိုခင်လို့ နော်၊ မဟုတ်မဟတ် ဖယားတွေ ငါ စိတ်မဝင်စားဘူး"

ဖေယျာခန့် နောက်ပြောင်ပြောတာကိုပင် အထင်ကရ ခပ်ပြတ်ပြတ် ငြင်းပစ်တော့ တည်ကြည်က

"မင်းအကြောင်း သိပါတယ်ကွာ၊ မင်းမှာက ချစ်တဲ့သူလေးရှိပြီးသားဆိုတော့ ဘယ်စိတ်ဝင်စားမလဲ"

တည်ကြည် ပြောနေတုန်းမှာပဲ ဘယ်တက်နောက်ပိုင်းက အမူသမား ချာတိတ်တစ်ယောက် ဒယီးဒယိုင် ထရပ်ပြီး လျှောက်လာတာကို အထင်ကရ မြင်လိုက်ရသည်။

ဆံပင်နီကျင်ကျင်က ထိုးထိုးထောင်ထောင်နှင့် နားတစ်ဖက်တည်းမှာ အနားခံဖောက်ပန်ဆင်ထားသော နားကပ်တွေကပဲ လေးနေ လောက်ရှိသည်။





ကြည့်ရတာ အတော်မူးနေပုံရှိကာ ထိုင်နေသော အထင်ကရကိုတောင် ဝင်တိုက်လုမတတ်နှင့်စတိတ်စင်ဆီ လျှောက်သွားတာမို့ အထင်ကရ မျက်မှောင်ကျုံ့လိုက်ကြည့်မိ၏။

စင်အောက်ထောင့်က ကောင်တာမှာ သရဖူတစ်ခုဝယ်ကာ အမူးသမား လူရွယ်စင်ပေါ်ယိုင်ထိုးတက်သွား၏။

သီချင်းဆိုနေသော ကောင်မလေးတောင် ဆုချမည့်လူရွယ်ကို ကြောက်ရွံ့သွားဟန်နှင့် ခြေနှစ်လှမ်းခန့် နောက်ဆုတ်သွားသည်။

စောစောက တည်ကြည်တို့ ဖေယျာခန့်တို့ သဘောကျချီးကျူးနေသော ကောင်မလေး ဆိုလက်စ သီချင်းသံတောင်ပျက်ကာ မျက်နှာလေးက ကြောက်လန့်နေတာ အထင်အရှားဖြစ်သည်။

အမူးသမား လူရွယ်ကောငလေး ခေါင်းမှာ သရဖူဆောင်းပေးကာ ဘာတွေပြောနေသည်မသိပါ။

ပန်းဆီရောင် ကိုယ်ကြပ်ဝတ်စုံလေးကို အနက်ရောင်ဘောင်းဘီရှည်နှင့် တွဲဝတ်ဆင်ထားသော ထိုကောင်မလေး ငေးကြည့်အောင်လှတာတော့ အထင်ကရ လက်ခံမိ၏။ သူမလေးရဲ့အမူအယာတွေကတော့ ရွံ့ကြောက်ကြောက် ဖြစ်နေရှာသည်။

တည်ကြည်တို့ပြောသလို အသစ်ရောက်လာသူသူလား။ ကြာလာတော့ ဒီကောင်မလေးလည်း အသားကျ ပုံစံကျသွားမှာပါဟုတွေးရင်း အထင်ကရ အကြည့်တို့ ပြန်ရုပ်သိမ်းလိုက်မိသည်။

"တွေ့တယ်မဟုတ်လား မင်းတို့ မူးရူးယိုင်ထိုးပြီး ဆုတက်ချတဲ့ကောင်က ငွေသောင်းချီအကုန်ခံပြီး ကိုယ့်အကျင့်စရိုက်ကိုယ် အရှက်မရှိ



www.burmeseclassic.com

www.burmeseclassic.com



ထုတ်ပြသလိုပဲ''

''ဟုတ်ပါပြီ ထင်ကြီးရာ ငါတို့က ပါးစပ်ကပဲပြောတာပါ၊ တကယ် မလုပ်ပါဘူးကွ ကဲ ချကွာ''

''ဟာ ငါသောက်တာ များနေပြီ၊ ဒီမှာကြည့် ငါးဘူးတောင်ရှိပြီ မိုက်တင်းနေပြီ''

''ဘီယာသောက် ရူးပေါက်ပျောက်တာပဲကွာ၊ ဒီမှာ ဘလက်လေဘယ်လ် သုံးလေးပက်တော့ သောက်ကွာ''

''ဟာ မလုပ်နဲ့ ငါ မူးသွားလိမ့်မယ် ကားမောင်းပြန်ရမှာ''

''ဟောကောင် ထင်ကြီး မရဘူးသောက်ကွာ မင်းမပြန်နိုင်ရင် ငါ့ကားကို မင်းအိမ်အရောက် မောင်းလိုက်ပို့ပေးမယ်၊ ငါ့ရဲ့နှုတ်ဆက်ပွဲကိုတော့ ပြည့်ပြည့်ဝဝလေးလုပ်ကွာ''

ဖေယျာခန့် ရစ်နေတော့ သူ ဘာမှခွန်းတုံ့မပြန်ချင်တော့ပါ။ ခွက်ထဲငှဲ့ပေးလာတာကို မငြင်းတော့ပါ။ ကျောင်းနေဖက်သူငယ်ချင်း အရင်းအချာကြီးတွေမို့လည်း စိတ်လွတ်ကိုယ်လွတ်ပဲ နေလိုက်တော့၏။

■ ■ ■

ဝါဂွမ်း စတိတ်စင်ပေါ်က ဆင်းလာသည်နှင့် အသင့်စောင့်ကြိုနေသော ဝိတ်တာလေးက ပြောလာသည်။

''အစ်မ တေဘယ်လ်နံပါတ် 12 က ကာစတန်မာတွေကို သွားညှော်ခံပေးလိုက်ပါ''

''ဟို ဟို အစ်မ ညှော်မခံတတ်ဘူး မောင်လေးရယ်''

''မရဘူးလေ အစ်မရဲ့၊ မန်နေဂျာက ပြောနိုင်းတာပါ၊ သူတို့





ဝိုင်းက ဆိုင်ကိုလာနေကျ ဖောက်သည်တွေ၊ ပြီးတော့ အစ်မကို သရုပ်ဆုချထားတာဆိုတော့ အစ်မ မဖြစ်မနေ သွားရမှာပါ''

ဝါဂွမ်း ငြင်းဆိုခွင့်မရှိသည့်အခြေအနေဟု နားလည်လိုက်သည်။ ဒါပေမဲ့ စိတ်ထဲမှာတော့ ကြောက်ရွံ့စိုးထိတ်နေတာ အမှန်ဖြစ်သည်။ စတိတ်စင်ပေါ် သရုပ်ဖော်တက်လာသော သူ့ကို ရင်ဆိုင်ရကတည်းက ဝါဂွမ်းကြောက်လန့်နေခဲ့တာ ဖြစ်သည်။

မူးနေတာမှ ယိုင်ထိုးနေကာ ဝတ်စားဆင်ယင်ထားပုံနှင့်အသွင်အတိုင်က လမ်းသရဲဆန်ဆန်ဖြစ်သည်။ ဝါဂွမ်းကို ပြောသွားသော စကားတွေကလည်း နားကြားလို့မဝံ့သည့်စကားတွေ။

''အစ်မ သွားလိုက်ပါ၊ အလိုက်အထိုက် ဆက်ဆံလိုက်ပေါ့''

ဝိတ်တာလေး ထွက်သွားတော့ ဝါဂွမ်း စိတ်တွေရှုပ်ထွေးကျန်ရစ်ခဲ့၏။ မင်းမင်းနိုင်ကို အားကိုးတကြီး လှမ်းကြည့်တော့လည်း စင်ပေါ်မှာ အလှည့်ကျလို့ သီဆိုဖျော်ဖြေနေ၏။

ဝါဂွမ်း မဝံ့မရဲ ခြေလှမ်းတွေနှင့်ပဲ စားပွဲနံပါတ် ဆယ့်နှစ်ကို လျှောက်ခဲ့ရ၏။ ဝိုင်းမှာထိုင်နေကြတာ လေးယောက်။ ဝါဂွမ်းကို သရုပ်ဆုချီးမြှင့်ပေးသည့် ဆံပင်နီကျင်ကျင်နှင့် အမူးသမားလူရွယ်က လက်ကို ဆတ်ခနဲ ဆွဲကာ နံဘေးက ထိုင်ခုံလွတ်တစ်လုံးမှာ ဝင်ထိုင်စေသည်။

တစ်ဝိုင်းတည်းမှာ ရှိနေသော ယောကျ်ားလေးတစ်ယောက်၏ မျက်ကြည့်တွေမှာ မရိုးသားမှုနှင့် ရမ္မက်ခိုးတွေ ဝေနေတာကို ဝါဂွမ်း ရိပ်မိသိနေသည်။

''မင်းက G Point ရဲ့အသစ်လေးပေမယ့် ငါတို့က ဒီဆိုင်မှာ



www.burmeseclassic.com

www.burmeseclassic.com



အရင်အချော တွေပါကွာ၊ ထိုင်ပါ ရင်းရင်းနှီးနှီးပေါ့ အဟဲ"

နီကျင်ကျင် ဆံပင်ထောင်နှင့်သူက ပြောရင်း ဝါဂွမ်းရှေ့ကို [illegible]ခွက်တစ်ခုချပေး၏။ ဖန်ခွက်ထဲမှ နီကျင်ကျင်အရည်တွေကို ငှဲ့ထည့်[illegible]

"သောက်လိုက်ပါ ဟန်နီ၊ ဒါ ကိုယ်တို့နဲ့ မင်းရဲ့တွေ့ဆုံပွဲလေးပေါ့ ပျော်ပျော်ပါးပါး ဆင်နွှဲရအောင်"

"ဟို ဟို ကျွန်မ အရက်မသောက်တတ်လို့ပါ၊ တောင်းပန်ပါတယ်ရှင်"

"ဟား ဟား ဟား"

ဝါဂွမ်း စကားကို လေးယောက်သား သဘောကျသလို ဝိုင်းရယ်မောကြသည်။ ပြီးမှ နားသံသီးနှင့် ကျောက်ပေါက်မာ မျက်နှာနှင့် အမူးသမားက

"မင်းက အရိုင်းလေးထင်တယ်၊ အဟင်း၊ ကိုယ်တို့ကလည်း အမျိုးလေးတွေမှ ခိုက်တာ"

"ကဲ သောက်လိုက်ပါ ဟန်နီရာ၊ ဒါ အရက်မဟုတ်ပါဘူး၊ ဒါသောက်ပြီးရင် မင်း မြောက်သွားလိမ့်မယ်၊ ပြီးရင် ကိုယ်တို့လန်းကြမယ်"

ဝါဂွမ်း ပိုလို့တောင် တွန့်သွားမိသည်။ အရက်မဟုတ်ဘူးဆိုတော့ ဘာတွေလဲ။

"ဟင့်အင်း ကျွန်မ မသောက်ချင်လို့ပါရှင်"

"မင်းက အသစ်လေးမို့ ကိုယ်တို့နဲ့ အထာမကျသေးတာပါ G Point မှာ ကိုယ်တို့နဲ့အားလုံး ငြိမ်းတယ်"





ဝါဂွမ်း ဘာပြောရမှန်းမသိပါ။ သူတို့အုပ်စုနှင့် ထိုင်နေရတာကို စိတ်မွန်းကြပ်လှပြီ။ စူးရှရှရနံ့တွေကလည်း ခေါင်းတွေကိုက်ချင်လာ၏။

"ကဲ မငြင်းနဲ့ကွာ၊ သောက် ပြီးရင် စားချင်တာ မှာစား၊ မင်းကိုသဘောကျလို့ ကိုယ်ချီးမြှင့်ခဲ့တဲ့ သရေပ္ပတန်ဖိုးက ဘယ်လောက်လဲ မင်းသိပါတယ်"

"ဆောရီးပါရှင် ကျွန်မ တောင်းပန်ပါတယ်"

ဝါဂွမ်း အကြိမ်ကြိမ် တောင်းပန်နေတော့ ဆံနီနီနှင့်လူရွယ် စိတ်မရှည်နိုင်သလို မျက်နှာတည်သွားခဲ့ရင်း

"တောင်းပန်လို့ မရဘူး၊ အေ့ ကိုယ်က လက်တွေ့သမား၊ မင်းအတွက် ကိုယ် ငွေကုန်ကြေးကျခံထားရတာကို မင်းဘက်က ငြင်းဆန်နေတာ စော်ကားနေသလိုပဲကွ"

ပြောရင်း ဖန်ခွက်ကို ကောက်ယူပြီး ဝါဂွမ်းရှေ့ ထိုးပေးနေတော့ ငြင်းဆန်ခွင့်မရှိတော့တာ ဝါဂွမ်း နားလည်လိုက်ပါသည်။

အလုပ်စဝင်သည့်နေ့ကတည်းက ဆိုင်ရှင်သူဌေးမကြီးက ပြောထားပြီးသားဖြစ်သည်၊ ဆိုင်မှာလာရောက် စားသုံးသူတွေကို အဆင်ပြေပြေ အလိုက်အသင့် ဆက်ဆံဖို့က အဓိကတဲ့။

အသက်ကိုအောင့်ပြီး ကမ်းပေးနေသောခွက်ကို ဝါဂွမ်း မျက်စိတွေ စုံမှိတ်မော့သောက်ပစ်လိုက်မိသည်။

လည်ချောင်းတစ်လျှောက်မှာ ပူနွေးရှိန်းမြလျက် ချိုအီအီအရသာကို ခံစားသိလိုက်ရသည်။ သူတို့ပြောသလို အရက်မဟုတ်တာတော့



www.burmeseclassic.com

www.burmeseclassic.com



သေချာသည်။

အချိုရည်လည်း မဟုတ်ဟု ထင်သည်။ ဘာတွေဆိုတာကိုလည်း ဝါဂွမ်း အသေအချာမသိပါ။

"ကိုယ်ပြောသားပဲ အရက်မဟုတ်ပါဘူးလို့ အဟွန်း မကြာခင် မင်း ကမ္ဘာသစ်လေးကို ခံစားသွားရမှာပါ ဟန်နီလေးရဲ့"

"ကဲ ဟန်နီလေး ကိုယ်တို့တွေအတွက် တစ်ခွက်ဆီလောက် ငှဲ့ထည့်ပေးပါဦးကွာ"

တစ်ဝိုင်းတည်းထိုင်ကာ သူတို့သောက်ဖို့ အရက်တွေငှဲ့ထည့်ပေး နေရသော ဝါဂွမ်းအဖြစ်ကိုတော့ အမေက မြင်နိုင်မည်မဟုတ်ပါ။ ဒီ အလုပ်တွေ ဝါဂွမ်းလုပ်နေရတာ အမေတွေမြင်လျှင်လည်း ဒီအမူးသမား တွေ ချိုးဖြိုင်ထားသော သရုပ်တန်ကြေးနှင့် ထိုက်တန်သည်ဟု ဆိုဦးမည်က သေချာလွန်းနေသည်။

ဝါဂွမ်းကို တစိမ့်စိမ့်ကြည့်ရင်း အရက်ကို အရသာခံသောက် နေသော သူတို့ဝိုင်းက ဝါဂွမ်း အမြန်ဆုံး ထွက်သွားချင်ပြီ။

ခေါင်းထဲမှာ မူးရိပ်ရိပ်ဖြစ်လာတာ ယမကာရနံ့တွေကြောင့် လား။ သူတို့တိုက်ထားသော ယမကာမဟုတ်သည့် ဖျော်ရည်ကြောင့်လား မသိပါ။

"ရော့ ဟန်နီ"

"ဟင်"

ဝါဂွမ်းရှေ့ကို ချပေးလာသော ငွေတစ်ထပ်ကြောင့် အံ့သြသွား





မိသည်။ ငါးထောင်တန် အသစ်စက်စက်ငွေတွေက ဆယ်ရွက်ထက်မနည်း မှာသေချာပါသည်။

အရက်ငှဲ့ထည့်ပေးရုံ၊ သူတို့နှင့်အတူထိုင်ပေးရုံနှင့်တော့ ဝါဂွမ်း အပေါ် သဒ္ဓါမည်မဟုတ်ပါ။

"ခဏနေရင် ကိုယ်တို့နဲ့အတူလိုက်ခဲ့ မင်းအတွက် အပြည့်အဝ ပျော်ရမှာပါ၊ နောက်လည်းကိုယ်တို့ အတူဆုံဖြစ်ကြမှာပေါ့ကွာ၊ ဒီပိုက်ဆံ တွေက ဒီညရဲ့ရပိုင်ခွင့်၊ နောက်ညတွေကျ နောက်တစ်ထပ်လာမှာပေါ့ ကွာ ဟုတ်ပြီလား"

ဆံနီကျင်ကျင် လူရွယ်ကပြောရင်း ဝါဂွမ်းပေါင်တွေကို ပွတ်သပ် လာတော့ ဝါဂွမ်း တွန့်ခနဲ ဖြစ်သွားရသည်။

"ဟင့်အင်း မလုပ်ပါနဲ့၊ ကျွန်မ ဒီငွေတွေကို မလိုချင်ဘူး"

ငြင်းဆန်ရင်း ဝါဂွမ်း အထိတ်တလန့် ထရပ်တော့ နှုတ်ခမ်း မွှေးစစနှင့် အမူးသမားက ဝါဂွမ်း လက်ကိုဆွဲကိုင်ထားရင်း

"ဒါ မလိုချင်ဘဲ ဒီလိုနေရာမျိုးမှာ မင်းဘာလို့ အချိန်ကုန်ခံ နေတာလဲ၊ မင်းငွေလိုချင်ရင် မင်းဆီက တစ်ခုခုပြန်ပေးရမယ်၊ ဒါ ထုံးစံပဲ လောကကြီးမှာ ဘာတစ်ခုမှ အလကားမရဘူးလေ"

"ဟင့်အင်း ကျွန်မ မသိဘူး၊ ကျွန်မ မလိုက်ပါရစေနဲ့"

အထိတ်တလန့်ပြောရင်း ထိုလူ့ လက်တွေထဲက ဝါဂွမ်းဆတ်ခနဲ ရုန်းထွက်ကာ ပြေးခဲ့သည်။

"ဘုတ်"



www.burmeseclassic.com

www.burmeseclassic.com



"အင့်"

လမ်းမှာပိတ်နေသော လူတစ်ယောက်နှင့် ဝါဂွမ်း မရှောင်နိုင်ဘဲ ဝင်တိုက်မိသည်။ အရှိန်မပြင်းပေမယ့် အတိုက်ခံရသောလူရွယ် ယိမ်းယိုင်ပြီးလဲမတတ် ဖြစ်သွားတော့ နံဘေးက အဖော်ဖြစ်သူက အချိန်မီ လှမ်းဆွဲကိုင်ထိန်းရင်း

"ဟာ အထင်ကရ သတိထား"

"ဆော ဆောရီးပါရှင် တောင်းပန်ပါတယ်"

ဝါဂွမ်းနှုတ်က ကသောကမျောလေး တောင်းပန်ပြီး ဆိုင်နောက်ဘက်သို့ ပြေးဝင်ခဲ့လိုက်သည်။

"ဟဲ့ ဝါဂွမ်း ဘာဖြစ်လာတာလဲ"

ကမူးရှူးထိုး ပြေးလာသော ဝါဂွမ်းကို မင်းမင်းခိုင်က ဆီးကြိုမေးတော့ ဝါဂွမ်း ချက်ချင်းဘာမှ ပြန်မပြောနိုင်ခဲ့ပါ။

အရက်ဝိုင်းက လူရမ်းကားနှစ်ယောက်ကလည်း ဝါဂွမ်းဆီကို လိုက်လာတာမို့ ဝါဂွမ်း မင်းမင်းခိုင်ကို အားကိုးတကြီး ဆုပ်ကိုင်ထားမိသည်။

"မင်းမင်းခိုင် ဒီည ငါတို့သူ့ကိုသုံးမယ်"

မင်းမင်းခိုင်နှင့် သိကျွမ်းနေပုံရသော ဆံနီနှင့်လူက ပြောတော့ မင်းခိုင်က ထိတ်လန့်နေသော ဝါဂွမ်းကိုကြည့်ရင်း

"မရဘူးထင်တယ် ဂျော်နီ၊ သူက စဝင်တာ မကြာသေးဘူး။ ဒီတစ်ညတော့ ရှောင်လိုက်ပါဟာ၊ ငါ တောင်းပန်ပါတယ်"





"မရဘူး ဒီတစ်ည ငါ့ဆန္ဒက သူပဲ၊ မရဘူးဆိုရင် ဂျော်နီတို့ ရာဇဝင်ရိုင်းသွားမှာပေါ့၊ ဒါကြောင့် သရဖူတောင် ရက်ရက်ရောရော ချီးမြှင့်ပေးထားခဲ့တာ"

"အေးပါ ငါသိပါတယ် ဒီတစ်ညတော့ နင်တို့ရှောင်ပေးလိုက်ပါဟယ်၊ သူကြည့်ရတာ မူးနေသလိုပဲ၊ နင်တို့ ဘာတွေ တိုက်လိုက်ကြတာလဲဟယ်"

"အဲဒါ ရှော့ခ်မရှိပါဘူး။ အဲဒါ သူ့အတွက် အသစ်အဆန်းတောင် ခံစားရသေးတယ်၊ ကဲ ဟန်နီ သွားကြမယ်"

"ဟင့်အင်း မလုပ်ပါနဲ့ မင်းခိုင် ငါ မလိုက်ဘူးနော်"

"ဂျော်နီ မလုပ်ပါနဲ့၊ ငါ တောင်းပန်ပါတယ်၊ သူက ငါ့သူငယ်ချင်းပါ၊ ဒီလိုဖြစ်နေရက်နဲ့ ငါ ထည့်ပေးလိုက်ရင် မကောင်းဘူးလေ"

"မင်းခိုင် နင်အပိုတွေ မပြောနဲ့၊ ဟေ့ နင်လိုက်ခဲ့ဒါပဲ"

ပြောရင်း ဂျော်နီဆိုသော လူရမ်းကားက ဝါဂွမ်း လက်ကို ဘုမ်းဆွဲသည်။ ဝါဂွမ်း မင်းမင်းခိုင်ကိုပဲ အားကိုးတကြီး ဆွဲထားရင်း

"မင်းခိုင် ငါ့ကိုကယ်ပါ သနားပါနော် နော်"

"ဟာ အထာတွေကိုင်မနေနဲ့၊ မင်းခိုင် နင်ဖယ်စမ်း"

ဂျော်နီက မင်းမင်းခိုင် ရင်ဘတ်ကို ဘုန်းခနဲ ဆောင့်တွန်းပစ်သည်။ အခြေအနေက ဝါဂွမ်းအတွက် ဘယ်လိုမှ မလှပတော့တာ သေချာပြီမို့ ဝါဂွမ်း ဆိုင်နောက်ဘက်တံခါးပေါက်ဆီ ပြေးခဲ့၏။

"ဟေ့ ဟာ တောက် ပြေးစမ်း ငါတို့လက်က မလွတ်စေရဘူး"



www.burmeseclassic.com

www.burmeseclassic.com



နောက်က ကြိမ်းဝါးသံတွေက ဝါဂွမ်းနောက်က ကပ်ပါလာသည်။ ဝါဂွမ်းခြေလှမ်းတွေ ဆိုက်တန်းရပ်ထားသော ကားစတင်းအနား ရောက်ခဲ့သည်။

ရင်တွေ တလှပ်လှပ်တုန်ခါလျက် ခေါင်းထဲမှာ ရီဝေမူးနေ၏။ အနီးမှာရှိနေသော နက်ပြာရောင်ကားကြီးကိုမှီရင်း ဝါဂွမ်း မျက်ဝန်းတွေ မှေးမှိတ်ထားလိုက်မိ၏။

“တွေ့အောင်ရှာကွာ တွေ့လို့ကတော့ ဂျော်နီ ဘာကောင်လဲ သိအောင် ပညာပေးရမယ်”

“ကြည့်ရတာ အတွေ့အကြုံမရှိတဲ့သူလေး ထင်တယ်၊ ပေါက်ကြီးတို့ကလည်း ဒါမျိုးလေးနဲ့ ခံစားချင်တာကွ”

ကြားလိုက်ရသောအသံတွေကြောင့် ဝါဂွမ်း မျက်ဝန်းတွေ အထိတ်တလန့် ပြန်ဖွင့်မိသည်။ သူတို့အုပ်စုလက်ထဲကို ဝါဂွမ်း အရောက်ခံလို့မဖြစ်ပါ။

တရိပ်ရိပ်မူးနေသော ဝေဒနာကြီးကလည်း ခေါင်းထဲမှာ ဘယ်လိုကြီးမှန်းမသိ။ သူတို့တိုက်ခဲ့သော ဖျော်ရည်တွေကို သောက်ခဲ့မိတာ နောင်တရမဆုံး။

“ရှာစမ်းကွာ အပြင်ပြေးမသွားသေးဘူးဆိုရင် ဒီအနားမှာပဲ ရှိရမယ်”

အန္တရာယ်အသံတွေက နီးကပ်လာမှန်းသိလိုက်ရခြင်းနှင့်အတူ ဝါဂွမ်း ခွေးတွေပြန်လာသည်။ ကြံရာမရသည့်အဆုံး ဝါဂွမ်း မှီထားသော



နက်ပြာရောင်ကားကြီး၏နောက်ခန်းတံခါးကို အားကိုးတကြီး ဆွဲဖွင့်ကြည့်တော့ ပွင့်သွားခဲ့၏။

ဆိုင်ကို လာသုံးဆောင်ကြသော သူတစ်ဦးဦးရဲ့ ကားဖြစ်မည်ထင်သည်။ တံခါးသော့ခတ်ဖို့ မေ့သွားတာလား မသိ။

ဘာမှစဉ်းစားမနေတော့တဲ့ ဝါဂွမ်း ကားနောက်ခန်းထဲ ဝင်လိုက်သည်။ ကြောက်စိတ်က တစ်ဖက် တရိပ်ရိပ်မူးနေသော ခံစားမှုတွေက တစ်ဖက်နှင့်နောက်ခန်းဆိုဖာထိုင်ခုံမှာ ဝါဂွမ်း ခွေခွေလေး လှဲနေလိုက်သည်။

ဖျတ်ခနဲ အာရုံထဲက သတိရပြေးမြင်မိတာ အမေ့မျက်နှာ။ ဝါဂွမ်းရဲ့ဒုက္ခတွေကို အမေကတော့ မြင်သိနိုင်မှာမဟုတ်ပါ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

ဖေယျာခန့်နှင့်တည်ကြည်တို့ဆန္ဒတွေကို လိုက်လျောမိတာ မှားသွားပြီဟု သိလိုက်ရခြင်းနှင့်အတူ လူက ခေါင်းပင်မထောင်နိုင်တော့ပါ။

"အေ့ ငါ မရတော့ဘူး မင်းတို့ပြန်ပို့ပေး"

"အေးပါ ထင်ကြီးရာ ငါတို့ မင်းအိမ်အရောက်ပို့ပေးမှာပါ၊ ဟား ဟား နှစ်ပင်လိမ်လို့ ခေါင်းစိုက်သွားတာဖြစ်မယ်"

"ဒီလိုလုပ်ကွာ ဖေယျာ ထင်ကြီးကားကို မင်းမောင်းပြီး အိမ်လိုက်ပို့ကြမယ်၊ ပြီးမှ မင်းနဲ့ငါ ပြန်တာပေါ့"

"အေး ထင်ကြီးကို ပို့ပြီးရင် ငါ မင်းနဲ့အတူ လိုက်အိပ်မယ် တည်ကြည်"

ဖေယျာနှင့်တည်ကြည်တို့ သူ့ကို တစ်ဖက်ဆီတွဲရင်း ပြောဆိုနေကြသော အသံတွေကို ကြားတစ်ချက်၊ မကြားတစ်ချက်။ အိမ်ကို အမြန်ပြန်ရောက်ချင်စိတ်ကသာ ပြင်းပြနေသည်။





ဘယ်တုန်းကမှ ဒီလောက် လူမှန်းသူမှန်းမသိအောင် မသောက်ဖူးခဲ့ပေမယ့် အခုတော့ ဖေယျာခန့်ကြောင့် ရုပ်ပျက်ဆင်းပျက်ဖြစ်ခဲ့ပြီ။

သူ့ရဲ့ကားအထိ ဖေယျာတို့ခေါ်လာကာ ခေါင်းခန်းထဲမှာ ထိုင်စေ၏။ ဖေယျူကတော့ မောင်းသူနေရာမှာ ထိုင်၏။

"မဖြစ်ဘူး ရင်ဘတ်သိုင်းကြိုးပတ်ပေးလိုက်ဦးကွာ၊ တော်ကြာ အက်ချ်ဘုတ်နဲ့နဖူး မိတ်ဆက်နေဦးမယ်"

"အင်း မင်းကြောင့် ထင်ကြီး ဒီလောက်မူးနေတာသာ သူ့ချစ်သူ ရွှေမှုန်သာသိရင် မင်း မလွယ်ဘူးထင်တယ်"

"ဒါကြောင့် အိမ်အရောက် ဘေးမသိရန်မခ ပို့ပေးတာပေါ့ကွာ ကဲ ငါ ရှေ့ကမောင်းနှင့်မယ်၊ မင်းနောက်က မောင်းလိုက်လာခဲ့ တည်ကြည်"

ဖေယျာ ကားကို ညင်သာစွာပဲ မောင်းထွက်ခဲ့တော့ တည်ကြည်က သူ့ရဲ့ပရာဒိုကားလေးကို နောက်က မောင်းလိုက်လာသည်။ ကားမောင်းနေရင်း ဖေယျာ နံဘေးက အထင်ကရကိုကြည့် လိုက်တော့ ခေါင်းကြီးငိုက်စိုက်နှင့် အိပ်ပျော်နေခဲ့ပြီ။

သူနှင့်တည်ကြည်တို့ အထင်ကရကို နောက်ပြောင်ပြီး တိုက်ခိုက်ကြတာ လေးငါးခွက်တော့ရှိမည်။ နဂိုက ဘီယာအရှိန်နှင့်ဆိုတော့ အထင်ကရ ခမြာ မူးရှာမည်ပေါ့။

မနက်ဖြန် မိုးလင်းလျှင်တော့ အထင်ကရ သူတို့နှစ်ယောက်ကို ဗုန်းထဲက ကြိမ်းဝါးဆဲဆိုတော့မှာ သေချာသည်။

အခုတော့ အထင်ကရခမြာ အိပ်မက်တွေတောင် မက်နေပြီ



www.burmeseclassic.com

www.burmeseclassic.com



လားမသိ။

အထင်ကရတို့ခြံရှေ့ကိုရောက်တော့ တံခါးဝက စိုးရိမ်မျက်ဝန်းတွေနှင့် စောင့်နေသော မောင်ဖိုးထူးကို တွေ့ရ၏။

သည်ကောင်လေးက ရွာမှဦးလေးက အထင်ကရ လက်တိုလက်တောင်း စေခိုင်းလို့ရအောင် ပို့ပေးထားသူဆိုတာ ဖေယျာ သိထား၏။ အခုလည်း အထင်ကရ ကားမှန်းသိသည်နှင့် ခြံတံခါးကို အမြန်ဖွင့်ပေးရှာသည်။

"ဖိုးထူးရေ မင်းအစ်ကိုလေးတော့ ဖက်ကျိုးနေပြီ၊ ငါတို့ အိပ်ခန်းထဲအရောက်ပို့ပေးခဲ့မယ်"

"ခင်ဗျာ ဟုတ်ကဲ့ ဟုတ်ကဲ့"

ဖေယျာ ပြောရင်း ကားကိုဆင်ဝင်အောက်အထိ မောင်းဝင်လာတော့ တည်ကြည်ကလည်း နောက်က အသာမောင်းဝင်လိုက်လာသည်။ ဖိုးထူးလေးက အနောက်က ပြေးလိုက်လာရှာ၏။

"ကဲ ဖိုးထူးရေ မင်းအစ်ကိုလေးကို ဒီည လွှတ်လွှတ်လပ်လပ်နေပါစေကွာ ဟုတ်လား"

"ဟုတ်ကဲ့ အစ်ကိုလေး တော်တော်မူးလာတာလားဟင်"

"ပျော်လာတာပါကွ ငါ ပြည့်စုံအောင် ပြုစုပေးလိုက်တာ ဟဲ တည်ကြည် လာကွာ ထင်ကြီးကို အိပ်ခန်းထဲပို့လိုက်ရအောင်"

နှစ်ထပ်တိုက်ကြီးတစ်ခုလုံးမှာ အထင်ကရ တစ်ယောက်တည်း လွတ်လပ်စွာနေတာ ဖြစ်သည်။ အထင်ကရ မိဘတွေက အမိကာစီးပွားရေးလုပ်ငန်းရှိသော မိုးကုတ်မှာ အနေများသည်။





တစ်ဦးတည်းသောသား အထင်ကရ စိတ်ချမ်းသာမှုအတိုင်း ရန်ကုန်မှာ ခြံနှင့်တိုက် ဝယ်ပေးထား၏။

ဖိုးထူးကို အဖော်ထားပေးကာ စားသောက်ရေးကိစ္စအတွက်တော့ ဆိုင်မှာပဲ စားသောက်တတ်၏။ အဝတ်အစားလျှော်ဖွပ် အိမ်နှင့်ခြံသန့်ရှင်းရေးအတွက်ကတော့ ငှားထားသော အလုပ်သမားတွေ သုံးလေးရက်တစ်ကြိမ် လာရောက်လုပ်ကိုင်ပေးသည်။

အခုလည်း အထင်ကရကို အပေါ်ထပ်က အိပ်ခန်းကိုမပို့တော့ဘဲ အောက်ထပ်က အထင်ကရရဲ့အိပ်ခန်းတစ်ခုမှာပဲ ပို့ပေးလိုက်၏။

"ကဲ မောင်ဖိုးထူး ငါတို့ပြန်မယ်နော်၊ မင်းခြံတံခါးကို လိုက်ပိတ်ပေးဦး"

"ဟုတ်ကဲ့ အစ်ကို"

သူနှင့်တည်ကြည်တို့ ကားပြန်ထွက်ပြီးမှ ဖိုးထူးက ခြံတံခါးကို လိုက်ပိတ်ပေးသည်။

"ဩော် ဖိုးထူး မင်းအစ်ကိုလေးကားကို ဆင်ဝင်အောက်မှာပဲ ထားလိုက်ကွာ၊ ကားပြတင်းတံခါးတွေတော့ လော့ခ်ချပိတ်ထားလိုက်"

"ဟုတ်ကဲ့ ဟုတ်ကဲ့ပါ အစ်ကို"

ဖိုးထူး ခြံတံခါးကို အသေအချာသော့ပိတ်ပြီးသည်နှင့် အိမ်ဘက်ပြန်လိုက်သည်။

အစ်ကိုလေး အထင်ကရ ဒီလောက်မူးလာတာ သူ တစ်ခါမှ မမြင်ဖူးပါ။ ညနေက အစ်ကိုလေး သူငယ်ချင်းနှစ်ယောက် လာခေါ်



www.burmeseclassic.com

www.burmeseclassic.com



သွားတာ သူ 'သိသည်။

အခုတော့ အစ်ကိုလေး မူးလာပုံက ယုံနိုင်စရာတောင်မရှိပါ။

ဆင်ဝင်အောက်မှာ ရပ်ထားသော အစ်ကိုလေးကားကို တံခါးသော့ခတ်တွေပိတ်ဖို့အတွက် ဖိုးထူး စစ်ဆေးရဦးမည်။

နောက်ခန်းတံခါးကို ဖွင့်အကြည့်မှာပဲ ဖိုးထူး မျက်လုံးတွေ ပြူးကာ အလန့်တကြား နောက်ဆုတ်မိ၏။

"ဗုဒ္ဓေါ ဘုရား"

နောက်ခန်း ဆိုဖာကူရှင်မှာ ခွေခွေလေး အိပ်ပျော်နေသော မိန်းကလေးတစ်ယောက်က အစ်ကိုလေးနှင့်ပါလာသောသူလား။

မျက်နှာလေးကတော့ နူညက်ဝင်းမွတ်နေသည်။ ဝတ်ဆင်ထားသော ပန်းဆီရောင်ဝတ်စုံလေးနှင့် သိပ်ကိုလိုက်ဖက်ပါသည်။ ဒီလောက်ချောမောလှပသော မိန်းကလေးကို အစ်ကိုလေး မေ့လျော့ထားခဲ့လောက်အောင် မူးနေတာတော့ မဖြစ်သင့်ဟု ထင်၏။

ဖိုးထူး ငေးကြည့်နေတုန်းမှာပဲ မိန်းကလေး လွဲနို့ခနဲ တစ်ချက်လှုပ်နိုးလာသည်။ မျက်တောင်ကော့ကြီးတွေ ပုတ်ခတ်ဖွင့်ကြည့်၏။

ကြောင်တွေတွေ ရပ်ကြည့်နေသော ဖိုးထူးကိုမြင်တော့ ခွေလဲ့နေရာက လူးလဲထထိုင်သည်။

"အစ်မလေးက အစ်ကိုလေးနဲ့အတူ ပါလာတာလားဟင်"

သူမေးတာကို မဖြေနိုင်ဘဲ အစ်မလေး ကားထဲက လှမ်းထွက်သည်။ ဒါပေမဲ့ ခန္ဓာကိုယ်က ယိမ်းယိုင်ပြိုလဲမတတ် ဖြစ်နေတာမို့ သူ လက်မောင်းကို ထိန်းကိုင်ပေးလိုက်ရသည်။





"အင်း မူးတယ် အိပ် ချင်တယ် အင်း"

နှုတ်က ဗလုံးဗထွေးနှင့် ရေရွတ်နေသော အစ်မလေးကို ဖိုးထူး ကြည့်ရင်း သနားလည်း သနားမိသည်။ ကြည့်ရတာ အစ်ကိုလေးနှင့် အပြိုင်အဆိုင် သောက်လာပုံရသည်။

"အ အမေ သမီးကို အိပ်ရာထဲပို့ပေးပါ အင်း"

အမေ့ကိုတပြီး တောင်းဆိုနေတော့ ဖိုးထူး ဘာလုပ်ရမှန်းမသိဖြစ်မိသည်။ အိမ်ပြန်ရောက်နေသည်ထင်နေသလား။ တကယ်ဆို အစ်မလေးရောက်နေတာ အစ်ကိုလေးအိမ်ဖြစ်သည်။

"အစ်မလေး အစ်ကိုလေးအခန်းထဲ ပို့ပေးရမှာလားဟင်"

"အင်း အိပ်ချင်ပြီ ပို့ပေးပါ"

"ဗျာ ဟုတ်ကဲ့ ဟုတ်ကဲ့ခင်ဗျ"

အမူးပြေဟန်မတူသေးသော အစ်မလေးကို တွဲခေါ်ကာ ဖိုးထူး အစ်ကိုလေးအခန်းထဲကိုပဲ ပို့ဆောင်ပေးလိုက်ရသည်။

မျက်လုံးတွေ မှေးစင်းကာ ဖိုးထူး တွဲခေါ်ရာကို ပါလာသော အစ်မလေးပုံစံက အိပ်မက်ထဲမှာ လမ်းလျှောက်နေသူလို ...။

အခန်းထဲက ခုတင်ကြီးပေါ်မှာ အစ်ကိုလေး အထင်ကရကတော့ မှောက်ခုံကြီး အိပ်နေသည်။ ဖိုးထူး အစ်မလေးကို အစ်ကိုလေးနံဘေးမှာ လှဲအိပ်နိုင်းလိုက်သည်။

နှစ်ယောက်စလုံး ခုတင်ကြီးပေါ်မှာ အတူအိပ်နေတာကြည့်ပြီး ဖိုးထူး ပြုံးမိသေး၏။

လိုက်လည်းလိုက်ဖက်ညီလှန်းပါလား။ နှစ်ယောက်စလုံး ချော



www.burmeseclassic.com

www.burmeseclassic.com



မောလှပသလို အမူးလွန်လာပုံကလည်း တူညီသည်။

အခန်းထဲက အထွက်မှာ ဖိုးထူး အလိုက်တသိနှင့် အခန်းမီးလေးကို မှိတ်ပေးခဲ့လိုက်၏။

မနက်ကျလျှင်တော့ သူ့ရဲ့အလိုက်တသိရှိမှုအတွက် အစ်ကိုလေး က ချီးကျူးစကားဆိုမှာ မြင်ယောင်မိပါသေးရဲ့။

■ ■ ■

"မောင် မောင် ဟော့ ခေါ်နေတယ်လေ အိပ်ပုတ်ကြီး"

ရွှေမှုန် အသံချိုချိုလေးကြောင့် အထင်ကရ မယုံနိုင်သလို လှည့်စောင်းကြည့်တော့ နံဘေးမှာ ရှိနေတာ ရွှေမှုန်မှ ရွှေမှုန်ပါပဲ။

"ဟင် ရွှေ ရွှေမှုန် မောင့်အနားရောက်နေတယ်"

"အဟင်း ဘာဖြစ်လို့လဲ မောင်ရဲ့၊ ရွှေမှုန်က မောင့်ရဲ့ချစ်သူပဲဟာ၊ မောင့်အနားမှာ ရှိတာပေါ့"

ပြုံးယဲ့ယဲ့လေးနှင့် ရွှေမှုန် ပြောတော့ အထင်ကရ ရင်ထဲမှာ ကြည်နူးပီတိတို့ လှိုင်းထသွားခဲ့ရင်း ရွှေမှုန် ခန္ဓာကိုယ်လေးကို ထွေးပွေ့ထားလိုက်မိသည်။

"ချစ်လိုက်တာ ရွှေမှုန်ရယ်"

"မောင့်ကိုလည်း ရွှေမှုန် သိပ်ချစ်ပါတယ်"

"ရွှေမှုန်လေးရယ်"

အထင်ကရ ချစ်သူ ခန္ဓာကိုယ်လေးကို တင်းတင်းပွေ့ဖက်ရင်း အနမ်းမိုးတွေ ရွာမိသည်။ ရင်ခုန်သံတွေက ရင်ဘတ်ထဲက ပွင့်ထွက်ပေါက်ကွဲတော့မတတ်ပါပဲ။





အိစက်နူးညံ့ဟန်သော ရွှေမှုန်ရဲ့အထိအတွေ့၊ အနမ်းတို့က ရှိန်းမြ ေးတွေးစွာ ရင်ခုန်သံတို့ စီးမျောသော ကမ္ဘာငယ်လေးတစ်ခုဆီ ခေါ် ဆောင်သွားခဲ့၏။

ဘဝမှာ ဒီအချိန်လေးက အခမ်းနားဆုံးနှင့်အထည်ဝါဆုံး အချိန် သားတွေပဲဟု ထင်သည်။ ရင်နင့်အောင် ချစ်ခဲ့ရသော ချစ်သူလေးနှင့် ချစ်တွေ ဖလှယ်ခွင့်ရခဲ့တာ အိပ်မက်ဆန်လွန်းလိုက်တာ။

တိမ်တိုက်တွေကို စီးမျောရင်း ရင်ခုန်သံတွေက ခုန်၊ မောနဲ့ပင် ်တော့ ချစ်သူရင်ငွေ့မှာခိုနား၊ အနမ်းတို့က ချွေးသိပ်အိပ်မောကျ ခဲ့သော ညချမ်းလေးက အသိတရားတို့ကို အမှောင်တိုက်ထဲသိမ်းထုပ် ခဲ့၏။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

ဖျတ်ခနဲ နိုးထလာသော အသိအာရုံနှင့်အတူ အထင်က
သတိထားမိတာ ရင်ခွင်ထဲမှာ ပွေ့ပိုက်ထားမိသော ခွေးတွေအိစက်သော
ခန္ဓာကိုယ်လေး။

ချက်ချင်း သတိရမိတာ ညက ရွှေမှုန်နှင့် အချစ်တွေ ဖလှ
ခဲ့ကြသည်။ ပြီးတော့ ရွှေမှုန်ခန္ဓာကိုယ်လေးကို ပွေ့ဖက်ရင်း အိပ်ပျေ
သွားခဲ့၏။

ဒါ အိပ်မက်မဟုတ်ဘူးဆိုတာ သေချာနေပြီပေါ့။

မျက်လုံးတွေကို မှေးမှိတ်ထားရင်း အထင်ကရ ညတုန်း
ဖြစ်ပျက်ခဲ့သမျှကို ပြန်တွေးကြည့်မိ၏။

ဇေယျာခန့်တို့နှင့် စားသောက်ဆိုင်မှာ စားသောက်ခဲ့ကြသည်
သူ သိပ်မူးသွားခဲ့၏။ ရွှေမှုန်နှင့်ဘယ်လို ဆုံခဲ့တွေ့ခဲ့တာလဲဆိုတာ အ
အာရုံထဲမှာ ပြန်စဉ်းစားမရနိုင်ပါ။





တကယ်ဆို ရွှေမှုန်နှင့်သူ့ကြားမှာ ဒီလိုအခြေအနေထိ လွန်ကျူး
သွားတာမျိုး မဖြစ်သင့်သေးပါ။ ဘယ်လိုအခြေအနေတွေက ဒီလို ဖန်တီး
ပေးလိုက်သည်လဲ။

အထင်ကရ စဉ်းစားမရပေမယ့် ရွှေမှုန်ကတော့ ရင်ခွင်ထဲမှာ
မျက်နှာလေးအပ်ကာ အိပ်မောကျနေတာတော့ အသေအချာ။ ရွှေမှုန်ရဲ့
အသက်ရှူသံလေးတွေကိုတောင် တိုးတိုးလေး ကြားနေရသည်။

ရွှေမှုန် ကျောပြင်လေးကို သိုင်းဖက်ထားသောလက်ကို သူ
ညင်သာစွာပဲ ဖယ်လိုက်သည်။ ပြီးတော့ ခန္ဓာကိုယ်ကို ဖြည်းညင်းစွာ
ကုန်းထထိုင်လိုက်သည်။

သူ့ကြောင့် ရွှေမှုန် နိုးသွားမှာစိုးသည်။ နှစ်ခြိုက်အိပ်မောကျနေ
သော ရွှေမှုန် မျက်နှာလေးကို သူ ငုံ့ကြည့်လိုက်တော့

"ဟာ"

ငယ်ထိပ်ကို ဆယ်ပေါင်တူနှင့်ထုချ ခံလိုက်ရသလို မျက်ဝန်း
တွေ ပြာဝေမှုန်မှိုက်မတတ် ခံစားလိုက်ရခြင်းနှင့်အတူ ခုတင်ပေါ်က အမြန်
ဆင်းလိုက်မိသည်။

ခုတင်ပေါ်မှာရှိနေသော မိန်းကလေးကို မယုံနိုင်စွာ မျက်လုံး
တွေ ပြူးကြည့်မိပြန်၏။

ခြုံစောင်ကြီးအောက်မှာ ကွေးကွေးလေး အိပ်မောကျနေသော
မိန်းကလေးက ရွှေမှုန်သာ မဟုတ်တာ သေချာသည်။

ဝင်းမွတ်နေသော ပခုံးသားလေးတွေနှင့် လည်တိုင်ဝင်းဝင်း
လေးတွေကို သူ ထပ်မကြည့်ရဲဘဲ မျက်နှာလွှဲမိ၏။ အခုနေသော မိန်းက



www.burmeseclassic.com

www.burmeseclassic.com



လေး နှိုးလာပြီး လူးလဲထလိုက်လျှင်တော့ တကယ့်အခက်။

"ဟင်"

ခုတင်အောက်ကြမ်းပြင်မှာ ပုံလျက်ကျနေသော ပန်းဆီရောင်အင်္ကျီနှင့် အနက်ရောင်စတော်ကင် ဘောင်းဘီတစ်ထည်ကိုမြင်တော့ အထင်ကရ မျက်နှာတစ်ခုလုံး ငရုတ်သီးနှင့်အပက်ခံရသလို ထူပူသွားရသည်။

ချာခနဲလှည့်ကာ အထင်ကရ အခန်းအပြင်ကို ထွက်လိုက်မိ၏။

"ဖိုးထူး ဟေ့ကောင် ဖိုးထူး"

အထင်ကရ သွေးရူးသွေးတန်းနှင့် ဟစ်အော်ခေါ်သံကြောင့် ဖိုးထူး အပြေးအလွှား ရောက်လာ၏။

"ဟာ အစ်ကိုလေး ဟို ဟို"

ဖိုးထူး မျက်နှာက ခရမ်းချဉ်သီးတစ်လုံးလို နီမြန်းလျက် မျက်နှာကို လက်ဝါးနှစ်ဖက်နှင့်အုပ်ကာထားရင်း

"အစ်ကိုလေး ဟို ဟို အမြင်မတော်ပါဘူးဗျာ"

ဖိုးထူး စကားကိုကြားမှ အထင်ကရ ကိုယ့်ကိုကိုယ် ပြန်ငုံ့ကြည့်မိကာ

"ဟာ ဟာကွာ"

အထင်ကရ မျက်နှာကြီး ရဲရဲနီလျက် အခန်းထဲ လစ်ခနဲ ပြန်ပြေးဝင်မိသည်။ အခန်းထဲက အဝတ်တန်းပေါ်မှာ မွေးပွသဘက်ကြီးကို ဆွဲယူကာ ခန္ဓာကိုယ်မှာ ရစ်ပတ်လိုက်ရ၏။

ပြီးမှ အခန်းထဲက ပြန်ထွက်လာကာ ဖိုးထူးနှင့်ရင်ဆိုင်ရင်း

"ဖိုးထူး ငါ့အခန်းထဲ ရောက်နေတာ ဘယ်သူလဲ၊ ဘယ်က





မိန်းမလဲ ပြောစမ်း"

"ဗျာ အဲ အဲဒါ အစ်ကိုလေး ညက ခေါ်လာတာလေ"

"ဘာကွ အဓိပ္ပါယ်မရှိတာ၊ ဘယ်ကမှန်းမသိတဲ့ မိန်းမတစ်ယောက်ကို ငါက ခေါ်လာစရာလားကွ"

အထင်ကရ စကားကြောင့် ဖိုးထူး မျက်လုံးတွေ ပြူးထွက်သွား၏။ ညတုန်းက အမူးတွေ အစ်ကိုလေးအခုချိန်ထိ မပြေသေးဘူးလားသိ။

"အစ် အစ်ကိုလေး အမူးပြေပါပြီနော်"

"ဟေ့ကောင် ငါ ဘာမှမမူးဘူးကွ"

အထင်ကရ ဒေါသတကြီး အော်ငေါက်တော့ ဖိုးထူး မျက်ဝန်းလေးတွေ ပုတ်ခတ်ပုတ်ခတ်နှင့် မဝံ့မရဲလေး ကြည့်ရင်း

"ဟို ဟို သူ့ကို အစ်ကိုလေး ကားနောက်ခန်းထဲမှာ ညက တွေ့တာပါ၊ ကြည့်ရတာ အစ်မလေးကလည်း အစ်ကိုလေးလိုပဲ မူးနေပြီး ယိုင်ယိုင်ထိုးထိုးနဲ့ အိပ်ခန်းထဲပို့ပေးပါဆိုလို့ အစ်ကိုလေးအခန်းထဲကို ကျွန်တော် ပို့ပေးခဲ့ရတာပါ"

"ဘယ်လို ငါ့အခန်းထဲ မင်းပို့ခဲ့တာ ဟုတ်လား"

"ဟုတ် ဟုတ်ကဲ့ အစ်ကိုလေး ခေါ်လာတဲ့ အစ်ကိုလေး ကောင်မလေးထင်လို့ပါ"

"ဟာကွာ သူက ရွှေမှုန်မှမဟုတ်ဘဲ၊ ငါက ရွှေမှုန်ထင်ပြီး ... ဟာ သေစမ်းကွာ၊ ငါ့ဘဝတော့ ရေစုန်မျှောပါပြီ တောက် မင်းကြောင့်"



www.burmeseclassic.com

www.burmeseclassic.com



အထင်ကရ အံ့တကြိတ်ကြိတ် ပေါက်ကွဲရင်း ဖိုးထူးကိုဒေါသ
လက်သီးရွယ်မိရုံပဲရှိသေး၏။

"အား မ မလုပ်ပါနဲ့ အစ်ကိုလေးရဲ့"

ဖိုးထူး၏အကြောက်တလန့် အော်သံကြောင့် အထင်ကရ လက်
သီးဆုပ်က လေထဲမှာပဲ ရပ်တန့်သွားခဲ့ရ၏။

"တောက် မင်း မင်းကွာ ငါ တစ်သက်လုံး ထိန်းသိမ်းခဲ့ရတဲ့
ဂုဏ်သိက္ခာတွေ ကိုယ်ကျင့်တရားတွေ စုတ်ပြတ်သတ်ကုန်ပြီ သွားပြီ
အဖတ်ဆယ်မရတော့ဘူးကွ"

အထင်ကရ သွေးရူးသွေးတန်းနှင့် ရေရွတ်ကြိမ်းဝါးနေသမျှ
ဖိုးထူး လက်အုပ်လေးချီ တောင်းပန်ရင်း မျက်နှာငယ်လေးနှင့် ကြည့်နေ
ခဲ့ရှာ၏။

အထင်ကရ ရင်ထဲမှာ ဗလောင်ဆူနေဆဲ။ နောင်တတွေက
ရင်ထဲမှာ အပြည့်လျှံတက်နေတာ အမှန်။ ညတုန်းက သူ သိပ်မူးသွား
ခဲ့သည်။ တကယ့်ကို လူမှန်းသူမှန်းမသိ မူးခဲ့သောအမှားက။

အခုတော့ သူ့ဘဝတစ်ခုလုံးကို အမည်းစက်ကြီးတစ်ခု ဖြစ်စေ
ခဲ့တာ သေချာသည်။

"ဖိုးထူး ညက ငါတို့ ဘာဖြစ်ကြသေးလဲ"

"ဗျာ ကျွန်တော် ဘယ်သိပါ့မလဲ၊ အစ်ကိုလေး အခန်းထဲ
ပြီးတာနဲ့ ကျွန်တော် ပြန်အိပ်တာပါ"

"ဟာ ငါကွာ နှိုးစမ်း အဲဒီမိန်းမကို သွားနှိုးစမ်း"

"ခင်ဗျာ ကျွန်တော် မနှိုးရဲဘူး"





"ဟာ ဒီကောင် ငါ့ဆွဲထိုးမိတော့မယ် တောက်"

အထင်ကရ ဒေါသတွေ ဆူဝေလျက် အခန်းထဲကို ချာခနဲ
လှည့်ဝင်ခဲ့မိသည်။

ခုတင်ပေါ်မှာ ခွေခွေလေး အိပ်မောကျနေသော မိန်းကလေးက
နိုးထပုံမရသေးပါ။ မပေါက်ကနီရောင်ဆံပင်တွေကြားက မျက်နှာလေး
ရှင်းသန့်ကြည်လင်နေပေမယ့် အထင်ကရအတွက်တော့ ပူလောင်
။

ဘယ်က ကလေကဝ မိန်းမက သူ့ကားထဲပါလာရတာလဲ။

"ဟေ့ ဟေ့ ဒီမှာ မိန်းကလေး"

မိန်းကလေး အသားစိုင်တွေကို တို့ထိဖို့ မသတိစွာဖြင့် အိပ်
င်းကို လက်ဝါးဖြင့်ထုရိုက် နှိုးလိုက်မိ၏။

မိန်းကလေး မျက်ဝန်းတွေ ဖျတ်ခနဲ ပွင့်လာကာ အထင်ကရ
ကြည့်သည်။ ပြီးမှ အခန်းထဲကို မျက်ဝန်းလေး ဝေ့ပတ်ကြည့်ကာ

"ရှင် ရှင် ဘယ်သူလဲ၊ ဝါဂွမ်း ဘယ်ရောက်နေတာလဲ"

အထိတ်တလန့်ဆိုရင်း ဝါဂွမ်း လူးလဲထလိုက်တော့ ခန္ဓာကိုယ်
က ခြုံစောင်လေးက လျောခနဲ ပုံကျသွား၏။ အထင်ကရ မျက်ဝန်း
တင်းတင်းစေ့မှိတ်သွားကာ လက်ကာတ…င်း

"ဟေ့ ဟေ့ လုံးဝမထနဲ့ဦး၊ မင်းခန္ဓာကိုယ်ကို လုံခြုံအောင်
င်လုပ်ဦး"

"အို"

ဝါဂွမ်း ကိုယ့်ကိုကိုယ် ပြန်ငုံ့ကြည့်မိကာ မျက်နှာလေး ရဲရဲနီ



www.burmeseclassic.com

www.burmeseclassic.com



သွားခဲ့၏။ ပုံကျနေသော ခြုံစောင်ကြီးကို ပခုံးအထိ လုံခြုံအောင် ဆွဲယူပတ်လိုက်ပြီးမှ

"ဝါ ဝါဂွမ်း ဘယ်ကိုရောက်နေတာလဲဟင်"

ဝါဂွမ်း အမေးစကားကြောင့် အထင်ကရ မျက်ဝန်းတွေကို မရဲတရဲ ဖွင့်ကြည့်ရင်း

"အဲဒီမေးခွန်းက မင်းကိုငါမေးရမှာကွ၊ မင်း ငါ့ကားပေါ်ကို ဘယ်လိုရောက်လာတာလဲ၊ ငါ့အိပ်ခန်းထဲအထိ ဘာရည်ရွယ်ချက်နဲ့ ရောက်ခဲ့တာလဲ အဲဒါကို ငါသိချင်တာ"

အထင်ကရ အမေးကြောင့် ဝါဂွမ်း ငေးငေးလေးကြည့်နေရာမှ မျက်ရည်တွေ စီးကျလာကာ ရှိုက်ကြီးတငင် ငိုတော့၏။

"ဟေ့ ဟေ့ မငိုနဲ့ မငိုနဲ့"

"ဝါဂွမ်း ဝါဂွမ်း ဘဝပျက်ခဲ့ပြီပေါ့ အဟင့် ဟင့်"

အထင်ကရ တားနေသည့်ကြားက မျက်ရည်တွေ အဆီးအတားမဲ့ ကျလာသော မိန်းကလေးကိုကြည့်ကာ အထင်ကရ ပင့်သက်ရှိုက်မိသည်။ တကယ်ဆို ဘဝပျက်လုလု ဖြစ်ခဲ့ရတာ သူပါပဲ။

ရွှေမှန်နှင့်ဟု ထင်မှတ်ကာ ကြည်နူးပျော်ခဲ့ရသောအပျော်တွေ အားလုံး အသိ၊ သတိမဲ့စွာ ငရဲခန်းထဲ နစ်မွန်းခဲ့ရသည့်အဖြစ်။

ရှိုက်ငိုသံတွေနှင့် ကောင်မလေး မျက်နှာလေးကို ကြည့်ရင်း အထင်ကရ ခေါင်းကို ခါရမ်းမိ၏။

"ကဲ မိန်းကလေး မင်း အဝတ်အစားတွေ ပြန်ဝတ်ပြီးရင် အခန်းထဲကထွက်ခဲ့၊ ငါ အပြင်ကစောင့်နေပေးမယ်"





အထင်ကရ ပြောပြီး အခန်းထဲက လှည့်ထွက်ခဲ့ချိန်ထိ ရှိုက်သံတွေက ကျန်ရစ်ခဲ့ဆဲ။

အခန်းအပြင်မှာ ကုပ်ကုပ်လေးရှိနေဆဲ ဖိုးထူးကိုတော့ အထင်ကရ မျက်မှောင်ကြီးကုပ်ကြည့်ကာ

"ဟေ့ကောင် သူ အဝတ်အစားဝတ်ပြီး ထွက်လာရင် ဧည့်ခန်းကိုခေါ်ခဲ့ ကြားလား"

"ဟုတ် ဟုတ်ကဲ့ အစ်ကိုလေး"

ရှုပ်ထွေးမွှန်ကြပ်နေသော စိတ်အာရုံတွေကို အထင်ကရ ဘယ်လိုမှ မောင်းထုတ်လို့မရနိုင်သေးပါ။

အပေါ်ထပ်က အခန်းဆီလှမ်းခဲ့ရင်း ပုဆိုးတစ်ထည်နှင့်ရှပ်အင်္ကျီတစ်ထည်ကို လဲလှယ်ဝတ်ဆင်လိုက်သည်။

ပြီးမှ ဧည့်ခန်းဆီ ဆင်းခဲ့လိုက်သည်။ ဧည့်ခန်းထဲမှာ မဝံ့မရဲလေး ထိုင်နေကြသော ဖိုးထူးနှင့်မိန်းကလေးက ရောက်နေခဲ့ပြီ။

မျက်ရည်စတို့ မပြယ်သေးသော မိန်းကလေး မျက်ဝန်းလေးတွေ စိုလဲ့နီရဲနေကာ ဆံပင်တွေက သေချာဖြီးသင်မထားနိုင်ဘဲ ကပိုကရိုလေး ရှိနေဆဲ။

ပန်းဆီရောင်ဝတ်စုံလေးနှင့် အနက်ရောင်စတော်ကင်လေးကိုတော့ ကောင်မလေး ဝတ်ဆင်ထားပြီး ဖြစ်၏။

"ကဲ မိန်းကလေး မင်း ဘယ်ကဘယ်လို ငါ့ကားထဲရောက်နေတာလဲ ပြောပါ"

အထင်ကရ မေးတော့ ဝါဂွမ်း ချက်ချင်းမဖြေနိုင်ပါ။ ခဏပြင်ပေါ်



www.burmeseclassic.com

www.burmeseclassic.com



စီးကျလာသော မျက်ရည်တွေကို လက်ဖမိုးနှင့်ပွတ်သုတ်သည်။ ပြီးမှ ရေးရေးမှတ်မိနေသမျှ အကြောင်းတွေကို ပြောပြမိ၏။

"ဝါဂွမ်းကို ဖွတ်အတင်း ခေါ်နေတဲ့ လူရမ်းကား အမူးသမားတွေလက်ကလွတ်အောင် ပြေးခဲ့တာပါရှင်၊ သူတို့ ထပ်ကြုံမကွာ ပါလာကြလို့ ဝါဂွမ်း ကားတစ်စီးရဲ့နောက်ခန်းထဲ ဝင်ပုန်းနေမိတာပါ အစ်ကို"

အထင်ကရ မျက်မှောင်ကြီးကုပ် နားထောင်နေတုန်း ညတုန်းက အဖြစ်အပျက်တွေကို ဆက်စပ်ပြန်မြင်ယောင်လာမိ၏။

G Point မှာတုန်းက ဒီမိန်းကလေးမျက်နှာကို ပြန်မှတ်မိသလို သူ့ကို ဝင်တိုက်လုမတတ် မူးနေသော လူရွယ်တစ်ယောက် သရမ်းတက်ချိုးမြှင့်တာကိုလည်း အမှတ်ရ၏။

"ဝါဂွမ်း ဒီအလုပ်ကို မလုပ်ချင်ပေမယ့် အမေက ဖွတ်နိုင်းလို့ ဝင်လုပ်ရတာ တစ်ပတ်ပဲရှိပါသေးတယ် အစ်ကို၊ ဒီလိုအဖြစ်ကြီးရင်ဆိုင်ရတော့ ဝါဂွမ်း အရမ်းကြောက်သွားတယ်၊ ပြီးတော့ သူတို့ဖွတ်တိုက်တဲ့ ဖျော်ရည်ကိုသောက်ပြီး ဝါဂွမ်း မူးဝေနေခဲ့တာပါ၊ ကားထဲမှာ ဘယ်လို အိပ်ပျော်သွားသလဲတောင် မသိပါဘူးရှင်"

ပြောရင်း မျက်ရည်တွေကလည်း စီးကျနေသော မိန်းကလေးကို အထင်ကရ စိုက်ကြည့်နေမိ၏။ G Point က အဆိုရှင် ကောင်မလေးရဲ့စကားတွေက ယုံနိုင်စရာမရှိပေမယ့် ရိုးသားသော သူမအသွင်လေးကတော့ ပေါ်လွင်နေ၏။

ဝါဂွမ်းဆိုသော ကောင်မလေးစကားတွေကို သူ လက်ခံနိုင်ပေမယ့် သူ လက်ခံနိုင်ပေမယ့် ညတုန်းက ဖြစ်ပျက်ခဲ့တာတွေအတွက်





တော့ လက်မခံနိုင်ပါ။

"မင်းပြောတာ မှန်ပေမယ့် ညက ငါလည်း အမူးလွန်နေတယ်၊ ဟိုကောင်က မင်းကို ငါ့အခန်းထဲ ပို့လိုက်တော့ ဒီအခြေအနေတွေ ဖြစ်ကုန်တာပဲ"

ဖိုးထူးကို လက်ညှိုးထိုးပြီး သူပြောတော့ ဖိုးထူး မျက်နှာငယ်လေးနှင့် တုန်တုန်ယင်ယင် ဝင်ဖြေရှင်း၏။

"ဟို ကျွန်တော်က အစ်ကိုလေးနဲ့ပါလာတယ်ထင်လို့ပါ"

"ဟေ့ကောင် တော်တော့ မင်းအသုံးမကျလို့ ဒါတွေဖြစ်ကုန်တာကဲ မိန်းကလေး အခု မင်းဘာဖြစ်ချင်လဲ ဘာလုပ်ချင်လဲ၊ ပြော ဒါပေမဲ့ ငါ မသိဘဲ မဆိုင်ဘဲ ဖြစ်ခဲ့တာတွေအတွက်တော့ ဘာမှတာဝန်မယူနိုင်ဘူးနော်"

အထင်ကရ အပြတ်သားဆုံးပဲ ဆိုမိသည်။ သူ့ဘဝကို ဒီလို မိန်းမတစ်ယောက်အတွက်တော့ တစ်သက်လုံး မစတေးနိုင်ပါ။

ဝါဂွမ်း ခေါင်းလေးညိတ်ကာ မျက်ရည်တွေကို ပွတ်သုတ်မိပြန်သည်။ တကယ်ဆို ဝါဂွမ်းရဲ့ကံကိုက ဆိုးလွန်းခဲ့တာပဲဖြစ်သည်။ ထို့အတွက် တခြားသူတစ်ဦးအပေါ်မှာလည်း တာဝန်မပိုစေချင်ပါ။

"ဝါဂွမ်း အမေ့အိမ်ပြန်မှာပါ"

"ဒီကိစ္စကို မင်းအမေကိုပြောရင် ပြဿနာပိုရှုပ်မှာပေါ့၊ ငါ့ဘက်က အပြတ်ပြောပြီးပြီနော်"

"ဟုတ်ကဲ့ပါ ဝါဂွမ်း နားလည်ပါတယ်၊ အမေ မသိစေရပါဘူး။ ဝါဂွမ်း အစ်ကိုသိက္ခာကို မထိခိုက်စေရဘူးလို့ ကတိပေးပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



အထင်ကရ ရင်ထဲမှာ ပေါ့ပါးသွားသည်။ ဒီပြဿနာကိုတော့ သူ့ဘက်က စောစီးစွာ ရှင်းလင်းထားမည်။ ရှေ့မှန်သိသွားလျှင် ဘယ်လိုမှ မဖြစ်သောကိစ္စကြီး။

"အိုကေ ခဏလေးစောင့်"

ဝါဂွမ်းကို လက်ကာပြပြီး အထင်ကရ အပေါ်ထပ် အခန်းဆီ တက်ခဲ့လိုက်သည်။ ပြီးတော့ ငါးထောင်တန်ငွေစက္ကူတစ်ထပ်ယူကာ ပြန်ဆင်းခဲ့လိုက်သည်။

"ရော့ ဒါငွေငါးသိန်း"

"ရှင်"

"မင်းလိုတာသုံးဖို့ ပေးတာပါ၊ တခြား ဘာသဘောမှမပါဘူး"

"ဟင့်အင်း ဝါဂွမ်း မယူပါရစေနဲ့၊ အဲဒီငွေတွေကို ဝါဂွမ်း သိပ်ကြောက်နေပြီ၊ ဒီငွေကြောင့်ပဲ အမေက ဝါဂွမ်းကို ဒီအလုပ်လုပ်ခိုင်းတာ၊ အခုတော့ ဝါဂွမ်း အဟင့် ဟင့်"

ခေါင်းလေးခါပြောရင်း မျက်ရည်တွေ စီးကျလာပြန်တော့ သူ စာနာသနားမိပြန်ပါသည်။ ဝါဂွမ်းဆိုသော ကောင်မလေး၏ ရိုးသားဖြူစင်မှုလေးကို သူ မြင်တွေ့နေခဲ့ပါသည်။

ဒါပေမဲ့လည်း ဘဝနှင့်ရင်းပြီးတော့ သူ မသနားနိုင်ပါ။ သူ့ဘဝမှာ ရှေ့မှန်ရှိနေ၏။

"ဝါဂွမ်း ပြန်ပါ့မယ် ဟိုလေ ဝါဂွမ်း ဘယ်သူ့ကိုမှ ဒုက္ခမပေးပါဘူးရှင်၊ ဝါဂွမ်းတို့ တစ်ခါမှ မဆုံကြဘူးလို့ပဲ သတ်မှတ်ထားလိုက်ပါ အစ်ကို"

နိုးမိုး၁၁၆၅



"မင်းမှာလမ်းစရိတ်ပါလို့လား"

သူ မေးတော့ ကောင်မလေး ခေါင်းလေးခါသည်။ အမှုသမားတွေလက်က ကိုယ်လွတ်ပြေးခဲ့ရသည်ဆိုတော့ သူမ လက်ထဲမှာ ဘာတစ်ခုမှ မပါခဲ့ပါ။

"ဖိုးထူး သူ့ကိုလိုက်ပို့လိုက်၊ လမ်းထိပ်မှာ တက္ကစီငှားပြီး အသေအချာတင်ပေးလိုက်"

"ဟုတ်ကဲ့ အစ်ကိုလေး"

သူ့ကိုနှုတ်ဆက် အပြုံးလေးနှင့် မျက်ရည်တွေကြားက ပြုံးပြထွက်သွားသော မိန်းကလေးကို ငေးကြည့်ရင်း သူ့ရင်ထဲမှာ မောနဲ့သွားခဲ့သည်။

သူ့ရဲ့ဥပေက္ခာတရားက အတ္တဆန်လွန်းနေပြီလား။ မတတ်နိုင်ပါ ချစ်သူ ရှေ့မှန်သာ အတွက်ပဲ သူ့နှလုံးသားက တည်ရှိခဲ့သည်။

ဘယ်မိန်းကလေးအပေါ်မှလည်း မလွန်ကျူးခဲ့၊ မှားခဲ့သော အမှားသည် ဒါ ဘဝမှာပထမဆုံး။

ဒီအမှားမျိုး ထပ်မမှားဖို့ပဲလိုသည်။ ဝါဂွမ်းဖြူဖြူ ဆိုသော သူမကိုတော့ သူ မေ့ပျောက်နိုင်အောင် ကြိုးစားရမှာပဲဖြစ်၏။

စိတ်မကောင်းပါဘူး မိန်းကလေးရယ်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

''ဒါက ဘယ်ကဘယ်လို ပြန်လာတာလဲ ဝါဂွမ်း''

တက္ကစီပေါ်က ဝါဂွမ်း ဆင်းလာတာမြင်သည်နှင့် အမေ အိမ်ပေါ်က ဆင်းလာကာ မေးတော့သည်။

အမေ့ကို ဝါဂွမ်း ဘာမှမဖြေဖြစ်သေးဘဲ အိမ်ပေါ်အထိ တက်ခဲ့လိုက်သည်။ အမေက အိမ်ကြမ်းခင်းတွေကို ခြေသံပြင်းပြင်းနှင့် တဒုန်းဒုန်း နင်းကာ နောက်ကလိုက်လာ၏။

''ကဲ ပြောစမ်းပါဦး၊ ကျုပ်က ညည်းကိုသိချင်းဆိုဖို့ အလုပ်လုပ်နိုင်းတာ၊ အခုတော့ ညည်းက တစ်ပတ်တောင် မပြည့်သေးဘူး ထင်ရာစိုင်းချင်နေတာလား''

''အမေရယ် ဝါဂွမ်း ရှင်းပြပါရစေဦး''

''တော်ပါအေ မင်းမင်းနိုင် ပြောပြလို့ ငါ သိပြီးပြီ၊ မအေမှာ





တော့ တစ်ညလုံး စိတ်ပူလိုက်ရတာ၊ အကောင်တွေက သူတို့နဲ့လိုက်ဖို့ ခေါ်တာ မလိုက်ချင်လည်း အိမ်တန်းပြန်ခဲ့ပေါ့၊ အခုတော့ မိုးလင်းမှ ပြန်လာတယ်၊ ပြောစမ်း ညက ဘယ်မှာအိပ်သလဲ''

အမေ့အသံကျယ်ကျယ်လောင်လောင်တွေကြောင့် ဝါဂွမ်း ရှက်မိသည်။ တကယ်ဆို သားသမီးအရေးကိစ္စကို အမေ တိုးတိုးသက်သာ ဆုံးမသင့်သည်။ ပြီးတော့ ဝါဂွမ်း ရင်ဆိုင်ခဲ့ရတာတွေ အမေ ဘာမှမသိ။

''တိုးတိုးပြောပါ အမေရယ်၊ သမီး ရှင်းပြတာ နားထောင်ပါဦး''

အမေ့မျက်နှာက ဝါဂွမ်းကို မယုံသင်္ကာ မျက်ဝန်းတွေနှင့် စိုက်ကြည့်ငြိမ်သက်နေ၏။ ဝါဂွမ်း ရှင်းပြရတော့၏။

''သူတို့အန္တရာယ်ကလွတ်အောင် ဝါဂွမ်း ထွက်ပြေးရတာ အမေ၊ ရပ်ထားတဲ့ကားတစ်စီးရဲ့နောက်ခန်းထဲ ဝင်ပုန်းနေရင်း သမီး အိပ်ပျော်သွားခဲ့တာပါ''

''ဘာရယ် အိပ်ပျော်သွားတယ် ဟုတ်လား''

''ဟုတ်တယ် အမေ၊ သူတို့တိုက်တဲ့ဖျော်ရည်က အရက်မဟုတ်ပေမယ့် မရိုးသားတာ အမှန်ပဲ၊ ဘာတွေလဲ သမီးမသိဘူး၊ လူက အသိလွတ်အောင် မူးဝေနေတာ''

''ဟုတ်ပါပြီ ပြီးတော့ ဘာတွေဆက်ဖြစ်သလဲ''

''သမီး အိပ်ပျော်နေတာ နိုးတော့ ကားက ဂိုဒေါင်ထဲရောက်နေပြီလေ၊ မနက်မိုးလင်းလို့ ပိုင်ရှင်က ကားလာထုတ်မှ ဝါဂွမ်းအဖြစ်အပျက်ကို ပြောပြီးတောင်းပန်ပြန်ခဲ့ရတာပါ အမေ''

''နေ နေပါဦး ပိုင်ရှင်က ဘယ်လိုလူလဲ၊ ညည်းစကားကိုကော



www.burmeseclassic.com

www.burmeseclassic.com



ယုံပါ့မလား''

''စိတ်စေတနာကောင်းတဲ့ အန်တီကြီးတစ်ယောက်ကားပါ အမေ၊ သမီးကို စာနာလို့တောင် တက္ကစီငှားပြီး အိမ်ပြန်ပို့ပေးတာပေါ့''

အမှန်တရားတစ်ခုကို အမေသိလို့ မဖြစ်မှန်း ဝါဂွမ်း သဘော ပေါက်ပြီးဖြစ်သည်။

အဖြစ်မှန်ကို အမေသိလျှင် အထင်ကရ ဆိုသောသူကို အကျပ် ကိုင်ကာ အမေ ဖွတ်လက်ထပ်နိုင်းမှာ သေချာ၏။

အထင်ကရ ဆိုသည်က ပြည့်စုံချမ်းသာတော့ အမေ ဖွတ် အတင်းစီစဉ်နိုင်းမှာပဲဖြစ်သည်။ ငွေအတွက်ဆိုလျှင် အမေသည် ဘာကိုမှ အလေးမထားတတ်တာ ဝါဂွမ်း အသိဆုံး။

''ဒါဆို အခု ညည်းလက်ထဲမှာ ပိုက်ဆံတစ်ပြားမှ မပါဘူးပေါ့''

''ဟင့်အင်း ဘယ်မှာရှိမှာလဲ အမေရယ်''

''သရဖူရထားတာနဲ့ ညည်းညကြေးနဲ့ဆို မနည်းဘူးလေ၊ အဲဒီ ငွေ ရှင်းမလာခဲ့ဘူးလား''

''သမီး အမှူးသမားတွေလက်က ထွက်ပြေးခဲ့ရတာလေ အမေ ရဲ့''

''အင်း ဒါဆိုလည်း ပြီးတာပဲ၊ ဒီညတော့ မနေ့ကအတွက် ငွေပါယူခဲ့နော်''

အမေ ကျေနပ်အောင် ခေါင်းညိတ်ပြလိုက်ရပေမယ့် ဝါဂွမ်း ဒီအလုပ်ကြီးကိုဆက်လုပ်ဖို့ မဝံ့ရဲတော့ပါ။

နုံးချိနေသော စိတ်တွေ လန်းဆန်းသွားအောင် ရေချိုးဖို့ ပြင်





ဆင်လိုက်သည်။ အဝတ်အစားလဲလှယ်ရင်း ဝါဂွမ်း ကိုယ့်ကိုကိုယ် မှန် သေးထဲ ကြည့်မိ၏။

အပျိုစင်ဆိုသော ဘဝတစ်ခုကိုတော့ ဝါဂွမ်း ဆုံးရှုံးခဲ့ရပြီ။ ဒါကို ဘယ်သူမှမသိလိုက်ကြပါ။ ဝါဂွမ်းကိုယ်တိုင်တောင် မသိခဲ့သော အဖြစ်အပျက်တွေက အာရုံထဲမှာ ဝေဝါးနေဆဲ။

ညတုန်းက ဝါဂွမ်း အိပ်မက်ဆိုးတွေ မက်နေသလို ချာလည် ညှိနောက်နေခဲ့၏။ မိုးလင်းတော့မှ ဝါဂွမ်း အမှန်တရားကို သိလိုက်ရတာ ဖြစ်သည်။

အထင်ကရ ဆိုသောသူ့ကို မြင်တွေ့လိုက်ရချိန်မှာ ဝါဂွမ်း ဓာတ်မိလိုက်သည်က အမူးသမားတွေ လက်က ထွက်ပြေးရင်း ဝါဂွမ်း ဝင်တိုက်မိခဲ့သူ။

ကံကြမ္မာက ထိုသူရဲ့ကားထဲကိုမှ ဝါဂွမ်းကိုရောက်ရှိအောင် ဆိုက်ဆိုက်မြိုက်မြိုက် ပို့လိုက်သည်။

ဘယ်လိုမှ မရှောင်တိမ်းနိုင်သော အမှားကြီးတစ်ခုကို ကျူးလွန် ခဲ့ကြမိသော ဝါဂွမ်းနှင့်သူ့ကြားမှ တရားခံ ဘယ်သူလဲဟု အဖြေရှာရခက် ခဲ့ပါသည်။

သူက ကျူးလွန်စွာ မူးနေခဲ့သလို ဝါဂွမ်းသည်လည်း အသိမဲ့ မှုခနေခဲ့သော အခြေအနေတစ်ခုမှာ။ အရာရာသည် မှားယွင်းမှုတွေသာ ဖြစ်ခဲ့ခြင်းပင်။

သူ့ဘက်ကလည်း ယတိပြတ်ငြင်းခဲ့ပြီးပြီ။

ထို့အတွက်လည်း ဝါဂွမ်း အပြစ်မြင်စရာတော့ မရှိပါ။ အားလုံး



www.burmeseclassic.com

www.burmeseclassic.com



သည် အမေ့ဆန္ဒကို မလွန်ဆန်နိုင်ဘဲ ဝါဂွမ်းလုပ်ခဲ့သော အလုပ်ကြီး ကြောင့်သာ ဖြစ်၏။

ဒီအလုပ်ကြီးက ဝါဂွမ်း ထွက်မည်ဆိုလျှင် အမေ လက်ခံမှာ မဟုတ်တာ သေချာသည်။

ဝါဂွမ်းလည်း မလုပ်ချင်တော့တာ အမှန်ဖြစ်သည်။ ထို့အတွက် မင်းမင်းနိုင်ကိုပဲ အကူအညီတောင်းဖို့ ဆုံးဖြတ်ထားသည်။

ရေမိုးချိုးပြီးသည်နှင့် ဆာလောင်နေသော ဝမ်းအတွက် ထမင်း တစ်ထုပ်တစ်ဆုပ်တော့ စားလိုက်မိသည်။ ဆာလောင်နေပေမယ့် စားလို့ မဝင်ပါ။

မင်းမင်းနိုင်တို့အိမ်ဘက် လျှောက်ခဲ့လိုက်တော့ မင်းမင်းနိုင်နှင့် အသင့်တွေ့ရသည်။

"ဟယ် ဝါဂွမ်း ငါလည်း အခုပဲ နင့်အိမ်လာတော့မလို့"

"မင်းမင်းနိုင် ငါ နင်နဲ့တိုင်ပင်စရာရှိလို့"

မင်းမင်းနိုင် အလိုက်တသိ ခေါင်းညိတ်ရင်း အိမ်အောက်သို့ ဆင်းလာသည်။ ခြံစည်းရိုးစပ်က ပန်းခြံလေးနံဘေးရောက်တော့ မင်းမင်း နိုင်ကို ပြောပြမိ၏။

"ငါတော့ အဲဒီအလုပ်ကို စိတ်ကုန်သွားပြီ မင်းနိုင်"

"အေးဟာ အဲဒီ ဂျော်နီတို့အုပ်စုက တကယ်ရမ်းကားတယ် ဆိုင်မှာအမြဲလာတဲ့သူတွေဆိုတော့ သည်းခံပေးရတာလေ၊ နင်ကလည်း သူနဲ့ကျမှ ထိပ်တိုက်သွားတိုးတာကိုး၊ ဒါနဲ့ အဲဒီညက နင် ဘယ်ရောက် သွားတာလဲ"





အမေ့ကိုညာခဲ့သည့်အတိုင်း မင်းမင်းနိုင်ကို ညာပြောရပြန်ပါ သည်။ ဝါဂွမ်းအဖြစ်က အမှန်တရားကို ပြောခွင့်မရှိသည့်အဖြစ်။ အထင် ကရအပေါ်မှာ ဝါဂွမ်းကြောင့် ဒုက္ခတွေ မပုံစေချင်ပါ။

ဖြစ်ပျက်သမျှသည် ဝါဂွမ်း၏ကံတရား စီမံရာအတိုင်းပဲဟု ခံယူ ထားပြီးပြီ။

"တော်သေးတာပေါ့ဟာ အန်တီကြီးနဲ့တွေ့တာ နင်ကံကောင်း တာပဲ၊ ငါက နင့်အတွက်စိုးရိမ်နေတာ"

"အင်း ငါကံကောင်းပါတယ်၊ ဒါပေမဲ့ ငါ ဒီအလုပ်ကို မလုပ် ချင်တော့ဘူး၊ နင် ကူညီပါ"

"ငါ ဘာကူညီရမှာလဲ ဝါဂွမ်း"

"ငါ အဲဒီအလုပ်မလုပ်ရင် အမေက လက်ခံမှာမဟုတ်ဘူး၊ ဒါကြောင့် နင့်အကူအညီလိုတယ် မင်းနိုင်"

"အေး နင့်အမေက လုံးဝကျေနပ်မှာမဟုတ်ဘူး၊ နင် ဘယ်လို လုပ်ချင်လို့လဲ"

"ငါကိုယ်တိုင် မလုပ်ချင်တာ မဟုတ်ဘဲ နင်တို့အလုပ်ရှင်က အလုပ်ကထုတ်လိုက်တာလို့ အမေ့ကို ညာပြောပေးပါဟာ၊ ဒီရက်အတွင်း မှာ ငါ အလုပ်သစ်တခြားအလုပ်ရှာမယ်"

"အင်း ငါ သဘောပေါက်ပြီ ဝါဂွမ်း"

ဝါဂွမ်း စိတ်ကိုသိနေသော မင်းမင်းနိုင်က နားလည်စွာ ခေါင်း ညိတ်လက်ခံသည်။

မင်းမင်းနိုင် ပြောလျှင်တော့ အမေ လက်ခံမည်ဟု ဝါဂွမ်း



www.burmeseclassic.com

www.burmeseclassic.com



ထင်ပါသည်။ လတ်တလောမှာတော့ အမေ ဆူပူငြူစူသမျှ ဝါဂွမ်း သည်းခံ နေရမှာပဲဖြစ်သည်။

အလုပ်တစ်ခုတော့ ဝါဂွမ်းဘာသာ အဆင်ပြေအောင် ရှာဖွေ ကြိုးစားရဦးမည်။

ဘဝမှာ ပြင်ဆင်မရသော အမှားကြီးတစ်ခုကို ဝါဂွမ်း ရင်ဆိုင် ခဲ့ရပြီးပြီမဟုတ်လား။

■ ■ ■

## အခန်း (၁၀)

ညနေ ရွှေမှုန့်ကို ဆေးရုံလာကြိုမည်ဟု ဖုန်းဆက်ထားတာမို့ သူ ပြင်ဆင်ပြီး အခန်းထဲက ထွက်လာတော့ ဖိုးထူးနှင့်ရင်ဆိုင်တိုးသည်။

"အစ်ကိုလေး"

"ဘာလဲ ဖိုးထူး"

"ဟို ဒီပစ္စည်းလေး အစ်ကို့ကို ပေးစရာရှိလို့ပါ"

ဖိုးထူး ကမ်းပေးနေသော ပစ္စည်းလေးကို သူ လှမ်းယူကြည့် လိုက်တော့ အံဖြူရောင်ကော်ညှပ်လေးတစ်ခု ဖြစ်နေ၏။

"ဘာလဲကွ ဒါ မိန်းကလေးဆံညှပ်လေးပဲ၊ ငါက ဘာလုပ်ရ မှာလဲ"

"ဟို ဒါ အောက်ထပ်က အစ်ကိုလေးအခန်းကို ရှင်းရင်း တွေ့တာပါ"

www.burmeseclassic.com

www.burmeseclassic.com



သူ မျက်မှောင်ကုပ်သွားမိသည်။ အောက်ထပ် သူ့အခန်းထဲက တွေ့သည်ဆိုတော့ ဝါဂွမ်းဆိုသော ကောင်မလေးမျက်နှာကို ပြေးမြင်မိ၏။ ဟိုတစ်ညက ကောင်မလေး ကျန်ရစ်ခဲ့တာ ဖြစ်မည်။

"ဒါကို ငါက ဘာလုပ်ရမှာလဲကွ"

"ဟို မသိဘူးလေ အစ်ကိုလေးသိအောင် ပြတာပါ"

"ဘာကွ ဘာကိုသိရမှာလဲ ဖိုးထူး အဲဒီကိစ္စကို မင်းခေါင်းထဲက လုံးဝ မေ့ပစ်လိုက်တော့ ကြားလား"

"ဟုတ်ကဲ့ အစ်ကိုလေး"

"အေး ဒီအကြောင်းတွေ ဘယ်သူ့မှ ပြန်မပြောမိစေနဲ့ ကြားလား"

"ဟုတ်ကဲ့ အစ်ကိုလေး"

"အေး ဒါဆို သွားတော့"

ဖိုးထူး ခေါင်းလေးညိတ်ကာ ထွက်သွားတော့ သူ လက်ထဲက ကလစ်ဖြူဖြူလေးကို အမှိုက်ပုံးထဲ လွှင့်ပစ်ဖို့ ရွယ်လိုက်မိ၏။

ဒါပေမဲ့ လွှင့်မပစ်ဖြစ်ဘဲ ရှိုးကေ့စ်ပေါ်က ဖန်အငှ္ဂက်လေးထဲ ထည့်ထားလိုက်သည်။ ဘာမှတန်ဖိုးမရှိသော ပလပ်စတစ်ဆံညှပ်လေးကို ကြည့်ရင်း သူ ခေါင်းကိုခါရမ်းမိသည်။

ဒီကောင်မလေး ပြဿနာက ဘယ်အချိန် သူ့ဆီပြန်ရောက်လာမည်လဲဟု ရင်တထိတ်ထိတ် ရှိနေဆဲဖြစ်သည်။

ဖြစ်ပျက်ခဲ့တာ နှစ်ရက်ကြာသွားပြီဆိုပေမယ့် စိတ်ထဲက ထိတ်လန့်နေမိဆဲဖြစ်သည်။ အခုချိန်ထိတော့ ကောင်မလေး သူ့ဆီနောက်ထပ်

စိုးမိုး၁၇၉ပ



ရောက်မလာပေမယ့်လည်း မယုံရဲသေးတာတော့ အမှန်ဖြစ်သည်။

တစ်ချိန်ချိန်မှာ သူ့ကို ဒုက္ခပေးလာလျှင် အခက်။

သူ ငွေငါးသိန်း ပေးတုန်းကတော့ ကောင်မလေး ငြင်းပယ်ခဲ့သေးသည်။ ထို့အတွက် အံ့သြခဲ့ရ၏။

သူ့ရဲ့ဂုဏ်သိက္ခာအတွက် ထိုထက်လိုချင်လျှင် ထိုထက်မက သူပေးနိုင်သည်။ ဒါပေမဲ့ ကောင်မလေးက မတောင်းဆိုခဲ့ပါ။

ကံကြမ္မာကြောင့် မထင်မှတ်သော အခြေအနေတွေ ရင်ဆိုင်ခဲ့ရတာကို သူ ဘယ်လိုမှ မရှောင်တိမ်းနိုင်ခဲ့ပါ။ မေ့ဖို့ကြိုးစားပေမယ့် ထိုအဖြစ်ကြီးက မေ့ဖို့ခက်နေသည်။

စိတ်ထဲမှာ အမြဲလိပ်ပြာမသန့်ဖြစ်နေ၏။ အထူးသဖြင့် ရွှေမှုန်သာနှင့်ဆုံတိုင်း ထိုအဖြစ်ကြီးကို အပြစ်လို ခံစားနေရမြဲရှိ၏။

တကယ်ဆို ရွှေမှုန်သာနှင့်သူကြားမှာ ဖြူစင်သော သံယောဇဉ်တွေနှင့် နိုင်မြဲခဲ့ကြတာဖြစ်သည်။

ဟိုးမူလတန်းကျောင်းသားဘဝကတည်းက သူနှင့်ရွှေမှုန်သည် မိုးကုတ်မြို့မှာ အတူကျောင်းတက်ခဲ့ကြ၏။

ရွှေမှုန်သာရဲ့မိဘတွေနှင့် သူ့မိဘတွေကလည်း မိတ်ဆွေရင်းချာတွေဖြစ်ခဲ့သည်။ အလယ်တန်းအထိ အတူနေခဲ့ကြသော ရွှေမှုန်နှင့်သူ အထက်တန်းကျောင်းသားဘဝမှာပဲ ဝေးခဲ့ကြသည်။

ရွှေမှုန် မိဘတွေ ရန်ကုန်ပြောင်းသွားတာကြောင့် သူတို့ဝေးခဲ့ကြပေမယ့် သံယောဇဉ်တို့သည် နိုင်မြဲခဲ့၏။

သူ ဆယ်တန်းအောင်တော့ ရန်ကုန်မှာ ကျောင်းတက်ခွင့်သော

စိုးမိုး၁၇၉ပ

www.burmeseclassic.com

www.burmeseclassic.com



သူ့ဆန္ဒကို မိဘတွေက ခွင့်ပြုခဲ့ကြသည်။ သည်မှာပဲ ရွှေမှုန်နှင့်သူ ပြန်ဆုံ ခဲ့ကြတာဖြစ်၏။

ရွှေမှုန်သာသည် ဆေးကျောင်းတက်နေသလို သူကလည်း နည်းပညာတက္ကသိုလ် တက်ခွင့်ရခဲ့သည်။

အဆောင်နေ ကျောင်းတက်နေပေမယ့် ရွှေမှုန်အိမ်က သူ့ရဲ့ စားအိမ်သောက်အိမ်လို ရှိခဲ့သည်။ ငယ်သံယောဇဉ် နှောင်ခဲ့သော ရွှေမှုန် နှင့် သူတို့လည်း ချစ်သူတွေဖြစ်ခဲ့ကြသည်။

ကျောင်းပြီးတော့ သူ ရန်ကုန်မှာ အခြေချဖို့ ဒယ်ဒီနှင့်မာမီက ခြံနှင့်အိမ်ကို ဝယ်ပေးသည်။ ဆောက်လုပ်ရေးကုမ္ပဏီတစ်ခု တည်ထောင် ကာ သူ့ဘဝ ခိုင်မာအတည်ကျအောင် ကြိုးစားခဲ့တာလည်း ရွှေမှုန်နှင့် နှစ်ကိုယ်တူဘဝလေး တည်ဆောက်ဖို့အတွက် ဖြစ်၏။

အခုဆို ရွှေမှုန်လည်း ဆရာဝန်ဘွဲ့ရကာ ပန်းလှိုင်ဆေးရုံမှာ တာဝန်ထမ်းဆောင်နေခဲ့ပြီ။

မကြာခင်မှာ ဘဝတစ်ခု တည်ဆောက်ဖို့ တိုင်ပင်ပြီးချိန်ကျမှ မမျှော်လင့်သော အခြေအနေကို သူ ရင်ဆိုင်ခဲ့ရတာ ဖြစ်၏။

ထိုအခြေအနေကြီးက သူနှင့်ရွှေမှုန်ကြားမှာ ပြဿနာကြီး တစ်ခု မဖြစ်စေချင်ပါ။

အတွေးတွေက ခါးကြားမှ မြည်လာသော ဟန်းဖုန်းလေး ကြောင့် ပြတ်တောက်ကုန်၏။ သူ ဖွင့်နားထောင်တော့ ရွှေမှုန်သာရဲ့ အသံချိုချိုလေးကို ကြားရ၏။

"မောင် ရွှေမှုန်ပါ"





"ဪ ရွှေမှုန် မောင် ဒီညနေ လာကြိုမလို့လေ"

"အင်း မောင်လာကြိုဖြစ်သလား သိချင်လို့ လှမ်းဆက်တာ၊ ခဏနေရင် ရွှေမှုန် ဂျူတီထွက်ရတော့မှာလေ"

"အခုပဲ ထွက်လာတော့မှာ ရွှေမှုန်ရဲ့၊ လာကြိုမှာပေါ့၊ ပြီးရင် မောင်တို့ ဒင်နာစားကြရအောင်နော်၊ ရွှေမှုန်တို့အိမ်အထိ မောင် ပြန်ပို့ ပေးမှာပါ"

"ဒါဆို ရွှေမှုန် မျှော်နေမယ်လေ၊ ရွှေမှုန်လည်း မောင့်ကို ပြောစရာရှိလို့"

"အင်း မောင်ထွက်လာနေပြီ ရွှေမှုန်"

ဖုန်းလေးပိတ်ကာ ဆင်ဝင်အောက်မှာ ရပ်ထားသော ကားလေး ဆီ သူ ထွက်ခဲ့လိုက်သည်။

ကားလေးကို ရွှေမှုန် တာဝန်ကျရာ ဆေးရုံဆီသို့ ဦးတည်မောင်း နှင်ခဲ့လိုက်၏။ ရွှေမှုန်နှင့်ပတ်သက်သော အနာဂတ်အိပ်မက်လေးတွေ သူ့ဆီမှာ ရှိပြီးသားဖြစ်သည်။

လက်ထဲမှာ သူလည်း ကိုယ်ပိုင်စီးပွားရေးကုမ္ပဏီနှင့် အတည် တကျ ဖြစ်နေပြီ။ ဒယ်ဒီနှင့်မာမီကလည်း မိုးကုတ်က ရန်ကုန်မှာ အခြေချ နေထိုင်မည်ဟု ပြောသည်။

နှစ်ဖက်မိဘတွေကြားမှာ သူနှင့်ရွှေမှုန်တို့ အနာဂတ်က အနှောင့် အယှက်ကင်းစင်နေပြီးဖြစ်၏။

ထိုအခြေအနေမျိုးမှာ ဘယ်လိုအနှောင့်အယှက်မျိုးကိုမှ သူ မကြုံဆုံချင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ဆေးရုံကို သူ ရောက်တော့ ရွှေမှုန်က ဂျူတီပြီးလို့ သူ့ကိုစောင့်နေသည်။ ခရမ်းရောင် ထက်အောက်ဝတ်စုံလေးနှင့် ရွှေမှုန် နုနုညက်ညက်လေး လှပနေခဲ့သည်။

နက်မှောင်သော ဆံညိုညိုတွေကို ငွေရောင်ဆံညှပ်လေးနှင့် အပြောင် သိမ်းစုနှောင်ထားတာမို့ ရွှေမှုန် မျက်နှာလေးက ထင်းရှင်း လှပလွန်းနေ၏။ ဆရာဝန်တစ်ယောက် ဆိုတော့လည်း ရွှေမှုန်သည် ရင့်ကျက်တည်ငြိမ်သောအလှနှင့် ကျက်သရေရှိနေ၏။

ကျောင်းသူဘဝကတည်းက အလှဘုရင်မဘွဲ့ ပိုင်ဆိုင်ခဲ့သော ရွှေမှုန်သည် သူ့အပေါ်မှာပဲချစ်ခြင်းတို့ သစ္စာတည်ခဲ့၏။

သူကလည်း ဘယ်မိန်းကလေးကိုမှ စိတ်မဝင်စားဘဲ ရွှေမှုန်ကိုပဲ ရွေးချယ်ခဲ့တာဖြစ်၏။

"ရွှေမှုန် စောင့်နေတာ ကြာပြီလား"

"မကြာသေးပါဘူး မောင်၊ သုံးမိနစ်လောက်ပဲ ရှိသေးတယ်"

"ရွှေမှုန် ကားလာမကြိုဘူး မဟုတ်လား"

"စောစောကပဲ အိမ်ကိုဖုန်းဆက်မှာထားပြီးပြီ၊ မောင်လာမှာမို့ လာမကြိုနဲ့လို့"

"ဒါဆို အဆင်ပြေတာပေါ့ ကဲ သွားရအောင်"

ရွှေမှုန် ကားပေါ်တက်တော့ သူ ကားတံခါးကို အသာပြန်ပိတ်ပေးရင်း မောင်းသူနေရာမှာ ဝင်ထိုင်လိုက်ပါသည်။

ပြီးတော့မှ ကားလေးကို ရွှေမှုန်နှင့်အတူ ထိုင်ဖူးနေကျ ဆိုင်လေးသို့ မောင်းခဲ့လိုက်သည်။ အစားအသောက် ကောင်းမွန်သန့်ရှင်းကာ





အေးချမ်းသော ထိုဆိုင်လေးမှာ ရွှေမှုန်နှင့်သူ မကြာခဏ ထိုင်ဖြစ်ကြသည်။

စားသောက်စရာတွေကို မှာကြားပြီးတော့ ရွှေမှုန်က အအေးဘူးကိုသောက်ရင်း သူ့ကိုကြည့်၏။

"မောင် ဒီနေ့ အလုပ်နားတာလား"

"အင်း ညနေပိုင်း နားလိုက်တာ၊ ရွှေမှုန်နဲ့တွေ့ချင်လို့လေ"

"အဟင်း ရွှေမှုန်လည်း မောင့်ကိုတွေ့ချင်နေတာ၊ ရွှေမှုန် ပြောစရာရှိလို့"

"ဘာလဲ ရွှေမှုန် ဘာပြောမလို့လဲ"

"ရွှေမှုန် အင်္ဂလန်ကို ပညာသင်သွားရမယ် မောင်"

"ဟင် ဟုတ်လား"

"ဟုတ်တယ် မောင်၊ သေချာသလောက်ရှိတယ်၊ ဒါပေမဲ့ အတိအကျတော့ နောက်နှစ်လလောက်မှ သိရမှာပါ"

"ပညာသင်ဆိုတော့ ဟိုမှာကြာမှာလား ရွှေမှုန်"

"အင်း တစ်နှစ်လောက်တော့ ကြာမှာပေါ့ မောင်ရဲ့"

"ဟာကွာ ဒါဆို မောင် အကြာကြီး ခွဲရမှာပေါ့၊ မောင်တို့ လက်ထပ်ဖို့ကိစ္စက ထပ်ရွှေ့ရဦးမှာလား"

"အဟင်း မောင်က မစောင့်နိုင်လို့လား"

"မဟုတ်ဘူးလေကွာ ဒါပေမဲ့ လက်ထပ်ချင်ပြီလေ"

"မောင့်ဆန္ဒကို ရွှေမှုန် နားလည်ပါတယ်၊ တကယ်တမ်း ပညာသင်ခရီးသေချာရင် မောင်နဲ့ရွှေမှုန် လက်ထပ်ပြီးမှ သွားမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"တကယ်နော် ရွှေမှုန်"

"တကယ်ပေါ့ မောင့်ကို ရွှေမှုန် စိတ်မချပါဘူး၊ တော်ကြာ ရွှေမှုန် မရှိတုန်း တခြားကောင်မလေးတွေနဲ့ တွေ့သွားရင်အခက် ဟင်း ဟင်း"

ပြောရင်း ရွှေမှုန် ရယ်တော့ သူ မလုံမလဲ ဖြစ်ရသေးသည်။ ရွှေမှုန်အပေါ် အမြဲတမ်း သူ့ဘက်က သစ္စာရှိခဲ့၏။ ဒါပေမဲ့လည်း

"နောက်တာနော် မောင်၊ မောင့်ကို ရွှေမှုန်က အကြွင်းမဲ့ ယုံကြည်ပြီးသားပါ"

သူ့ကို ပြုံးပြုံးလေးကြည့်ကာ ပြောသော ရွှေမှုန်ရဲ့မျက်နှာလေးက ရိုးသားဖြူစင်ခြင်းတွေအပြည့်။

"ကိုယ့်အချစ်ကလည်း ရွှေမှုန်တစ်ယောက်တည်း အပေါ်မှာပဲ အမြဲတည်ရှိခဲ့တာပါ ရွှေမှုန်ရယ်"

ဒါ ရင်ထဲက ရိုးသားစွာ ဆိုမိသော သစ္စာစကားပဲဖြစ်သည်။ ကံကြမ္မာဆိုးကြီးကြောင့် မှားခဲ့ဦးတော့ သူ့ချစ်ခြင်းတွေက ရွှေမှုန်အပေါ်မှာ အမြဲတမ်း တည်ရှိနေမှာ သစ္စာဆိုရဲပါသည်။



## အခန်း (၁၁)

"ဘာ ညည်းက အထူးကုဆေးခန်းတစ်ခုမှာ အလုပ်လုပ်မလို့ ဟုတ်လား ဝါဂွမ်း"

"ဟုတ်တယ် အမေ၊ ဒီနေ့ပဲ အင်တာဗျူးသွားတာ သမီးကို ခန့်လိုက်ပြီ"

"ဘာလုပ်ရမှာလဲ"

"အထွေထွေအလုပ်ပါ အမေ"

"သန့်ရှင်းရေးနဲ့ ဇာပဂိရအလုပ်တွေပေါ့ ဟုတ်လား"

အမေ မဲ့ကာရွဲ့ကာပြောသည်။ ဝါဂွမ်း ဘာမှမပြောချင်တော့ အမေ မကျေနပ်မှာသိပေမယ့် မတတ်နိုင်ပါ။

G Point မှာအလုပ်ထွက်ရပြီဟု အမေယုံအောင် မင်းမင်းခိုင်က ညာပေးခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဝါဂွမ်းအပြစ်တော့ မဟုတ်ပါဘူး ဒေါ်လေးရယ်၊ အဲဒီကျော် ဆိုတဲ့လူတွေကိုက ဆိုးတာ၊ မူးရူးပြီးရင် ရိုင်းစိုင်းကြတယ်၊ ဒါလေ သူတို့ကို ဆိုင်ရှင်ကလည်း မလွန်ဆန်နိုင်တဲ့အကြောင်းတွေရှိတော့ အဲ က ဝါဂွမ်းကို ထွက်ခိုင်းတာလေ"

"ဟင် ဘာဆိုင်လို့လဲ၊ ငါ့သမီးမှာ အပြစ်မရှိဘဲအေ"

"အပြစ်မရှိပေမယ့် ဝါဂွမ်း ဆိုင်မှာဆက်ရှိနေရင် နောက်ထပ် ပြဿနာဖြစ်မှာစိုးတော့ အလုပ်ထုတ်တာပေါ့၊ သူတို့ဆိုင်မှာ ပြဿနာ အဖြစ်မခံချင်တဲ့သဘောပေါ့"

"အမလေးတော် အလုပ်ဝင်တာဖြင့် တစ်ပတ်တောင် မရှိသေး ဘူး၊ အလုပ်ကပြုတ်ပြီလား၊ ဝါဂွမ်း အဲဒါ ညည်းအသုံးမကျတာ ဘယ့်နှယ်တော် အလိုက်အထိုက် သည်းခံသင့်တာကို သည်းခံဖို့ စိတ် မရှိတာ၊ အခုတော့ ဘယ်လိုလုပ်မလဲ"

ဖြစ်ခဲ့သည့်ကိစ္စမှာ ဘာတွေကြောင့်ဆိုတာ အမေ သိလျက်နဲ့ ဝါဂွမ်းကို အပြစ်တင်သည်။ ဝါဂွမ်း အမေ့အကြောင်းသိနေပြီးသား

"ဒီအလုပ်မရှိလည်း သမီး အလုပ်တစ်ခု အမြန်ဆုံးရှာမှာ အမေရယ်"

တကယ်လည်း ငါးရက်အတွင်း ဝါဂွမ်း အလုပ်တစ်ခုရအောင် ရှာခဲ့တာဖြစ်သည်။ အထူးကုဆေးခန်းတစ်ခုမှာ အထွေထွေအလုပ်သမား ဆိုသော အလုပ်ကို အမေ မကျေနပ်နိုင်ပါ။

"အပွန်း သန့်ရှင်းရေးအလုပ်သမက ဆရာဝန်နဲ့တော့ မညား လောက်ပါဘူး၊ ညည်းလိုပဲ ဘဝတူ သန့်ရှင်းရေးဝန်ထမ်းကောင်နဲ့ ညားမှာပါ"

"အမေရယ် ဝါဂွမ်း အလုပ်လုပ်တာ အမေနဲ့ညီမလေးတို့အတွက် ပါ ဝါဂွမ်း ယောကျ်ားယူဖို့ မဟုတ်ပါဘူး၊ ဝါဂွမ်း အဲဒါတွေ စိတ်မဝင်စား ဘူး"

"တော်စမ်းပါအေ ဘာမှတိုးတက်လမ်းမရှိတဲ့အလုပ်ကို ညည်း ဘာသာ ရွေးခဲ့တာလေ၊ စားသောက်ဆိုင်မှာလုပ်တဲ့ ဝင်ငွေကို မီမတဲ့ လား၊ ဟိုမှာက ကံကောင်းရင် သူဌေးတစ်ယောက်နဲ့ချိတ်ပြီး ဘဝပြောင်း နိုင်သေးတယ်၊ ဒီမှာ အကြီးတွေ အငယ်တွေ ဘာမှဂရုစိုက်နေစရာမလို ဘူး၊ အရေးကြီးတာက ငွေပဲ၊ ငွေရှိရင် အမည်းစက် ဘယ်လောက်ကြီး ကြီး ဖုံးသွားမှာပဲ"

"တော်ပါတော့ အမေရယ်၊ အဲဒီအလုပ်မျိုး ဝါဂွမ်း မလုပ်ချင် ဘူး"

"အေး နင်က တစ်သက်လုံး မွဲတေချင်တာကိုး၊ အေး နှုတ်ခမ်း ချင်း မီးမှုတ်လာလို့ကတော့ ငါ့အိမ်မှာ လာကပ်နေဖို့ မကြိုးစားနဲ့ ငွေကြေးကို နားမထောင်မှတော့ အမေလို့ မသတ်မှတ်နဲ့ မိတွေးပဲထား လိုက်"

အမေ ဆူဆူအောင့်အောင့်နှင့် ပြောဆိုကာ အိမ်ခန်းထဲလှမ်းဝင် သွားခဲ့သည်။ ဝါဂွမ်း ပင့်သက်ကိုရှိုက်မိသည်။

တကယ်ဆို ဝါဂွမ်းဘက်က မိတွေးပေမယ့် အမေရင်းချာလိုပဲ သဘောထားခဲ့သည်။ အဖေတူညီမလေးနှင့် မောင်လေးတို့ကို ခင်တွယ် သည်။




www.burmeseclassic.com

www.burmeseclassic.com



ဝါဂွမ်းဘဝမှာ ကြုံဆုံရသော ဝဋ်ဒုက္ခတွေမျိုး ညီမလေးနှင့် မောင်လေးကို မကြုံစေချင်ပါ။

ရိုးသားသော ကြိုးစားမှုဖြင့် မောင်နှမတွေအတွက် စံပြအစ်မ တစ်ယောက်ဖြစ်ချင်သည်။ ဘယ်လောက်ပဲ ပင်ပန်းပါစေ ဝါဂွမ်း သမာ အာဇီဝကျသော အလုပ်လုပ်ပြီး မောင်လေးနှင့်ညီမလေးဘဝကို တိုးတက် မြင့်မားစေချင်သည်။

ဝါဂွမ်း တတ်စွမ်းသလောက် ပေးဆပ်နေတာကို အမေ နား လည်စေချင်လိုက်တာ။

အမေ ရွေးချယ်ပေးသောအလုပ်ကြောင့် ဝါဂွမ်းရဲ့အပျိုစင်ဘဝ လေး ဆုံးရှုံးခဲ့ရတာ အမေ မသိပါ။

ဝါဂွမ်းအတွက်တော့ ထိုအဖြစ်ကြီးက ဘယ်တော့မှ မေ့ပျောက် နိုင်မှာမဟုတ်ပါ။

ထိုအဖြစ်အပျက်ကို ပြန်တွေးမိတိုင်း ဝါဂွမ်း အာရုံထဲမှာမြင် ယောင်လာမိတာ အထင်ကရ ဆိုသော သူ့ရဲ့မျက်နှာပဲဖြစ်သည်။

အထင်ကရ အကြောင်း ဝါဂွမ်း ဘာမှမသိပေမယ့် ဝါဂွမ်းကို လမ်းထိပ်လိုက်ပို့ပေးစဉ်က မောင်ဖိုးထူးဆိုသော သူ့တပည့်လေးပြောပြ၍ သိသင့်သလောက် သိခဲ့၏။

"အစ်ကိုလေးက ဘယ်တုန်းကမှ အရက်မသောက်ဘူး၊ ညက အမူးလွန်လာတာ၊ သူငယ်ချင်းတွေတောင် ကားမောင်းလိုက်ပို့ပေးရ အထိပဲ"

ဝါဂွမ်း လက်ခံပါသည်။ အထင်ကရဆိုသော သူ့ရုပ်သွင်က





သပေတေတေ အကျင့်စရိုက်တို့မရှိတာ ထင်ရှားပါသည်။ ရှင်းသန့်ကြည် လင်သောမျက်နှာက ချောမောသည်။

သေသေသပ်သပ် နောက်လှန်ဖြီးသင်ထားသော ဆံပင်တိုတိုနှင့် ဆီက်ဖက်သော မျက်နှာချောချော ခန္ဓာကိုယ်၊ အရပ်အမောင်းကပါ ကြည့်ကောင်းလွန်းသည်။

ဝါဂွမ်းနှင့်အထင်ကရတို့အခြေအနေက ကံကြမ္မာနှင့်မမျှော်လင့် သော တိုက်ဆိုင်မှုတွေကြောင့်ပဲ ဖြစ်ပျက်ခဲ့တာ ဖြစ်၏။

"အစ်ကိုလေးက အစ်မလေးကို သူ့ချစ်သူနဲ့မှားယွင်းပြီး ဖြစ် ခဲ့လို့ တော်တော်ခံစားသွားရပုံပဲ၊ ကျွန်တော့်ကိုတောင် ထိုးမလို့ဗျ။ ကံ ကောင်းလို့ပေါ့"

ဝါဂွမ်း တော်တော်စိတ်မကောင်းပါ။ တကယ်ဆို ဝါဂွမ်းဘဝ သည်လည်း ကြမ္မာဆိုးကြောင့် အပျိုရည်ဆုံးရှုံးခဲ့ရသလို အထင်ကရ အတွက်လည်း ကိုယ်ကျင့်တရားနှင့်သိက္ခာကို ထိပါးခဲ့ရတာ ဖြစ်၏။

ဒါကြောင့်လည်း ဘယ်လိုအခြေအနေမျိုးပဲဖြစ်ပါစေ၊ ဝါဂွမ်း သူ့ကို ဒုက္ခမပေးဟု ဆုံးဖြတ်ထားခဲ့တာဖြစ်၏။

ကံဆုံလို့ ပြန်ဆုံလျှင်တောင် ဝါဂွမ်းဘက်က မသိသလို ဟန် ဆောင်ထားဖို့ ဆုံးဖြတ်ထားခဲ့သည်။

ချစ်သူရည်းစားတစ်ယောက်တောင် မထားခဲ့ဘူးသော ဝါဂွမ်းရဲ့ ဘဝမှာ ပတ်သက်ခဲ့ဖူးသော ယောကျ်ားတစ်ယောက်သာ ရှိခဲ့၏။

ဒါပေမဲ့ ထိုအဖြစ်အပျက်တွေကလည်း အိပ်မက်ဆန်လွန်းနေခဲ့ ၏၊ ဒါပေမဲ့ ဒါက အိပ်မက်တစ်ခုမဟုတ်ခဲ့တော့လည်း . . . ။



www.burmeseclassic.com

www.burmeseclassic.com



အထင်ကရ ဆိုတာ ဝါဂွမ်း အသိစိတ်ထဲမှာ ပျောက်ပျက်မသွားအောင် တည်ရှိနေမှာပဲဖြစ်သည်။

ဝါဂွမ်းအတွက် ကြိုမမြင်နိုင်သော အနာဂတ်တစ်ခုကို ရိုးသားစွာ ရှင်သန်ဖို့ ဆုံးဖြတ်ပြီးပြီ။

ထိုအနာဂတ်မှာ ဘာတွေကြုံဆုံရမည်ဆိုတာကိုလည်း ဝါဂွမ်း မမြင်တွေ့ မသိနိုင်ခဲ့လေတော့ . . . ။

■ ■ ■

## အခန်း (၁၂)

အထူးကုဆေးခန်းကြီးအတွက် ဝါဂွမ်း အလုပ်ဆင်းခဲ့ရတာ ...စ်ရက်ရှိပြီ။ ဝါဂွမ်း လုပ်ရမည့်အလုပ်တွေကို မခိုမကပ် လုပ်ပေးတာမို့ ...ဆွတာကြီးကလည်း ချစ်သည်။

တာဝန်ကျ ဆရာဝန်၊ ဆရာမတွေကလည်း ဝါဂွမ်းရဲ့ကြိုးစားမှု ...ကို အသိအမှတ်ပြုကြသည်။

အမေ သဘောမကျပေမယ့် ဒီအလုပ်ကို ဝါဂွမ်း ကျေနပ်ပျော်...မိပါသည်။

“ဝါဂွမ်းရေ”

စရွတာကြီး ခေါ်နေသံကြောင့် ဝါဂွမ်း အတွေးစ...ဖြတ်ချကာ အနားကိုရောက်အောင် သွားလိုက်၏။

“အထူးခန်း No. 6 က ပေးရှင့်ဆင်းသွားပြီ၊ အခန်းကို



www.burmeseclassic.com

www.burmeseclassic.com



အားလုံး သိမ်းဆည်းပြီး အခန်းသန့်ဆေးတွေ ဖြန်းထားလိုက်ဦး၊ လိုက်ကာတွေလည်း အသစ်လဲနော်၊ အဲဒါတွေပြီးရင် ဓာတ်ခွဲခန်းက သွေးအဖြေကို သွားယူပြီး ဒေါက်တာ ခင်မြတ်ဇင်ဆီ သွားပို့ပေးလိုက်ပါ''

''ဟုတ်ကဲ့ စမ္မတာကြီး''

ဝါဂွမ်း လုပ်ဆောင်စရာအလုပ်တွေကို ခပ်သွက်သွက်ကလေး လုပ်ဆောင်လိုက်သည်။

ပေးရှင့်မရှိတော့သော အခန်းက ရှင်းလင်းစရာတွေ ရှင်းလင်း အခန်းသန့်စင်ဆေးတွေဖြန်းသည်။ စတိုခန်းထဲက လိုက်ကာသစ်တွေ လဲတပ်ပြင်ဆင်သည်။

ဝါဂွမ်းအတွက်တော့ အမေပြောသည့် သန့်ရှင်းရေးအလုပ်ဆိုတာကလည်း ဂိုဏ်ဖွဲ့ရုံမှာ သီချင်းဆိုသောအလုပ်ထက် အများကြီး စိတ်ချမ်းသာစရာကောင်းပါသည်။

''ဒီအခန်းက ပေးရှင့်ဆင်းသွားပြီလား''

မေးသံကြောင့် ဝါဂွမ်း လှည့်ကြည့်တော့ အခန်းဝမှာတွေ့ရသော မမလှလှတစ်ယောက်။ မြင်ရုံနှင့် ဆရာဝန်မလေးတစ်ယောက်ဟု ဝါဂွမ်း သိပါသည်။

ဒီဆေးခန်းကြီးမှာ နေ့ရက်အလိုက် တာဝန်ကျဆရာဝန်၊ ဆရာမတွေ အများကြီးရှိသည်။ ဝါဂွမ်း အလုပ်ဝင်တာ နှစ်ရက်ပဲရှိသေးတာမို့ အားလုံးကို မသိကျွမ်းသေးပါ။

''ဟုတ်ကဲ့ ဆင်းသွားပါပြီ မမ''

''ဪ အိုကေ မင်းက ဝန်ထမ်းအသစ်ထင်တယ်''





''ဟုတ်ကဲ့ပါ ကျွန်မနာမည် ဝါဂွမ်းဖြူဖြူပါ မမ''

''ဟုတ်လား နာမည်လေးက ချစ်စရာလေးပဲ''

ဝါဂွမ်းကို ပြုံးပြုံးလေးကြည့်ကာ ပြောသော မမမျက်နှာလေးက ချစ်ခင်စရာကောင်းသည်။ ကြည်လင်နေသော မျက်နှာလေးက ပတ်ခ်တို့ထားရုံမျှသာ ပြင်ဆင်ထားကာ ပန်းနုရောင်ဆိုးဆေးပါးပါးလေးတင်ထားသော နှုတ်ခမ်းလေးက စိုလဲ့နေ၏။

တစ်ခါမြင်ရုံနှင့် ခင်မင်စရာကောင်းသော မမဟု ဝါဂွမ်းစိတ်က ထင်မိ၏။

''ဒေါက်တာ အခန်း No. 10 က လူနာရဲ့ဟီမိုဂလိုဘင်က အရမ်းကျနေပြီ၊ သွေးအမြန်ဆုံးသွင်းရမယ်''

အနောက်က ကသောကမျောလေး ရောက်လာကာ ပြောလာသော နာ့စ်လေးအသံကြောင့် မမ လှည့်ကြည့်ရင်း

''ဟုတ်လား ဒါဆို သွေးဘဏ်က သွေးသွားထုတ်ဖို့ စီစဉ်လေ၊ ဒို့အခုပဲ သွားလိုက်မယ်''

''သွေးဘဏ်မှာ ဒီကလေးအတွက် သွင်းမယ့်သွေးအမျိုးအစား မရှိဘူးဖြစ်နေတယ်''

''ဟင် ဟုတ်လား''

မမ မျက်နှာလေးပေါ်က အပြုံးတွေ ချက်ချင်းပျောက်ကွယ်သွားကာ စိုးရိမ်ရိပ်တွေ ယှက်သမ်းသွားတာ အထင်အရှား။

''ဒါဆို တခြားပရဟိတ သွေးဘဏ်တွေဆီက အကူအညီတောင်းတာ''



www.burmeseclassic.com

www.burmeseclassic.com



"အကြောင်းကြားထားတယ် ဒေါက်တာ၊ ဒါပေမဲ့ မဝီလောက် ဘူးထင်တယ်၊ အခုတောင် သားတီးပါဆင့်လောက် ကျနေပြီ"

"ဒုက္ခပဲ ဒါဆို အရေးပေါ်သွေးရမှ ဖြစ်မှာပေါ့"

ပြောရင်း ဆရာဝန်မမ ခြေလှမ်းတွေက ခပ်သွက်သွက်လေး ထွက်ခွာသွား၏။ နာ့စ်လေးက နောက်က အပြေးလေး လိုက်သွားရှာ၏။

ဝါဂွမ်းငေးကြည့်ရင်း ဆရာဝန်မမရဲ့ သောကရိပ်မျက်နှာလေးကို မြင်နေမိဆဲ။ အရေးပေါ် သွေးတဲ့လား။ ဝါဂွမ်း ကူညီချင်လိုက်တာ။

ဆုံးဖြတ်ချက်နှင့် ဝါဂွမ်း ပြီးစီးသွားသောအလုပ်ကို ထားရစ်ခဲ့ကာ နာ့စ်လေးနောက်သို့ ပြေးလိုက်ခဲ့၏။

"ဆရာမ ဆရာမ ခဏလေးရှင့်"

ဝါဂွမ်း ခေါ်သံကြောင့် ဆရာမလေးကော ဆရာဝန်မမပါ ခြေလှမ်းတွေ ရပ်ကာ လှည့်ကြည့်ကြသည်။

"ဟိုလေ ဝါဂွမ်း သွေးလှူပေးချင်လို့ပါ"

"ညီမလေး သွေးအမျိုးအစားက ဘာလဲသိလားဟင်"

"ဝါဂွမ်းက ဘီသွေးပါရှင်"

ဝါဂွမ်းအဖြေကြောင့် မမ မျက်နှာလေး ကြည်လင်ဝင်းပသွား ရင်း

"ဒါဆို အဆင်ပြေတယ်၊ လူနာအတွက်လိုတာလည်း ဘီသွေး ကွဲ့၊ လာ လာ ညီမလေး"

"ဟို ဟို စစ္စတာကြီး ဝါဂွမ်းကို ခတ်ခွဲခန်းခိုင်းထားတာလေး ရှိနေသေးတယ် မမ"

နိုး မိုး ၁၁၁၆ ပ



"ရတယ် အဲဒီအလုပ်ကို တခြားသူ ခိုင်းလိုက်မယ်၊ ညီမလေး မမတို့နဲ့ လိုက်ခဲ့ ဟုတ်လား"

ဆရာဝန်မမ ခေါ်ဆောင်ရာအခန်းထဲကို ဝါဂွမ်း လိုက်ခဲ့တော့ ဝါဂွမ်းဆီက သွေးထုတ်ဖို့ စီစဉ်ကြတော့သည်။

ဘဝမှာ နာကျင်စရာတွေနှင့်ပြည့်နှက်နေခဲ့သော ဝါဂွမ်းဘဝ အတွက်တော့ ဒီလိုကြည်နူးပျော်စရာ အလှူဒါနလေးပြုခွင့်ရတာဝမ်းသာ သည်။

ဒီတစ်ခါ တိုက်ဆိုင်မှုပေးလာသော ကံကြမ္မာကတော့ ဝါဂွမ်း အတွက် ကြည်နူးချမ်းမြေ့စရာကောင်းလိုက်တာ။

ဝါဂွမ်း ပီတိအပြုံးလေးနှင့် ရင်ထဲမှာလှိုက်ဖိုနေဆဲ။

သွေးလှူပြီးတော့ အခန်းတစ်ခုရဲ့ခုတင်ပေါ်မှာ ဝါဂွမ်းကို နားစေ သည်။ မွန်မြတ်သော အလှူဒါနအတွက် ဝါဂွမ်းပီတိတွေ တစိမ့်စိမ့် ဖြာနေမိနိုက်

"ညီမလေး နေသာရဲ့လား"

အသံနှင့်အတူ အခန်းထဲ လှမ်းဝင်လာသော မမကိုမြင်တော့ ဝါဂွမ်း ခုတင်ပေါ်က လူးလဲထလိုက်သည်။

"နေ နေ လှဲနေလေ ညီမလေးရဲ့"

"ရတယ် မမ ဝါဂွမ်း သက်သာပါတယ်ရှင်"

"သင့်ခယုပဲ ဝါဂွမ်းဖြူဖြူ၊ ညီမလေး စေတနာကြောင့် ကိုယ့် လူနာကလေး စိတ်ချသွားရပြီကွဲ၊ သူတို့မိဘတွေလည်း ညီမလေးကို ကျေးဇူးတင်နေကြတယ်"

နိုး မိုး ၁၁၁၆ ပ

www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ် ဒေါက်တာရယ်၊ ဝါဂွမ်း ဒီလိုသွေးဒါနပြုခွင့်ရလို့ ဝမ်းသာကျေနပ်နေတာပါရှင်၊ နောက်တစ်ခါ လိုအပ်ရင်လည်း ဝါဂွမ်း လှူပါရစေနော်"

"ဝါဂွမ်း စိတ်ထားလေးက ဖြူစင်မွန်မြတ်လိုက်တာကွယ်၊ ဒါနဲ့ ဝါဂွမ်းလေး အလုပ်ဝင်တာ ဘယ်လောက်ရှိပြီလဲ"

"ဝါဂွမ်း နှစ်ရက်ပဲရှိသေးတယ် မမ"

"ညြော် ဒါကြောင့် အခုမှ တွေ့ဖူးတာကိုး၊ မမကိုလည်း မှတ်ထားပေါ့၊ မမနာမည်က ရွှေမွန်သာပါ၊ အငါ် ဗုဒ္ဓဟူး သောကြာသုံးရက်ဆို မမက ဂျူတီတာဝန်လေ"

"ဟုတ်ကဲ့ရှင့်"

ချစ်စရာကောင်းသော ရွှေမွန်သာ သည် ခင်မင်စရာလည်း ကောင်းမှန်း ဝါဂွမ်း သိလိုက်ရပါသည်။

မာန်မာနကင်းစင်သော ဆရာဝန်မမလေးနှင့် ခင်မင်ရတာကို ဝါဂွမ်း ဝမ်းသာမိသည်။

ဘဝမှာ ရှုံးနိမ့်ခြင်းတွေ ဝါဂွမ်း ကြုံဆုံခဲ့ရဖူးပေမယ့် ထိုမျှလောက် ဘဝနှင့်ရင်းပြီး ဆုံးရှုံးခဲ့ရသော အဖြစ်မျိုးမရှိခဲ့ဖူးတာ သေချာ၏။

ဝါဂွမ်း ရင်ဆိုင်ခဲ့ရတာတွေကို မမ မသိသေးပါ။

ဘာပဲဖြစ်ဖြစ် ဝါဂွမ်းအတွက် ဘဝသစ်တစ်ခုမှာ မမလို စာနာတတ်ကာ ဖြူစင်ခင်မင်သူနဲ့ ဆုံရတာ ကံကောင်းခြင်းပါပဲ။

■ ■ ■

ဝိုး မိုး ၁၁၆ပ

## အခန်း (၁၃)

ဆေးရုံမှာ အလုပ်လုပ်နေရတာ ဝါဂွမ်းအတွက် ပျော်ရွှင်ကြည်နူးစရာတွေပဲ ရှိခဲ့ပေမယ့် အိမ်ပြန်ရောက်လျှင်တော့ ဝါဂွမ်း ရင်ထဲမှာ အမောဆို့သွားမြဲ။

"ဝါဂွမ်းလေး ပြန်လာပြီလား"

အိမ်ညှေ့ခန်းထဲမှာ ငုတ်တုတ်ထိုင်နေသော ကျော်မောင်မောင်ရဲ့မျက်နှာကို မြင်လိုက်ကတည်းက ဝါဂွမ်း မောသွားပေမယ့် အလိုက်သင့်ပြုံးရ၏။

"ဟုတ်ကဲ့ ကိုကျော်မောင်မောင် လာလည်တာလား"

"အဟဲ ဟုတ်တယ် ကိုယ် မနေ့ကမှ တောင်ကြီးကပြန်ရောက်တယ်၊ ဝါဂွမ်းအတွက် လက်ဆောင်တွေ အန်တီ့ကိုပေးထားတယ်"

အမေတို့ကတော့ ပေးသမျှယူမှာကို ဝါဂွမ်း သိပြီးဖြစ်သည်။

ဝိုး မိုး ၁၁၆ပ

www.burmeseclassic.com

www.burmeseclassic.com



ဒါတွေကြောင့်လည်း ကျော်မောင်မောင်က အိမ်ကို ဓားမရှိတံခါးမရှိ ဝင်ထွက်နေနိုင်တာဖြစ်၏။

"ဝါဂွမ်း ထိုင်ပါဦး၊ စကားလေးဘာလေး ပြောရအောင်"

"စိတ်မရှိပါနဲ့၊ ကျွန်မ အရမ်းနုံးချိနေလို့ ရေချိုးလိုက်ချင်လို့ပါ"

"ပင်ပန်းလိုက်တာ ဝါဂွမ်းရယ်၊ ဝါဂွမ်းလေး ပင်ပန်းနေတာ ကိုယ် မကြည့်ရက်ဘူး"

"ဝါဂွမ်း မပင်ပန်းပါဘူး၊ ဒီအလုပ်ကိုပျော်ပါတယ်"

ဝါဂွမ်း ပြောပြီး အခန်းထဲဝင်ခဲ့လိုက်သည်။ အခန်းထဲမှာလည်း အမေ မရှိပါ။ မီးဖိုခန်းဘက်မှာ ကြည့်တော့လည်း အမေ မရှိ။

ဝါဂွမ်း သဘောပေါက်လိုက်သည်။ ကျော်မောင်မောင်ကိုထား ရစ်ခဲ့ကာ အမေ တမင်ရှောင်ထွက်နေတာပဲဖြစ်မည်။

အဝတ်အစားတောင် မလဲနိုင်တော့ဘဲ ဝါဂွမ်း အခန်းထဲက ပြန်ထွက်ခဲ့လိုက်သည်။

"ဝါဂွမ်းလေး"

"အမေ မရှိဘူးလား"

"အန်တီကိစ္စရှိလို့ အပြင်သွားတယ်၊ ကိုယ်က ဝါဂွမ်းလေးကို တွေ့ချင်လို့ အဟွန်း"

နီစပ်စပ်မျက်နှာနှင့် အကြည့်တွေက ဝါဂွမ်းခန္ဓာကိုယ်အနှံ့ စုန် ဆန်ပြေးလွှားနေခဲ့သည်။ ဝါဂွမ်း ရင်ထဲမှာ အမေ့ကိုပဲ စိတ်တွေတိုနေမိ သည်။

တကယ်ဆို သူစိမ်းယောကျာ်းတစ်ယောက်နှင့် ဝါဂွမ်းကို အမေ





ထားခဲ့သင့်သလား။ စဉ်းစားသင့်သည်။ အမေ့ရည်ရွယ်ချက်တွေကို ဝါဂွမ်း ရိပ်မိပါသည်။

"ဝါဂွမ်းလေး ရေချိုးမလို့ဆို"

"ဟုတ်တယ် ခေါင်းလျှော်မလို့ ရှန်ပူထုပ်သွားဝယ်လိုက်ဦးမယ်"

"ဟာ ကိုယ် သွားဝယ်ပေးမှာပေါ့"

ပြောရင်း ထိုင်ခုံက သုတ်ခနဲထကာ တံခါးဆီ ဦးအောင်ရောက် နှင့်နေသည်။

"ဝါဂွမ်းလေးအတွက် ကိုယ် ဝယ်ပေးမယ်၊ နောက်ဆို ခေါင်း လျှော်ရှန်ပူတစ်ဘူး ဝယ်ပေးမယ်၊ ဝါဂွမ်း ဘာလိုလဲပြော သိလား အဟဲ"

တကယ့်ကို မျက်နှာရှုံ့မျက်နှာကိုကြည့်ကာ ဝါဂွမ်း ရင်ထဲမှာ အော်ဂလီဆန်ချင်လာသည်။

"ခဏလေးစောင့်နော် ကိုယ် အပြေးသွားဝယ်ခဲ့မယ် ဟုတ် လား"

ပြောပြီး အိမ်ပေါ်က သုတ်ခနဲ ပြေးဆင်းသွားတော့ ဝါဂွမ်း စိတ်ပျက်စွာ ပင့်သက်ရှိုက်မိပါသည်။

ဒီလို မျက်နှာရှုံ့နဲ့ အမေက ပေးစားချင်နေတာကို ဝါဂွမ်း ဘယ်လိုမှ လက်မခံနိုင်ပါ။ တစ်ဘဝလုံး စိတ်ဆင်းရဲရမည့်အဖြစ်။

အခုလည်း တမင်ရှောင်ပေးသွားကာ တစ်အိမ်အိမ်မှာ ရှောင် နေမှာပဲဖြစ်၏။

ဝါဂွမ်း ဘာကိုမှ စဉ်းစားမနေတော့ဘဲ အိမ်ပေါ်က ဆင်းလိုက် သည်။ အိမ်တံခါးကို သော့ပိတ်ကာ ထွက်ခဲ့မိသည်က ကျော်မောင်မောင်



www.burmeseclassic.com

www.burmeseclassic.com



နှင့်ဆန့်ကျင်ဘက်လမ်းဘက်ကို . . ။

သင်းနဲ့မျက်နှာချင်းမဆိုင်ချင်ပါ။ တစ်အိမ်အိမ်မှာ အချိန်ဖြုန်း ထိုင်နေလိုက်တာက ပိုစိတ်ချမ်းသာလိမ့်မည်။

အမေ မကျေနပ်လို့ ဆူပူလျှင်လည်း ဝါဂွမ်း ခေါင်းငုံ့ခံယူလိုက်တော့မည်။

■ ■ ■

## အခန်း (၁၄)

"ဟင် ဒီဆိုင်မှာ ထိုင်မှာလား ဦးမော်"

ကားလေးက G Point ထဲ လှမ်းဝင်လာမှ အထင်ကရ အထိတ်အလန့် မေးမိသည်။ ဦးမော်က ပြုံးပြုံးကြီးနှင့်

"အေးလေ ဒီဆိုင်လေးက လန်းတယ်ကွ၊ မောင်ထင် မရောက်ဖူးဘူး မဟုတ်လား"

"အင်း ဒါပေမဲ့ တခြားဆိုင်ထိုင်ရအောင်ဗျာ၊ ဒီဆိုင်စင်တီတရှိတယ် ထင်တယ် နားအူတယ်"

"နားအူတယ် မလုပ်နဲ့၊ အပန်းဖြေစေတယ်ကွ မှင်းမရောက်ဖူးလို့ပါကွာ၊ ဒီမှာထိုင်ကြမယ်၊ သီချင်းနားထောင်ရင်း မျက်စိအစာကျွေးပေါ့ ဟဲ ဟဲ"

အထင်ကရ မျက်နှာပျက်နေပေမယ့် ဦးမော်နှင့်ဦးကျင်အောင်က



www.burmeseclassic.com

www.burmeseclassic.com



တပြုံးပြုံးကြီး ရှိနေကြသည်။ လုပ်ငန်းပါတနာတွေ ဆုံကြချိန်မို့ ဆိုင်ထိုင်မည်ဆိုတော့ သူ ငြင်းလို့မသင့်ပါ။

"ဦးမော်တို့သောက်ချင်သောက်ကြလေ၊ ကျွန်တော် မသောက်ဘူး"

"ဘီယာတော့ ချကွာ"

"မသောက်ပါရစေနဲ့ ကျွန်တော် ယတိပြတ် ဆုံးဖြတ်ထားပြီး သားမို့ပါ၊ လွတ်လွတ်လပ်လပ် သောက်ကြပါ၊ ကျွန်တော် အမြည်းစားရင်း ထိုင်ပေးမှာပေါ့"

ဒီလိုနှင့် လိုက်ခဲ့မိတာ G Point ဟု မသိခဲ့ပါ။ အခုတော့ ကားက ကားစတင်းမှာ ထိုးရပ်ပြီးနေပြီ၊ ဦးမော်နှင့်ဦးကျင်မောင်တို့လည်း ဆင်းပြီးနေပြီ။

"လာပါ မောင်ထင်ရ တစ်ခါတလေ အပန်းဖြေပေါ့ကွာ၊ စားရင်းသောက်ရင်းပေါ့"

မထူးတော့ပြီမို့ ဆိုင်ထဲဝင်ခဲ့ရသည်။ စင်ပေါ်မှာ သီဆိုဖျော်ဖြေနေသော မိန်းကလေးက ဝါဂွမ်းဖြူဖြူ မဟုတ်ပါ။

စားပွဲမှာ ထိုင်ကြတော့ ဦးမော်တို့က စိတ်ကြိုက်မှာကြသည်။ သူကတော့ ဘာမှစားချင်စိတ်မရှိပေမယ့် အလိုက်အထိုက် မှာလိုက်သည်။

ကျောပေးထိုင်နေရပေမယ့် စိတ်က မလုံခြုံသလို ခံစားရသည်။ ဝါဂွမ်းဖြူဖြူ ဆိုသော ကြေညာသံကို နားထောင်နေမိတာလည်း အမှန်။

ဒါပေမဲ့ အချိန်တွေသာ တရွေ့ရွေ့ ကုန်သွားသည်။ သူမအသံနှင့်ကြေညာသံကို မကြားရပါ။





မီးရောင်မှိန်မှိန်အောက်က စားပွဲဝိုင်းတွေက အများကြီးမို့ ဝါဂွမ်း ဆိုသည့် မိန်းကလေး သူ့ကိုမြင်တွေ့ဖို့လည်း ခက်ပါသည်။

ဒါပေမဲ့ ဒီနေရာကို ပြန်ရောက်လာခြင်းအတွက် သူ့စိတ်တွေ လုံခြုံသလို ခံစားရတာ အမှန်။

ဖြစ်ပျက်ခဲ့သောကိစ္စကြီးက အိပ်မက်မဟုတ်ခဲ့ဘဲ။

ဦးမော်နှင့်ဦးကျင်မောင်တို့တွေ ရေချိန်ကိုက်လာတော့ အစွမ်းအစလေးတွေ ရှန်းကြွလာကြပုံရ၏။

"ဒီချာတိတ်မ မဆိုးဘူး၊ ဆုပန်းကုံးလောက်တော့ ချီးမြှင့်မှ ဆင်တယ် အဟဲ"

"လုပ်လိုက်လေဗျာ ကုသိုလ်ရပါတယ်ဗျ အဟဲ ဟဲ"

နှစ်ယောက်သား အတိုင်အဖောက်ညီစွာနှင့် စင်ပေါ်က အဆိုရှင်လေးတွေကို ဆုပန်းကုံးတွေ တက်ချီးမြှင့်ကြသည်။

"ဟဲဟဲ အနိမ့်စားလေးတွေဗျ အသက်ပြန်ငယ်သွားသလိုပဲ"

"ဒီလောက်ပဲ ခံစား ကိုမော်၊ သွားတော့ မပတ်သက်လိုက်နဲ့နော်၊ ဖယားတွေရှုပ်ကုန်မယ်ဗျ အဟဲ ဟဲ"

"ပေါက်တယ် ပေါက်တယ် ဒါမျိုးက ရှောင်တတ်တိမ်းတတ်ဖို့ လိုပါတယ်ဗျာ၊ သူတို့လေးတွေ လိုချင်တာပေးလိုက်၊ ကိုယ်လိုချင်တာ ခံယူ ဒါပဲ သံယောဇဉ်မတွေ့ယ[illegible]နဲ့"

နှစ်ယောက်သား ပြောဆိုဝေဖန်ချက်ပေးနေသမျှ သူ နှုတ်ဆိတ်နားထောင်ရင်း ပင့်သက်တွေ ရှိုက်နေမိဆဲ။

ဒီလိုမိန်းကလေးတွေဆိုလျှင် အားလုံးက အထင်အမြင်သေး



www.burmeseclassic.com

www.burmeseclassic.com



တတ်ကြတာ မဆန်းပါ။ သူ့အဖြစ်ကလည်း ဒီလိုမိန်းကလေးနှင့်မှ ပတ်သက်သွားခဲ့မိသည်။

မေ့ထားတာ ကြာပြီဆိုပေမယ့် တွေးမိတိုင်း ဝါဂွမ်းဖြူဖြူ မျက်နှာလေးကို မြင်ယောင်နေမိဆဲ။

နုနုညက်ညက်နှင့် ချစ်စရာကောင်းသော မျက်နှာလေးက ထင်ရက်စရာမရှိ။ သူနှင့်ဆုံတုန်းက ဒီကောင်မလေး ဘဝက ဖြူစင်ကောင်း ဖြူစင်လိမ့်မည်။

ဒါပေမဲ့ အခုလောက်ဆို သူမ ရင့်ကျက်သွားပြီလား။ မီးရောင်အောက် က စင်မြင့်ပေါ်မှာ ပရိသတ်တွေကို ဘဝင်ခိုက်အောင် အသုံးတော်တတ်နေခဲ့ပြီလား။ သူ သိချင်သည်။ ဒါပေမဲ့ သူတို့ပြန်ချိန်ထိ ဝါဂွမ်းဖြူဖြူ ဖျော်ဖြေတာကို မတွေ့ရပါ။

ဒါပေမဲ့ သိချင်စိတ်တို့ကို မမျိုသိပ်နိုင်စွာနှင့် ဝိတ်တာလေး တစ်ယောက်ကို သူ တီးတိုးမေးကြည့်ဖြစ်ခဲ့၏။

"ဝါဂွမ်းဖြူဖြူလား၊ ဒီဆိုင်မှာလုပ်သွားတာ တစ်ပတ်တောင် မကြာလိုက်ဘူး အစ်ကို၊ အလုပ်ထွက်သွားပြီ"

"ဩော် တခြားဆိုင်ကို ပြောင်းသွားတာလား"

"မဟုတ်ဘူး အစ်ကို့ရ၊ ဒီကောင်မလေးက တုံးတုံးအအလေး ဗျ၊ ဒီအလုပ်ကိုလည်း လုပ်ချင်တာ မဟုတ်ဘူးတဲ့၊ သူ့မိထွေးက ဖူးလုပ်ခိုင်းလို့တဲ့လေ၊ အခု တခြားအလုပ်တစ်ခု လုပ်နေတယ်တဲ့"

"ဟုတ်လား အေး အေး ကျေးဇူးပဲ ညီလေး"

ဝိတ်တာလေး ပြောလိုက်သော စကားတွေက သူ့အာရုံထဲ





ရောက်ပါလာတာတော့ အမှန်ပဲဖြစ်သည်။

ဒီကောင်မလေး အလုပ်ထွက်သွားသည်တဲ့လား။ ဒါ သူ့ပယောဂ ကောင်းသလို ခံစားရ၏။

ဝိတ်တာလေး ပြောသလို ဝါဂွမ်းဖြူဖြူက ဖြူစင်ရိုးသားသော မိန်းကလေးတစ်ယောက်ဆိုလျှင်တော့ သူနှင့်ဖြစ်ပျက်ခဲ့သောကိစ္စကြီးက သူမဘဝလေးကို ရိုက်ခတ်စေမှာ အသေအချာ ဖြစ်သည်။

ခွင့်လွှတ်ပါ ကောင်မလေးရယ်။

■ ■ ■

www.burmeseclassic.com

## အခန်း (၁၅)

''ဟင်''

မျက်နှာချင်းဆိုင် ထိပ်တိုက်ကြီး မြင်လိုက်ရကတည်းက ဝါဂွမ်း ခြေလှမ်းတွေ တွန့်ခနဲ ဖြစ်သွားခဲ့သည်။ ဝါဂွမ်း မြင်သလို ကျော်မောင် မောင်ကလည်း မြင်တွေ့သွားတာတော့ သေချာသည်။

ပြုံးဖြီးဖြီး မျက်နှာကြီးနှင့် ဝါဂွမ်း ရှိရာကို ဦးတည်လျှောက်လာသော ကျော်မောင်မောင်က တစ်ယောက်တည်းမဟုတ်ပါ။ နံဘေးမှာ ရုပ်ကြမ်းကြမ်း ဗလတောင့်တောင့်နှင့်နှစ်ယောက်ပါသည်။

မျက်နှာချင်းဆိုင် ဆုံနေမှတော့ ဝါဂွမ်း ရှောင်တိမ်းလို့မရနိုင် တော့တာ သိနေတာမို့ ခြေလှမ်းတို့ကို တုံ့နှေးပစ်လိုက်မိ၏။

''ဝါဂွမ်းလေး အိမ်ပြန်မှာမဟုတ်လား။ ကိုယ်လိုက်ပို့ပေးမယ် လေ''

ကျော်မောင်မောင်လေသံနှင့်အတူ အမူအရာက ရိုးသားပုံမပေါ် ပါ။ နံဘေးက အဖော်နှစ်ယောက်မျက်နှာတွေကလည်း မာထန်ထန်





မူအရာတွေနှင့်ရှိ၏။

''ဟို ရပါတယ် ကိုကျော်မောင်မောင် ဝါဂွမ်း သူငယ်ချင်းတစ် ယောက်အိမ် ဝင်စရာရှိလို့ပါ''

''ဒီနားမှာ ဝါဂွမ်း သူငယ်ချင်းရှိလို့လား။ ရတယ်လေ သူငယ် ချင်းအိမ်ဆိုလည်း လိုက်ပို့ပေးမယ် ကိုယ့်မှာကားပါတယ်''

လမ်းဘေးမှာ ထိုးရပ်ထားသော ဆလွန်းကားအနီလေးကို က်ညှိုးညွှန်ပြီး ကျော်မောင်မောင် ပြောသည်။ ဝါဂွမ်း စိတ်မှာ အန္တရာယ် အငွေ့အသက်တို့ကို ခံစားသိရှိနေသလို။

''ဟင့်အင်း နေပါစေ ဝါဂွမ်းသူငယ်ချင်းအိမ်မှာ ကြာဦးမယ် ကျော်မောင်မောင်နဲ့ ဝါဂွမ်းကို တစ်မျိုးထင်သွားမှာစိုးလို့ပါ''

''ထင်ပစေပေါ့ ဝါဂွမ်းလေးရယ်၊ တစ်ချိန်မှာ ဝါဂွမ်းလေးက ယ့်ရဲ့ဇနီးလောင်း ဖြစ်လာမှာပဲလေ အဟွန်း''

ပိုင်ပိုင်နိုင်နိုင်ကြီးပြောနေသော ကျော်မောင်မောင် စကားကြောင့် ဂွမ်း မျက်နှာ ရဲခနဲဖြစ်သွားခဲ့ရင်း

''ရှင့်ဘာသာ တစ်ဖက်သတ် ဘယ်လိုပဲတွေးတွေး ကျွန်မနဲ့ ိုင်ဘူး။ ကဲ ကျွန်မရှေ့က ဖယ်ပေးပါရှင်''

''အာစရိ အချိန်မရှိဘူးနော်''

နံဘေးက ကတုံးဆံပင်နှင့်ဗလကောင်က ဝင်ပြောသည်။ ကျော် င်မောင် အပြုံးတွေကလည်း ရိုးသားရိပ်တို့ ကင်းစင်နေ၏။ ဝါဂွမ်း ထဲမှာ ထိတ်ခနဲ ဖြစ်သွားရသည်။

''တီ တီ''

www.burmeseclassic.com



ဟွန်းသံနှင့်အတူ ဝါဂွမ်းတို့အနားမှာ ထိုးရပ်လာသော Mark II နက်ပြာရောင် ကားလေးကို မြင်လိုက်တော့ ဝါဂွမ်း မျက်နှာလေး ဝင်းလက်သွားခဲ့ကာ

"မမ ရွှေမှုန်သာ"

"ဝါဂွမ်း အိမ်ပြန်မလို့လား"

"ဟုတ်ကဲ့ မမ ဟိုလေ ဝါဂွမ်း မမနဲ့လိုက်ခဲ့ပါရစေနော်"

ဝါဂွမ်း မျက်နှာပေါ်က အရိပ်တွေကို မမရွှေမှုန်သာ နားလည်မှာတော့ သေချာသည်။

"လိုက်ခဲ့လေ ဝါဂွမ်းရဲ့"

"ဟာ ဝါဂွမ်း ကိုယ့်မှာကားပါတယ်လေ"

ကျော်မောင်မောင် ပြောသည့်စကားကို ဥပေက္ခာပြုကာ ဝါဂွမ်း ကားတံခါးဖွင့်ဝင်ထိုင်လိုက်တော့ မမရွှေမှုန် အလိုက်တသိ ကားကိုမောင်းထွက်ပြီး ဖြစ်နေခဲ့သည်။

"ဟေ့ ဟေ့ ဝါဂွမ်း တောက်-ငါကွာ"

ကျော်မောင်မောင် ဒေါသတကြီး ဟစ်အော်ရင်း ကျန်ရစ်ခဲ့သည်၊ ဝါဂွမ်း နောက်ကြည့်မှန်လေးထဲက လှမ်းကြည့်တော့ ကားပေါ်တက်ကာ နောက်ကလိုက်လာနေကြသည်။

"ဟင် ဒုက္ခပါပဲ နောက်က လိုက်လာနေကြပြီ မမရွှေမှုန်"

"မမသိတယ် ဝါဂွမ်း၊ အဲဒီလူက ဘယ်သူလဲ၊ ဝါဂွမ်းနဲ့ဘယ်လိုပတ်သက်နေတာလဲ"

"ဝါဂွမ်းတို့ရပ်ကွက်ထဲကပဲ မမ၊ အမေက သဘောတူနေတာ





ဝါဂွမ်းကတော့ သူ့ကို ဘယ်လိုမှ လက်ခံလို့မရဘူး၊ အခုလည်း ဝါဂွမ်းကို ကားတင်ပြေးမလို့ထင်တယ် မမရောက်လာလို့ပေါ့"

ဝါဂွမ်းပြောနေတာ နားထောင်ရင်း နောင်က ကားလေးကို မျက်ခြေပြတ်အောင် ရွှေမှုန်သာ အမြန်မောင်းနေသည်။ မကြာခင်မှာဘဲ ဆလွန်းကားလေး အနောက်မှာ ကျန်ရစ်ခဲ့တော့၏။

"ဝါဂွမ်း ချက်ချင်းအိမ်မပြန်နဲ့ဦး မမ အိမ်ကို ခဏလိုက်ခဲ့လိုက်ပေါ့ ဟုတ်လား"

ဝါဂွမ်း ခေါင်းလေးညိတ်လိုက်မိသည်။ အိမ်ပြန်လျှင်လည်း ကျော်မောင်မောင် ရောက်နေနိုင်သည်။ အမေက တမင်ရှောင်တိမ်းပေးနေဦးမှာလည်း သေချာသည်။

ဝါဂွမ်းအတွက်တော့ ကျော်မောင်မောင်ရဲ့ အန္တရာယ်ကတော့ တကယ့်ကို တမှောင့်ဖြစ်နေသည်။

"ဝါဂွမ်း သဘောမကျဘဲ ဝါဂွမ်းအမေက ဘာလို့စီစဉ်ရတာလဲကွယ်"

မမရွှေမှုန်သာ မေးလာတော့ ဝါဂွမ်း ပင့်သက်လေးရှိုက်မိသည်။ အမေဆိုတာ ဝါဂွမ်းအတွက် မိထွေးတစ်ယောက်ဆိုတာ မမရွှေမှုန်မှ မသိဘဲလေ။

"သူက ပိုက်ဆံချမ်းသာတော့ အမေက သဘောတူနေတာပါ မမ"

"ဝါဂွမ်းမှာ ချစ်သူရှိသလား"

"ဟင့်အင်း မရှိပါဘူး မမ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ချစ်သူရှိရင်လည်း ဒီယောက်ျားရန်ကအေးအောင် ရှင်းလို့ရတာပေါ့၊ ဒါနဲ့ ဒီလောက်ချောမောတဲ့ ဝါဂွမ်းမှာ ဘာလို့ချစ်သူမရှိတာလဲ"

"ဝါဂွမ်း ချစ်သူမထားချင်လို့ပါ မမ၊ ဝါဂွမ်းရဲ့ညီမလေးနဲ့မောင်လေးအတွက် ဝါဂွမ်းမှာ လုပ်စရာတွေ အများကြီးရှိသေးတယ်"

"ဝါဂွမ်းကို မမ ခင်မင်ပါတယ်ကွယ်၊ အခက်အခဲရှိရင်လည်း ပြောပါ၊ မမ ကူညီပေးမယ် ဟုတ်လား၊ ကဲ အခုတော့ မမအိမ်ကိုလိုက်ခဲ့နော်၊ ပြီးမှ ပြန်ပို့ပေးမယ် ဟုတ်လား"

အမေနှင့်ကျော်မောင်မောင်တို့ရန်ကို ကြောက်လန့်နေတာမို့ ဝါဂွမ်း ခေါင်းလေးညိတ်လိုက်မိပါသည်။

ကားကို တည်တည်ငြိမ်ငြိမ်လေး မောင်းနှင်နေသော မမရွှေမှုန်၏မျက်နှာလေးကို ဝါဂွမ်း ငေးငေးလေး စိုက်ကြည့်နေမိသည်။

ဘေးတိုက်မြင်နေရသော မျက်နှာလေးက ကြည်လင်ပြီး နုညက်ညက်လေး ချစ်စရာကောင်းပါသည်။ နှာတံလေးက ပေါ်လွင်ကာ ဝင်းမွတ်သော ပါးပြင်လေးမှာ သွေးကြောစိမ်းလေးတွေ ယှက်သန်းနေသည်။

နက်မှောင်သော ဆံနွယ်တွေက ကျောအလယ်သာသာထိရှည်ကာ အရပ်မြင့်မြင့်လေးနှင့် သိပ်ကိုလိုက်ဖက်သည်။

ချောမောပြီး စိတ်ထားဖြူစင်သော မမရွှေမှုန်သာမှာလည်း ချစ်သူရှိသည်လား မေးချင်ပေမယ့် မမေးသင့်တာမို့ မမေးဖြစ်ခဲ့ပါ။

ဘယ်လိုပဲဖြစ်ဖြစ် မမရွှေမှုန်သာရဲ့ချစ်သူကတော့ သိပ်ကို ကံ





ကောင်းသူဖြစ်မှာပါ။ ပြီးတော့ မမရွှေမှုန်လိုပဲ ချောမောပြီး အဆင့်အတန်းရှိသူဖြစ်မည် ထင်၏။

ဝါဂွမ်း အတွေးတွေက မမရွှေမှုန်တို့ခြံရှေ့ ရောက်တော့မှပဲ တခန ရပ်သွားခဲ့သည်။

ခြံဝင်းကြီးက ကြီးမားသလို သုံးထပ်တိုက်ကြီးကလည်း ထည်ဝါလှပလွန်းသည်။

ခြံစောင့်ကြီး ဖွင့်ပေးသော ခြံတံခါးက ကားမောင်းဝင်တော့ ခြံဝင်းထဲက မြင်ကွင်းတွေက ဝါဂွမ်းအတွက် ငေးမောစရာဖြစ်နေသည်။ ရောင်စုံပန်းခင်းနှင့် စိမ်းမြသော မြက်ခင်းပြင်၊ ပြာလဲ့သော ရေကူးကန်ကြီးကိုတောင် ဝါဂွမ်း လှမ်းမြင်တွေ့ခဲ့ရသေး၏။

ဆင်ဝင်အောက်မှာ ကားလေးထိုးရပ်တော့ မမရွှေမှုန်က ဝါဂွမ်းဘက် လှည့်ကြည့်ပြုံးပြရင်း

"ဆင်းလေ ဝါဂွမ်း ဒါ မမအိမ်ပဲ"

"ဟုတ် ဟုတ်ကဲ့"

ကော်ဇောညိုကြီး အပြည့်ခင်းထားသော ဧည့်ခန်းကြမ်းပြင်ကို ဝါဂွမ်း ခြေချရတာတောင် မဝံ့ပါ။ ဧည့်ခန်းနံရံက ဓာတ်ပုံတွေပန်းချီကားတွေက ခန့်ထည်သည်။

ကျောက်စိမ်းပန်းအိုးကြီးတွေ၊ နံရံကပ်ဗီရိုတွေ၊ ရှူးကေ့စ်တွေက နေရာတကျ သေသပ်စွာရှိကြသည်။

"ထိုင်ဦးနော် ဝါဂွမ်း ဒီရက်တွေ အိမ်မှာဘယ်သူမှမရှိကြဘူး မေမေဖေဖေက အလုပ်ကိစ္စနဲ့ စင်ကာပူသွားနေတာ၊ မေမေက ကုန်သည်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ဝင်နေတာဆိုတော့ မမ်ရယ် အိမ်ဖော်နှစ်ယောက်ရယ် မေမေ့အစ်မကြီး ကြီးကြီးအုန်းရယ်ပဲရှိကြတာ''

အိစက်စက် ဆိုဖာကြီးမှာ ဝါဝွမ်း ဝင်ထိုင်လိုက်သည်။ အိမ်ဖော် ကောင်မလေး တစ်ယောက် ထွက်လာတော့

''မိုင်းရေ မမညွှန့်သည်အတွက် တစ်ခုခုလုပ်ခဲ့ပါကွယ်၊ ဖျော် ရည်အေးအေးလေးဆို ပိုကောင်းမယ် မုန့်တွေပါ ယူခဲ့နော်''

''ဟုတ်ကဲ့ မမလေး''

''ဝါဝွမ်း စားသောက်ရင်း ခဏလေးစောင့်နော်၊ မမ လန်းသွား အောင် ရေမိုးချိုးလိုက်ချင်လို့၊ ပြီးတာနဲ့ ဝါဝွမ်းကို ပြန်ပို့ပေးမယ်နော်''

''ရ ရပါတယ် မမ၊ ဟိုလေ ဝါဝွမ်းဘာသာ ပြန်ပါ့မယ်၊ လိုင်း ကားစီးပြန်လို့ရပါတယ်''

''မဟုတ်တာ မမပြန်ပို့ပေးမှာပေါ့ ကဲ ထိုင်နော်၊ ကြီးကြီးအုန်း က ဘုရားခန်းဝင်နေတယ် ထင်တယ်''

''ရတယ် မမ ဝါဝွမ်း နေတတ်ပါတယ်''

မမရွှေမှုန် ပြုံးပြပြီး အခန်းထဲဝင်သွားခဲ့သည်။ အိမ်ဖော်မလေး က ဖျော်ရည်နှင့်မုန့်တွေ ချပေးလာသည်။

''သုံးဆောင်ပါရှင်''

''ကျေးဇူးပဲ ညီမလေး''

ဖျော်ရည်ကိုပဲ ဝါဝွမ်း သောက်ဖြစ်ကာ မုန့်ကို မစားဖြစ်ခဲ့ပါ။ ဧည့်ခန်းထဲက ထည်ဝါမှုတွေကိုငေးရင်း မမရွှေမှုန်သာ၏ကြွယ်ဝချမ်းသာမှု တွေကို ဝါဝွမ်း ခန့်မှန်းကြည့်မိ၏။





မမ စကားအရဆိုလျှင် မမရွှေမှုန်သာသည် တစ်ဦးတည်းသော သမီးတစ်ယောက် ဖြစ်လိမ့်မည်။ ချမ်းသာပြည့်စုံပြီး ပညာတတ်ဆရာဝန် ဖြစ်သော မမရွှေမှုန်သာသည် မာန်မာနကင်းစင်လွန်းတာတော့ သေချာ သည်။

အခုပဲကြည့် ဝါဝွမ်းလို အထွေထွေအလုပ်သမတစ်ယောက်ကို မမက ခွေးထွေးစွာဆက်ဆံရုံမက သွေးရင်းညီမတစ်ယောက်လို ဆက်ဆံ တာက သက်သေဖြစ်၏။

ဧည့်ခန်းထဲမှာ ဝါဝွမ်းဆယ်မိနစ်လောက်ပဲ စောင့်လိုက်ရပါသည်။ ရေမိုးချိုးပြီး အဝတ်အစားလဲ ထွက်လာသော မမရွှေမှုန်သည် နူးဖုံး အဖြူရောင်ဂါဝန်လေးနှင့်တစ်မျိုးလေး လှနေသည်။

ဘာမှခြယ်သမထားဘဲ လှပနေသော မျက်နှာလေးက ဆံပင် တွေကို လုန်သိမ်းစည်းချည်နှောင်ထားတာမို့ ဝင်းမွတ်မွတ်လေး ပေါ်လွင် နေခဲ့၏။

''ဝါဝွမ်း ပျင်းနေပြီလား အဟင်း''

''ရပါတယ် မမ၊ ဝါဝွမ်း နေတတ်ပါတယ်ရှင်''

''ဟယ် မုန့်တွေ မစားဘူးလား''

''ဝါဝွမ်း မဆာလို့ပါ မမရွှေမှုန်''

''ဒါဆို အိမ်ကိုထည့်သွား၊ မုန့်တွေအများကြီးရှိတယ်၊ ဝါဝွမ်း မေမေနဲ့ညီမလေး မောင်လေးတွေအတွက်ပေါ့''

''ဟင့်အင်း မလုပ်ပါနဲ့ မမ ဟိုလေ ဝါဝွမ်း ညီမလေးနဲ့မောင် လေးကလည်း အိမ်မှာမရှိပါဘူး၊ ရွာသွားနေတာပါ မယူပါရစေနဲ့ မမ''



www.burmeseclassic.com

www.burmeseclassic.com



ဝါဂွမ်း အားတုံ့အားနာငြင်းတော့ မမရွှေမှုန်သာက ဝါဂွမ်းပန်း လေးကို ဆုပ်ကိုင်ရင်း

"အဟင်း ဟင်း ဝါဂွမ်း ညီမလေး မောင်လေးတွေ မရှိရင် ထည်း ဝါဂွမ်း မေမေစားဖို့ယူသွား ဟုတ်လား ခဏလေးနော်"

မမရွှေမှုန် နောက်ဖေးဘက်ကို ခပ်သုတ်သုတ်လေးထွက်သွား ခဲ့သည်။ ပြန်ထွက်လာတော့ မုန့်ဘူးတွေ မုန့်ထုပ်တွေ ထည့်ထားသော ဆွဲအိတ်လေးပါလာသည်။ ဝါဂွမ်း အားနာမိပေမယ့် အမေကတော့ ဒီမုန့် ဘူး မုန့်ထုပ်တွေကိုတော့ ကြည်ဖြူသဘောကျမှာ သေချာပါသည်။

မမရွှေမှုန်ရဲ့ ကားလေး အိမ်ရှေ့မှာ ထိုးရပ်တော့ အမေ အိမ် ပေါ်က မျက်မှောင်ကြီးကုပ် ဆင်းလာရင်း

"ဟဲ့ ဘာဖြစ်လို့ နောက်ကျနေတာလဲ မိဝါဂွမ်းရယ် ငါ့မှာ မျှော်ရတာ မောလိုက်တာအေ"

ထုံးစံအတိုင်း အမေကတော့ ဝါဂွမ်းကို အပြစ်တင်သံနှင့် ဆီးကြို သည်။ သို့ပေမယ့် ဝါဂွမ်း လက်ထဲက လက်ဆွဲအိတ်လေးကိုမြင်တော့ ဘာမှထပ်မပြောတော့ပါ။

"ဒီမှာ သမီး အလုပ်လုပ်တဲ့ ဆေးခန်းက ဆရာဝန်မမအိမ် လိုက်သွားလို့ပါ အမေ"

ဆေးခန်းက ဆရာဝန်ဆိုတော့ အမေ မျက်နှာသုန်သုန်မှုန်မှုန် က ပြေလျော့သွားသလို ဝါဂွမ်းလက်ထဲက မုန့်ထုပ်တွေကို လာဆွဲယူသည်။

"မမ ဟိုလေ အိမ်ပေါ်တက်ဦးမလားဟင်"

ခေါ်သာခေါ်ရသည် ဝါဂွမ်း အားနာ မျက်နှာပူမိတာ အမှန်ပါ။

ဝိုး နိုး ၁၇၃၄၀



အိမ်ပေါ်မှာ မြင်မကောင်းအောင် ရှုပ်ပွနေမှာ သေချာသည်။ အမေသည် ဘယ်တုန်းကမှ အိမ်မှုကိစ္စတွေကို ရှင်းလင်းလုပ်ကိုင်တတ်သူ မဟုတ်ပါ။

"မတက်တော့ဘူး ဝါဂွမ်း နောက်မှပေါ့ကွယ်၊ မမကို ခွင့်ပြု ဦးနော် အန်တီခွင့်ပြုပါဦးရှင်"

"အေး အေးကွယ်"

မမရွှေမှုန် ကားလေးထွက်သွားတော့ ဝါဂွမ်း အိမ်ပေါ်တက်ခဲ့ လိုက်သည်။ ထင်သည့်အတိုင်းပါပဲ ဧည့်ခန်းမှာ သင်ဖြူးဖျာချပ်နှင့် ပြန့်ကျဲ နေသော ဖဲချပ်တွေက အထင်အရှား။

"အမေ အိမ်မှာ ဖဲဝိုင်းလုပ်နေတာလား"

"အမလေးတော် မေးပုံက မကြည်တို့ မဇော်တို့နဲ့ အပျင်းပြေ ကစားတာပါဟဲ့ ဟယ် မုန့်တွေအများကြီးပါလား ဆရာဝန်မလေး ဝယ် ပေးလိုက်တာလား"

"ဟုတ်တယ် အမေ",

ဝါဂွမ်း ခေါင်းညိတ်ဖြေကာ အိမ်ခန်းထဲဝင်ခဲ့လိုက်၏။ လောင်း ကစားကို ဝါသနာထုံသော အမေ့ကြောင့်တော့ ခက်ပါသည်။

ဝါဂွမ်း ပြောလျှင်လည်း ပတ်ဝန်းကျင်ကြားရုံပဲ အဖက်တင်ကာ အမေ့ ဝါသနာအကျင့်က ပြောင်းမှာမဟုတ်။

ပင့်သက်ရှိုက်ရင်း ရေချိုးဖို့ ပြင်ဆင်လိုက်သည်။ ပြီးလျှင် ညစာ အတွက် လမ်းထိပ်မှာ ဟင်းတစ်ခုခု သွားဝယ်ရဦးမည်။ အမေ ဟင်းချက် ထားမှာ သေချာနေသည်ပဲ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

"ဟော သားလာတယ် မိပိုင်း နင့်မမလေးကို သွားခေါ်လိုက်ကွယ်"

ခြံထဲမောင်းဝင်လာသော အထင်ကရ ကားကိုမြင်ကတည်းက ဒေါ်ရွှေမြင့်စံ အိမ်ဖော်မလေး မိပိုင်းကို လှမ်းစေခိုင်းပြီး ဖြစ်နေသည်။

ဆင်ဝင်အောက်မှာ ကားကို ထိုးရပ်ပြီးသည်နှင့် အထင်ကရ တံခါးဖွင့်ဆင်းကာ ဧည့်ခန်းထဲ လှမ်းဝင်လာ၏။

"အန်တီစံ နေကောင်းတယ်နော်"

"ကောင်းပါတယ် သား လာလေ ထိုင်"

"မနေ့က ရွှေမှုန် ဖုန်းဆက်တော့ သွေးတွေတိုးနေတယ်ဆို သက်သာသွားပြီလား"

"သမီး ဆေးတိုက်ကတည်းက သက်သာသွားပြီ သား၊ တ… စခန်းဝင်နေတုန်းက ဘာရောဂါမှ မဖြစ်ဘူး၊ အိမ်ပြန်ရောက်တော့ …





…ရောဂါတွေ စုံနေတာ သားရေ့၊ နုနုတို့ဆီကကော ဖုန်းလာသေးလား၊ …နေကောင်းကြရဲ့လား"

"ဒယ်ဒီကော မာမီပါ ကျန်းမာပါတယ်၊ အန်တီစံ မနေ့ကပဲ …န်းဆက်လာသေးတယ်၊ နောက်လထဲမှာ ရန်ကုန်လာကြမယ်တဲ့"

"အေး အေး သူတို့ရန်ကုန်လာမှ အေးအေးဆေးဆေး တွေ့ကြ…တာပေါ့ကွယ်"

ဒေါ်ရွှေမြင့်စံ ပြောနေတုန်းမှာပဲ ရွှေမှုန်သာ ဧည့်ခန်းထဲ ထွက်…လာသည်။ အထင်ကရကို မြင်တော့ ပြုံးပြုံးလေးနှင့်

"မောင် ဘယ်က ဝင်လာတာလဲ ဖုန်းမဆက် ဘာမဆက်နဲ့"

"ရွှေမှုန် ဒီနေ့ နားမယ်ဆိုတာသိလို့ လာတာလေ၊ ကိုယ်လည်း …ဒီနေ့ နားတယ်လေ"

"ကဲ ကဲ သမီးတို့ စကားအေးအေးဆေးဆေး ပြောကြနော်၊ …မေမေ စာကြည့်ခန်း ဝင်လိုက်ဦးမယ်"

"မေမေ စာတွေဖတ်ပြီး ဖက်ကြောတွေ တက်ဦးမယ်နော်"

"အင်းပါ သမီးလေးရယ်၊ တရားစာအုပ်လေး ခဏလောက် …ဖတ်မလို့ပါ သား၊ သမီးနဲ့ စကားပြောကြဦးနော်"

ဒေါ်ရွှေမြင့်စံ ထွက်သွားတော့ အထင်ကရ ရွှေမှုန်စံကို ပြုံးပြုံး …ကြီး စိုက်ကြည့်နေတာမို့

"မောင် လူကိုကြည့်ပြီး ဘာပြုံးတာလဲ"

"သြော် သမီး အလှမွာလေးမို့ပါကွာ"

"ဘာကို ပြောတာလဲ မောင်ရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်လေ ရွှေမှုန်က မိဟာကိုလည်း အရမ်းဂရုစိုက်တယ် နောင်ဆိုရင် မောင့်ကိုလည်း ဒီလိုဂရုစိုက်မှာပဲလို့တွေးပြီး စိတ်ကူးယဉ် ကြည့်နေတာ အဟွန်း ပြောရင်းနဲ့ မောင်တောင်နေမကောင်း ဖြစ်ချင် လာပြီ"

"အဟင်း မောင်ကလည်း နေမကောင်းတောင် ဖြစ်ချင်ရ တယ်လို့"

"ဟုတ်တယ်လေ ဒါမှ ရွှေမှုန်က မောင့်ကိုဂရုစိုက် ပြုစုပေးမှာ မဟုတ်လား"

အထင်ကရ စကားကြောင့် ရွှေမှုန် မျက်စောင်းလေးထိုးရင်း

"မောင်နော် မဟုတ်ကဟုတ်က စကားတွေမပြောနဲ့ မောင်နေ မကောင်းဖြစ်မှ ရွှေမှုန်က ဂရုစိုက်မှာမို့လား၊ ကိုယ့်ချစ်သူပဲဟာ နေ ကောင်းလည်း အမြဲဂရုစိုက်ပါတယ်နော်"

"ဟုတ်ပါတယ် ဒေါက်တာမလေးရယ်၊ ကိုယ် အစားမှားပြီး လေထိုးဗိုက်အောင့် ဖြစ်တာတောင်မှ အသည်းလားဆိုပြီး ဟိုဆေး ဒီဆေး စစ်နိုင်းတာ မောင်သိပါတယ် ဟား ဟား"

တစ်ခါတုန်းက အထင်ကရ ဗိုက်အောင့်ဖြစ်တော့ စိုးရိမ်ကာ ရွှေမှုန်သာ ဆေးစစ်ခိုင်းဖူးတာကို သတိတရပြန်ပြောမိတော့ ရွှေမှုန် မျက်မှောင်လေး ကျုံ့ကြည့်သည်။

"မောင်နော် ရွှေမှုန်က စိုးရိမ်လို့ပါနော် ဘာလဲ ဒါကို မောင်က မကျေနပ်တာလား ပြော"

"ဟာ မဟုတ်တာကွာ ကိုယ့်ချစ်သူက ချစ်လို့ ဂရုစိုက်တာကို





ကြိုက်တဲ့သူ ရှိမလား၊ ကြိုက်လွန်းလို့ ရောဂါတွေ စုံလင်အောင်တောင် ဖြစ်ချင်နေတာ ဟား ဟား"

"ဖွ ဖွ လွဲပါစေ ဘာတွေ ရှတ်နောက်နောက် လျှောက်ပြောနေ ဘာလဲ မောင်ရယ် နိမိတ်မရှိ နမာမရှိ"

"နောက်တာပါကွာ ကဲ မောင်တို့အပြင်ထွက်ပြီး တစ်ခုခု စားရ အောင်နော် ရွှေမှုန်"

"ကောင်းသားပဲ မောင်နဲ့ လက်ဆုံမစားဖြစ်တာ ကြာပြီ"

"ဒါဆို သွားရအောင်လေ"

"ခဏလေးစောင့်နော် ရွှေမှုန် အဝတ်အစားလေး လဲလိုက်ချင် လို့"

အထင်ကရ ပြုံးပြုံးလေး ခေါင်းညိတ်လိုက်ပါသည်။ ချစ်သူနှင့် အတူ ဆုံရသော အချိန်လေးတွေက တကယ့်ကို ကြည်နူးစရာ ကောင်း သည်။

ဒီလို အချိန်လေးတွေ အမြဲတမ်း ပိုင်ဆိုင်ဖို့အတွက် မာမီတို့ ရောက်လာလျှင်တော့ နားပူနားစာ လုပ်ရမည်။

ရွှေမှုန်နှင့်သူ့ရဲ့ နှစ်ကိုယ်တူဘဝလေးကို သူလည်း ပိုင်ဆိုင် ချင်ပြီ။ ရွှေမှုန်လည်း သူ့လိုပဲ ပိုင်ဆိုင်ချင်မှာ သေချာသည်။

■ ■ ■

www.burmeseclassic.com

## အခန်း (၁၇)

"ညည်းဝို့ကို အားခံနေတာလား ဝါဂွမ်း၊ မိဘလက်နဲ့ရေတော ခြေနဲ့ လိုက်ဖျက်နေတဲ့သမီးဆိုတာ ဘယ်တော့မှာ မကြီးပွားဘူးမှတ်"

ဝါဂွမ်း ငြင်းလျှင် အမေဒီလိုစကားတွေနှင့် တုံ့ပြန်လာဦးမှာ လည်း ဝါဂွမ်း တွေးထားပြီးဖြစ်သည်။ ဒါပေမဲ့ အမေ့လက်နဲ့ ရေခွဲ ဝါဂွမ်း အနာဂတ်က ကြည်နူးပျော်စရာ မကောင်းခဲ့ဘဲလေ။

ဝါဂွမ်း ဘဝမှာ အမှားကြီးတစ်ခုကို ကြုံဆုံရင်ဆိုင်ခဲ့ရ အမေမှ မသိနိုင်ဘဲ။

"ပြောလေ ဝါဂွမ်း ညည်း အားခံပြနေတာလား"

"ကိုကျော်မောင်မောင်ကို ဝါဂွမ်း လက်မခံနိုင်တာ အမေ့ အားခံပြနေတာလား အမေရယ်၊ ဝါဂွမ်း သူ့ကိုမှ မချစ်နိုင်တာ"





"ကျော်မောင်မောင်က ညည်းသဘောကျနိုင်တဲ့ ရုပ်ရည်မရှိလို့ သားဟင် ဒီမှာ ယောက်ျားလေးတစ်ယောက်က ရုပ်ရည်ချောမောဖို့ မလို ဘူး၊ အရည်အချင်းပဲ ရှိဖို့လိုတာ၊ အရေးကြီးတာ ငွေကြေးချမ်းသာဖို့ပဲ အဲဒါက ညည်းဘဝ ငါတို့ဘဝကို ပြောင်းလဲသွားစေမှာ"

အမေ ခေါင်းထဲမှာ ငွေကြေးကလွဲလို့ ဘာမှမရှိတော့ဘူးလား ဟု ဝါဂွမ်း မေးလိုက်ချင်ပါသည်။ တစ်သက်လုံး ပေါင်းသင်းရမည့် ဝါဂွမ်းဘက်ကိုတော့ အမေတစ်ချက်လေးတောင် မစဉ်းစားပေးတော့ ဘူးလား။

"နေစမ်းပါဦး ကျော်မောင်မောင်လို ယောက်ျားကို ငြင်းနေတယ် ဆိုတော့ ညည်း မှန်းထားတာက ဘယ်လိုယောက်ျားလဲ ဆရာဝန်လား ... ရှိကြီးလား၊ စီးပွားရေး လုပ်ငန်းရှင် သူဌေးလား ပြောပါဦး ဝါဂွမ်း ..."

ဝါဂွမ်းကို တမင့်လှောင်ပြောင်သလို ခပ်ရွဲ့ရွဲ့ အမေ မေးနေပြန် ... ဝါဂွမ်း ဘာမှပြန်မဖြေဖြစ်ဘဲ နှုတ်ဆိတ် ငြိမ်သက်နေတုန်းမှာပဲ ... ရှေ့ကို ထိုးရပ်လာသော ကားသံကို ကြား၏။

"တီ တီ"

ကျော်မောင်မောင် ကားလားဟု ဝါဂွမ်း ထိတ်ခနဲ ဖြစ်သွားမိ ... ယ့် မြင်လိုက်ရတာ မမရွှေမှုန်သာရဲ့ကားမို့

"ဟယ် မမရွှေမှုန်"

ဝါဂွမ်း ထိုင်နေရာက ဆတ်ခနဲထရပ်ကာ အိမ်ပေါ်က ဆင်းခဲ့ ... မမရွှေမှုန်လည်း ကားတံခါးဖွင့် ဆင်းလာ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့ ဝါဂွမ်း နားရက်ပေါ့"

"ဟုတ်တယ် မမ ဒီတစ်ရက် ဝါဂွမ်း နားရက်လေ"

"မမတော့ ညနေ ဂျူတီဝင်ပေးရမှာ ဝါဂွမ်းကို ပေးစရာလေး ရှိလို့ ဝင်လာတာ"

ပြောရင်း ကားနောက်ခန်းကို မမရွှေမှုန် ဆွဲဖွင့်ကာ ပလပ်စတစ် လက်ဆွဲအိတ်တွေကို လှမ်းယူ၏။

"ဘာတွေလဲ မမရွှေမှုန်"

"အဝတ်အစားတွေလေ ဝါဂွမ်းနဲ့ တော်မယ်ထင်တာတွေ မမ ရွေးယူလာတာ မမဝတ်ပြီးသားတွေ ဆိုပေမယ့် အကောင်းကြီးတွေပဲ ရှိသေးတယ်၊ တချို့ဆို မမတောင် မဝတ်ဖြစ်သေးတာတွေ"

"အို မမရယ် အားနာစရာ"

"အားနာစရာမှ မဟုတ်တာ၊ မမက ဝါဂွမ်းကို ဝတ်စေချင်လို့ ယူလာတာပါကွယ်"

ပြောရင်း ဆွဲအိတ်နှစ်လုံးကို လက်နှစ်ဖက်က ဆွဲကိုင်ထား... မှ ဝါဂွမ်း အားတုံ့အားနာ လှမ်းယူလိုက်ရ၏။

"မမရယ် အများကြီးပါလား၊ အားနာလိုက်တာ"

"ဝါဂွမ်း ပေါပေါများများ ဝတ်စေချင်လို့ပါကွယ် ဪ အန်... နေကောင်းတယ်နော်"

မမရွှေမှုန်ကပြောရင်း အိမ်ပေါ်က ဆင်းလာသော အမေ့... မြင်ကာ ပြုံးပြနှုတ်ဆက်၏။

"အင်း ဒီလိုပါပဲ သမီးရယ်၊ ဝါဂွမ်း ပေးလေ အမေပါ ဝိုင်း...

...ပ်ပေးမှာပေါ့"

ဝါဂွမ်းလက်ထဲက အိတ်တွေကိုမြင်တော့ အမေ့မျက်နှာက ရွှင် ...သွားတာ အထင်အရှား။ မမရွှေမှုန်က ပေးတတ်သူဆိုတော့ အမေ ...ဘာကျနေခဲ့တာ မဆန်းတော့မဆန်းပါ။

"လာ သမီး အိမ်ပေါ်တက်ဦးလေ တစ်ခုခုသောက် ဟိုတစ်ခါ ...ပေးတဲ့ အိုဗာတင်းတွေ ဖျော်တိုက်မယ်"

"နေ နေ အန်တီ ရွှေမှုန်ဘာမှ မသောက်ပါဘူး ရပါတယ်"

"ထိုင်ပါ မမရွှေမှုန် ဟိုလေ ဝါဂွမ်းတို့အိမ်က မပြည့်စုံတော့ ...ကို ဧည့်မခံနိုင်တာ အားနာတယ်"

"မလိုပါဘူး ဝါဂွမ်းရယ်၊ ဒီလူတွေချင်း အားနာစရာလား"

ပြောရင်း မမရွှေမှုန်က ကြိမ်ကုလားထိုင်လေးမှာ ဝင်ထိုင်သည်။ ...ဝါဂွမ်းနားရက်မို့ အိမ်ကို ရှင်းလင်းထားချိန်မှာ မမရွှေမှုန် ရောက် ...ာ တော်သေးသည်။ နို့မို့ဆိုလျှင် ဧည့်ခန်းလေးထဲမှာ ရှုပ်ပွနေတာ ...ရွှေမှုန် မြင်သွားနိုင်သည်။

အမေ မျက်ဝန်းတွေက ပလပ်စတစ် အိတ်နှစ်အိတ်ထဲက ...တွေကို တကြည့်ကြည့်နှင့် မျက်ဝန်းတွေ မခွာနိုင်အောင် ဖြစ်နေ၏။

"ဝါဂွမ်း မေမေက ငယ်ငယ်ပဲ ရှိသေးတာပဲနော်၊ ဒါနဲ့ အန်တီ ...ဘယ်လောက် ရှိပြီလဲဟင်"

"ဘယ်ငယ်တော့မလဲ သမီးရယ် အန်တီအသက်က လေးဆယ့် ...နှစ်ရှိပြီကွဲ့"

"လေးဆယ့်ခြောက် ငယ်သေးတာပေါ့ အန်တီ့ရဲ့ မေမေ့တောင်





www.burmeseclassic.com

www.burmeseclassic.com



ငါးသယ်ကျော်နေပြီ''

''သမီးအမေလား အင်းလေ ချမ်းသာပြည့်စုံတော့ အရွယ်ထက် ...နုက်ကြီ ...

ကျန်းမာတာပေါ့၊ အန်တီတို့ကတော့ မပြည့်စုံတော့ ရောဂါရှိရင်တော ... ဆေးကောင်းကောင်း မကုနိုင်ပါဘူးကွယ်''

အမေ့ကို ဝါဂွမ်း စိတ်ညစ်သွားမိသည်။ ကိုယ့်အပေါ် စေတ... တွေ ပြည့်ဝရက်ရောနေသော မမရွှေမှုန်အပေါ်မှာ အမေဘာတွေ အ... အရေးယူချင်နေပြန်သည်လဲ မသိ။

''အခု အန်တီနေကောင်းတယ် မဟုတ်လား၊ ဘာရောဂါ ခံ... နေရလို့လဲဟင်''

''အန်တီလား လူကသာ နေကောင်းနေတယ်ထင်တာ ... တလော အစာအိမ်လား လေထိုးလေအောင့်ဟာလား မပြောတတ်... ဗိုက်ထဲမှာ အစာစားပြီးရင် အောင့်ချင်တယ်၊ နှလုံးအားနည်းတာလ... ပါမယ်ထင်တယ် မောတယ်ကွဲ့၊ အရင်ကလည်း ရင်ကျပ်ဖူးတော့... အကြောတွေတက်ပြီး ညောင်းတာကလည်း ညတိုင်းပဲ၊ အသက်ကြီး... မျက်စိမှုန်ချင်နေပြီ မျက်မှန်လေး လုပ်ချင်ပေမယ့် မလုပ်ဖြစ်သေး...

အမေရွတ်ပြနေသော ရောဂါဝေဒနာတွေက တစ်သီတ... ကြီးမို့ မမရွှေမှုန်သာ မျက်နှာလေးတောင် ပြုံးယောင်သမ်းသွား...

ဝါဂွမ်းကတော့ ကြားထဲက မျက်နှာပူချင်နေသည်။ အ... တော့ မုသာဝါဒကံကို အလွယ်တကူ ကျူးလွန်ပြနေပြီဟု သိ...

''ဒါဆိုရင် အန်တီ ဆေးရုံကို ဝါဂွမ်းနဲ့ တစ်ရက်လို... လား၊ လိုအပ်တဲ့ ဆေးစစ်မှုတွေလုပ်မယ်၊ ဆေးဝါးတွေ သော...





...သောက်ရမယ်၊ မျက်စိအတွက်တော့ စမ်းသပ်ပြီး မျက်မှန်လုပ်လို့ရပါတယ် ...နက်ကြီရဲ့''

''အမလေး မကတတ်နိုင်ပါဘူး သမီးရယ်၊ ဆေးကုသစရိတ် ...တတ်နိုင်ပါဘူးကွယ်''

''အဟင်း အန်တီပိုက်ဆံ တစ်ပြားမှ မယူလာပါနဲ့ ရွှေမှုန် ...သိုလ်ဒါနပြု အကုန်ကျခံပေးမှာပါ ဟုတ်လား''

''ဟင် ဟုတ်လား သာဓု သာဓုပါ သမီးလေးရယ်''

အမေ့အကြောင်း ဘာမှမသိသော မမရွှေမှုန်ကတော့ အမေ့ကို ...ညီပေးဖို့ တာဝန်တွေယူနေသည်။

မမရွှေမှုန် ဒါနပြုလုပ်ပေးသော မျက်မှန်ရလျှင်တော့ အမေ ...ကောင်းကစားဝိုင်းက ထမှာမဟုတ်တော့ပါ။ တစ်နေကုန်ထိုင် ဖဲကစား ...သက် အကြောတွေတက်လျှင်တော့ အမေသောက်ဆေးတွေ အားဆေး ...တွေ အားကိုးတော့မှာ သေချာသည်။

တစ်ပါးသူဆီက တစ်ခုခု ရယူဖို့ဆိုလျှင် အမေသည် ဘယ်အရာ ...ကို အလွတ်မပေးတတ်ပါလား။

အမေနဲ့တော့ ကြာရင် ဝါဂွမ်းကြားက အားနာ မျက်နှာပူရ ...တော့မှာ သေချာသည်။

မလွယ်ပါလား အမေရယ်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

မနက်ကတည်းက ဝါဂွမ်း နုံးချိချိ ဖြစ်နေခဲ့သည်။ ဘာမှ
ချင်စိတ်လည်း မရှိတာမို့ မနက်က ဘာမှ မစားခဲ့ပါ။

ခွင့်ရက်လည်း မယူချင်တာမို့ ဆေးခန်းကိုတော့ ရောက်အော
လာခဲ့လိုက်သည်။

ဆေးခန်းရောက်တော့လည်း ကိုယ့်တာဝန်တွေကို ကျေအေ
မပြတ်လုပ်နေလိုက်သည်။ ကိုယ့်အလုပ်မှာပဲ ဝါဂွမ်း ပျော်သည်။ အိမ်
နေလျှင် အမေနှင့် စကားများရမှာ သေချာ၏။

ဝါဂွမ်း နားရက်တိုင်း အမေ့ကို အိမ်မှာနေတာ မတွေ့ရ
ဘယ်အိမ်မှာ ဖဲရိုက်နေသည် မသိပါ။ ညနေစောင်းမှ ပြန်လာတတ်သည
ညီမလေးနှင့် မောင်လေးအိမ်ပြန်ရောက်လာလျှင် အမေ
လုပ်နေပုံနှင့်မလွှယ်ပါ။ ဝါဂွမ်းပြောတော့ ရန်ဖြစ်ရတာပဲ အဖတ်တင်သ





အမေကတမှောင့်၊ နောက်ထပ်ဒုက္ခပေးသူက ကျော်မောင်မောင်
ပဲ ဖြစ်သည်။ဟိုတစ်ခါ ဝါဂွမ်းကို ကားတင်ပြေးဖို့ ကြိုးစားခဲ့ကတည်းက
ဝါဂွမ်း သတိထားနေရသည်။

ဝါဂွမ်း အိမ်မှာရှိနေလည်း ကျော်မောင်မောင် ရောက်လာမှာ
မို့လည်း ဝါဂွမ်း အိမ်မှာ မနေချင်ပါ။

"ဝါဂွမ်း ပြီးသွားပြီလား"

"ဟုတ်ကဲ့ ဆရာမကြီး ဝါဂွမ်းကို ဘာခိုင်းစရာရှိလို့လဲ ဟင်"

"စတိုခန်းထဲက ပစ္စည်းတွေ နန်းခိုင်လေးတို့နဲ့အတူ ရှင်းလင်း
ပေးလိုက်ပါဦး"

"ဟုတ်ကဲ့ ဆရာမကြီး"

ဝါဂွမ်း စတိုခန်းဘက်ကို ထွက်ခဲ့လိုက်သည်။ ဆေးရုံသုံး ပစ္စည်း
တွေထားသော စတိုခန်းထဲရောက်တော့ နန်းခိုင်တို့သုံးယောက် ရှင်းလင်း
သိမ်းဆည်းနေတာ တွေ့သည်။

ဝါဂွမ်းလည်း သူတို့နှင့်အတူ ဝိုင်းကူသိမ်းဆည်း ပေးနေလိုက်
သည်။

ဗီရိုထဲက မွေ့ရာခင်းတွေကို ညီညာအောင်ထပ်ပြီး ပြန်အလှည့်
မှာ လူက မိုက်ခနဲ မူးဝေသွား၏။

"ဟင် ဝါဂွမ်းဖြူ ဘာဖြစ်လို့လဲ"

နန်းခိုင် လှမ်းမေးတာကို ဝါဂွမ်း မဖြေနိုင်ခဲ့။ တရိပ်ရိပ် မူးဝေ
လာကာ ရင်ထဲမှာ ပျို့တက်ချင်လာ၏။

ဗီရိုကို လှမ်းထိန်းကိုင်ထားတာမို့ လူက လဲကျမသွားပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးတွေ ပြာဝေနေ၏။ တစ်မနက်လုံး ဘာအစာမှ မရှိတာကြောင့် မူးလားဟု တွေးနေဆဲမှာ နန်းနိုင်တို့တွေ အနားရောက်လာကာ ဝါဂွမ်းကို ထိန်းကိုင်ပေးထားကြသည်။

''ဝါဂွမ်းဖြူ''

ပြာဝေ မူးမိုက်သွားသော အသိတရားတွေ ကင်းစင်သွားခဲ့ချိန်မှာ ဝါဂွမ်း ဘာမှ မသိလိုက်ခဲ့ပါ။

■ ■ ■

''ဝါဂွမ်း မင်းတို့ကို ညာထားတာပဲ''

''ရှင်''

ဝါဂွမ်းကို စူးစူးနစ်နစ်လေး စိုက်ကြည့်ရင်း ပြောလာသော မမရွှေမှုန် စကားကြောင့် ဝါဂွမ်း နားမလည်နိုင်အောင် ဖြစ်သွားခဲ့တာ အမှန်ဖြစ်သည်။

စတိုခန်းထဲမှာ ဝါဂွမ်း မူးဝေသွားတာကို နောက်ဆုံးမှတ်မိသည်။ ဝါဂွမ်း သတိလစ်သွားခဲ့တာထင်၏။ အခုတော့ ဝါဂွမ်း ရောက်နေတာ ခုတင်တစ်ခုပေါ်မှာဖြစ်သည်။

မမရွှေမှုန်၏ စွပ်စွဲစကားတွေကို ဝါဂွမ်း သတိရချင်း ကြားရတာ နားမလည်နိုင်ပါ။

''ဝါဂွမ်း ဘာကိုညာမိလို့လဲ မမရယ်၊ ဝါဂွမ်း ဘာမှမညာရပါဘူးရှင်''

''ကြည့် အခုအထိတောင် ညာနေတုန်းပဲလား''

''မမ ဘာကိုပြောတာလဲဟင်၊ ဝါဂွမ်း နားမလည်တော့ဘူး။





ဂွမ်း မနက်ကတည်းက နေမကောင်းဘူး၊ ဘာမှလည်း စားချင်စိတ် ရှိလို့ စားမထားဘူး၊ အဲဒါကြောင့် မူးလဲသွားတာဖြစ်မယ်''

ဝါဂွမ်း ဖြေရှင်းချက်ပေးတာကို မမရွှေမှုန်က အပြုံးယဲ့ယဲ့လေးနှင့် ခေါင်းခါနေသည်။ ပြီးမှ

''ဝါဂွမ်း ဝါဂွမ်း မူးလဲတာ အားနည်းနေတာလည်းပါတယ်၊ ပြီးတော့ ဝါဂွမ်းမှာ ကိုယ်ဝန်ရှိနေလို့ပဲ''

''ရှင်''

''ကဲ ပြော မင်းမှာချစ်သူရည်းစားရှိတယ်မို့လား၊ ဒီအချိန်မှာ နှင်လိမ်ညာထားလို့ မရတော့ဘူး ဝါဂွမ်းလေးရဲ့''

မမရွှေမှုန် လေသံတွေက ဝါဂွမ်းကို ကရုဏာဒေါသောနှင့် အပြစ်တင်သံတွေဆိုတာ ဝါဂွမ်း နားလည်ပါသည်။ ဝါဂွမ်း မယုံနိုင်အောင် တုန်လှုပ်ချောက်ချားခြင်းနှင့်အတူ ချက်ချင်း ဘာစကားမှ မဆိုနိုင်ခဲ့ပါ။

ရင်ထဲမှာ မွန်းကြပ် ပူလောင်မှုတွေနှင့်အတူ နှုတ်ခမ်းလေးတွေ ဆောင် တဆတ်ဆတ် တုန်လာသည်။

ဝါဂွမ်းဘဝမှာ တစ်ကြိမ်သာ ရင်ဆိုင်ကြုံတွေ့ခဲ့ရသော ကြမ္မာ ဆိုးကြီးက ဒီအခြေအနေထိတောင် ဖြစ်ခဲ့သည်လား။

''ဝါဂွမ်း မမကို အမှန်အတိုင်းပြောနော်၊ အခု ဝါဂွမ်းချစ်သူက ဘယ်မှာလဲ၊ ဒီအခြေအနေရောက်မှတော့ ဖြစ်သင့်တာကို ဝါဂွမ်း လုပ်သင့် ပြီ သိလား''

ဝါဂွမ်း ခေါင်းလေးခါရမ်းရင်း မျက်ရည်တွေ စီးကျလာသည်။ လိုအခြေအနေဆိုးကြီးတွေ ရင်ဆိုင်ရလိမ့်မည်ဟု ဝါဂွမ်း ကြိုမတွေး

www.burmeseclassic.com



ထားမိခဲ့ပါ။ အခုတော့

"ဝါဂွမ်း ဘာလို့ငိုရတာလဲ၊ ဒါ ငိုစရာမဟုတ်ဘူး၊ မမရွှေမှုန့်ကို ပြောစမ်း၊ ဘာအခက်အခဲရှိလဲ၊ မမ ကူညီပေးမှာပေါ့ ဟုတ်လား"

မမရွှေမှုန် နှစ်သိမ့်စကားတွေကို ဝါဂွမ်း ကြားနေရပေမယ့် ဘယ်လိုမှ မဖြေသိမ့်နိုင်ခဲ့ပါ။

"ဝါဂွမ်း ဘယ် ဘယ်လိုရှင်းပြရမှန်းတောင် မသိတော့ပါဘူး မမရယ်၊ ဝါ ဝါဂွမ်း လောကကြီးထဲမှာ ဆက်အသက်ရှင်ချင်စိတ်တောင် မရှိတော့ဘူး မမရယ်"

"အို မဟုတ်တာကွယ် မမကိုပြောစမ်းပါ ဝါဂွမ်း အိမ်ထောင်ရှိရက်နဲ့ မရှိဘူး ညာထားတာလား၊ လင်မယားချင်း ကွဲနေတာလား ဒါမှမဟုတ် ချစ်သူဘဝနဲ့ပဲ လွန်ကျူးခဲ့ကြတာလား၊ အခုချိန်မှာ အမှန်ကို ဝါဂွမ်း ပြောသင့်နေပြီ ကိုယ့်အတွက်ရော ကလေးအတွက်ပါ အကောင်းဆုံးဖြစ်အောင် ပြင်ဆင်ရမယ် ဟုတ်ပြီလား"

"ဟင့်အင်း မဟုတ်ဘူး မမ၊ ဝါဂွမ်းမှာ အိမ်ထောင်မရှိပါဘူး ချစ်သူလည်း မရှိပါဘူး၊ ဝါဂွမ်း စကားကို ယုံပေးပါ အဟင့် ဟင့်"

ပြောရင်း ဝါဂွမ်း ရှိုက်ငိုနေတော့ မမရွှေမှုန် ခုတင်စွန်းမှာ ဝင်ထိုင်သည်။ ပြီးတော့ ဝါဂွမ်း ပခုံးလေးကို ဆုပ်ကိုင်ရင်း နှစ်သိမ့်သည်။

"ဝါဂွမ်း ဘာတွေဖြစ်ပျက်ခဲ့တယ်ဆိုတာ မမ သိရမှ မမ အကြံပေးလို့ရမှာပေါ့ကွယ်၊ ဟုတ်လား ဒီတော့ စိတ်အေးအေးထားပြီး မမကိုပြောပြနော်"

အခုချိန်မှာ ဝါဂွမ်းအတွက် ရင်ဖွင့်ဖော်သည် မမရွှေမှုန်တစ်





ယောက်ပဲ ရှိတော့သည်။

ဆိုးရွားလှသော ကံကြမ္မာရဲ့ မုန်တိုင်းဒဏ်ကို ဝါဂွမ်း ရင်ဆိုင်ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်ကြီးက အာရုံထဲ ပြန်လည်ဝင်ရောက်လာခဲ့သည်။

အမေကိုတောင် မပြောပြဖြစ်ခဲ့သော ဝါဂွမ်းဘဝရဲ့သွေးပျက်ချောက်ချားစရာ အဖြစ်အပျက်ကြီးကို မမရွှေမှုန်ကိုပဲ ဖွင့်ဟဝန်ခံမိတော့၏။

ဝါဂွမ်း ပြောသမျှ မမရွှေမှုန် တည်တည်ငြိမ်ငြိမ်လေး ငြိမ်သက်နားထောင်ပေးပြီးမှ

"အင်း ဝါဂွမ်းရယ် ညီမလေး အဖြစ်က ဆိုးလိုက်တာကွယ်၊ ဘာပဲဖြစ်ဖြစ် ဝါဂွမ်း အဲဒီယောက်ျားဆီပြန်သွားပြီး သူ့ကိုလက်ထပ်ယူဖို့သွားပြောပါ"

"မ မဖြစ်နိုင်ဘူးထင်တယ် မမရွှေမှုန်၊ သူ ဝါဂွမ်းကို လုံးဝလက်ထပ်ယူမှာမဟုတ်ဘူး"

"ဘာလို့ လက်မထပ်ရမှာလဲ၊ ဒီကိစ္စမှာ သူ့တာဝန်ရှိတယ်လေ၊ နှစ်ယောက်စလုံး မသိလို့ မှားယွင်းကြတယ်ပဲဆိုဆို ဒါ ဖြစ်သင့်တဲ့နည်းလမ်းပဲ"

မမရွှေမှုန်ကတော့ ယတိပြတ်ပြောသည်။ ဝါဂွမ်းမှာတော့ ဘယ်လိုမှ မဖြစ်နိုင်ဟုထင်၏။ တကယ်ဆို သူသည်လည်း ဝါဂွမ်းကို သူ့ချစ်သူနှင့် ထင်မှတ်မှားခဲ့ခြင်းဆိုတာ ဝါဂွမ်း သိထား၏။

"သူ့မှာချစ်သူရှိတယ် မမရွှေမှုန်၊ အဲဒီညက ဝါဂွမ်းအပေါ်



www.burmeseclassic.com

www.burmeseclassic.com



သူမှားခဲ့တာ သူ့ချစ်သူအမှတ်နဲ့ မှားခဲ့တာပါ၊ သူလည်း အမှုလွန်နေတယ် ဝါဂွမ်းလည်း အသိစိတ်ပျောက်အောင် မူးဝေနေခဲ့တာပါ''

''မဟုတ်သေးဘူး ဝါဂွမ်း ဘယ်သူအမှတ်နဲ့ပဲမှားမှား သူ့မှာ တာဝန်ရှိတယ်၊ ဒါကိုတော့ ငြင်းခွင့်မရှိဘူး၊ ဒါကိုမှ ဒီယောက်ျားက ငြင်းဆန်ရင် ဝါဂွမ်းရှေ့က မမ မားမားမတ်မတ် ရပ်တည်ပေးမယ်''

မမရွှေမှုန်က ဝါဂွမ်းဘက်က ရှိနေတာ ဝါဂွမ်း အပြည့်အဝ ယုံကြည်ပါသည်။ ဒါပေမဲ့ ဝါဂွမ်း ပြဿနာမှာ မမရွှေမှုန် မပါစေချင်ပါ။ ပြီးတော့ သူ့အပေါ်မှာ ဝါဂွမ်း ပြောထားခဲ့သောစကားတွေလည်း ရှိခဲ့ဖူးသည်။

ဖြစ်ပျက်ခဲ့သမျှတွေကို ပါဂွမ်းကော သူပါ မေ့ပစ်ထားဖို့ ကတိပေးခဲ့သည်။

အခုမှ ဝါဂွမ်း ဘက်က ဒီအခြေအနေတွေကို ပြောဖို့ဆိုတာ မသင့်ဟုထင်သည်။ ဒီကိုယ်ဝန်ကို ဝါဂွမ်း ရယူကာ သူ့ကိုအပိုင်ကိုင်တာဟု ထင်သွားနိုင်သည်။

''ဝါဂွမ်း ညီမလေး မမပြောတာကို နားလည်တယ်နော်''

''ဟုတ် ဟုတ်ကဲ့''

''ဟုတ်ပြီ ဒါဆို မမပြောသလို သူနဲ့သွားတွေ့ပါ၊ သူက ငြင်းခဲ့ရင် မမကိုယ်တိုင် လိုက်ရှင်းပေးမယ်၊ ယောက်ျားတစ်ယောက်ဆိုတာ ကိုယ့်တာဝန်ကို ယူရမှာပဲလေ''

ဝါဂွမ်း ခေါင်းညိတ်လိုက်ရပေမယ့် ဒီအခြေအနေတွေအထိ မဖြစ်စေလိုပါ။ မမရွှေမှုန်က အကြောင်းမဟုတ်ပေမယ့် အမေက တကယ့်





ပြဿနာဖြစ်သည်။

သူ့ရဲ့ပြည့်စုံချမ်းသာမှုတွေကို အမေသိခဲ့လျှင်. . .။

သိက္ခာတရားမဲ့သော အလုပ်တွေကို လုပ်ဖို့အတွက် အမေ တွန့်ဆုတ်နေမှာမဟုတ်။

ဝါဂွမ်း ရင်တွေမောလိုက်တာ။

■ ■ ■

www.burmeseclassic.com

## အခန်း (၁၉)

"ငါ့ကိုပြောစမ်း ဝါဂွမ်း အဲဒီကောင်က ဘယ်ကကောင်လဲ၊ ဒီကိစ္စကို သူက ဘယ်လိုပုံစံနဲ့ တာဝန်ယူပေးမှာလဲ"

"တိုးတိုးပြောပါ အမေရယ်၊ ဘေးအိမ်တွေ ကြားသွားပါ့မယ်"

ဒေါသသင့်နေသော အမေ့အသံ ကျယ်ကျယ်လောင်လောင် ဖြစ်နေတာမို့ ဝါဂွမ်း တီးတိုးတားမိတော့ အမေ မျက်နှာမဲ့ချပစ်ရင်း

"အခုကျတော့ ရှက်သလား၊ လူမသိ သူမသိ ကျူးလွန်ခဲ့ကြ တုန်းကတော့ ရှက်ရကောင်းမှန်း မသိဘူးမဟုတ်လား"

ဝါဂွမ်း တားကာမှ ပိုဆိုးလာသည်။ မျက်ရည်တွေကြားကပဲ ဝါဂွမ်း အမေအပြစ်တင်သမျှ ခေါင်းငုံ့ခံဖို့ ဆုံးဖြတ်လိုက်၏။

"အဲဒီကောင်က အခြေအမြစ်မရှိတဲ့ အတန်းအစားထဲကဆိုရင် တော့ ဒီကလေးကော ညည်းပါ လူပြည်မှာ ဆက်အသက်ရှင်သန်မနေနဲ့





...တော့ ဘယ့်နှယ်တော် ပြောတော့ မိုးလားကဲလားနဲ့ မိန်းမတစ်ယောက်ရဲ့ ...သိက္ခာကို ခေါင်းပေါ်ရွက် ဟန်ရေးပြနေပြီး တကယ်လုပ်တော့ ရစရာ ...အောင် စုတ်ပဲ့လွန်းတဲ့အလုပ်"

အမေပြောသမျှ ဝါဂွမ်း အံကြိတ်ခံသည်။ တကယ်ဆိုလျှင် ...မ်း ကံဆိုးလွန်းခဲ့တာပါ။

"အပျွန့် စားသောက်ဆိုင်မှာ ရှုပ်ထွေးအောင် သီချင်းဆိုနေကြတဲ့ ...ကလေးတွေက ညည်းလို ဗိုက်ထွက်မလာတဲ ဒီအလုပ်ကို မလုပ်ချင် ... ရှက်ပါရဲ့လို့ ငြင်းနေခဲ့တဲ့ညည်းက ဗိုက်တစ်လုံး လူမသိသူမသိပေါ် ...ပါလား။ ရှက်ဖို့ကောင်းလိုက်တာ ဝါဂွမ်းရယ်၊ ငါ့မျက်နှာကြီး ရပ်ကွက် ...ကို ဘယ်လိုမျက်နှာပြရမလဲ"

ဝါဂွမ်း ငြင်းဆိုခဲ့တုန်းကသာ အမေ ဖွတ်မတိုက်တွန်းလျှင် ...အခြေအနေတွေ ကြုံလာစရာမရှိဘူးလို့လည်း ဒီအချိန်ကျမှ မပြော ...တော့ပါ။ အရာရာသည် ဝါဂွမ်းရဲ့ကံသိုလ်ကံမကောင်းမှုတွေကြောင့် ...

"ကဲ ပြောစမ်း မိဝါဂွမ်း ညည်းဘာလုပ်မှာလဲ၊ ဘယ်လိုရှင်းမှာ ..."

"ဝါဂွမ်း ပြဿနာကို ဝါဂွမ်းဘာသာ ရင်ဆိုင်ဖြေရှင်းပါ့မယ် ...အမေရယ်"

"ညည်းက ဘယ်လိုရှင်းမှာလဲ အဲဒီကောင်ကို လက်ထပ်ယူမှာ ...။ ငါပြောပြီးသားနော် အခြေအမြစ်မရှိတဲ့ကောင်ကိုတော့ ငါ့အိမ်ပေါ် ...မတင်နိုင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



စကားအဆုံးမှာ အမေ ဆတ်ခနဲထကာ အိမ်ခန်းထဲက ခြေဆောင့်ထွက်သွားခဲ့သည်။

ဝါဂွမ်း ရင်ထဲမှာ ဝမ်းနည်းခြင်းတွေ လှိုက်တက်လာသည်။ အမေသည်သာ ဝါဂွမ်းရဲ့အမေရင်းဆိုလျှင် ဒီလို ရက်စက်စွာ ပြောထွက်ပါ့မည်လား။

မိထွေးဆိုပေမယ့် အမေရင်းလို ဝါဂွမ်းချစ်ခဲ့တွယ်တာခဲ့ပေမယ့် အမေကတော့ ဝါဂွမ်းအပေါ် သံယောဇဉ်ကင်းမဲ့လွန်းသည်။

အခုပဲ အမေ့စကားတွေက စိမ်းပြတ်လွန်းသည်။

ဝါဂွမ်း ပြဿနာကို အမေ ခေါင်းရှောင်ခဲ့တာ ကလေးအဖေက ကလေကချေတစ်ယောက်ဟု ထင်တာကြောင့်ဖြစ်သည်။ ပြည့်စုံချမ်းသာသောသူတစ်ယောက်ဆိုတာသာ အမေသိလျှင် အခြေအနေက ပြောင်းသွားနိုင်သည်။

ဒါပေမဲ့ အမေ့ကို ဝါဂွမ်း မပြောရဲပါ။

အာရုံထဲမှာ ပြေးမြင်မိတာ အထင်ကရ ဆိုသော ယောကျ်ား၏မျက်နှာကိုပဲဖြစ်သည်။

ဝါဂွမ်း ဒီအကြောင်းတွေကို ပြောဆိုတောင်းပန်လို့လည်း အထင်ကရ ဘက်က ခါးသီးစွာငြင်းဆိုမှာ သေချာသည်။

မမရွှေမှုန် ပြောသလို တာဝန်ယူပေးဖို့ဆိုတာ အထင်ကရဘက်က လက်ခံနိုင်မှာမဟုတ်ပါ။ ဝါဂွမ်းအပေါ်မှာ သူ့ရဲ့အမြင်တွေက အထင်သေးမှုတွေနှင့် ရောပွမ်းနေမှာ ဝါဂွမ်း သိသည်။

သူ့ရဲ့သံသယအကြည့်တွေနှင့် စွပ်စွဲလာမည့်စကားတွေကိုလည်း

စိုးမိုး၊ စာဝေမှု



ဝါဂွမ်း မကြားရဲပါ။

အခုချိန်မှာ ဝါဂွမ်းအတွက် အလိုအပ်ဆုံးက အရာရာကိုရင်ဆိုင်နိုင်ဖို့ ခွန်အားတစ်ခုပါပဲ။

မမြင်ရသေးပေမယ့် ဝါဂွမ်းဝမ်းထဲက ရင်သွေးလေးအတွက်တော့ ဝါဂွမ်း မိခင်စိတ်လေးနှင့် မေတ္တာတွေ ဖြာဝေနေမိတာအမှန်။

အထင်ကရ ဆိုသော သူနှင့်တော့ ဝါဂွမ်းတွေ့ဖို့လိုအပ်မှာ နားလည်ထားသည်။ ဒါကလည်း သူ၏တာဝန်သိစိတ်ကလေးနှင့် တုံ့ပြန်သာမည့် လျော်ကြေးငွေအတွက်မဟုတ်ပါ။

ဝါဂွမ်း မက်မောလိုချင်တာ ငွေကြေးမဟုတ်ပါဘူး။ ရင်သွေးလေးအတွက်အရေးကြီးဆုံး လိုအပ်မှုအတွက်ပါပဲ။

ဒါကို ရှင် နားလည်ပေးနိုင်မယ် ထင်ပါတယ် အထင်ကရရယ်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

"ဘာ ဘာပြောတယ် မင်းမှာ ကိုယ်ဝန်ရှိနေတယ် ဟုတ်လား"

အထင်ကရ မယုံနိုင်စွာ အထိတ်တလန့် အော်လိုက်မိသည်။ သူ့ရှေ့မျက်နှာချင်းဆိုင် ထိုင်ခုံမှာ ကျုံ့ကျုံ့လေးထိုင်နေသော ဝါဂွမ်းဖြူဖြူ က ခေါင်းလေးငုံ့ ငြိမ်သက်နေဆဲ။

အထင်ကရ ရင်ထဲမှာ မီးတောင်ကြီး ပေါက်ကွဲသလို ပူလောင် သွားခဲ့ရတာ အမှန်ဖြစ်သည်။

ဒီကောင်မလေး ခြံရှေ့ကိုရောက်လာသည်ဆိုကတည်းက ... စိုးရိမ်သွားခဲ့ရတာ အမှန်ဖြစ်သည်။ နှစ်လလောက်ကြာပြီးမှ ရောက်လာ သည်ဆိုကတည်းက စိတ်ထဲက ထင့်ခနဲ ဖြစ်နေခဲ့၏။

အခုတော့ ကောင်မလေး သယ်ဆောင်လာသော ပြဿနာကြီး က သူ့ငယ်ထိပ်ကို ဆယ်ပေါင်တူနှင့်ထုချလိုက်သလိုပါပဲ။





"မင်း မင်း ငါ့ကိုဒုက္ခပေးဖို့ ရောက်လာတာပဲ"

"မ မဟုတ်ပါဘူး အစ်ကို၊ ဝါဂွမ်း အစ်ကို့ကို အသိပေးဖို့လာ တာပါ"

ကောင်မလေး အသံတုန်တုန်လေးနှင့်မော့ကြည့်ကာပြောသည်။ ...င်းမွတ်နေသော မျက်နှာလေးက ဖြူစင်ရိုးသားရိပ်တွေ ထင်နေပေမယ့် အထင်ကရ ဘယ်လိုမှ လက်မခံနိုင်ပါ။

"အစီပွါယ်မရှိတာ မင်းကိုယ်ဝန်ရှိတာ ငါ့ကြောင့်လို့ ဘာလို့ ...ပ်အပ်စွပ်စွဲနေတာလဲကွ"

ဝါဂွမ်း ရင်ထဲမှာ နင့်နင့်သီးသီး ခံစားလိုက်ရသည်။ ဒီလိုနာကျင် ...ရာစကားတွေ ကြားရမည်ဆိုတာ ဒီခြံထဲကို ခြေမချခင်ကတည်းက ...ကြိုတင်မျှော်လင့်ပြီးသားဖြစ်သည်။

ဝါဂွမ်း စကားကို လက်မခံနိုင်စွာ ခါးခါးသီးသီး ငြင်းနေသော ...အထင်ကရ၏ မျက်ဝန်းတွေထဲမှာ သံသယနှင့်ရွံရှာစက်ဆုပ်မှုတွေက အထင် ...အရှားပါပဲ။

"ဝါဂွမ်း ဘယ်သူ့ကိုမှ မလိမ်ညာခဲ့ဖူးပါဘူး အစ်ကို၊ ဝါဂွမ်း ...ဘာလို့ တပ်အပ်ပြောနိုင်သလဲဆိုတော့ ဝါဂွမ်း အရွယ်ရောက်ကတည်းက ...အခုချိန်ထိ တစ်ညတာအတူ အိပ်စက်ဖူးခဲ့တဲ့ယောကျ်ားက အစ်ကို ...တစ်ယောက်ပဲရှိခဲ့ဖူးပါတယ်"

အထင်ကရ အံကိုကြိတ်ရင်း ခေါင်းခါမိသည်။ သူ့ရှေ့မှာရှိနေ ...သော ဝါဂွမ်းဖြူဖြူ စကားတွေက ရှိုက်သံတွေနှင့် တုန်ခါကာ မျက်ရည် ...တွေ စီးကျနေ၏။

ငိုး မိုး ၀၁၄ပ

www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲမှာ စာနာစိတ်နှင့် အထင်ကရ သနားမိပေမယ့်လည်း ဒီပြဿနာကြီးကို ဘယ်လိုမှ လက်မခံနိုင်ပါ။ သူနှင့်ရွှေမှုန်သာတို့တာဝလေး… ကို ပျက်စီးစေမည့်ပြဿနာကြီး။

"မင်း မင်းဘာရည်ရွယ်ချက်နဲ့ ငါ့ဆီပြန်လာတာလဲ၊ ဒီကိစ္စ… ငါ ဘယ်လိုမှ လက်မခံနိုင်ဘူး"

"ဝါဂွမ်း လာပြောပြတာ အစ်ကို့ကို တာဝန်ယူခိုင်းတာ မဟုတ်… ပါဘူးရှင်၊ လောကထဲကို အစ်ကို့သွေးသားအဖြစ်နဲ့ ဖြစ်တည်လာမယ့်… ကလေးတစ်ယောက် ရှိနေတာ သိစေချင်လို့ပါ၊ ပြီးတော့ အပြစ်မဲ့… ဝါဂွမ်းရဲ့ရင်သွေးလေးအတွက် အဖေဆိုတာ လိုအပ်လို့ပါရှင်"

"ဘာကွ ငါက မင်းကိုလက်ထပ်ယူပေးရမယ်လို့ ဆိုချင်တာ… လား၊ ဘယ်လိုမှ မဖြစ်နိုင်ဘူး ငါ့ဘဝရဲ့လက်တွဲဖော်ကို ငါ့စိတ်ကြိုက်ရွေး… ချယ်ထားပြီးသား၊ အဲဒီလက်တွဲဖော်က မင်းလိုပုံစံမျိုးမဟုတ်ဘူး၊ အ… ဓတန်ထက်မြက်ပြီး ဂုဏ်သိက္ခာနဲ့ထည်ဝါနေတဲ့ မိန်းကလေးကွ"

ဝါဂွမ်း မျက်ရည်တွေ ပိုးပိုးပေါက်ပေါက်ကျလာ၏။ ဝါဂွ… မျက်ရည်တွေကို သူ မမြင်စေချင်ပါ။ ဒီမျက်ရည်တွေနှင့် သူ့ကို ဝါဂွ… မျက်ရည်ခံထိုးနေတာဟု မထင်စေချင်ပါ။

"ငါ မင်းကို ဘယ်လိုပုံစံနဲ့မှ လက်ထပ်မယူနိုင်ဘူး ဝါဂွမ်း… ဖြူ"

"ဟင့်အင်း ဝါဂွမ်းကလည်း အဲဒီလို မတောင်းဆိုပါဘူး အစ်… ဝါဂွမ်း တောင်းဆိုတာ ကလေးအတွက် အဖေရှိစေချင်တာလေးပါ၊ ဝါဂွ… ရင်သွေးလေး လောကထဲရောက်လာခဲ့ရင် အဖေဆိုတာ ရှိမှဖြစ်မယ်…





…ကိုယ်ဝန်စောင့်ရှောက်မှုအတွက် ဝါဂွမ်း ဆရာဝန်ဆီ သွားတဲ့အခါ အစ်ကို့ …ရဲ့နာမည်ကို သုံးခွင့်လေးပဲပေးပါရှင်"

မျက်ရည်တွေနှင့် တောင်းပန်နေသော ဝါဂွမ်းကိုကြည့်ကာ အထင်ကရ ဘာစကားမှ မဆိုနိုင်ပါ။ ဒီကောင်မလေးကို မလေးစားမိ…မယ့် အထင်သေးလိုစိတ်တွေလည်း မရှိတော့ပါ။

အခြေအနေတွေကို အထင်ကရ ဘယ်လိုမှ လက်မခံနိုင်ပေမယ့် …သည်း အမှန်တရားတစ်ခုကိုတော့ မျက်စိမှိတ် ငြင်းဆန်လို့မရတာ အမှန်။

တကယ်ဆိုလျှင် အမှားတစ်ခုကို မသိဘဲ ကျူးလွန်ခဲ့မိသည်ဆို…တော့ ထိုညက အဖြစ်အပျက်တွေသည် အိပ်မက်မဟုတ်ပါ။

ပြီးတော့ ဒီကောင်မလေးအကြောင်းတွေကို သူ စုံစမ်းပြီးခဲ့ပြီ။ …သားဖြူစင်သော ကောင်မလေးဆိုတာ ထင်ရှား၏။

"ဝါဂွမ်း၊ ဒီတစ်ခုပဲ တောင်းဆိုတာပါ၊ အစ်ကို၊ ဝါဂွမ်းကို ပြန် …ပြုပါဦးနော်"

နှုတ်ဆက်ပြီး မိန်းကလေး ထရပ်တော့ အထင်ကရလည်း …ယောင်ထရပ်လိုက်မိ၏။

"နေဦး ဝါဂွမ်းဖြူ ခဏလေးထိုင်ဦး"

ဝါဂွမ်းခေါင်းလေး မော့ကြည့်နေတုန်းမှာပဲ သူ အပေါ်ထပ်ကို …သုတ်သုတ်လေး တက်ခဲ့လိုက်၏။

မကြာလိုက်ပါ။ ဝါဂွမ်းရှေ့ကို အထင်ကရ ပြန်ရောက်လာသည်။ …ထဲမှာ အထပ်လိုက် ပါလာသော ငွေစက္ကူထပ်တွေကို ဝါဂွမ်းရှေ့ …ပေါ် တင်ပေး၏။

"ရော့ ဒါ မင်းရဲ့နစ်နာကြေးပါ"



www.burmeseclassic.com

www.burmeseclassic.com



ဝါဂွမ်း ရင်ထဲမှာ နင့်ခနဲ ခံစားလိုက်ရပါသည်။ နစ်နာကြေးတဲ့ လား။ ဝါဂွမ်းအပေါ်မှာ ဒီလောက်အထိတောင် အထင်သေးလွန်းနေသည် လား။

"ဝါဂွမ်းအတွက် ဒါတွေ မလိုပါဘူး အစ်ကို၊ အရာရာကိုငွေ နဲ့ပြည်ဖုံးကားချလို့ရမယ်ဆိုရင် ဝါဂွမ်း ဆုံးရှုံးနစ်နာခဲ့တဲ့ အပျိုစင်ဘဝ အခု အစ်ကိုပေးတဲ့ငွေတွေနဲ့ ပြန်ဝယ်ပေးလို့ရမလားဟင်"

"မဖြစ်နိုင်တာကို မပြောပါနဲ့ ဝါဂွမ်း၊ ဒီကိစ္စက မင်းရောငါရော အသိစိတ်တွေ ကင်းမဲ့နေတဲ့အချိန်မှာ ဖြစ်သွားတဲ့ အမှားတစ်ခုပါ၊ မင်း သာ ငါ့ကားပေါ် ပါမလာခဲ့ရင် ဒီအဖြစ်တွေ ကြုံနိုင်စရာအကြောင်းမ ဘူး။ ဒီအကြောင်းတွေ ငါ ပြန်ပြောနေတာ ငါ့အပြစ်တွေလွတ်အောင် ရှောင်နေတာ မဟုတ်ဘူးနော်၊ ကံကြမ္မာက ငါတို့နှစ်ယောက်ကို အကွ ကျကျနဲ့ ထောင်ချောက်ဆင်လိုက်တာပါ၊ အဲဒီထောင်ချောက်ထဲကို ငါ ချစ်သူ ငါ့ရဲ့ဂုဏ်သိက္ခာတွေ ကျောခိုင်းပြီး မဝင်နိုင်ဘူး၊ အဲဒါက ငါ့ အနာဂတ်မဟုတ်ဘူး"

အထင်ကရ ဖြေရှင်းချက်တွေကို ဝါဂွမ်း မငြင်းဆန်ချင် တကယ်ဆို ကံကြမ္မာက ဝါဂွမ်းတို့ကို ထောင်ချောက်ဆင်ခဲ့ ဘပဲဖြစ်

"မင်းကို ဒီလိုပေးတယ်ဆိုတာ မင်းကိုအထင်သေးစော်ကား စိတ်နဲ့ ပေးတာမဟုတ်ဘူး၊ ငါ့ရဲ့ရင်သွေး ဟုတ်မဟုတ်ဆိုတာ မသေချာ ကလေးအတွက် လိုအပ်မယ်ထင်လို့ ပေးတာ"

အခုချိန်အထိ သူ့စကားတွေက ဝါဂွမ်းကို အထင်သေး သံသ ဝင်နေဆဲဆိုတာ ဝါဂွမ်း နားလည်လိုက်မိသည်။

စားသောက်ဆိုင်က အဆိုတော် ကောင်မလေးတစ်ယော

ဏ်သိက္ခာကို အထင်ကရလို လူက ယုံကြည်မှာတဲ့လား။ ဝါဂွမ်း ဘယ်လို ဲ ကျိန်တွယ်ပြောပြော သူ ယုံကြည်ရခက်နေမှာသေချာ၏။

"ကျေးဇူးတင်ပါတယ် အစ်ကို၊ ဒါပေမဲ့ ဝါဂွမ်း အစ်ကိုပေးတဲ့ ငွေတွေကိုတော့ လက်မခံနိုင်ဘူး၊ အစ်ကို့ရင်သွေး ဟုတ်မဟုတ်ဆိုတာ ကလည်း အချိန်ကာလတစ်ခုက သက်သေပြမှာပါ"

"ဘာပဲဖြစ်ဖြစ် ငါက မကြာခင် လက်ထပ်တော့မှာ"

ဝါဂွမ်း ပြုံးလိုက်မိတာလား။ မဲ့လိုက်မိတာလားဟု ကိုယ့်ကိုကိုယ် တောင် မသေချာခဲ့ပါ။

"ဝါဂွမ်းလာတာ အစ်ကို့ဘဝကို ဖျက်ဆီးဖို့မဟုတ်ပါဘူး အစ်ကို၊ ဂွမ်းရဲ့ရင်သွေးလေးကို ဝါဂွမ်း မိခင်တစ်ယောက်ရဲ့မေတ္တာအင်အားနဲ့ ွေးမွှားမှာပါ၊ တစ်ခုပဲ လိုအပ်တာက အစ်ကို့ရဲ့နာမည်က ကလေးဖခင် ဖြစ်ရှိနေဖို့ပါပဲ၊ ဝါဂွမ်း ဒီတစ်ခုပဲ တောင်းဆိုတာပါရှင်"

စကားအဆုံးမှာ ဝါဂွမ်း လှည့်ထွက်ခဲ့မိသည်။ နောက်ကိုလည်း လှည့်ကြည့်ဖို့ မလိုအပ်တော့သလို သူ့ဆီကိုလည်း ဝါဂွမ်း၊ ဘယ်တော့မှ လာဖို့ အကြောင်းမရှိတော့ပါ။

လောကကြီးထဲကို ဝါဂွမ်းရဲ့ရင်သွေးလေး ရောက်လာတဲ့အခါ င်အမည်က အထင်ကရပဲ ဖြစ်ရမည်။ ဒါပေမဲ့ အထင်ကရ ဆိုတာ ကကြီးထဲမှာ မရှိတော့ဟုပဲ ဒီကလေးနှင့်ပတ်ဝန်းကျင်က သိစေရ ည်။

ဒါ ဝါဂွမ်းရဲ့ဆုံးဖြတ်ချက်ပါပဲ။ ဝါဂွမ်းကြောင့် ဘယ်သူ့ရဲ့အနာ ဘဝမှ မထိခိုက်စေချင်ပါ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

သုံးရက်ခွင့်ရက်, ရထားသောအလုပ်ကို ဝါဂွမ်း ဒီနေ့တော့ ပြန်ဆင်းခဲ့၏။ မမရွှေမှုန် မေးလာခဲ့လျှင်လည်း ဝါဂွမ်း အမှန်ကိုပြောပြဖို့ ဆုံးဖြတ်ထားသည်။

အထင်ကရ ဆိုတာ ဝါဂွမ်းရဲ့ရင်သွေး ဖခင်အမည်။ ထိုအရာက လွဲလို့ ဝါဂွမ်းအတွက် ဘာမှမလိုအပ်ပါ။ ဝါဂွမ်းရဲ့ရင်ခေါ်းလေးကို ဝါဂွမ်း မွေးဖွားဖို့ သတ္တိတွေရှိသည်။

နောက်ဆုံး အမေက သဘောမတူလျှင်တောင် ဝါဂွမ်းဘဝကို ဝါဂွမ်းဘာသာ ရှင်သန်နိုင်ဖို့ ကြိုးစားမည်။

ဆရာဝန်များ နားနေခန်းထဲမှာ ဝါဂွမ်း သန့်ရှင်းရေးလုပ်နေရင်း အကြည့်တွေက မှန်ပြတင်းတံခါးမှ လှမ်းမြင်နေရသော ဆေးခန်းကြီး ရှေ့ ကားပါကင်ဆီ ရောက်သွား၏။





မြင်လိုက်ရသော နက်ပြာရောင် လင်ခရူဆာကားကြီးကြောင့် ရင်ထဲမှာ ထိတ်ခနဲ ဖြစ်သွားရတာ အမှန်။ ဒီကားကြီးကို ဝါဂွမ်း မှတ်မိနေသည်။ ဒါ အထင်ကရရဲ့ကားကြီး။

ဝါဂွမ်း ကြည့်နေတုန်းမှာ ကားကြီးက ပါကင်မှာ ထိုးရပ်သွားခဲ့၏။ ပြီးတော့ တံခါးဖွင့်ဆင်းလာသူက အထင်ကရနှင့် မမရွှေမှုန်သာ။

ဝါဂွမ်း ပါးစပ်လေးအဟောင်းသားဖြစ်ကာ ပြတင်းတံခါး လိုက်ကာစကိုဆွဲကာ ကွယ်လိုက်မိ၏။ ဘုရားရေ မမရွှေမှုန်သာနဲ့အထင်ကရ သိကျွမ်းနေသည်လား။

မယုံရဲစွာ အသာပြန်ချောင်းကြည့်တော့ အပြုံးတွေနှင့် နှစ်ဦးသား ရပ်စကားပြောနေကြသည်။

ဝါဂွမ်း နားလည်လိုက်ပါသည်။ မမရွှေမှုန်နှင့် အထင်ကရတို့ကြားက ခင်မင်မှုက သာမန်ထက်ပိုမိုနေတာ သေချာလွန်းနေ၏။

''ငါ့ဘဝရဲ့လက်တွဲဖော်ကို ငါစိတ်ကြိုက် ရွေးချယ်ပြီးသား။ အဲဒီလက်တွဲဖော်က မင်းလိုပုံစံမျိုး မဟုတ်ဘူး။ အင်မတန် ထက်မြက်ပြီး ရုပ်သိက္ခာနဲ့ ထည်ဝါနေတဲ့ မိန်းကလေး''

အထင်ကရ ပြောခဲ့သော စကားတွေကို ဝါဂွမ်း ချက်ချင်းပြန်ကြားယောင်မိပါသည်။

အထင်ကရရဲ့ချစ်သူ လက်တွဲဖော်ဆိုတာ မမရွှေမှုန်သာ တဲ့သား။ တိုက်ဆိုက်လွန်းသော ကံကြမ္မာရဲ့ဆုံတွေ့မှုတွေက အံ့ဩစရာကောင်းလိုက်တာ။

ဝါဂွမ်း မှန်ပြတင်းက ချက်ချင်းပဲ ခွာခဲ့ကာ ဆရာဝန်များ



www.burmeseclassic.com

www.burmeseclassic.com



ရုံးခန်းထဲက ထွက်ခဲ့လိုက်သည်။ မမရွှေမှုန်နှင့် သူ အထဲထိလိုက်ဝင်လာလျှင် အခက်ပါပဲ။

ဝါဂွမ်းနှင့်အထင်ကရ ထိပ်တိုက်ဆုံလို့ မဖြစ်ပါ။

စစ္စတာကြီး စေခိုင်းသော အလုပ်တွေကိုပဲ ဝါဂွမ်းလုပ်ကိုင်နေရပေမယ့် စိတ်အာရုံတွေက ရှုပ်ထွေးနေ၏။

မထင်မှတ်ဘဲ ဝါဂွမ်း သိခဲ့ရသော မမရွှေမှုန်နှင့် အထင်ကရတို့အခြေအနေက ဝါဂွမ်းအတွက် စဉ်းစားစရာ ဖြစ်ခဲ့ရပြန်၏။ ဝါဂွမ်း ဒီဆေးခန်းကြီးမှာ အလုပ်လုပ်နေတာသာ အထင်ကရ သိလျှင် စိုးရိမ်ပူပန်သွားမှာ သေချာသည်။

"ဝါဂွမ်း"

"ရှင်"

ဝါဂွမ်း ဆတ်ခနဲ တုန်ကာ လှည့်ကြည့်တော့ အခန်းထဲအထိ ဝင်လာတာ မမရွှေမှုန်တစ်ယောက်တည်း ဖြစ်၏။

"တို့ အခုပဲရောက်တာ၊ အိမ်က ကားပျက်နေလို့ မောင့်ကို လိုက်ပို့ခိုင်းရတာ"

"ရှင် ဟုတ် ဟုတ်ကဲ့"

"အဟင်း ဆောရီး မောင်ဆိုတာ မမနဲ့မကြာခင် လက်ထပ်တော့မယ့်သူပါ ဝါဂွမ်း ဘာဖြစ်နေတာလဲ နေမကောင်းဘူးလားဟင်"

"ကောင်းပါတယ် မမ ဘာမှမဖြစ်ပါဘူး"

မမရွှေမှုန့်ရှေ့မှာ ဝါဂွမ်း ကြိုးစားဟန်ဆောင်နေရသည်။ မမရွှေမှုန်ကိုလည်း ဝါဂွမ်းကြောင့် စိတ်ညစ်မရှုပ်ထွေးစေချင်ပါ။





"ဝါဂွမ်း သူနဲ့တွေ့ပြီးပြီလား"

မမရွှေမှုန် ဘာကိုမေးသည်ဆိုတာ ဝါဂွမ်း သိပါသည်။ ခေါင်းလေးညိတ်ပြတော့ မမရွှေမှုန် ကျေနပ်သွားသလို ခေါင်းညိတ်၏။

"ကောင်းတယ် ဝါဂွမ်းလေး သွားမတွေ့မှာ မမ စိုးရိမ်နေတာကွ အခြေအနေဘယ်လိုလဲ"

"သူ မရှိတော့ဘူး မမ၊ နိုင်ငံခြားထွက်သွားပြီ"

"ဟင် ဘယ်လို"

"ဟုတ်တယ် မမ မလေးရှားမှာ အလုပ်သွားလုပ်တာတဲ့"

"သူ့မိဘတွေ ရှိတယ်မဟုတ်လား"

"မရှိဘူး မမ သူက တစ်ယောက်တည်းသမားပါ၊ အခု မလေးရှားကို ထွက်သွားတာ တစ်လလောက်ရှိပြီတဲ့"

"ဟင် ခုက္ခပဲ ဒါဆို ဝါဂွမ်းနဲ့တွေ့ဖို့ မလွယ်တော့ဘူးပေါ့"

ဝါဂွမ်းအတွက် စိုးရိမ်ရိပ်တွေ မမရွှေမှုန် မျက်နှာမှာ အရိပ်ထင်သွားသည်။ အမှန်တရားကို မမရွှေမှုန် ဘယ်သောအခါမှ သိခွင့်ရမည်မဟုတ်တော့ပါ။

ညာမိတဲ့ ဝါဂွမ်းကို မမရွှေမှုန် နားလည်ပေးနိုင်ပါစေ။

"ဝါဂွမ်း နေ့လည်ကျရင် မမ ရုံးခန်းထဲကိုလာခဲ့ ဝါဂွမ်းအတွက်လိုအပ်တာမှန်သမျှ မမ ကူညီပေးမယ်၊ ဝါဂွမ်းရဲ့ကလေးကို ဝါဂွမ်းမွေးရမယ်"

"စိတ်ချပါ မမ၊ ဝါဂွမ်း ရင်သွေးလေးကို ဝါဂွမ်း ရှင်သန်အောင်မွေးမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ဝါဂွမ်းမှာ သတ္တိတွေရှိတယ် မမ၊ အကြွင်းမဲ့ ယုံတယ်၊ ဗိုက်အပ်တာကိုလည်း ဒီဆေးခန်းမှာပဲ မမ စီစဉ်ပေးမယ်၊ မွေးဖွားဖို့လည်း ဘာမှမပူနဲ့ မမ တာဝန်ယူတယ်၊ အခုကလေးရဲ့အဖေက ဒီမှာမရှိသေးပေမယ့် ပြန်လာတဲ့အခါ အကျိုးအကြောင်း ပြောပြရမှာပေါ့ အဲဒီလူနဲ့ ဆက်သွယ်လို့ရအောင်လည်း ဝါဂွမ်း ကြိုးစားကြည့်ပေါ့ကွယ်"

ဝါဂွမ်း ခေါင်းလေးညိတ်ပြလိုက်ပါသည်။ ဝါဂွမ်းအပေါ်မှာ အမြဲတမ်း ကူညီမှုတွေနှင့် ခင်မင်လွန်းသော မမရွှေမှုန်ကို ဝါဂွမ်း တွယ်တာပါသည်။

ဒါပေမဲ့ မမရွှေမှုန်၏ ချစ်သူနှင့်တော့ ဝါဂွမ်း ဆုံဆည်းလို့မဖြစ်ပါ။

ဝါဂွမ်းအပေါ် အစစအရာရာ ပြည့်စုံအောင် ကူညီမှုတွေပေးနေသော မမရွှေမှုန် ဘဝလေးမှာ သောကအပူတွေ မဝေစေချင်ပါ။

ဝါဂွမ်း ဝမ်းထဲက ရင်သွေးရဲ့ဖခင်အမည်က အထင်ကရဆိုတာ ဘယ်တော့မှ ဖြစ်လာမည်မဟုတ်တော့ပါ။ အထင်ကရဆိုတာ မမရွှေမှုန်ရဲ့ချစ်သူဟု အစောကြီးကသိခဲ့လျှင် ဝါဂွမ်း အထင်ကရဆီကို ရောက်စရာ အကြောင်းမရှိပါ။

အခုတော့ လွန်ခဲ့ပြီ။ ဝါဂွမ်း အချိန်မီ သိခွင့်ရအောင် ဖန်တီးပေးလာသော ကံကြမ္မာကိုတော့ ကျေးဇူးတင်မိပါရဲ့။

■ ■ ■

နိုး မိုး ၀၇၆ပ

## အခန်း (၂၂)

"ဟော သမီးလေး ဝါဂွမ်း ပြန်လာပြီလား လာ သမီး ဒီမှာ သမီးမောင်လေးနဲ့ညီမလေးတို့လည်း ပြန်ရောက်နေကြပြီ"

ဝါဂွမ်း အိမ်ပေါ်လှမ်းတက်သည်နှင့် တစ်ခါမှ မမျှော်လင့်ခဲ့ဖူးသော အမေ့ရဲ့နွေးထွေးသော ကြိုဆိုသံကို ကြားလိုက်ရ၏။

ဧည့်ခန်းထဲမှာ ထိုင်နေကြသော ညီမလေးနှင့်မောင်လေးတို့ကလည်း ဝါဂွမ်းကိုမြင်တော့ အပြေးရောက်လာကြကာ

"မမကြီး"

"မမကြီး သားဖို့ မုန့်ပါလားဟင်"

"ဟဲ့ ဟဲ့ ဒီကလေးတွေ အရမ်းမဖက်ကြနဲ့လေ၊ သမီးကြီးဗိုက်ကို မထိစေနဲ့လေ"

ဝါဂွမ်း ဝမ်းထဲက ကလေးအတွက် အမေ့နှုတ်က စိုးရိမ်သံတို့

နိုး မိုး ၀၇၆ပ

www.burmeseclassic.com

www.burmeseclassic.com



ဒါ ပထမဆုံးကြားဖူးတာပဲဖြစ်သည်။ အမေ့စိတ်တွေ ဝါဂွမ်းအပေါ် ပြောင်းလဲသွားတာ ဘာကြောင့်လဲ မသိပါ။

မောင်လေးနှင့်ညီမလေးတို့ ရွာကပြန်ရောက်လာ၍ ဝမ်းသာနေတာကြောင့်လား။

"ကဲ သမီးကြီး ပင်ပန်းလာတာ ခဏနားပါစေကွယ်၊ ဝါဂွမ်းသမီး ခဏထိုင်ဦး၊ ပြီးမှ ရေမိုးချိုး သမီအိခင်က ထမင်းပွဲတွေပြင်ထားလိုက်၊ သနပ်ခါးလေး မမကို ကူပေးလိုက်နော်"

အမေ့အသံတွေ ချိုသာနေသလို အမေ့ရဲ့အမူအရာတွေပါ နူးညံ့လွန်းနေတာတော့ ဝါဂွမ်း သံသယဖြစ်ချင်လာသည်။ အမေနံဘေးမှာ အသာဝင်ထိုင်လိုက်တော့ မောင်လေးနှင့်ညီမလေးတို့ မီးဖိုခန်းဘက် ဝင်သွားကြသည်။

သည်တော့မှ အမေက ဝါဂွမ်းကို ပြုံးပြုံးလေးကြည့်ရင်း

"သမီးရယ် ပြဿနာတစ်ခုကို ဘာကြောင့်ညည်းက တစ်ယောက်တည်း ဖြေရှင်းဖို့ ကြိုးစားနေရတာလဲ"

"အမေ ဘာကိုပြောတာလဲ သမီးမရှင်းဘူး အမေ"

ဝါဂွမ်း နားမလည်နိုင်စွာပြောတော့ အမေ ခေါင်းတညိတ်ညိတ်နှင့် ဝါဂွမ်း ပခုံးလေးကို ဆုပ်ကိုင်သည်။

"ညည်းလေး ကိုယ်ဝန်ကိစ္စလေ ကဲပါ ဒါတွေထားလိုက်ပါတော့"

အမေ စကားဖြတ်ကာ ထရပ်သည်။ ပြီးမှ ဗီရိုရှိရာကို လျှောက်သွားပြီး တံခါးဖွင့်သည်။ ဗီရိုထဲက တစ်စုံတစ်ခုကို ဆွဲယူပြီး အမေ





ဝါဂွမ်းဆီ ရှေ့လျှောက်လာ၏။

အမေ့လက်ထဲမှာ တွေ့လိုက်ရတာ ကြိုးဆွဲအိတ်တစ်လုံးဖြစ်နေ၏။ အမေက အိတ်ကိုအသာလှပ်ကာ ဝါဂွမ်း မြင်အောင်ပြ့တော့ ဝါဂွမ်း မျက်လုံးလေးတွေ ဝိုင်းစက်သွား၏။

အထပ်လိုက် မြင်နေရသော ငွေတွေက အသစ်စက်စက်တွေပဲ ဖြစ်၏။

"ဒီငွေတွေကို သမီးကောင်လေး လာပေးခိုင်းလိုက်တာတဲ့"

အမေ့စကားကြောင့် ဝါဂွမ်း မျက်ခုံးတန်းတန်းလေးတွေ တွန့်ကုပ်သွားရပါသည်။ ဒီငွေတွေကြောင့် အမေ့အမူအရာတွေ ချိုသာရွှင်ပြနေခြင်းပါလား။

"ဘာလို့ ယူထားလိုက်ရတာလဲ အမေရယ်"

"အို မယူလို့ရမလား၊ ငွေသိန်းသုံးဆယ်ဆိုတာ နည်းတဲ့ပိုက်ဆံလား၊ အမေ ငြင်းလိုက်ရင် အမေ့လောက်မိုက်မဲတဲ့မိန်းမ လောကထဲမှာ ရှိဦးမလား သမီးရဲ့"

အမေ့စကားကြောင့် ဝါဂွမ်း စိတ်ပျက်စွာ ပင့်သက်ရှိုက်လိုက်မိပါသည်။ ဝါဂွမ်း ငြင်းပယ်ခဲ့သော ငွေတွေ အမေ့လက်ထဲ အရောက်ပို့လိုက်ပြီဆိုတော့ သွားပြီ။

"ဝါဂွမ်း မလိုချင်ဘူး အမေ၊ ဒီငွေတွေကို ဝါဂွမ်း ပြန်ပေးချင်တယ်"

အမေ မျက်လုံးတွေ ပြူးသွားခဲ့ကာ ငွေအိတ်ကို ရင်ခွင်ထဲ ဆွဲပွေ့ထားလိုက်၏။



www.burmeseclassic.com

"ဘုရား ဘုရား ကိုယ် ဗိုက်တစ်လုံးရင်းပြီး ရလာတဲ့ငွေတွေလေ ဝါဂွမ်းရဲ့ ညည်းကို ဟိုက စော်ကားမော်ကားပြုပြီးမှ လာပေးတဲ့ငွေတွေလေ၊ တကယ်ဆို ရသင့်တဲ့ငွေပဲပေါ့၊ ညည်း စိတ်ထဲမှာ အရင်းမရှိဘဲ ရလာတဲ့အမြတ်တွေလို့ ထင်နေသလား၊ မဖြစ်စလောက် မာနလေးနဲ့ မာန်လာတက်ပြမနေပါနဲ့အေ၊ ဟိုက ဒီလောက်ပြန်ပေးဆပ်တာပဲ ကျေးဇူးတင်ဦး"

အမေ့ကို ဝါဂွမ်း ဘယ်လိုမှ အတိုက်အခံပြောလို့မရတော့တာနားလည်လိုက်ပါသည်။ အမေ့လက်ထဲ ရောက်နေပြီးသား ငွေတွေကို ဝါဂွမ်း ဘယ်လိုနည်းနှင့်မှ ပြန်တောင်းလို့မရတော့မှာ သေချာသည်။

"ဒီငွေတွေ ဘယ်သူလာပေးတာလဲ အမေ"

"ကောင်လေးတစ်ယောက် လာပေးတာ၊ သူ့တပည့်လေးတဲ့ အဲ ဒီမှာ စာတစ်စောင်ပေးခဲ့သေးတယ် ညည်းအတွက်တဲ့"

ငွေအိတ်ထဲကိုနှိုက်ကာ အမေ စာအိတ်တစ်အိတ် လှမ်းပေးသည်။ ငွေတွေကိုပဲမြင်သည့် အမေ စာအိတ်ကို စိတ်ဝင်စားပုံမရလို့ ဖွင့်တောင်ဖတ်မထားပါ။

ဝါဂွမ်း စာအိတ်ကို ဖွင့်ဖောက်နေတော့ အမေ ငွေအိတ်ကို ဗီရိုထဲသွားထည့် သိမ်းဆည်းနေသည်။ ဝါဂွမ်း စာကိုဖွင့်ဖောက်ဖတ်လိုက်ပါသည်။

**ဝါဂွမ်းဖြူဖြူ**

ငါ့လုပ်ရပ်က တစ်ကိုယ်ကောင်းဆန်ချင်ဆန်နေမယ်။ ဒါပေမဲ့ ပြဿနာကို ဖြေရှင်းဖို့က ဒီနည်းပဲရှိတယ်၊ ဒါကြောင့် ဒီငွေတွေကို





ငြင်းဆန်ဘဲ မင်း ယူထားပေးပါ၊ ငါ့သွေးသားနဲ့ ဖြစ်တည်လာတာလို့ င်းပြောခဲ့တဲ့ မင်းရင်သွေးကို ဂုဏ်ရှိရှိနဲ့ လောကထဲကို လာခွင့်ပေးလိုက် ။ ဒီကလေးရဲ့ဖခင်အမည်ကို အထင်ကရလို့ မင်းသုံးခွင့်ရှိတယ်၊ ဒါပေမဲ့ မြဲတော့ မဟုတ်ဘူး။ ငါ့ပတ်ဝန်းကျင်မှာ မင်း သုံးခွင့်မရှိဘူး။ ဆေးရုံ မွေးတဲ့အချိန်မှာပဲ သုံးခွင့်ရှိတယ်။ ဒါ ငါ့ရဲ့နောက်ဆုံးလိုက်လျောခြင်း ။ ငါ့ဘဝရဲ့အနာဂတ်ကို မင်းထပ်မနှောင့်ယှက်ပါနဲ့တော့။

အထင်ကရ

စာလေးဖတ်ပြီးတော့ ဝါဂွမ်း မျက်ရည်တွေ ဝဲချင်လာသည်။ သူ့ရဲ့တာဝန်သိမှုတစ်ခုတဲ့လား။

ဟင့်အင်း ဝါဂွမ်းအတွက် အထင်ကရဆိုတဲ့ အမည်နာမက ကယ်ကို မလိုအပ်တော့ပါဘူး။ မမွေးမှုန်အတွက် ဒီနာမည်ကို ဝါဂွမ်း စ်သက်လုံး မေ့ပစ်လိုက်တော့မှာပါ။

"ဘာတွေရေးထားတာလဲ သမီး"

အမေ မေးလာတော့ ဝါဂွမ်း ခေါင်းကိုပဲ ခါရမ်းပြလိုက်မိ၏။ မှန်တရားတွေကို မသိလက်စနှင့် အမေ မသိစေချင်ပါ။

"ဘာမှ ထွေထွေထူးထူး မပါပါဘူး အမေ၊ ဒီငွေကိုလက်ခံပြီး လေးကို ကောင်းကောင်းမွေးဖွားဖို့ ရေးထားတာပါ"

"နေပါဦး သူက နိုင်ငံခြားမှာအလုပ်သွားလုပ်တာဆိုတော့ ယ်တော့ ပြန်လာမှာလဲ၊ ပြန်လာမှ ညည်းကို လက်ထပ်မှာလား"

"အင်းပေါ့ အမေရယ်၊ သူ အလုပ်လုပ်နေတာပဲ ပြန်လာမှာ



www.burmeseclassic.com

www.burmeseclassic.com



ပေါ့''

ဝါဂွမ်း အလိုက်သင့်လေးသာ အမေ့ကို ဖြေဖြစ်ခဲ့ပါသည်။ အမေ့အကြောင်းကို ဝါဂွမ်း အသိဆုံး။

ဗိုက်ထဲက ကလေးအဖေ နိုင်ငံခြားသွားတာ မဟုတ်ဘူးဟု အမေ သိလျှင် အလွတ်ပေးမှာမဟုတ်။ သိန်းသုံးဆယ်ဆိုသောငွေကြေး ထက် ပိုမိုသောငွေကို အမေ မျှော်မှန်းဦးမှာ သေချာသည်။

အမေ့ရဲ့လောဘတွေနှင့် ဝါဂွမ်းရဲ့မရှိမဲ့ရှိမဲ့ မာနသိက္ခာတွေ ပေးဆပ်လိုက်ရပြန်ပါပြီ။

ဒဏ္ဍာရီဆန်သော အိပ်မက်တစ်ခုကို ဝါဂွမ်း မက်ခဲ့ဖူးသည်။ ထိုအိပ်မက်တွေကိုလည်း ဝါဂွမ်း ပြန်မတမ်းတချင်တော့ပါ။

မမရွှေမှုန်သာနှင့် သူတို့ဘဝလေး ငြိမ်းချမ်းစေချင်ပါသည်။

■ ■ ■



## အခန်း (၂၃)

''ကျွီ''

အနားမှာ ကျွီခနဲလာရပ်သော ကားတစ်စီးကြောင့် တွေတွေ လေးငေးနေမိသော ဝါဂွမ်း အတွေးတွေ ပြတ်တောက်ကုန်သည်။

မော့ကြည့်တော့ ကားပြတင်းတံခါးမှာ မြင်လိုက်ရသော မျက်နှာ က ရှင်းသန့်ချောမောလွန်းသော အထင်ကရ မျက်နှာ။

''ဘယ်သွားမှာမို့ ကားစောင့်နေတာလဲ ဝါဂွမ်းဖြူဖြူ''

သူ့အမေးကြောင့် ဝါဂွမ်း အံ့ဩမိ၏။ ကိုယ့်အတွေးနှင့်ကိုယ်မို့ သူ့ကိုလည်း ဝါဂွမ်း ကြိုမမြင်ခဲ့ပါ။ အခုလို ဝါဂွမ်းကို လာနှုတ်ဆက်မည် ဟုလည်း မထင်မိ။

''ဟို ဝါဂွမ်း အလုပ်က ပြန်လာတာပါရှင်''

သူ့မျက်ဝန်းအကြည့်တွေက မစို့မပို့လေး ပူထွက်နေသော ဝါဂွမ်းဗိုက်ကလေးကို လှမ်းကြည့်တော့ ဝါဂွမ်းလည်း ထူပူသွားပါ၏။

နိုးမိုး၈၁၄၆

www.burmeseclassic.com

www.burmeseclassic.com



"ဒီလောက် လိုင်းကားတွေ ကျပ်နေတာကို မင်းက ဘယ်လို စီးမှာလဲ"

"ရပါတယ် ကျွန်မ ပြန်နေကျပါ"

သူ ဝါဂွမ်း အဖြေကို မျက်မှောင်ကုပ်ကာ ကျွတ်ခနဲ စုတ်သပ်သည်။

"ဒီမှာ မင်းဗိုက်ထဲက ကလေးက လနုနုပဲရှိသေးတယ်၊ ဒီလောက်ကြပ်နေတဲ့ကားကို တိုးစီးလို့ဖြစ်မလားကွ"

သူ့စကားကြောင့် ဝါဂွမ်းမျက်နှာလေး နီရဲသွားခဲ့တာ သေချာသည်။ ဝါဂွမ်းအတွက် စိုးရိမ်ဒေါသတွေ သူ့ဆီမှာ ရှိနေတာကိုလည်း အံ့ဩမိသည်။

"ကဲ ဒီအချိန်မှာ မင်းနဲ့ငါ ရှည်ရှည်ဝေးဝေး စကားတွေ မပြောချင်ဘူး ငါ့ကားပေါ်တက်ပါ"

"ဟို ရပါတယ် ဝါဂွမ်း"

"ထပ်မပြောနဲ့တော့ ဝါဂွမ်း၊ နောက်ခန်းတံခါးဖွင့်တက်လိုက် ငါ မင်းကိုကူညီတာ"

ဝါဂွမ်း မငြင်းရဲတော့ဘဲ ကားနောက်ခန်းဖွင့်ကာ တက်ထိုင်လိုက်ရသည်။ ဝါဂွမ်း တက်ပြီးတော့ သူ ကားကို ငြိမ့်ခနဲ မောင်းထွက်သည်။

နောက်ကြည့်မှန်ထဲမှာ မြင်နေရသော သူ့မျက်နှာကို ဝါဂွမ်း လှမ်းအကြည့်မှာ သူ့အကြည့်တွေနှင့် ဆုံမိပြန်တာမို့ ကသောကမျော မျက်နှာလွှဲမိ၏။

"အခု မင်းအိမ်ကို မောင်းရမှာလား"





"ဟုတ်ကဲ့ လမ်းထိပ်အထိပဲ ပို့ပေးပါ"

"ကောင်းပြီ"

သူ ကားကိုမောင်းနှင်နေချိန်မှာ ဝါဂွမ်း ပြတင်းတံခါးအပြင်ဘက်ကိုပဲ ငေးကြည့်နေမိသည်။ ဘာကြောင့်မှန်းမသိ သူ့ရဲ့ဂရုစိုက်မှုလေးကို ဝါဂွမ်း ကျေနပ်နေမိပြန်သည်။

ဒါပေမဲ့ ဝါဂွမ်း စိတ်ကို ဝါဂွမ်းပြန်ဖျောက်ဖျက်ပစ်မိပြန်၏။ တကယ်ဆို အထင်ကရ ချစ်သူက မမရွှေမှုန်သာပါ။

ဝါဂွမ်းနှင့်အထင်ကရ ဇာတ်လမ်းက မှားယွင်းသော အိပ်မက်ဆိုးကြီးပါပဲ။ ဒါ အချစ်မှမဟုတ်တာ။

"မင်း ကိုယ်ဝန် အပ်ပြီးပြီလား"

"ဟုတ်ကဲ့ အပ်ပြီးပါပြီ"

"မင်းကို ငါ ပေးထားတဲ့ ပိုက်ဆံရှိရက်နဲ့ ဘာလို့ အလုပ်က မထွက်တာလဲ"

"ရှင်"

"ကျွတ် ငါပြောတာ နားမလည်ဘူးလား"

"နားလည်ပါတယ် အံ့ဩတာပါ၊ ဝါဂွမ်း ကိုယ်ဝန်က နုပါသေးတယ်၊ အလုပ်ကထွက်စရာ မလိုသေးဘူး"

"ဟာ လိုတာပေါ့ကွ၊ မင်းလွယ်ထားတဲ့ကလေးက ငါနဲ့ပတ်သက်နေတဲ့ ကလေးလေ၊ ဒီတော့ ငါ မင်းကိုတားပိုင်ခွင့်ရှိတယ်၊ မင်း အသွားအလာ မဆင်ခြင်လို့ ဒီကလေးမှာ ထိခိုက်နစ်နာသွားမယ်ဆိုရင် မင်းဘယ်လိုပြန်ပေးဆပ်မလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အခုလို ကျွန်မရင်သွေးလေးကို ပွပန်ပေးလို့ ကျေးဇူးတင်ပါတယ်"

ဝါဂွမ်း ရိုးသားစွာဆိုသော စကားပေမယ့် သူ့ မျက်နှာကြီး ရဲခနဲဖြစ်သွားခဲ့သည်။ အတန်ကြာ တိတ်ဆိတ်နေခဲ့ပြီးမှ သူ ဝါဂွမ်းကို စကားထပ်ပြောပြန်၏။

"မင်းကိုယ်ဝန်ဆောင် အားတိုးဆေးတွေရော မှန်မှန်သောက်ရဲ့လား"

"ဟုတ်ကဲ့ သောက်ပါတယ်"

ဝါဂွမ်း ရင်ထဲမှာ ကြည်နူးမှုလေးတွေနှင့် နွေးထွေးနေတာတော့ အမှန်ပဲဖြစ်၏။ အထင်ကရ ဆီက ဒီလိုစာနာမှုလေးတွေ ကြုံဆုံနေရတာ အိပ်မက်တစ်ခုလို ထင်မိတဲ့အထိပါပဲ။

"မင်းက ဘာအလုပ်လုပ်တာလဲ"

"ကုမ္ပဏီမှာစာရေးပါ"

ဝါဂွမ်း အမှန်မပြောသင့်တာမို့ လိမ်မိပြန်သည်။ ဝါဂွမ်း ဘယ်မှာ လုပ်သည်ဆိုတာ အထင်ကရ သိလျှင် တုန်လှုပ်သွားမှာ သေချာ၏။

"ကုမ္ပဏီ စာရေးမအလုပ်ဆိုတာလည်း တစ်နေကုန် ထိုင်ပြီး စာရင်းတွေလုပ်ရမှာပေါ့၊ အညောင်းမိတဲ့အလုပ်ကြီးပဲ"

"ဒီလောက်လည်း မပင်ပန်းပါဘူး အစ်ကို"

"မလုပ်တာ ကောင်းမယ်၊ ဒီတော့ မင်း အလုပ်ကထွက်လိုက်ပါ ငါ ပေးထားတဲ့ငွေနဲ့ မလုံလောက်သေးရင် ငါ ထပ်ပေးမယ်"

"ဟင့်အင်း ဟင့်အင်း မပေးပါနဲ့ ဝါဂွမ်း မယူချင်ဘူး"





ဝါဂွမ်း အလန့်တကြား ငြင်းဆိုမိသည်။ ဒီတစ်ခါ ငွေထပ်ပေး ...င် အမေ့လောဘတွေ ပိုကြီးမားလာဦးမှာ သေချာသည်။ အခုတောင် ...က်ထဲမှာငွေတွေရှိနေတော့ အမေ ဖဲရိုက်လို့ ပျော်မွေ့နေ၏။

"ဝါဂွမ်းကို ငွေမပေးပါနဲ့၊ ဟိုတစ်နေ့ကတောင် အမေက ယူ ...က်လို့ပါ၊ ဝါဂွမ်း မယူချင်ဘူး"

"ဘာလဲ မင်းအမေက ငွေအလုံအလောက် ပေးမသုံးဘူးလား ...င်းလေ ဒါကြောင့် မင်းအခုလို အလုပ်လုပ်နေရတာပေါ့လေ"

ဝါဂွမ်း ဘာမှမပြောချင်ပါ။ အမေ့အကြောင်းတွေ လျှောက်ပြော ...ရတာ မကောင်းမှန်း နားလည်သည်။

"ငါ မှားသွားတာပါ၊ ဖိုးထူးကို ပိုက်ဆံပေးခိုင်းလိုက်ကတည်း ... မင်းနဲ့မတွေ့ရင် မပေးသေးဖို့ မမှာလိုက်မိဘူး၊ သူက မင်းအမေကိုပဲ ...လိုပေးခဲ့တာ"

"ဝါဂွမ်းအတွက် ငွေမလိုအပ်ဘူးလို့ အစ်ကို့ကို ပြောခဲ့ပြီးသား ..."

"မင်းအတွက် မလိုပေမယ့် ကလေးအတွက် လိုအပ်တယ်၊ ...မ်း မင်းအမေရဲ့အကျင့်စရိုက်ကိုလည်း ငါသိတယ်၊ သူက မင်း ...ွေးပဲလေ"

"ဟင်"

အမေ့အကြောင်းတွေကို အထင်ကရ သိနေသည်ဆိုတော့ ...သအချာ စုံစမ်းထားလို့ပဲဖြစ်မည်။ ဒါဆိုလျှင်တော့ ဝါဂွမ်းအပေါ် ...ကြည်မှုသံသယတွေ ပိုလို့ကြီးမားလာဖို့ပဲ ရှိမည်ထင်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ"

ရုတ်တရက် အထင်ကရနှုတ်က အော်ရင်း ကားကိုလမ်းဘေး ထိုးရပ်လိုက်တာမို့ ဝါဂွမ်း နားမလည်လိုက်ပါ။

"ဟော့ ဒီမှာ ငါ မင်းကို ဆက်လိုက်ပို့ဖို့ မရတော့ဘူး။ မင်းဆင်းပြီး တက္ကစီနဲ့ဆက်ပြန်လိုက်တော့"

အထင်ကရ ဘာကြောင့် ပြောင်းလဲသွားသလဲဆိုတာကို ဝါဂွမ်း အခုမှပဲ ရိပ်မိတော့သည်။ ရှေ့မှာ လှမ်းမြင်နေရတာ မမရွှေမှုန်သား ကားဖြစ်နေသည်ကိုး။

ဝါဂွမ်း နားလည်စွာ ကားတံခါးဖွင့်ဆင်းတော့ အထင်က အိတ်ထဲက တစ်သောင်းတန်တစ်ရွက် ကမ်းပေးရင်း

"ရော့ တက္ကစီနဲ့သွားပါ၊ လိုင်းကားမစီးနဲ့နော်"

"ရတယ် ဝါဂွမ်းမှာ ပိုက်ဆံပါပါတယ်အစ်ကို"

ပြောပြီး ဝါဂွမ်း ခပ်သုတ်သုတ်လေး လှည့်ထွက်ခဲ့လိုက်သည် ဝါဂွမ်းနှင့် အထင်ကရတို့ကို မမရွှေမှုန် တွေ့သွားလျှင် မကောင်းပ အထင်ကရ စိုးရိမ်သလို ဝါဂွမ်းလည်း စိုးရိမ်ပါသည်။

တကယ်ဆိုလျှင် ဝါဂွမ်းအတွက် မမက်သင့်သော အိပ်မက် ဘာကြောင့် ဆက်မက်ချင်ရတာလဲ။

အထင်ကရ ဆိုတာ မမရွှေမှုန်သာအတွက်ပဲ ဖြစ်သင့်ပါသည်

■ ■ ■



## အခန်း (၂၄)

အလုပ်သွားဖို့ အိမ်ကထွက်လာသော ဝါဂွမ်း ခြေလှမ်းတွေ ကားမှတ်တိုင် မရောက်ခင်မှာပဲ တွန့်ဆုတ်သွားမိတာ အထင်ကရ ကားကြီးကြောင့်ဖြစ်သည်။

သူ ဝါဂွမ်းကို လာစောင့်နေတာလားမသိ။ ကားတံခါးကိုမှီ ရပ်နေသော သူက ဝါဂွမ်းကို မျက်မှောင်ကြီးကုပ်ကြည့်ရင်း

"ဟော့ ဒါက ဘာလုပ်နေတာလဲ"

အထင်ကရ လှမ်းအော်နေတော့ ဝါဂွမ်း မဝံ့မရဲလေး ဆက်လျှောက်ခဲ့ရ၏။ အနားကိုရောက်တော့ သူက ကားတံခါးကို ဆွဲဖွင့်ရင်း

"ကဲ ကားပေါ်တက်"

"ဟင့်အင်း ဝါဂွမ်း ဘာသာသွားပါရစေ အစ်ကို"

"မရဘူး တက် မင်းကိုခေါ်သွားစရာ နေရာရှိလို့"



www.burmeseclassic.com

www.burmeseclassic.com



ဝါဂွမ်း အံ့ညြသွားမိသည်။ သူ ဝါဂွမ်းကို ဘယ်ခေါ်သွားမှာလဲ မသိပါ။ ဆေးခန်းကိုတော့ အထင်ကရ လိုက်ပို့လို့မရပါ။

"ဟို ဘယ်သွားမလို့လဲဟင်"

"ဒီနေ့ မင်းအလုပ်ဖျက်လိုက်၊ ကားပေါ်တက်ပြီး ငါ ခေါ်တဲ့ နေရာလိုက်ခဲ့စမ်းပါ၊ ဗိုက်ထဲက မင်းကလေးအတွက် အရေးကြီးတဲ့ ကိစ္စ အတွက် ငါ လုပ်ပေးနေတာ"

ဝါဂွမ်း မငြင်းသာတော့ဘဲ ကားပေါ်တက်လိုက်ရပါသည်၊ သူက မောင်းသူနေရာမှာ ဝင်ထိုင်ပြီး ကားလေးကို မောင်းထွက်သည်။

တစ်လမ်းလုံး ဘာစကားမှ မဆိုဘဲ ကားကို မောင်းနေတော့ ဝါဂွမ်းလည်း နှုတ်ဆိတ်ကာ လိုက်ခဲ့လိုက်သည်။ အလုပ်ကို သူ လိုက် မပို့တာဘဲ တော်သေးသည်။

ကြာလျှင်တော့ အထင်ကရနှင့်ဝါဂွမ်း ကြားမှာ မမရွှေမှုန်ကိစ္စ ကြီးက ပြဿနာဖြစ်လာမှာ သေချာ၏။ သူ အလုပ်အကြောင်းမေးစဉ်က ဝါဂွမ်း အမှန်ပြောလိုက်သင့်၏။

ရုတ်တရက် ကားကို သူ ထိုးရပ်လိုက်တာမို့ ဝါဂွမ်း အံ့ညြသွားမိ၏။ မမရွှေမှုန်နှင့် ထပ်ရင်ဆိုင်တိုးပြန်ပြီလား။ ပြတင်းတံခါးက ဝါဂွမ်း လှမ်းကြည့်တော့ ကားလေးရပ်ထားတာ ကော်ဖီဆိုင်လေးရှေ့မှာဖြစ်၏။

"ငါ ဘာမှမစားရသေးဘူး တစ်ခုခုစားမလို့"

"ဟို ဝါဂွမ်း မဆာပါဘူး၊ ထမင်းကြမ်း စားလာခဲ့တယ်"

ဝါဂွမ်း စကားကြောင့် သူ မျက်မှောင်ကြီးကုပ်ပြီး ဝါဂွမ်းနံဘေး က ခြင်းထဲလှမ်းကြည့်သည်။ ထမင်းချိုင့်လေးကို တွေ့တော့ လှမ်းယူကာ





ကြည့်၏။

ဝါဂွမ်း ထည့်လာသော ဘဲဥကြော်နှင့် ငါးချဉ်သုပ်ကိုမြင်တော့ အထင်ကရ မျက်နှာကြီး မဲ့ရှုံ့သွား၏။

"ဒါ မင်း ဟင်းအဖြစ်စားမယ့် အစားအသောက်တွေလား"

"ဟုတ်ကဲ့ အမေ ထည့်ပေးလိုက်တာပါ"

"ဒီလို အဆိပ်အတောက် ဖြစ်စေတဲ့ အစားအသောက်တွေ အချိန်မျိုးမှာ မင်းမစားသင့်ဘူး၊ ဒါကို မင်းမသိရင်တောင် မင်းအမေက တော့ သိသင့်တယ်လို့ ငါထင်တယ်၊ ဒါ လက်လုပ်ချဉ်တွေကွ၊ အထဲက ကလေးကို ဘယ်လောက်အန္တရာယ်ပေးမလဲ မိခင်စိတ်ရှိတဲ့သူဆိုရင် သိသင့်တယ်"

အထင်ကရ ဒေါသတွေနှင့် ဆူပူနေတော့ ဝါဂွမ်း နှုတ်ဆိတ် ခြင်းလေးငုံ့နေလိုက်၏။ အမေ ထည့်ပေးသောဟင်းတွေကို ဝါဂွမ်းလည်း ကြိုက်လှသည်မှာမဟုတ်ပါ။ ဆေးရုံရောက်မှ ဆိုင်က ဟင်းဝယ်စားဖို့ ဆုံးဖြတ်ထားတာ အထင်ကရ မသိပါ။

မျက်နှာကြီးနီကာ ဒေါသထွက်နေတာတောင် အထင်ကရ မျက်နှာက ကြည်လင်ကာ ချောမောလွန်းသည်။

ရုပ်ရည်ချောမောသလို ဘာဝတ်ဝတ်ကြည့်ကောင်းလွန်းသော အထင်ကရအပေါ်မှာ ဝါဂွမ်း စိတ်တွေ ယိမ်းယိုင်နေခဲ့သည်လား။ ဒါ ဖြစ်သင့်ဟု သိနေပေမယ့်လည်း...။

"ကဲ ဆင်းလေ တစ်ခုခုစားရအောင်"

ပြောရင်း အထင်ကရ အရင်ဆုံး ဆင်းသွားသည်။ ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



ဝါဂွမ်းဆင်းနိုင်အောင် တံခါးဖွင့်ပေးသည်။

ဆိုင်လေးထဲဝင်တော့လည်း သူက ဝါဂွမ်းကို တီးတိုး သတိပေး ပြန်၏။

"ကြမ်းပြင်က ချောတယ်နော် ချော်လဲမယ် သတိထား"

သူ့ရဲ့ဂရုစိုက်မှုတွေကို ကြုံနေရတော့ ဝါဂွမ်းရင်ထဲမှာ ကြည်နူး စိတ်လေးတွေ ခံစားနေရသည်။ ဘယ်တော့မှ မရနိုင်ဟု ထင်ထားမိသော သူ့ရဲ့အရေးထားမှုတွေ ဝါဂွမ်း ပိုင်ဆိုင်နေရ၏။

တကယ်ဆို ဝါဂွမ်း တောင်းဆိုခဲ့တာလည်း မဟုတ်သလို သူ ကလည်း ခါးသီးစွာ ငြင်းဆိုထားခဲ့ဖူးသည်။

အခုတော့ ဝါဂွမ်းကို သူ ဘာကြောင့် ဂရုစိုက်မှုတွေ ပေးနေ တာလဲ။ ဝါဂွမ်း ဝမ်းထဲက ရင်သွေးလေးကြောင့်လား။

"မင်းတစ်ခုခုတော့စား ကုန်သလောက်ပဲစားပေါ့၊ အချဉ်အစပ် တွေတော့ မစားရဘူး"

သူ့ဘာသာပြောကာ စိတ်တိုင်းကျ မှာပေးသည်။ ဝါဂွမ်းအတွက် ကော်ဖီကိုလည်း သူကိုယ်တိုင် နို့ဆီ၊ သကြား၊ နို့စိမ်းတွေထည့်ကာ ဖျော်ပေးသည်။

"ရော့ အသားပေါင်းတွေ စား၊ မင်းနဲ့တည့်ပါတယ်"

ဝါဂွမ်း ခေါင်းလေးညိတ်ကာ အထင်ကရ ကျေနပ်အောင် စား လိုက်ပါသည်။

"ရော့ အသားပေါင်းတွေ စား၊ မင်းနဲ့တည့်ပါတယ်"

ထိုတဒင်္ဂလေးမှာတော့ ဝါဂွမ်း ရင်ထဲမှာ ရှိန်းမြနွေးထွေးသော ခံစားမှုတွေ ပြည့်ဝနေခဲ့သည်။ ဒါ အိပ်မက်မဟုတ်တာတော့ သေချာသည်။

ကော်ဖီဆိုင်လေးထဲက ထွက်ခဲ့ပြီး ကားလေးကို အထင်ကရ ဦးတည်မောင်းနှင်ခဲ့သည်က ဈေးဝယ်စင်တာကြီးတစ်ခုကို ဖြစ်သည်။

သူ ဘာတွေဝယ်ဦးမှာလဲ သိချင်စိတ်ဖြင့် ဝါဂွမ်း နှုတ်ဆိတ်စွာပဲ လိုက်ခဲ့လိုက်သည်။ ဝါဂွမ်း တစ်ခါမှ မရောက်ဖူးသော စင်တာထဲမှာ မြင်တွေ့သမျှက ငေးမောချင်စရာတွေချည်း ဖြစ်၏။

အထင်ကရက အမျိုးသမီးဝတ်အင်္ကျီတွေ ရောင်းချသော ဆိုင် ရှေ့မှာ ဝင်ရပ်တော့ ဝါဂွမ်းနံဘေးမှာ ခပ်ရှိရှိလေး။

"လာ မင်းအတွက် မိခင်လောင်းဂါဝန်တွေ ဝယ်မလို့"

"အို ဝါဂွမ်း မဝတ်ရဲပါဘူး"

"ဟ မဝတ်ရဲလို့မရဘူး။ ကိုယ့်ဗိုက်မှကိုယ်အားမနာ မင်းဝတ် ထားတဲ့ပုံစံက ကျပ်ကျပ်ထုတ်ထုတ်တွေ၊ ကြည့်ရတာ မျက်စိထဲမှာ ဘယ် လိုမှထောင့်မကျိုးဘူး"

သူ့စကားကြောင့် ဝါဂွမ်း ကိုယ့်ကိုကိုယ် ပြန်ငုံ့ကြည့်မိ၏။ ဟုတ် တော့လည်း ဟုတ်သည်။ ဝါဂွမ်း ဝတ်ဆင်ထားသော ကိုယ်ကျပ်ရယ်ဒီ မိတ်အင်္ကျီလေးက ယခင်ကလို ပုံစံမကျဘဲ ဝမ်းဗိုက်လေးက ရှုထွက်နေ၏။

"ကဲ အထဲဝင်ပါ ဆိုင်ရှေ့မှာ ပေကပ်ရပ်မနေနဲ့ကွာ"

အထင်ကရ စိတ်မရှည်ဟန်နှင့် ဝါဂွမ်း လက်ကလေးကို ဆွဲ ခေါ်ကာ ဆိုင်ထဲလှမ်းဝင်သည်။

ဆိုင်ထဲက အရောင်းစာရေးမလေးတွေက ဝါဂွမ်းတို့နှစ်ယောက် ကိုကြည့်ကာ ပြုံးစိစိ ဖြစ်နေကြသည်။ သူတို့အမြင်မှာ ဝါဂွမ်းတို့တွေကို



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုထင်နေမည် မသိပါ။

ဆိုင်ထဲရောက်တော့ ဝါဂွမ်းကို ဘာမှမပြောတော့တဲ့ အထင်က စိတ်တိုင်းကျ တစ်ထည်ပြီးတစ်ထည် ရွေးကာဝယ်တော့သည်။

ဝါဂွမ်း နှုတ်ကလည်း ဘာမှမပြောရဲတာမို့ ရပ်ကြည့်နေရ အထင်ကရက အင်္ကျီဂါဝန် ဆယ်ထည်ခန့်ရွေးပြီး ငွေရှင်းသည်။

''ကဲ မင်းဘာလိုချင်သေးလဲ ဝါဂွမ်း''

''ဟင့်အင်း ဘာမှမယူပါဘူး''

သူ ဘာမှမပြောဘဲ ဆက်လျှောက်တော့လည်း ဝါဂွမ်း နော က အရုပ်လေးလို လိုက်ရပြန်၏။

အသားဘူးတွေ စားစရာတွေ သူ ဝယ်သည်။ ပြီးတော့ အာ ဆေးတွေလည်း ဝယ်ပြန်သည်။ ပြီးမှ စင်တာထဲက ပြန်တော့၏။

''ပေးလေ ဝါဂွမ်း ကိုင်ခဲ့ပေးပါ့မယ်''

''ရပါတယ် မင်းဘာသာ ဖြည်းဖြည်းလျှောက် အဲ မှာထား မယ်၊ အလေးအပင်တွေ ခုချိန်မှာ မင်း လုံးဝ မမရဘူးနော်''

''ဟုတ်ကဲ့''

ကားပေါ်အထိ သူက ဝါဂွမ်းအတွက် ဝယ်လာသောပစ္စည်း ကို သူပဲသယ်ယူပေးလာသည်။

''ဝါဂွမ်း မင်း စားသောက်ဖို့ အသားဘူးတွေ ငါ ဝယ်ပေး နော်၊ မင်းနဲ့မတည့်တာတွေ မစားစေချင်လို့ အားဆေးတွေလည်း ပုံမှန်သောက်ပါ''

ကားပေါ်ရောက်တော့ သူက ဝါဂွမ်းကို အသေအချာမှာသည်





ဝါဂွမ်း ခေါင်းလေးညိတ် နားထောင်မိ၏။ သူကတော့ ကားကိုမောင်းမထွက် သေးဘဲ ဝါဂွမ်းဘက် မျက်နှာချင်းဆိုင်လှည့်ကြည့်နေဆဲ။

''ဝါဂွမ်း အရေးကြီးတာ မင်းအလုပ်က ထွက်လိုက်ပါ''

''ဟို ဒါတော့ ချက်ချင်းကြီး''

''ဝါဂွမ်းဖြူဖြူ မင်းက မိခင်လောင်းဆိုတာ မမေ့သင့်ဘူး၊ မင်းရဲ့ရင်သွေးကို မင်းပဲ အဓိကစောင့်ရှောက်ရမှာ၊ မင်းအမေကိုတော့ ငါ မထင်ဘူး''

အမေ့အကြောင်း သူ ပြတ်သားစွာ ပြောလာတော့ ဝါဂွမ်း အံ့သြသွားမိပါသည်။ သူ အမေ့အကြောင်းတွေ သိနေသည်လား။

''ငါ စုံစမ်းထားသမျှကတော့ မင်းအမေ စိတ်ဓာတ်ကတော့ ကောင်းဘူး၊ တကယ့်မိထွေးစိတ်ဓာတ်ပဲ''

''အစ်ကို အမေ့အကြောင်းတွေ စုံစမ်းထားသလားဟင်''

''မင်းအမေအကြောင်းတင် မကဘူး၊ မင်းအကြောင်းတွေပါ ငါ သိသင့်သလောက် သိတယ် ဝါဂွမ်း''

ဝါဂွမ်းအကြောင်းတွေကို အထင်ကရ သိသည်တဲ့၊ ဝါဂွမ်း ပင့် သက်လေး ရှိုက်မိ၏။

''မင်းရဲ့စိတ်ထားလေးကို ငါ လေးစားပါတယ် ဝါဂွမ်း၊ ကံမ ကောင်းခဲ့တဲ့ မင်းဘဝလေးကို ငါ စာနာပါတယ်၊ အဲ မင်းအမေကတော့ အသမီးကို နိုင်းစားတတ်တဲ့ မိခင်ပဲ၊ မင်းဆီကို ငါပို့ပေးတဲ့ငွေနဲ့ မင်းအမေက ရွှေတွေ သီးနေအောင်ဝတ်စားမယ်၊ ရပ်ကွပ်ထဲမှာ ဖဲသည် မယ်၊ မင်းဗိုက်ထဲက ကလေးနဲ့မင်းအတွက် မွေးဖွားစရိတ်ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



သူ့ခေါင်းထဲမှာမရှိဘူး၊ ငါ့အစီအစဉ်နဲ့မင်းအမေလုပ်ရပ်က ဆန့်ကျင်ဘက်ပဲ''

အထင်ကရ ပေါက်ကွဲပြောနေသမျှက အမှန်တရားတွေမို့ ဝါဂွမ်း ဘာမှပြန်မပြောနိုင်ခဲ့ပါ။

''ကဲ အခု မင်းကိုငါ လိုသမျှစောင့်ရှောက်ပေးမယ် ဝါဂွမ်း၊ အဲဒါ မင်းကိုသနားလို့ပါ၊ တစ်ခုတော့ရှိတယ်၊ အချိန်ကာလအတိုင်းအတာတစ်ခုအထိပေါ့''

အထင်ကရ ဘာကိုဆိုလိုသည်ဆိုတာ ဝါဂွမ်း သိပါသည်။ အထင်ကရအတွက် မမရွှေမှုန်က အရေးကြီးပါသည်။

''စိတ်မကောင်းပါဘူး ဝါဂွမ်း၊ ငါပြောခဲ့သလိုပါပဲ ငါတို့နှစ်ယောက်ကို ကံကြမ္မာက မိုက်မဲစွာ စီရင်ခဲ့တာပါ၊ ဒါပေမဲ့ ငါကော မင်းပါ ဘာမှန်းမသိလိုက်ကြဘဲ သားကောင်တွေ ဖြစ်ခဲ့ရတာပါ၊ ဒီတော့ အကောင်းဆုံး ငါတို့ ရင်ဆိုင်ကျော်ဖြတ်ရမှာပေါ့''

ဝါဂွမ်း လက်ခံပါသည်။ တကယ်ဆို သူနှင့်ဝါဂွမ်းတို့အဖြစ်က အိပ်မက်ဆိုးကြီး မက်ခဲ့သလိုပါပဲ။

''ကဲ ပြန်ကြမယ် ဝါဂွမ်း မင်းအိမ်အထိ ငါပို့ပေးပါ့မယ်''

''ဟို မပို့ပါနဲ့ အစ်ကို အမေက''

''ရတယ် မင်းအမေအကြောင်း ငါ သိနေတာပဲ''

''အမေက အစ်ကိုနဲ့ဝါဂွမ်းအကြောင်း မသိပါဘူး''

''အဲဒါလည်း ကောင်းပါတယ်၊ ငါ့ကို မင်းနဲ့ပတ်သက်တဲ့ အထင်ကရရဲ့ညီတစ်ယောက်လို့ပဲ မင်းအမေ သိထားပါစေ''





ဝါဂွမ်း ခေါင်းလေးညိတ်မိသည်။ ဘာပဲဖြစ်ဖြစ် ဝါဂွမ်းအတွက်တော့ အခုချိန်မှာ ကံကောင်းသည်ဟု ဆိုရမည်။

အထင်ကရရဲ့နားလည်မှုနှင့် စေတနာတွေက မမရွှေမှုန်လိုပဲ ဝါဂွမ်းအပေါ်မှာ ပြည့်ဝနေခဲ့၏။

ထို့အတွက် ဝါဂွမ်း ဝမ်းသာရမည်လား။ အချိန်တန်လျှင်တော့ ဝါဂွမ်းနဲ့ရင်သွေးလေးတို့ဘဝတွေက နှစ်ယောက်တည်းပဲထင်ပျါသည်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

"အမေ ဝါဝွမ်းသုံးဖို့ ပိုက်ဆံလေး နည်းနည်းပေးထားပါဦး... ဟိုလေ ကိုယ်ဝန်က လရင့်မလာသေးပေမယ့် လိုအပ်တာလေးတွေ ဝယ်... ရအောင်ပါ"

"ဟဲ့ ဘာဝယ်စရာလိုလို့လဲ၊ ဟိုရက်ကပဲ ညည်းယောကျ်ားရဲ့... က အဝတ်အစားတွေ ဆေးတွေ ဝယ်ပေးခဲ့တယ် မဟုတ်လား"

အမေကတော့ လက်ထဲရောက်နေသည့်ငွေတွေကို စိတ်တိုင်းကျ... သုံးဖြုန်းနေပေမယ့် ဝါဝွမ်းအတွက်တော့ တစ်ပြားမှ ကုန်ချင်ဟန်မရှိ...

အထင်ကရ ပြောသည့်အတိုင်း အမေရဲ့အကျင့်စရိုက်ကတော့... ဆိုးဝါးလွန်းပါသည်။

"ဝါဝွမ်း ညည်းယောကျ်ားက ညည်းကိုစွတ်တွေကို သူ့ညီ... တာဝန်ပေးထားတာလား"

"ဘာကိုပြောတာလဲ အမေ"





"သူ နိုင်ငံခြားသွားအလုပ်လုပ်နေချိန်မှာ သူ့ညီကို ညည်း... အတွက် လိုတာစီစဉ်နိုင်းသလား မေးတာ"

"ဟုတ်မှာပေါ့ ဒါကြောင့် ဟိုတစ်ရက်က လိုတာဝယ်ပေးတာ ...ဖြစ်မှာပေါ့"

ဝါဝွမ်း အလိုက်သင့်ပဲ ပြောရသည်။ အထင်ကရကို အထင်ကရ ...စ်အမှန်ဟု အမေ လုံးဝသိလို့ မဖြစ်ပါ။ အထင်ကရ၏ဝမ်းကွဲညီ ...စ်ယောက်ဟုပဲ ဝါဝွမ်း ညာထားသည်။

"အဲဒီကောင်လေးက ညည်းကို အလုပ်ထွက်နိုင်းနေတာလား၊ ...ဒီနေ့က အမေ ကြားလိုက်မိလို့"

"ဟုတ်တယ် အမေ ဒီကလေးအဖေက ဝါဝွမ်းကို အလုပ်က ...ထွက်နိုင်းတယ်၊ ငွေတွေပေးထားတာနဲ့ သက်တောင့်သက်သာနေပြီး ...လေးကို ချောချောမောမော မွေးပါတဲ့"

အမေ့မျက်နှာက ဝတ်ဆင်ထားသော ရွှေတွေနှင့်အပြိုင် ...တောက်ပသွားခဲ့ကာ

"ဒါဆိုရင် သမီး မတ်လေးကို ပြောလိုက်လေ၊ အဲဒီပို့ထားတဲ့ ...ငွေလောက်နဲ့ မလောက်ဘူးလို့ နောက်ထပ် ထပ်ပို့ပေးပါလို့"

လောဘတွေ အတောမသတ်နိုင်သော အမေ့ကို ဝါဝွမ်း စိတ်...ပျက်ချင်လှပြီ။ အမေ့လို လူစားမျိုးကို ငွေတိုက်ကြီးဆောက်ပေးထားလျှင် ...တောင် လောဘသတ်နိုင်မည်မထင်ပါ။

အခုပဲကြည့် ငွေသိန်းသုံးဆယ်ကို အမေ စိတ်တိုင်းကျ ကိုင်...ရတာကို မကျေနပ်နိုင်သေး။

ဝါဝွမ်းကိုတောင် ငွေထပ်တောင်းဖို့ ပြောနေသေး၏။



www.burmeseclassic.com

''ဘယ်လိုလဲ သမီး၊ အမေပြောခိုင်းသလို ပြောမယ်မဟုတ် လား''

''အမေရယ် ကလေး မွေးစရိတ်ကုန်တဲ့အချိန်တောင် မရောက် သေးဘဲနဲ့ သူပေးတဲ့ငွေတွေ ကုန်ပါပြီလို့ ပြောလိုက်ရင် သူကကော ဝါဂွမ်းကို ယုံကြည်ပါတော့မလား။ ဝါဂွမ်း မပြောချင်ပါဘူး အမေရယ်''

''ဟဲ့ မပြောလို့ ဖြစ်မလား၊ လက်ထဲမှာ ငွေက ရှိတော့ မဟုတ်ဘူး။ ညည်းက အလုပ်ထွက်မယ်ဆိုတော့ ဝင်ငွေက ဘာမှမရှိဘူး''

''ရတယ် အမေ၊ တစ်ပြားမှမရှိလည်း သမီးကလေးကို အောင်မွေးမယ်''

ဝါဂွမ်း စိတ်နာနာနှင့် အရွဲ့တိုက်ပြောမိသည်။ အမေ.ဝတ် သည့် ရွှေတွေ သုံးနေသောငွေတွေ အားလုံးက အထင်ကရ ပေးထား ဆိုတာ အမေ မေ့နေသည်လား။

''ညည်းက ပြောလေဆိုးလေပါလား၊ အရိပ်ပြရင်တော အကောင်မထင်တဲ့ကောင်မလေးပဲ၊ ဒါကြောင့်လည်း ဒီလိုဒုက္ခတွေ ည ကြုံခဲ့ရတာ၊ ဘယ့်နှယ်တော် ကိုယ်က သူ့ကလေးကို လွယ်ထားရ ဒီလိုအချိန်မှာ ဘယ်လိုအခွင့်အရေးပဲတောင်းဆိုဆို သူ့ဘက်က လိ လျော့ရမှာပဲအေ့၊ အခွင့်အရေးကို လက်လွှတ်ခံရတယ်လို့ ညည်း တော် နုံအတာပဲ ဝါဂွမ်းရယ်''

ဝါဂွမ်း ဝမ်းထဲက ရင်သွေးကို ဘန်းပြပြီး အမေငွေတွင် နေတာပါလားဟု ဝမ်းနည်းစွာ သိလိုက်ရ၏။ ဝါဂွမ်း ရင်ထဲမှာ လာတာ အမုန်း။

''မမခင်ရေ မမခင်''





''ဟော မြင့်ဦး လာလေ''

လမ်းထဲက အမေ့မိတ်ဆွေတွေ ရောက်လာတာကြောင့် အမေ့ ကားတွေ တစ်ခန်းရပ်သွားခဲ့၏။

''လာကြဟေ့ ဘယ့်နှယ် နင်တို့ဒီနေ့ ဝိုင်းမသွားကြဘူးလား''

''အခုပဲ ပြန်လာတာ၊ မဘောဘီအိမ်က ဒီရက်ထဲမှာ ရှော့်နည်း ည်းရှိနေတယ်တဲ့၊ ဒါကြောင့် မမခင်အိမ်မှာ လုပ်မလားလို့''

ကိုမြင့်ဦးတို့လင်မယားက အမေနှင့် ကစားဖော်ကစားဖက်တွေ ဖြစ်သည်။ အခုလည်း အိမ်မှာ ဖဲကစားဖို့ လာပြောနေကြ၏။

''အေး လုပ်လေ နင်တို့နှစ်ယောက်တည်းတော့ မဖြစ်ဘူးထင် ယ်''

''ဝိုင်းမပြည့်မှာမပူနဲ့၊ ဖြစ်တယ်ဆိုရင် ဒေါ်လှကြည်နဲ့ မမြင့်စိန် ပါ ခေါ်လိုက်မှာ''

''ဒါဆို အဆင်ပြေတာပေါ့၊ အိုးမကွာ အိမ်မကွာ ဆော့လို့ရတာ ပဲဟယ်''

''ဒါဆို ခဏစောင့် ကျွန်တော် သွားခေါ်လိုက်မယ်''

ကိုမြင့်ဦး ထွက်သွားတော့ မမော် မျက်ဝန်းတွေက ဝါဂွမ်းဆီ ရောက်လာရင်း

''မမခင် သမီးရဲ့ဗိုက်က တော်တော်တောင် ထွက်လာပြီပဲ''

''ဟုတ်တယ်ဟေ့ အခုပဲ အဲဒါပြောနေတာ သူ့ယောကျ်ား င်ခြားက ပို့ပေးတဲ့ ငွေသိန်းသုံးဆယ်လေ ငါ့မှာ အကြွေးလေးဆပ် သင့်တာရှင်းရတယ်၊ အဲ ပစ္စည်းလေးတွေလုပ်ထားတယ်ဆိုတာလည်း သားစုနောင်ရေးအတွက်ပဲ၊ ဒီတော့ ငွေထပ်တောင်းဖို့ သင်ပေးနေရ



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



တယ်''

''ကောင်လေးက ဟိုမှာ ဘာလုပ်တာလဲဟင်''

''ငါလည်း အသေအချာ မသိပါဘူးအေရယ်၊ ဒါပေမဲ့ သူ့ဟာသူ ဘာလုပ်လုပ် အဓိကက ငါ့သမီးဆီကို ငွေမှန်မှန်ပို့ပေးဖို့ပဲ မဟုတ်လား''

''အင်းလေ ဒါပဲအရေးကြီးတာ''

''ဟုတ်ပ။ မိဝါဂွမ်းတို့က ထူလွန်းအလွန်းတော့ အာပေါက် အောင် ပြောနေရတယ်ဟဲ့''

အမေတို့နှစ်ယောက်သား ဝါဂွမ်းကိစ္စအတွက် လက်ဝါးချင်း ရိုက်ပြောနေသံတွေကို မကြားချင်တာမို့ ဝါဂွမ်း အိမ်ပေါ်က ဆင်းခဲ့လိုက် သည်။

အမေနှင့်မမော်တို့ကတော့ ဝါဂွမ်း အကြောင်းတွေ ပြော ကျန်ရစ်ခဲ့ကြမှာ သေချာသည်။

အိမ်ရှေ့က မြေကွက်လပ်လေးမှာ ကစားနေသော မောင်လေး နှင့်ညီမလေးကိုကြည့်ရင်း ဝါဂွမ်း ပင့်သက်ချမိသည်။

အမေ့ကြောင့်တော့ ရင်မောရပါသည်။ ညီမလေး မောင်လေး ရဲ့ အနာဂတ်ကို အမေ ခေါင်းထဲထည့်မထားဘူးလား။ ဝါဂွမ်းကတော့ သူတို့လေးတွေအတွက် ပူပန်မိတာ အမှန်။

ဝါဂွမ်းရဲ့ရင်သွေးလေးနှင့် ညီမလေး မောင်လေးတွေအတွက် သောကတွေ ပူနေရတာ ဝါဂွမ်း မောလှပါသည်။

အမေကတော့ ဝါဂွမ်းလိုမဟုတ်။ စိတ်မောရပါလား အမေရယ်

■ ■ ■



## အခန်း (၂၈)

''မမရေ အိမ်ရှေ့မှာ ကားကြီးတစ်စီးနဲ့ ဟိုတစ်နေ့က အစ်ကို ကြီး ရောက်နေတယ်''

အိမ်ပေါ် ပြေးတက်လာကာ ပြောလာသော မောင်လေးသန့်ဇင် ကြောင့် ဝါဂွမ်း ညှော်ခန်းသင်ဖြူးဖျာလေးပေါ်မှာ လှဲနေရာက လဲထလိုက်မိ၏။

အထင်ကရပဲဖြစ်မည်ထင်သည်။ အိမ်ခန်းထဲမှာတော့ အမေတို့ တွေ ဖဲဝိုင်းဖွဲ့နေကြတာမို့ ဝါဂွမ်း မျက်နှာလည်းပူမိသည်။

ကပိုကရို ဖြစ်နေသော ဆံပင်တွေကို ဝါဂွမ်း လက်နှစ်ဖက်နှင့် သပ်တင်ကာ အိမ်တံခါးဆီ လျှောက်ခဲ့တော့ အထင်ကရက တံခါးဝ ရောက်နေခဲ့ပြီ။

''သြော် အစ်ကို အိမ်ပေါ်တက်ပါဦး''



www.burmeseclassic.com

www.burmeseclassic.com



အပြာနုရောင် ရှပ်လက်တိုအကွက်နှင့် ဂျင်းပင်န်အပြာကို တွဲ ဖက်ဝတ်ဆင်ထားသော အထင်ကရ အသွင်က ခန့်ညားရှင်းသန့်နေသည်

အထင်ကရ အကြည့်တွေက ပန်းဆီရောင်ဂါဝန်အကျိုပွပွလေး နှင့် ဝါဝွမ်းကို စိုက်ကြည့်နေတာမို့ ဝါဝွမ်း ရှက်သွေးတွေ ဖြာသွားခဲ့ရသည်

''မင်းက မိခင်လောင်းဂါဝန်နဲ့ လိုက်ဖက်သားပဲ''

သူ့စကားကြောင့် ဝါဝွမ်း မျက်နှာလေး ရဲခနဲဖြစ်သွားတာ မြင်လိုက်ရသည်။ နုဖတ်ကြည်လင်သော မျက်နှာလေးမှာ သနပ်ခါးရေး လေး လူးထားတာကြောင့် အထင်ကရ သဘောကျသွားမိတာ အမှန် ဖြစ်၏။

''ညှော်သည်လား သမီး''

အိမ်ခန်းထဲက ထွက်လာသော အမေ့အသံကြောင့် ဝါဝွမ်း ခေါင်းလေးညိတ်ပြမိ၏။ အထင်ကရကို မြင်သည်နှင့် အမေ့မျက်နှာ သကာတွေလူးထားသလို ပြုံးချိုသွားခဲ့သည်။

''မောင်ဘယ်သူ တက်လေ အိမ်ပေါ်ခေါ်ပါ သမီးရဲ့''

''ကို ကိုရန်ရှင်းပါ အမေ အစ်ကို အိမ်ပေါ်တက်ပါရှင်''

ဝါဝွမ်း နှုတ်ထဲရှိသည့် အမည်ကို ရေရွတ်ဖြေလိုက်ရ၏။ အထ ကရ ခေါင်းလေးညိတ်ကာ အိမ်ပေါ်တက်လာသည်။

''ထိုင်ပါ မောင်ရန်ရှင်း ဘာသောက်မလဲ မသိဘူး၊ သမီး အိခင်တို့ ဘယ်ရောက်နေကြသလဲ''

''ရတယ် အန်တီ၊ ကျွန်တော် ဘာမှ မသောက်ပါဘူး၊ ဝါဝွ ဆီ လာတာပါ''





အထင်ကရ ဖြေရင်း ကြိမ်ကုလားထိုင်လေးမှာ ဝင်ထိုင်လိုက် မိသည်။ ဝါဝွမ်းနှင့် တွေ့ဖို့လာတာဖြစ်ပေမယ့် ဒေါ်ခင်သန့်စင်နှင့် ကြုံ တွေ့နေရတာမို့ စိတ်ထဲမှာ ကသိကအောက်တော့ ဖြစ်ရ၏။

''သမီးလေးကို လာကြည့်တာလား၊ အဟင်း ကိုယ်ဝန်သက်က နုတော့ အန်တီလည်း ဂရုစိုက်နေရတယ်ကွဲ့၊ သမီးလေးကိုလည်း မောင် ရန်ရှင်းအစ်ကိုက အလုပ်က ထွက်ခိုင်းတယ်ဆို''

ဒေါ်ခင်သန့်စင်က သူ့ကိုအထင်ကရရဲ့ညီ ရန်ရှင်းဟုပဲ ထင် မှတ်ကာ မေးလာတော့ သူ ခေါင်းညိတ်ပြရင်း

''ဟုတ်တယ် အန်တီ၊ ဝါဝွမ်းကို ဘာအလုပ်မှ မလုပ်စေချင်လို့ အစ်ကိုက ငွေပို့ပေးထားခဲ့တာပေါ့''

''ဩော် ဟိုတစ်ခါ ပို့လိုက်တဲ့ ငွေသိန်းသုံးဆယ်ကိုပြောတာလား ကွဲ့၊ အဲဒီငွေတွေက ဘယ်ကျန်တော့မှာလဲကွယ်၊ အန်တီတို့က အဆင် မပြေတော့ တင်နေတဲ့အကြွေးတွေ ဆပ်ရတယ်၊ သမီးလေး ကလေး မီးဖွားရင် ငွေက ထပ်လိုဦးမှာပဲ''

''အို အမေကလည်း ဘာတွေပြောနေတာလဲ''

ဒေါ်ခင်သန့်စင် ပြောနေတာတွေကို ဝါဝွမ်း အလိုမကျနိုင်စွာ ဝင်တားတာဟု အထင်ကရ သဘောပေါက်ပါသည်။

''ဩော် သမီးကလည်း သူစိမ်းတွေမှ မဟုတ်တာကွယ်၊ သမီး ယောကျ်ားရဲ့ညီပဲဟာ၊ ပြောသင့်တာတော့ ပြောရမှာပေါ့၊ ဩော် မောင် ရန်ရှင်း မင်းအစ်ကိုဆီ ဖုန်းဆက်ပြောပေးစမ်းပါကွယ်၊ သမီးလေးအတွက် မီးဖွားစရိတ်လုံလောက်အောင် ပို့ပေးပါဦးလို့''



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်လိုချင်တာကိုပဲ တောင်းဆိုနေသော ဒေါ်ခင်သန့်စင်၏ လောဘစိတ်ကို အထင်ကရ မြင်တွေ့နေရ၏။ ကြားထဲက မျက်စိမျက်နှာ ပျက်နေသော ဝါဂွမ်းကိုလည်း အထင်ကရ စာနာမိပါသည်။

"မမခင်ရေ ဒီမှာ ဒေါ်မြိုင် ဒေါင်းသွားပြီနော်၊ ဆက်ကစားဦး မှာလား ဖဲဝေတော့မှာ"

အိမ်ခန်းထဲမှ အော်ပြောလိုက်သော အသံကြောင့် ဒေါ်ခင်သန့်စင် မျက်နှာ ကွက်ခနဲပျက်သွားခဲ့သည်။ ဝါဂွမ်း မျက်နှာလေးကလည်း သူ့ကိုကြည့်ကာ အားတုံ့အားနာ ဖြစ်နေတာ အထင်အရှား။

"အဟင်း အိမ်နီးချင်းတွေနဲ့ အပြင်းပြေ ပိုကာဒေါင်းနေကြ တာလေး အပျော်သဘောပါ၊ ဟဲ့ အိခင် သမီး အမေ့အစား ခဏဝင် ထိုင်ပေးစမ်း"

အိမ်ပေါ်လှမ်းတက်လာသော ဝါဂွမ်း ညီမလေး အိခင်ကို ဒေါ်ခင်သန့်စင် လှမ်းပြောတော့ အိခင် မျက်နှာလေးမဲ့သွားရင်း

"ဟာ အမေကလည်း သမီးမကိုင်ချင်ပါဘူး၊ ရဲတွေ လာဖမ်းရင် သမီး အဖမ်းခံရမှာပေါ့"

"ဟဲ့ ဘာတွေပြောနေတာလဲ၊ မရှည်နဲ့ သွားစမ်း ခဏလေး ကိုင်ထား၊ ငါ အခုလာခဲ့မယ်"

မြင်တွေ့ကြားနေရတာတွေကြောင့် အထင်ကရ စိတ်ထဲမှာ ညစ်ညူးမောဟိုက်သွားမိသည်။

လောကမှာ သားသမီးကို လမ်းမှားရောက်အောင် နည်းပေး လမ်းပြလုပ်နေသော မိခင်မျိုးအရိပ်အောက်မှာ ရှင်သန်နေရသော





ကလေး တွေအတွက် ရင်လေးမိသည်။

သားသမီးအရင်းအချာကိုတောင် ဖဲဝိုင်းထိုင်ခိုင်းသည့် ဒေါ်ခင် သန့်စင်သည် ဝါဂွမ်းကို စားသောက်ဆိုင်မှာ သီချင်းဖွင့်ဆိုခိုင်းတာ ဆန်းတော့ မဆန်းသည့်ကိစ္စပါပဲ။

"အမေရယ် ညီမလေးကို မခိုင်းပါနဲ့၊ အမေ့ဘာသာပဲ သွား ကစားပါတော့"

ဝါဂွမ်း မနေသာတော့ဘဲ ဝင်ပြောတော့ ဒေါ်ခင်သန့်စင် မကျေ နပ်သလို မျက်စောင်းထိုးသည်။

"ညည်းတို့တွေ အတူတူပဲ၊ မအေကို ပြန်ပက်ဖို့ပဲ တတ်တယ်၊ အေး အခု ငါပြောတဲ့ကိစ္စကို မောင်ရန်ရှင်း နားလည်အောင် ပြောပြ လိုက်ဦး၊ တကယ် မီးဖွားမှ လက်ထဲမှာငွေမရှိရင် ညည်းတိုက်နဲ့ညည်းကဲ့ ပဲနော်၊ ငါတို့က အနေသာကြီး ဟွန်း"

ဒေါ်ခင်သန့်စင် ဆတ်ခနဲ ထထွက်သွားခဲ့သည်။ အထင်ကရ ရှိနေတာကိုတောင် ဆင်ခြင်ရကောင်းမှန်းမသိပါ။

"အစ်ကိုရယ် ဝါဂွမ်း တကယ် အားနာပါတယ်၊ ဖြစ်နိုင်ရင် အိမ်ကိုမလာပါနဲ့ရှင်၊ ဝါဂွမ်းအတွက်လည်း ဘာမှမယူပါနဲ့၊ ဝါဂွမ်း အလုပ် လုပ်ပြီး စုထားတဲ့ငွေလေးတွေ ရှိပါတယ်"

ဝါဂွမ်း လေသံတိုးတိုးနှင့် တောင်းပန်နေတာကြားတော့ သူ တကယ်ပဲ စာနာသနားသွားမိသည်။

ဝါဂွမ်း၏ ဖြူစင်ရိုးသားသော နှလုံးသားလေးက ဒေါ်ခင်သန့်စင် နှင့် တခြားစီကို ကွာခြားလှပါလား။



www.burmeseclassic.com

www.burmeseclassic.com



"ဝါဂွမ်း မင်းဘာမှ မဖိုးရိမ်နဲ့၊ ငါ အားလုံးကို နားလည်ပါတယ် ငါ ဘာလုပ်သင့်သလဲဆိုတာလည်း သိတယ်၊ မင်းအတွက် ငါ အပြည့် အဝ တာဝန်ယူမှာပါ"

သူ ပြတ်သားစွာပဲ ကတိပေးလိုက်ပါသည်။ ဝါဂွမ်းအတွက် အကောင်းဆုံးကိုတော့ သူ စီမံရတော့မည်။

ဒီအမေ ဒီအသိုင်းအဝိုင်းထဲမှာ ဝါဂွမ်းခမြာ စိတ်ဆင်းရဲ ကိုယ် ဆင်းရဲ ဖြစ်နေတာ သူ မမြင်ရက်ပါ။ တစ်ခုခုတော့ သူ စီစဉ်မှဖြစ်မှာ သိနေခဲ့ပြီ။

■ ■ ■

## အခန်း (၂၇)

မြဲဝင်းကြီးက ကျယ်ဝန်းကာ အေးချမ်းတိတ်ဆိတ်သည်။ စိမ်းမြ နေသော မြက်ခင်းလွင်ပြင်နှင့် သစ်ပင်၊ ပန်းပင်တွေကလည်း လတ်ဆတ် သော လေပြည်တို့ကို ဆောင်ကြဉ်းပေးနိုင်သည်။

မြဲဝင်းကြီးအလယ်မှာ လှပသစ်လွင်သော တစ်ထပ်တိုက်လေး က နေချင်စဖွယ်ရှိသည်။

ဆင်ဝင်အောက်အထိ သူ ကားကိုမောင်းဝင်ခဲ့လိုက်သည်။ သူ နံဘေးမှာ တိတ်ဆိတ်စွာပါလာသော ဝါဂွမ်းကတော့ မျက်ဝန်းလေးတွေ ဝိုင်းစက်လို့နေ၏။

"ဝါဂွမ်း ရောက်ပြီ ဆင်းတော့လေ"

အထင်ကရ ပြောမှ ဝါဂွမ်း ခေါင်းလေးညိတ်ကာ အသင့်ဖွင့် ပေးသော တံခါးက ဆင်းရှာသည်။



www.burmeseclassic.com

www.burmeseclassic.com



တိုက်ထဲမှ သံဘာဂျာတံခါးကို ဖွင့်ပေးကာ ရိုကျိုးစွာ ရပ်နေကြသော မိန်းမကြီးတစ်ဦးနှင့် ယောက်ျားကြီးတစ်ဦးက အထင်ကရတို့ကို ဆီးကြိုနေကြသည်။

"ဝါဂွမ်း လာလေ"

တွန့်ဆုတ်ဆုတ်ဖြစ်နေသော ဝါဂွမ်းကို အထင်ကရက ဧည့်ခန်းထဲအထိ ဦးဆောင်ခေါ်လာသည်။

ဧည့်ခန်းထဲက ပရိဘောဂတွေအားလုံးက အသစ်တွေပဲဖြစ်သည်။ ကြက်သွေးရောင် ဆိုဖာထိုင်ခုံကြီးတွေကလည်း ရှင်းသန့်သစ်လွင်နေ၏။

"ထိုင် ဝါဂွမ်း"

ဆိုဖာကြီးမှာ ဝါဂွမ်း ကျုံ့ကျုံ့လေး ဝင်ထိုင်ရင်း မျက်တောင်ရှည်ကြီးတွေ ပုတ်ခတ်အံ့ဩနေတာ သူ ရိပ်မိပါသည်။

အိမ်မှာ သူ သွားခေါ်တုန်းကလည်း ဝါဂွမ်း ခေါင်းလေးညိတ်ကာ လိုက်လာသည်။ ဘယ်ကိုလဲဟုလည်း မမေးရှာပါ။ သူ ခေါ်ရာကိုပဲ တိတ်ဆိတ်စွာ လိုက်လာရှာ၏။

"ဒေါ်ရွှေနဲ့ဦးထိန် လာပါဦး"

"ဟုတ်ကဲ့ ဆရာလေး"

အထင်ကရ ရှေ့ကို နှစ်ဦးစလုံး ရောက်လာကာ လက်ကလေးတွေ နောက်ပစ်ရပ်နေကြ၏။

"ဒေါ်ရွှေ သူက ဒေါ်ရွှေ စောင့်ရှောက်ပေးရမယ့် မိန်းကလေးပဲ နာမည်က ဝါဂွမ်းဖြူဖြူတဲ့"





"ဟုတ်ကဲ့ပါ ဆရာလေး၊ ကျွန်မ ဂရုစိုက်စောင့်ရှောက်ပါ့မယ်"

"ဦးထိန်က ဝါဂွမ်း သွားချင်တဲ့နေရာကို လိုက်ပို့ဖို့ တာဝန်နဲ့ သို့အပ်တာအားလုံးကို တာဝန်ယူပေးပါ၊ ခြံကိစ္စအတွက် အလုပ်တွေက အလုပ်သမားတွေ တစ်ပတ်တစ်ခါ လာရှင်းလိမ့်မယ်"

"ဟုတ်ကဲ့ပါ ဆရာလေး စိတ်ချပါ"

"ကဲ ဝါဂွမ်း ဦးထိန်နဲ့ဒေါ်ရွှေကို မင်းလိုအပ်တာ ခိုင်းလို့ရတယ် ဟုတ်လား"

အထင်ကရ ပြောတာကို ဝါဂွမ်း နားမလည်နိုင်သလို မျက်ဝန်းဆလးတွေ ဝိုင်းစက်ကြည့်နေ၏။

"ကဲ ဒေါ်ရွှေနဲ့ဦးထိန် သွားလို့ရပြီ"

အထင်ကရ ခွင့်ပြုတော့မှ ဦးထိန်တို့နှစ်ဦး အိမ်ထဲလှမ်းဝင်သွားကြသည်။ အထင်ကရ အကြည့်တွေ ဝါဂွမ်းဆီ ပြန်ဦးတည်လာရင်း

"ဝါဂွမ်း ဒီနေ့ကစပြီး ဝါဂွမ်း ဒီအိမ်မှာပဲနေရမယ်"

"ရှင်"

"ဟုတ်တယ် ဒီနေ့ကစပြီး မင်းအမေအိမ်ကို မပြန်နဲ့တော့၊ သွားလည်း မတွေ့ရတော့ဘူး။ ပြီးတော့ မင်းအလုပ်ကလည်း ထွက်လိုက်တော့"

အမိန့်သံဆန်သော သူ့စကားတွေကြောင့် ဝါဂွမ်း မဝံ့မရဲနှင့် ခေါင်းလေးခါသည်။

"မ မဖြစ်နိုင်ဘူးထင်တယ်၊ ဝါ ဝါဂွမ်း အိမ်ကိုမပြန်ရင် အမေတို့ စိတ်ပူနေမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



အထင်ကရ မှဲ့ခနဲ တစ်ချက်ပြုံးမိသည်။ ဒေါ်ခင်သန့်စင်လို မိထွေးမျိုးကိုမှ ဝါဂွမ်းက ခင်တွယ်သံယောဇဉ် ကြီးနေသည်လား။

"မင်းအပေါ် ဘာမှမကောင်းတဲ့ မိထွေးကို ခေါင်းထဲက ထုတ်ပစ်လိုက်စမ်းပါ"

"ဟင့်အင်း ဒီလိုမလုပ်ပါနဲ့ အစ်ကို၊ ဝါဂွမ်းမှာ ညီမလေးနဲ့ မောင်လေး ရှိသေးတယ်၊ သူတို့ ဝါဂွမ်းမရှိလို့ မဖြစ်ပါဘူးရှင်"

တောင်းတောင်းပန်ပန်လေး ပြောနေသော ဝါဂွမ်းကိုကြည့်ကာ အထင်ကရ စာနာမိပါသည်။ ရိုးသားဖြူစင်သော မိန်းကလေးရင်ထဲကို လည်း သူ မြင်နေရ၏။

ဝါဂွမ်းဖြူဖြူ ဆိုသော ကောင်မလေးနှလုံးသားက ရိုးသားသည့် သံယောဇဉ်ကလည်း ခိုင်မာကြီးမားလွန်းသည်။

"အဲဒီအတွက် မင်းဘာမှမပူပါနဲ့၊ မင်းအမေ မင်းကို စိတ်မပူရအောင် ငါ စီစဉ်ပေးမှာပါ၊ မင်း ဒီမှာနေဖို့အတွက် ငါ အပြီးခေါ်လာတာပါ ဝါဂွမ်း"

"ရှင် ဟို ဟို ဝါဂွမ်းကို ဘာလို့ ဒီမှာနေနိုင်းတာလဲ အစ်ကို ဝါဂွမ်းကို လက်ထပ်မလို့လား"

ဘုရားရေ သူ့လုပ်ရပ်ကို ဝါဂွမ်း ဘယ်လိုထင်မြင်နေသည်လဲ မသိ။ တကယ်ဆို သူ စီစဉ်ပေးနေတာ ဝါဂွမ်းဘဝလေးကို စာနာတာ ကြောင့်ပါပဲ။

"မင်းလည်း မင်းအမေလို လောဘတွေမကြီးနဲ့ ဝါဂွမ်း၊ ငါက ဒီအိမ်မှာ မင်းကိုပေးနေခိုင်းတာ ငါ့ကလေးအတွက် ငါ့ကလေးကို မင်း





အမေလို စရိုက်ဆိုးတွေရှိတဲ့နေရာမှာ မရှင်သန်စေချင်ဘူး၊ ဒါကြောင့် ဒီကလေး လူ့လောကထဲရောက်မလာခင် ကြိုခွဲထားလိုက်တာပဲ"

စောစောကတည်းက ယတိပြတ် ရှင်းထားတာ အကောင်းဆုံး မို့ အထင်ကရ ပြတ်သားစွာပဲ ပြောလိုက်မိ၏။ ဝါဂွမ်း မျက်နှာလေး ရှုံ့ခနဲဖြစ်ကာ မျက်ရည်လေးဝဲလာတော့ သူ စိတ်မကောင်းဖြစ်ရပြန်၏။

"ဝါ ဝါဂွမ်း လောဘမကြီးပါဘူး၊ ဒါပေမဲ့ အမေတို့ကိုတော့ ပစ်မထားနိုင်ဘူး အစ်ကို"

"ငါ နားလည်တယ် ဝါဂွမ်း၊ မင်းကို သူတို့နဲ့ ရာသက်ပန်တွေ့ ခွင့်မပေးတာလည်း မဟုတ်ဘူး၊ အချိန်အတိုင်းအတာတစ်ခုအထိပဲ၊ ငါ ဆိုလိုတာက ကလေးမွေးပြီးတဲ့အထိပေါ့"

"အစ်ကို ဆိုလိုတာ ဝါဂွမ်း မရှင်းဘူး"

"ရှင်းရှင်းလေးပဲ၊ ဒီကလေးမွေးပြီးရင် မင်းမိသားစုဆီ ပြန်ခွင့် ရှိတယ်၊ ဒါပေမဲ့ ကလေးကိုတော့ အပြီးထားခဲ့ရမှာပဲ"

"ရှင်"

"ဟုတ်တယ်လေ မင်းမှာမိခင်စိတ်ရှိတယ်ဆိုရင် ကလေးကို မင်းအမေလို အကျင့်စရိုက်ဆိုးတွေကြားထဲမှာ ရှင်သန်နိုင်းမှာလား၊ ဒီ ကလေးကို ငါ့နည်းငါ့ဟန်နဲ့ ငါ့သားသမီးဖြစ်အောင် ငါ ကြိုးစည်မယ်၊ မင်းကတော့ မင်းလမ်းမင်းဆက်လျှောက်ခွင့်ရှိတယ်"

ဝါဂွမ်း နှုတ်ခမ်းလေးတွေ တဆတ်ဆတ်တုန်ကာ မျက်ရည်တွေ ဖိုးပိုးပေါက်ပေါက် စီးကျလာသည်။

"မတရားဘူး အစ်ကို မတရားဘူး အဟင့် ဟင့်"



www.burmeseclassic.com

ခေါင်းလေးခါ ငိုကြွေးရင်း ဝါဂွမ်း သူ့ကို စွပ်စွဲနေတော့ သူ မှဲ့ခန့် ပြုံးရင်း

"ငါ မတရားဘူးဆိုလည်း မတတ်နိုင်ဘူး ဝါဂွမ်း၊ ဒါ ငါ့အတွက် မဟုတ်ဘူး။ ငါ့ကလေးအတွက်ပဲ၊ ဘာလဲ မင်းက မင်းဗိုက်ထဲကကလေးကို မင်းအမေနဲ့ မြေးအဘွားတော်ခိုင်းပြီး ဖဲဝိုင်းမှာ အတူဖဲရိုက်ခိုင်းမလို့လား"

"အစ်ကို ဒီလိုမပြောပါနဲ့၊ ဝါဂွမ်း ရင်သွေးအတွက် ဝါဂွမ်း အကောင်းဆုံးဖြစ်အောင် ကြိုးစားနိုင်ပါတယ်"

"မင်း စိတ်ကူးယဉ်လွန်းတယ် ဝါဂွမ်း"

"အစ်ကို ဘာကိုဆိုလိုတာလဲ၊ ဝါဂွမ်းမှာ ငွေကြေးမချမ်းသာလို့ အထင်သေးတာလား။ ဝါဂွမ်း ဝမ်းနဲ့လွယ်ထားတဲ့ ရင်သွေးအတွက် ဝါဂွမ်း ရှာဖွေကျွေးမွေးနိုင်ပါတယ်၊ ဝါဂွမ်း ရင်သွေးက ဝါဂွမ်းရဲ့နှလုံးသားပဲ ဝါဂွမ်းကို မရက်စက်ပါနဲ့၊ ဝါဂွမ်း တောင်းပန်ပါတယ် အဟင့် ဟင့်"

ရှိုက်ကြီးတငင် ငိုကြွေးနေသော ဝါဂွမ်းကိုကြည့်ကာ သူ စိုးရိမ်ပြန်သည်။ ကိုယ်လေးလက်ဝန်ကြီးနှင့် ဒီကောင်လေး ငိုကြွေးနေတာ မဖြစ်သင့်ပါ။

သူ့စကားတွေကြောင့် ဝါဂွမ်း စိတ်ဆင်းရဲစေသည်လား။ တကယ်ဆို ဒီစကားတွေကို ဝါဂွမ်း ခံစားရအောင် သူ မပြောသင့်ခဲ့ပါ။

"ဆောရီး ဝါဂွမ်း ငါ. ဆိုလိုတာ ငါ့ကလေးကို မင်းအမေ အသိုင်းအဝိုင်းမှာ မရှင်သန်စေချင်တာပါ၊ မင်းရင်သွေးကို မင်းချစ်တယ်ဆိုရင်လည်း မင်း ငါ့စကားကို နားလည်သင့်တယ်၊ ဒီတော့ မင်းရင်သွေးကို မွေးပါ၊ ပြီးရင် မင်းတို့အတွက် ရပ်တည်နိုင်အောင် ငါ ဖန်တီးပေးမယ်၊ မင်းအမေနဲ့ကျန်ရစ်ခဲ့တဲ့မိသားစုအတွက်လည်း မပူနဲ့ ငါ ထောက်ပံ့ပေးမယ်၊ ကဲ ဒါဆို မင်းကျေနပ်ပြီလား"

သူ့စကားတွေကို ခေါင်းလေးမော့ကြည့် နားထောင်နေသော ဝါဂွမ်း မျက်နှာလေးက မျက်ရည်တွေနှင့် ရှိနေဆဲ။

"အစ်ကို ဝါဂွမ်းရင်သွေးကို ဝါဂွမ်းနဲ့ မခွဲပါနဲ့နော်၊ ဘာငွေကြေးမှ မလိုပါဘူး၊ ဝါဂွမ်းကလေးကို ဝါဂွမ်း စောင့်ရှောက်ကျွေးမွေးပါ့မယ်၊ အစ်ကို့ကိုလည်း ဒုက္ခမပေးပါဘူးရှင်"

"ငါ နားလည်တယ် ဝါဂွမ်း။ ကဲ မင်း မငိုနဲ့တော့ ဟုတ်လား၊ ဒီမှာ မင်းအတွက် အကောင်းဆုံး ငါ စီစဉ်ပေးထားပါတယ်"

ဝါဂွမ်း ခေါင်းလေးညိတ်ကာ မျက်ရည်တွေကို လက်ဖမိုးနှင့် သုတ်သုတ်နေတော့ သူ့အိတ်ထဲက လက်ကိုင်ပဝါလေးကို ထုတ်ပေးလိုက်သည်။

ဝါဂွမ်း လှမ်းယူကာ မျက်ရည်တွေ သုတ်ရှာသည်။

ဝါဂွမ်းဖြူဖြူ ဆိုသော မိန်းကလေးရင်ထဲမှာ မိခင်တစ်ယောက်ရဲ့ မေတ္တာတွေ ကြီးမားရှင်သန်နေတာ သူ သိလိုက်ရ၏။

တကယ်ဆိုလျှင် သူ ကိုယ်တိုင်လည်း ဥပေက္ခာပြုထားပြီးမှ ဝါဂွမ်းရဲ့ရင်သွေးလေးအတွက် တာဝန်ယူဖြစ်ခဲ့တာ ဖြစ်သည်။

ဝါဂွမ်း အဆင်ပြေဖို့ ဒီအိမ်ကို သူ ပို့ပေးခဲ့တာလည်း ရင်ထဲက ဆန္ဒအမှန်ပဲဖြစ်သည်။

တစ်ချိန်မှာ သူနှင့်ရွှေမှုန်တို့ အနာဂတ်လေးအတွက် ညှိမှုန်း







www.burmeseclassic.com

www.burmeseclassic.com



ကာ သူ ဝယ်ထားသော ခြံနှင့်တိုက်လေးက အခုတော့ ဝါဂွမ်းနှင့်ရင်သွေး
လေးအတွက် ဖြစ်ခဲ့ပြီ။

ဒီအကြောင်းတွေကို ရွှေမှုန်သိလျှင် ဘယ်လိုနေမည်လဲ။ သူ့
လုပ်ရပ်တွေက ရွှေမှုန်အပေါ် အတ္တဆန်လွန်းနေသည်လား။

ရင်မောစရာ ဇာတ်လမ်းကြီးကို သူ အဆုံးသတ်ချင်ပြီ။

■ ■ ■

## အခန်း (၂၈)

"ဝါဂွမ်း တကယ်အလုပ်ထွက်တော့မယ်ပေါ့ ဟုတ်လား"

မမရွှေမှုန် တအံ့တဩလေး မေးသည်။ ဝါဂွမ်း ခေါင်းလေး ညိတ်ပြရင်း

"ဟုတ်တယ် မမရွှေမှုန်၊ ဝါဂွမ်း မထွက်ချင်ပါဘူး။ ဒါပေမဲ့ သူက သူ့ကလေးအတွက် ဝါဂွမ်းကို အိမ်မှာပဲ သက်တောင့်သက်သာ နေစေချင်တယ်တဲ့"

ရွှေမှုန်သာ မျက်ဝန်းလေးတွေ ဝိုင်းစက်အံ့ဩသွားခဲ့၏။

"သူဆိုတာ ဒီကလေးရဲ့အဖေကို ပြောတာလားဟင် ဝါဂွမ်း"

"ဟုတ်ပါတယ် မမ၊ ကိုရန်ရှင်းလေ"

မမရွှေမှုန်သာ၏ချစ်သူက အထင်ကရ ဟု သိလိုက်ကတည်းက ဝါဂွမ်း ကလေးဖခင်အမည်ကို ကိုရန်ရှင်းဟုပဲ စာရင်းသွင်းခဲ့တာဖြစ် သည်။

www.burmeseclassic.com



“သူ နိုင်ငံခြားက ပြန်ရောက်နေပြီလား”

ရွှေမှုန်သာ မေးလာတော့ ဝါဂွမ်း လိမ်ညာထားတာတွေ ပြန်ပြီး ဖြေရှင်းရတော့သည်။ ဘာပဲဖြစ်ဖြစ် ဝါဂွမ်းအပေါ် ညီအစ်မလို သဘောထားသော မမရွှေမှုန်ကို ဝါဂွမ်း မညာရက်ပေမယ့်လည်း

“ဝါဂွမ်းလေ ပထမတုန်းက မမရွှေမှုန်ကို လိမ်ညာထားခဲ့ ပါတယ် မမရယ်”

“ဘယ်လို ဝါဂွမ်း ဘာတွေ တို့ကို ထိန်ချန်ထားပြန်တာလဲ”

“ဝါဂွမ်း မလိမ်ချင်ဘဲ လိမ်ညာခဲ့ရတာပါ မမရယ်၊ အဲဒီတုန်းက သူက ဝါဂွမ်းကို အခုလို တာဝန်ယူတဲ့အခြေအနေမျိုး မဟုတ်သေးဘူးလေ သူနဲ့ မမရွှေမှုန်ကိုလည်း ထိပ်တိုက် ရင်မဆိုင်စေချင်ဘူး၊ မမစေတနာကို ဝါဂွမ်း နားလည်ပါတယ်၊ ဝါဂွမ်းကြောင့် မမကို ဘယ်သူနဲ့မှ ပြဿနာ မဖြစ်စေချင်လို့ပါ၊ ဒါကြောင့် ညာခဲ့ရတာပါ”

“ဒါဆို ဝါဂွမ်းလူက နိုင်ငံခြားသွားတာ မဟုတ်ဘူးပေါ့”

“သူ နိုင်ငံခြားမသွားပါဘူး၊ အခုတော့ ဝါဂွမ်းကိုတာဝန်ယူဖို့ လက်ခံလိုက်ပြီလေ၊ ဒါပေမဲ့ ဝါဂွမ်းအမေ စရိုက်ကို မကြိုက်တာရော ဝါဂွမ်း ဗိုက်ထဲက ကလေးကို စိတ်မချတာရော ဝါဂွမ်း အလုပ်တွေ ဆက်မလုပ်စေချင်တာတွေလည်းပါလို့ ဝါဂွမ်းကို အိမ်ငှားပေးထားတယ် မမ”

“ဟုတ်လား ဝမ်းသာစရာပဲကွယ်၊ ဘာပဲဖြစ်ဖြစ် မမ ဝါဂွမ်း အတွက် ဝမ်းသာပါတယ်ကွယ်”

ဝါဂွမ်းအတွက် မမရွှေမှုန် ဝမ်းသာအားရ ကျေနပ်နေတာ





အထင်အရှား မြင်တွေ့နေရ၏။ ဝါဂွမ်းစိတ်ထဲမှာလည်း ပြောလို့မဖြစ်သည့် အမှန်တရားအတွက် လိပ်ပြာမသန့် ခံစားနေရ၏။

“ဝါဂွမ်း အမျိုးသားကို မမနဲ့မိတ်ဆက်ပေးဖို့ ခေါ်လာခဲ့ရောပေါ့ ကွယ် မမ မြင်ဖူးထားချင်လို့”

“ဟို သူက အလုပ်များတယ် မမရဲ့၊ နောက်ကြုံတော့ မိတ်ဆက်ပေးပါ့မယ်”

ဝါဂွမ်း ကသောကမျောလေး တောင်းပန်နှုတ်သိမ့်လိုက်ရပြန်သည်။ မမ ရွှေမှုန်ကတော့ ဆေးခန်းအထိ ကိုယ်ပိုင်ကားနှင့်ဒရိုင်ဘာနှင့် ရောက်လာသော ဝါဂွမ်းကို အံ့ဩဝမ်းသာနေတာတော့ သေချာပါသည်။

“ဝါဂွမ်း ကံကောင်းပါတယ်ကွယ်၊ ဝါဂွမ်း အမျိုးသားက ဝါဂွမ်း အတွက် ပြည့်ပြည့်စုံစုံ စီစဉ်ပေးထားတာပဲနော်”

ဝါဂွမ်း ယဲ့ယဲ့လေး ပြုံးမိပါသည်။ ဝါဂွမ်း ကံကောင်းသည်တဲ့လား။ ဝါဂွမ်း ကံကောင်းတာမဟုတ်ပါဘူး။ ဒါပေမဲ့ ဝါဂွမ်း ဝမ်းထဲက ရင်သွေးလေးကတော့ ကံကောင်းပါသည်။

“ဝါဂွမ်း ကိုယ်ဝန်သက်ရင့်လာပြီဆိုရင် ပုံမှန်ဆေးခန်းလာပြ နော်၊ လိုအပ်တဲ့ ကာကွယ်ဆေးတွေလည်း ပြည့်စုံအောင်ထိုး၊ ဒါမှ မွေးဖွားလာတဲ့ကလေး ကျန်းမာမှာ”

“ဟုတ်ကဲ့ပါ မမ”

“ဝါဂွမ်း ရင်သွေးလေးကို ဟောဒီ ဆေးခန်းမှာပဲ မွေးနော်၊ မမကိုယ်တိုင် မွေးပေးချင်လို့”

ဝါဂွမ်း အလိုက်သင့် ခေါင်းလေးညိတ်ရပြန်ပါသည်။ မမရွှေမှုန်



www.burmeseclassic.com

www.burmeseclassic.com



ကော စွတာကြီးတွေကပါ ဝါဂွမ်းကို ခင်မင်ကြသည်။ ဒါကြောင့်လည်း ဒီဆေးခန်းမှာပဲ မွေးဖွားဖို့ ပြောနေကြသည်။

ဒါပေမဲ့ ဒီလိုအခြေအနေကို အထင်ကရ လက်ခံမည်ဟု ဝါဂွမ်း မထင်ပါ။

"ဝါဂွမ်းလိပ်စာ မမ မှတ်ထားမယ် ဟုတ်လား။ ကြုံရင် ဝင်လာလည်မှာပေါ့"

ဝါဂွမ်း မျက်လုံးလေး ဝိုင်းသွားသည်။ မမရွှေမှုန် လာတုန်း အထင်ကရနှင့် ရင်ဆိုင်တိုးနေခဲ့လျှင် အခက်ပါပဲ။

"ဟုတ်ကဲ့ ဟိုလေ မမ လာမယ်ဆိုရင် ကြိုဖုန်းဆက်နော်"

မလာပါနဲ့ဟုလည်း တားလို့မသင့်တာမို့ ဝါဂွမ်း ခေါင်းလေးညိတ်ပြကာ ဖုန်းဆက်ဖို့လည်း ပြောရသေးသည်။

"အိုကေ ဝါဂွမ်း ကဲ ကဲ ပြန်တော့နော်"

မမရွှေမှုန်သာက ဝါဂွမ်း ပခုံးလေးကို ဆုပ်ကိုင်ကာ ပြုံးပြုံးလေး နှုတ်ဆက်သည်။ ဝါဂွမ်းလည်း ပြုံးပြကာ ရပ်ထားသော ကားဆီကို ထွက်ခဲ့လိုက်၏။

ဝါဂွမ်း သွားလာရအဆင်ပြေအောင် အထင်ကရက ကားစီစဉ်ပေးထားသည်။ ဦးထိန်က လိုက်ပို့ပေးဖို့အသင့်ရှိသည်။

ဝါဂွမ်းအပေါ်မှာ ဒေါ်ရွှေကော ဦးထိန်ပါ ဂရုစိုက်ကြသည်။ အထင်ကရကလည်း တစ်ပတ်တစ်ရက်လောက်တော့ ရောက်အောင် လာတတ်ပါသည်။

လူမရောက်လျှင်တောင် ဖုန်းဆက်တတ်သည်။ အခုချိန်မှာ





ဝါဂွမ်းအတွက် ဘာမှပူပန်စရာမရှိအောင် ပြည့်စုံနေခဲ့သည်။

အမေနှင့်ညီမလေး မောင်လေးတွေကို ဝါဂွမ်း သတိရမိတာတော့ အမှန်။ အထင်ကရကတော့ အဆင်ပြေအောင် ကူညီပေးမည်ဟု ဝါဂွမ်းကို ကတိပေးထားသည်။

ဒါတွေအားလုံးသည် ဝါဂွမ်း ဝမ်းထဲက ရင်သွေးလေးအတွက် အထင်ကရ ရဲ့စေတနာတွေပဲဖြစ်သည်။

ရင်သွေးလေး လူ့လောကထဲ ရောက်လာလျှင်တော့ အထင်ကရရဲ့ စေတနာနှင့် စောင့်ရှောက်မှုတွေကို ဝါဂွမ်း မပိုင်ဆိုင်နိုင်တော့ဘူးဟု ခံစားလည်ပြီးဖြစ်၏။

ဒါတွေကို ကြုံတွေးမိတော့ ဝါဂွမ်း ရင်ထဲမှာ ဝမ်းနည်းစိတ်နှင့် မျက်ရည်တွေ ဝဲလာစမြဲ။

အမေ့လိုပဲ မဖြစ်နိုင်သောအရာကို ဝါဂွမ်း မတမ်းတချင်ပါဘူး အထင်ကရရယ်။ ဝါဂွမ်းရဲ့ရင်သွေးလေးကိုတော့ ဝါဂွမ်း ပိုင်ဆိုင်ခွင့်ပြုပါ။

ဝါဂွမ်းနဲ့ရင်သွေးလေးအတွက် ဝါဂွမ်းဘဝကို သတ္တိရှိရှိ ရင်ဆိုင်ရင်ပါတယ်။ အဲဒီအချိန်မှာ ဘယ်သူမှ ဝါဂွမ်းအနားမှာ မရှိနိုင်ဘူးဆိုတာ ဝါဂွမ်း နားလည်ပါတယ်။

သမီးလေးလား သားလေးလား။

ဝါဂွမ်းအတွက်တော့ တစ်ဦးတည်းသော သံယောဇဉ်နွယ်လေး ဖြစ်မှာသေချာပါသည်လေ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၉)

ဒေါ်ခင်သန့်စင်တို့အိမ်ရှေ့မှာ သူ့ကားကိုထိုးရပ်တော့ အိမ်အောက်မှာ ဆော့ကစားနေသော ဝါဂွမ်း ညီမလေးနှင့်မောင်လေးကို တွေ့သည်။

ကောင်လေးက သူ့ကိုမြင်သည်နှင့် အိမ်ပေါ်ကို ပြေးတက်သွား၏။ သူတို့မိခင်ကို သွားပြောတာထင်၏။

သူ ဝါဂွမ်းညီမလေးကို ပြုံးပြရင်း ခြံလေးထဲ လှမ်းဝင်ခဲ့လိုက်၏။

"ညီမလေး မင်းတို့အမေ ရှိလား"

"ရှိတယ် ကိုကြီး အိမ်ပေါ်တက်ပါဦး"

"ဟော မောင်ရန်ရှင်း လာလေကွယ်၊ အိမ်ပေါ်တက်ပါဦး မင်းကို ပြောစရာတွေရှိလို့ကွဲ့"

သူ ဒေါ်ခင်သန့်စင်ကို အကဲခတ်ကြည့်လိုက်မိသည်။ သမီး တစ်ယောက်လုံး တစ်ပတ်လောက် ပျောက်နေ၍ ပူဆွေးစိုးရိမ်နေသည့် အသွင် တစ်စက်လေးမှ မတွေ့ရပါ။





အိမ်ပေါ်လှမ်းအတက်မှာ ဖိနပ်ချွတ်သည့်နေရာမှာ ပြန့်ကျဲနေသော ဖိနပ်တွေကိုတွေ့ရုံနှင့် အိမ်ထဲမှာ ဖဲဝိုင်းရှိနေတာ သိသာလွန်း၏။

"ထိုင် ထိုင် မောင်ရန်ရှင်း သမီးလေး ဝါဂွမ်း အိမ်ပြန်မလာတာ တစ်ပတ်လောက်ရှိပြီကွဲ့၊ သူ့အလုပ်ကို သွားစုံစမ်းတော့လည်း အလုပ်က ထွက်သွားပြီတဲ့၊ အန်တီ စိတ်တွေပူနေရတယ်ကွယ်"

သမီးအတွက် စိတ်ပူနေသူက အိမ်မှာ ဖဲအရိုက်မပျက် နေနိုင်သည်လားဟု အထင်ကရ မေးလိုက်ချင်ပေမယ့် မျိုသိပ်ထားလိုက်ပါသည်။

"တခြား ဘယ်နေရာမှ လိုက်မရှာဘူးလား အန်တီ"

"ဘယ်နေရာမှာ ရှာရမလဲကွယ်၊ သမီးက အိမ်နဲ့အလုပ်ကလွဲပြီး ဘယ်မှသွားတာ မဟုတ်ဘူး၊ အန်တီ့အထင်တော့ သူ့လင်က မိုက်တစ်လုံးနဲ့ထားခဲ့လို့ဆိုပြီး စိတ်ထင်ရာ လျှောက်သွားနေသလား မသိပါဘူးကွယ်"

ဒေါ်ခင်သန့်စင် စကားတွေက ဘာကိုမှ အလေးမထား ဂရုမစိုက်တာ သိသာလွန်းနေသည်။

"အင်း သူ သွားစရာနေရာ မရှိပါဘူးကွယ်၊ အချိန်တန်ရင် ဒီအိမ်ပဲပြန်လာမှာပါ၊ ဒြော် ဒါနဲ့ မောင်ရန်ရှင်း အခုလာတာ သမီးအတွက် မွေးစရိတ်လာပေးတာလားဟင်"

ငွေကိုသာ အဓိကထား ပြောနေသော ဒေါ်ခင်သန့်စင်၏လောဘတွေကို အထင်ကရ ဘယ်လိုမှ သည်းခံလို့မရတော့ပါ။

"အန်တီက ကိုယ့်သမီးထက် ငွေကို ပိုတန်ဖိုးထားပုံပေါ်နေတယ်ဗျ"

"အမ်း ဒါ ဒါကတော့ကွယ် ငွေရှိမှ အကုန်အဆင်ပြေမှာလေ၊



www.burmeseclassic.com

www.burmeseclassic.com



သမီးလာရင်လည်း ငွေမရှိရင် ဘာလုပ်လို့ရမှာလဲ''

''ကောင်းပြီ ကျွန်တော့်ဘက်က ငွေအပြတ်ပေးမယ်ဆိုရင် အန်တီ့သမီး ဝါဂွမ်းဖြူဖြူကို အမွေပြတ် စွန့်လွှတ်နိုင်မလား''

အထင်ကရ မေးသင့်တာကိုပဲ အပြတ်မေးလိုက်သည်။ ဒေါ်ခင်သန့်စင် မျက်နှာကြီး မဲ့ကျသွားခဲ့၏။

''ဝါဂွမ်းကို အန်တီက စွန့်လွှတ်ရမယ် ဟုတ်လား''

''ဟုတ်တယ်လေ ဝါဂွမ်းဖြူဖြူက အန်တီ့သမီးအရင်း မဟုတ်ဘူးဆိုတာ ကျွန်တော် သိထားတယ်''

အထင်ကရ စကားကြောင့် ဒေါ်ခင်သန့်စင် ကွက်ခနဲ မျက်နှာပျက်သွား၏။ ဒါပေမဲ့ ချက်ချင်းပြင်ရင်း

''ဝါဂွမ်းကို အန်တီက အမွေပြတ်စွန့်လွှတ်ရမယ် ဟုတ်လား။ အဟင်း ရယ်စရာတွေ လာပြောနေပြန်ပါပြီကွယ်၊ အမွေဖြတ်ရအောင်လည်း ဘာမှအမွေပေးစရာ မရှိဘူး၊ အဟင်း ဒါတွေဆိုတာကလည်း သမီးတစ်ယောက် ကောင်းမှုအကြောင်းပြုပြီး ဗိုက်တစ်လုံးရင်းပြီး ရထားတာလေ အဟင်း ဟင်း''

လက်မှာဆင်ထားသော ရွှေလက်ကောက်တွေကို တချွင်ချွင်မြည်အောင် လှုပ်ပြရင်း ဒေါ်ခင်သန့်စင် မဲ့မဲ့ရွဲ့ရွဲ့ ပြောသည်။ အထင်ကရ ကြည့်နေရင်း အော်ဂလီဆန်ချင်လာ၏။

''အန်တီ ဝါဂွမ်းကို တစ်ဘဝလုံးအတွက်စွန့်လွှတ်မယ်ဆိုရင် ကျွန်တော့်ဘက်က နစ်နာကြေးပေးမယ်''

''ဘာရယ် နစ်နာကြေး ဟုတ်လား။ မင်းက အန်တီ့ကို ဘလိုင်း





ကြီးစိန်ခေါ်နေတာပဲ၊ အခုတောင် ဝါဂွမ်းပျောက်နေတဲ့အထဲ ထပ်ပြီးစွန့်လွှတ်ခိုင်းနေတယ်ဆိုတော့ မင်းမှာ အကြောင်းတစ်ခုရှိရမယ်ထင်တယ်၊ ပြောပါ ပွင့်ပွင့်လင်းလင်း ညှိကြရအောင်''

အထင်ကရ တစ်ချက်ပြုံးလိုက်ပြီး လက်ဆွဲအိတ်ထဲမှာ တစ်သောင်းတန်ငွေစက္ကူတွေကို စားပွဲပေါ်ချပေးလိုက်သည်။ ငွေတွေကိုမြင်တော့ ဒေါ်ခင်သန့်စင် မျက်ဝန်းတွေ တဖိတ်ဖိတ်လက်သွား၏။

''ဒီငွေတွေက အားလုံး သိန်းနှစ်ဆယ်တိတိပဲ၊ အန်တီသာ ဝါဂွမ်းကို စွန့်လွှတ်မယ်ဆိုရင် အန်တီ့ငွေတွေ ဖြစ်လိမ့်မယ်''

''မင်းစကားက အန်တီ့သမီးကို သိန်းနှစ်ဆယ်နဲ့ ရောင်းခိုင်းသလို ဖြစ်နေတယ်''

''ဟန်ဆောင်မှုတွေ အပိုအလိုစကားတွေ မပြောကြေး အန်တီ၊ ဒီငွေကိုလက်ခံရင် အန်တီလက်ခံကြောင်း လက်မှတ်ထိုးယူပါ၊ ဒါမှမဟုတ်လည်း ဝါဂွမ်းကို အန်တီ မမျှော်လင့်ချင် မျှော်လင့်ပါ၊ ဝါဂွမ်းကတော့ ကျွန်တော့်အစ်ကိုရှိတဲ့ စင်ကာပူကို အပြီးလိုက်သွားဖို့ ပြင်ဆင်နေပြီ''

''ဘာရယ် ဝါဂွမ်းက''

''ဟုတ်တယ် သူ့ခင်ပွန်းထည့်ပေးလိုက်တဲ့ သိန်းသုံးဆယ်လည်း အန်တီ ဖြုန်းပစ်တယ်လေ၊ သူ့မှာမွေးဖွားဖို့တောင် ခက်နေပြီ၊ ဒီတော့ သူ့ယောက်ျားဆီလိုက်သွားပြီး ဟိုမှာပဲ နေဖြစ်ဖို့ များနေပြီ''

''မင်း တကယ်ပြောနေတာလား''

''ကိုယ့်သမီးပျောက်တာတောင် အန်တီ မရှာဖွေတော့ ဘာမှ မသိဘူးပေါ့ဗျာ၊ ဒီငွေက အစ်ကိုပို့ပေးထားတာ၊ ဘာပဲဖြစ်ဖြစ် ယောက္ခမကို နောက်ဆုံးထောက်ပံ့ခြင်းပေါ့ဗျာ''



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်သန့်စင် မျက်နှာကြီး မည်းညစ်လာသည်။ အထင်ကရ စကားကို မယုံသလို ယုံသလို မျက်ဝန်းတွေနှင့် စဉ်းစားနေ၏။

"ကဲ အန်တီ လက်ခံရင် လက်မှတ်ထိုးယူပါ။ ကျွန်တော့်အတွက် အချိန်မရှိဘူး"

"အေးလေ သင်းက မခင်တွယ်လို့ ထွက်ပြီဆိုတော့လည်း ငါက ပိုတောင်ပြတ်သေးတာပေ့ါ"

ဒီလိုအခြေအနေ ဖြစ်လာမည်ဆိုတာ အထင်ကရ ကြိုတွက်ဆပြီးသားပဲ ဖြစ်သည်။

ဒေါ်ခင်သန့်စင် သူ့စကားတွေကို အကြွင်းမဲ့ ယုံကြည်သွားမှာ သေချာသည်။

ဘာပဲဖြစ်ဖြစ် ဝါဂွမ်းအတွက် မွေးဖွားချိန်မှာ အနှောင့်အယှက်တွေ ကင်းစင်စေချင်သည်။ အထူးသဖြင့် ဒေါ်ခင်သန့်စင်ရဲ့အရိပ်အောက်က ဝါဂွမ်း လွတ်မှ မွေးဖွားလာမည့်ကလေး အနာဂတ်က လှပမှာ သူ ယုံသည်။

မရည်ရွယ်ဘဲ မှားခဲ့သော အမှားတစ်ခုအတွက် သူ ဥပေက္ခာပြုပစ်လိုက်ဖို့ စဉ်းစားခဲ့ပေမယ့်လည်း တကယ်တမ်းကျ မနေနိုင်ခဲ့ပါ။

ဝါဂွမ်းဖြူဖြူဖေါ့ဖေါ့ရိုးသားဖြူစင်မှုနှင့် သူ့ရဲ့သွေးသားဟူသော အသိတရားက ဥပေက္ခာပြုထားဖို့ လက်ခံနိုင်စွမ်း မရှိခဲ့တော့ပါ။

တာဝန်ယူမှု တစ်ခုကိုတော့ သူ ရဲရဲရင့်ရင့် လုပ်ဆောင်ဖြစ်ခဲ့တာပဲ ဖြစ်၏။

■ ■ ■

## အခန်း (၃၀)

"ဘယ်လို မင်းက ကိုယ်ဝန်ကို မြကန်သာမှာမွေးမယ် ဟုတ်လား"

အထင်ကရ မျက်ဝန်းတွေ အထိတ်တလန့် ပြူးကျယ်သွားခဲ့ကာ ဝါဂွမ်းကို ပြူးတူးပြတဲ ကြည့်သည်။

"ဟုတ်ကဲ့ အစ်ကို၊ ဟိုလေ အဲဒီ ဆေးခန်းမှာ ဝါဂွမ်း မွေးဖွားရင် ကောင်းမလားလို့ပါ"

မျက်စိပျက်မျက်နှာပျက်နှင့် အထင်ကရ ခေါင်းကိုခါသည်။ သည်လိုပဲ ငြင်းဆိုလာမည်ဆိုတာကို ဝါဂွမ်း သိထားပြီးဖြစ်သည်။ မြကန်သာ ဆေးခန်းကြီးဆိုတာ မမျှော်မှန်းသာ အချိန်ပိုင်း တာဝန်ယူထားသော ဆေးခန်းကြီး မဟုတ်လား။

"မင်း မွေးဖွားဖို့အတွက် ဘာမှမပူပါနဲ့ကွယ်၊ အားလုံးကို ကိုယ်

www.burmeseclassic.com



စီစဉ်ပေးမှာပါ၊ မင်းကိုယ်ဝန်ကိုလည်း ဘယ်ဆေးခန်းမှာမှ သွားမပြပါနဲ့ ကိုယ့်အသိဆရာဝန်တစ်ယောက်နဲ့ အပ်ပေးမယ်၊ သူက တစ်ပတ်တစ်ခါ ဆိုသလို မင်းရဲ့ကိုယ်ဝန်ကို စောင့်ရှောက်ဖို့ စီစဉ်ပေးမယ်''

''ဝါဂွမ်းအတွက် အဲဒီလောက်အထိ မလိုပါဘူး အစ်ကို၊ ဆရာဝန်တစ်ယောက် သီးသန့်မခေါ်ပါနဲ့''

အထင်ကရ မျက်ခုံးတွေ အလိုမကျစွာ တွန့်ကုပ်သွားခဲ့သည်။

''ဒီမှာ ဝါဂွမ်းဖြူဖြူ မင်း ဘာဖြစ်လို့ ကိုယ့်ကိုဆန့်ကျင်နေတာလဲ၊ ကိုယ်စီစဉ်ပေးသလိုပဲ မင်းနာခံပါ၊ ကိုယ်လုပ်ပေးသမျှက မင်းဝမ်းထဲက ရင်သွေးအတွက် အကောင်းဆုံးတွေပဲ၊ ဒီတော့ မင်း ဘာမှမငြင်းဆန်ပါနဲ့''

ဝါဂွမ်း ခေါင်းလေးငုံ့ကာ နှုတ်ဆိတ်နေလိုက်ရပါသည်။ အထင်ကရ ဘာမှမပြောတော့ဘဲ ဝါဂွမ်း အနားက ထွက်သွားခဲ့သည်။ အထင်ကရ ပြန်ဦးမှာမဟုတ်သေးဟု ဝါဂွမ်း သိပါသည်။

တစ်ပတ်တစ်ရက်တော့ အထင်ကရ မပျက်မကွက် ရောက်လာတတ်ပါသည်။ ရောက်လာတိုင်းလည်း ဝါဂွမ်းအတွက် လိုအပ်တာတွေကို ဝယ်ယူလာပေးတတ်သည်။

ဒီလိုနေ့တွေမှာ ညနေစောင်းသည်အထိ အထင်ကရ နေပြီးမှ ပြန်တတ်တာဖြစ်၏။

ဒီခြံဝင်းကြီးနှင့် အသစ်စက်စက်တိုက်ကြီးကို အထင်ကရ ဝါဂွမ်း အတွက် စီစဉ်ပေးထားတာမို့ အဆင်ပြေတာတော့ အမှန်ဖြစ်၏။ အမေ့အိမ်မှာဆိုလျှင် ဝါဂွမ်းအတွက် စိတ်ဆင်းရဲစရာတွေ နေ့စဉ်ကြုံနိုင်၏။





အမေ့ကိုလည်း အထင်ကရ သွားတွေ့ဆုံပြီးပြီဟု ပြောပြ၏။

''မင်းအပေါ် သံယောဇဉ် စေတနာ ကင်းမဲ့တဲ့ မင်းမိသွေးအတွက် ငါ ထိုက်သင့်တဲ့ငွေ ပုံပေးခဲ့တယ်၊ မင်းညီမလေးနဲ့မောင်လေး အတွက်တော့ နောက်ပိုင်းကျရင် ငါ သီးသန့်ပံ့ပိုးကူညီပေးမယ်၊ မင်း မိထွေးလက်ထဲ ထည့်လိုက်တော့ သဲထဲရေသွန်သလိုပဲ ဖြစ်မှာ''

အမေ့ရဲ့အကြောင်းတွေကို သိထားသော သူ့စကားတွေကို ဝါဂွမ်း ခွန်းတုံ့မပြန်နိုင်တာလည်း သေချာသည်။ ဘာပဲဖြစ်ဖြစ် ဝါဂွမ်း နှင့်ပတ်သက်သမျှ သူ ကူညီပေးနေခြင်းအတွက်တော့ ဝါဂွမ်း ဝမ်းသာမိပါသည်။

ထိုကူညီမှုအားလုံးသည် ဝါဂွမ်း ဝမ်းထဲက ရင်သွေးလေးအတွက် ဆိုတာ ဝါဂွမ်း နားလည်ထားပါသည်။

တစ်ချိန်မှာ အထင်ကရသည် ဝါဂွမ်း နံဘေးက အပြီးအပိုင် ထွက်ခွာသွားမှာကိုလည်း ဝါဂွမ်း ကြိုသိထားပြီးဖြစ်၏။

အထင်ကရရဲ့ နှလုံးသားက ဝါဂွမ်းအပေါ်မှာ တည်ရှိခဲ့တာမှ မဟုတ်တာ။ မမရွှေမှုန်သာဆီမှာပဲ တည်ရှိခဲ့တာ သေချာသည်။ ကြမ္မာဆိုးကြီးရဲ့ ပဥ္စလက်ဆန်သော စေစားမှုကြောင့် အထင်ကရနှင့် ဝါဂွမ်း ဆုံတွေ့ပတ်သက်ခဲ့တာ ဖြစ်၏။

ဝါဂွမ်း ပိုင်ဆိုင်ခံစားနေရသမျှတွေက တဒင်္ဂအချိန်တိုလေး အတွက်ပဲဆိုတာ တွေးမိတိုင်း ရင်ထဲမှာ ဝမ်းနည်းလာရစမြဲ။

အိပ်မက်ဆန်သော အခြေအနေကြီး အဆုံးသတ်သွားသည့် အချိန်ကျလျှင်တော့. . .။



www.burmeseclassic.com

www.burmeseclassic.com



"ဝါဂွမ်း သမီးလေး"

အနားရောက်လာသော ဒေါ်ရွှေအသံကြောင့် ဝါဂွမ်း မျက်ရည်စတွေကို ပုတ်ခတ်သိမ်းဆည်းရင်း လှည့်ကြည့်၏။

"ထမင်းစားချိန် ရောက်နေပြီလေ၊ သမီး ဝါဂွမ်း ဘာဖြစ်နေတာလဲ၊ ငိုနေတာလားဟင်"

ဝါဂွမ်းကို အရိပ်လို စောင့်ရှောက်ပေးတတ်သော ဒေါ်ရွှေ ရိုးရိုးသံလေးနှင့်မေးတော့ ခေါင်းလေး ညိမ့်၏။

"ဟင့်အင်း ညီမလေးနဲ့မောင်လေးကို သတိရသွားလို့ပါ"

ဒေါ်ရွှေ နားလည်စွာ ဝါဂွမ်း ပခုံးလေးကို ဆုပ်ကိုင်နှစ်သိမ့်ရင်း

"ဪ ဒီလိုပဲပေါ့ သမီးလေးရယ်၊ ဘဝဆိုတာ ပျော်ရာမှာမနေရ တော်ရာမှာနေကြရတာပဲကွယ်၊ ကဲ ကဲ ထမင်းစားရအောင်နော် ဆရာလေး စောင့်နေတယ်"

အထင်ကရ ရောက်လာသည့်နေ့တွေဆိုလျှင် ထမင်းဝိုင်းရှေ့မှာလည်း ဝါဂွမ်းကို အရိပ်လို စောင့်ကြည့်တတ်သည်။ ဒေါ်ရွှေ ချက်သော ဟင်းတွေကိုလည်း အသေအချာ စစ်ဆေးကြည့်တတ်သည်။

"အပူအစပ်တွေ လုံးဝမချက်နဲ့နော် ဒေါ်ရွှေ၊ ဝါဂွမ်းနဲ့မတည့်တဲ့ဟင်းတွေ လုံးဝ မကျွေးမွေးပါနဲ့"

စိတ်မချနိုင်စွာ မှာတတ်သော အထင်ကရ စကားကို ဒေါ်ရွှေလည်း မလွန်ဆန်နိုင်ပါ။ ဒါပေမဲ့ အထင်ကရ မရှိသည့်နေ့တွေမှာတော့ ဒေါ်ရွှေက စာနာစွာ ဝါဂွမ်းဆန္ဒကို လိုက်လျောပေးတတ်သည်။

"ဒေါ်ရွှေ သမီး ချဉ်ပေါင်ဟင်းလေး စားချင်လို့ ကျွေးပါနော်"





"အင်း ဆရာလေး သိရင်တော့ ဆူတော့မှာပဲ၊ သမီး စားချင်တယ်ဆိုရင် နည်းနည်းတော့စားနော်"

ဝါဂွမ်းကို ခင်မင်နေသောဒေါ်ရွှေကတော့ အထင်ကရ မသိအောင် စားချင်တာလေးတွေ ခွင့်ပြုစီစဉ်ပေးတတ်ပါ၏။

ဒေါ်ရွှေနှင့်အတူ ထမင်းစားခန်းထဲ ဝင်လိုက်တော့ အထင်ကရကို ထမင်းဝိုင်းမှာ တွေ့လိုက်ရပါသည်။

"ထိုင်လေ ဝါဂွမ်း ထမင်းစားချိန်ကို ပုံမှန်လေး ဂရုစိုက်စားရတယ်ကွ၊ ဒီအချိန်မှာ စားချိန်၊ အိပ်ချိန်၊ ပုံမှန်ရှိနေမှ မင်း ကျန်းမာနေမှာ"

ဝါဂွမ်း ခေါင်းလေးညိတ်ကာ ထမင်းဝိုင်းမှာ ဝင်ထိုင်တော့ အထင်ကရ ကိုယ်တိုင် ဟင်းတွေခပ်ထည့်ပေးသည်။

အပူအစပ်ဟင်းတွေ မပါပေမယ့် ထမင်းဝိုင်းလေးက စားချင်စဖွယ် ပြည့်စုံနေခဲ့၏။

ကြက်သားကြော်တွေကို အထင်ကရ ဝါဂွမ်း ပန်းကန်ထဲထည့်ပေးသည်။

"ဟင်းချိုပူပူလေး သောက်ပြီး စားလိုက်၊ ငါးခူကြော်တွေကိုလည်း ထည့်စား"

အထင်ကရရဲ့ ဂရုစိုက်မှုတွေအပေါ်မှာ ဝါဂွမ်း သာယာကြည်နူးနေခဲ့တာလည်း မငြင်းနိုင်ပါ။ ဝါဂွမ်းဘဝမှာ ဒီလို ယုယကြင်နာမှုမျိုး မပိုင်ဆိုင်ခဲ့ရဖူးပါ။

"ကိုယ်မရှိတဲ့အခါမှာ မတည့်တဲ့အစာတွေ ဘာမှမစားပါနဲ့ ဒါ

www.burmeseclassic.com



ဝမ်းထဲက ကလေးအတွက် ငါပြောနေတာ''

အထင်ကရ ပြောသည့်စကားတိုင်းမှာ ဝါဂွမ်းရင်သွေးအတွက်ပဲ ရည်ညွှန်းနေခဲ့သည်။

လောကကြီးထဲ ရောက်မလာသေးသော ရင်သွေးလေးအတွက် အထင်ကရ ဒီလိုဂရုစိုက်နေခဲ့တာလား။ အထင်ကရ ဆိုခဲ့သော စကားလို ဝါဂွမ်း ရင်သွေးလေး ပိုင်ဆိုင်လာလျှင် အထင်ကရ သိမ်းပိုက်ယူဆောင်သွားမှာလား။

ဟင့်အင်း ဒါကိုတော့ ဝါဂွမ်း ဘယ်လိုမှ လက်မခံနိုင်ပါ။ ဝါဂွမ်း နှလုံးသားကိုတော့ ခွဲထုတ်မသွားပါနဲ့ အထင်ကရရယ်။

ရှင်ပေးဆပ်နေတဲ့ ယုယကြင်နာမှုတွေကို ဝါဂွမ်း စွန့်လွှတ်ပေးရမှာ သိထားပါတယ်။ ဝါဂွမ်းနဲ့ရင်သွေးလေးကိုတော့ မခွဲချင်ပါနဲ့။

ဒါ ဝါဂွမ်းရဲ့ဘဝတစ်ခုမို့ပါ အထင်ကရရယ်။

## အခန်း (၃၁)

''မောင် အခုတလော ရွှေမှုန်ဆီကို မရောက်လာဘူး။ ဘာတွေများ အလုပ်များနေတာလဲဟင်''

ရွှေမှုန် မေးလာတော့ အထင်ကရ လိပ်ပြာမလုံဖြစ်ရသည်။ ရွှေမှုန် မျက်ဝန်းတွေက ဖြူစင်ရိုးသားနေပေမယ့် မရိုးသားသော သူ့မှာတော့ ရွှေမှုန်နှင့် မျက်နှာချင်းဆိုင်ဖို့တောင် မဝံ့ရဲခဲ့။

''မောင် နောက်ထပ်လုပ်ငန်း ပရောဂျက်တစ်ခု စီစဉ်နေလို့ပါ ရွှေမှုန်ဆီ ကိုယ်တိုင် မရောက်ပေမယ့် စိတ်က အမြဲရောက်ပါတယ်''

ရွှေမှုန် ကျေနပ်အပြုံးလေးနှင့် အအေးဘူးလေးကို မျှင်းမျှင်းလေး စုပ်သောက်နေသည်။

ချစ်သူစကားကို အကြွင်းမဲ့ယုံကြည်နေသော ရွှေမှုန်အပေါ်မှာ သူ လိမ်ညာနေတာတွေ မဖြစ်သင့်ပေမယ့်လည်း အာရုံထဲမှာ ဝါဂွမ်းမျက်နှာလေးကို ပြေးမြင်လာသည်။

နိုးမိုး ၁၁၆၆

www.burmeseclassic.com

www.burmeseclassic.com



ဝါဂွမ်းဖြူဖြူ ဆိုသော နာမည်နှင့်လိုက်ဖက်အောင် ရိုးသားဖြူစင်သော ကောင်မလေး။ ဒီကောင်မလေး ဝမ်းထဲမှာ လွယ်ပိုးထားရတာ သူ့ရင်သွေးဟူသော အသိက သူ့ရဲ့ဥပေက္ခာတရားတွေကို ပြောင်းလဲစေခဲ့၏။

ဝါဂွမ်းဖြူဖြူ၏ရိုးသားမှုတွေနှင့် သူမလေးရဲ့မိသားစုအကြောင်းတွေ သူသိလိုက်ရချိန်မှာ တကယ် စာနာသနားသွားမိပါသည်။

ဘယ်လိုအကြောင်းကြောင်းကြောင့် ကျူးလွန်ခဲ့သည်ပဲဆိုဆို သူ့ရဲ့တာဝန်ကိုတော့ သူ ဥပေက္ခာပြုထားလို့ မရဟု လက်ခံမိ၏။

ထိုအသိစိတ်တစ်ခုနှင့်ပဲ ဝါဂွမ်းရဲ့အရေးကိစ္စမှန်သမျှကို သူ ကူညီပေးခဲ့သည်။ တာဝန်ယူခဲ့သည်။

ဒါတွေက အချိန်ကာလ အတိုင်းအတာတစ်ခုအထိပဲဟု သူ ကြေးကြော် ဆုံးဖြတ်ခဲ့ပေမယ့် ထိုဆုံးဖြတ်ချက်ကို သူ ခိုင်မြဲနိုင်ပါ့မည်လား။

ဝါဂွမ်း ရင်သွေးလေး မွေးဖွားပြီးလျှင် သူ့တာဝန်ပြီးဆုံးပြီဟု ခံယူထားသည့်အတိုင်း ထိုကလေးက သူ့ရင်သွေး သူ့သွေး ဖြစ်မို့ ကလေး အနာဂတ်အတွက် သူ စီမံပေးရဦးမည်။

"ဟေး မောင် ဘာဖြစ်နေတာလဲ"

ရွှေမှုန် ခေါ်သံ စူးစူးလေးနှင့် လက်မောင်းကို ဖျတ်ခနဲ လှမ်းပုတ်မှုကြောင့် သူ့အတွေးတွေ လွင့်စင်ကုန်၏။

"ဟင် ဘာ ဘာလဲ ရွှေမှုန်"

"ဒုက္ခပဲ ဒီလောက် နီးနီးကပ်ကပ် ရှိနေတာတောင် မောင့်အာရုံတွေ ဘယ်လွင့်နေတာလဲ"

ရွှေမှုန်ကို အနားမှာထားပြီး သူ့စိတ်တွေ လွင့်စင်နေတာအတွက် နောင်တရမိ၏။

"ဆောရီး ရွှေမှုန်ရာ မနေ့က အစည်းအဝေးပြဿနာတွေ ခေါင်းထဲဝင်လာလို့ ဆောရီးနော်"

"အင်း မောင်အလုပ်ဒဏ်တွေ ဒီလောက်ပိနေတာ မကောင်းဘူးနော်၊ အရေးကြီးတာ ကျန်းမာရေးပဲ၊ ဒါကို ဂရုစိုက်ပါ မောင်ရယ်"

"အင်းပါကွာ ကဲ ရွှေမှုန် ဘာပြောမလို့လဲ"

"သြော် မနေ့က မောင့်မာမီဆီက ဖုန်းဆက်တဲ့အကြောင်းပါ"

သူ အံ့ဩသွားမိသည်။ မနေ့က မာမီ ရွှေမှုန်ဆီ ဖုန်းဆက်သည်တဲ့လား။ သူ့ဆီကိုတော့ မဆက်ပါ။

"ဟုတ်လား မာမီက ကိုယ့်သားဆီကိုကျ မဆက်ဘူးကွာ၊ ရွှေမှုန်ဆီပဲ ဆက်သတဲ့လား"

"မေမေ့ဆီဆက်ရင်း ရွှေမှုန် ရှိတယ်ဆိုတာနဲ့ စကားပြောဖြစ်တာပါ မောင်ရဲ့၊ အဟင်း ရွှေမှုန်ကလည်း မောင့်အကြောင်း ချွန်တွန်းလေး လုပ်ပေးလိုက်တယ်"

"ဘာရယ် ရွှေမှုန် ဘာတွေချွန်တွန်းလုပ်လိုက်တာလဲ"

အထင်ကရ မေးတော့ ရွှေမှုန် ပခုံးလေးတွန့်ကာ သဘောကျစွာ ရယ်နေသေး၏။ ပြီးမှ

"အစုံပဲပေါ့ မောင် ရွှေမှုန်ဆီ မရောက်တာကြာပြီဆိုတာရော နောက်တစ်ယောက် တွေ့နေသလားမသိဘူး ဘာညာ ယောက္ခမလောင်း




နိုး၊ နိုး၊ ၁၁၆၅

www.burmeseclassic.com

www.burmeseclassic.com



ကြီးကို ချွန်လိုက်တယ်''

''ဟာ ရွှေမှုန်ကတော့ လုပ်ပြီ''

''အဟင်း ဟင်း အပျော်သဘော နောက်လိုက်တာပါ မောင်ရယ်၊ အဲဒီလို နောက်လိုက်လို့ ရွှေမှုန်စကားနဲ့ ရွှေမှုန် ထိနေပြီမောင်ရဲ့''

''ဘာလဲ ဘာဖြစ်လို့လဲ''

''မောင့်မာမီက ချက်ချင်း စိတ်တွေပူသွားပုံပဲ၊ အချိန်တွေ ဆွဲမနေကြနဲ့တော့တဲ့၊ ရွှေမှုန်တို့ကို အမြန်ဆုံး လက်ထပ်ကြတော့တဲ့ အမြန်ဆုံး ရန်ကုန်လာပြီး စီစဉ်ပေးမယ်တဲ့''

ရွှေမှုန် စကားတွေ နားထောင်ပြီး အထင်ကရ အကြပ်ရိုက်သွားမိသည်။ မာမီတို့ အလောတကြီး စီစဉ်လာလျှင်တော့ သူ့အတွက် အခက်ပွေတော့မှာ သေချာသည်။

ဝါဂွမ်းရဲ့အရေးကိစ္စတွေ မပြီးသေးသ၍တော့ ရွှေမှုန်နှင့်ကိစ္စကို အချိန်ဆွဲထားချင်သေး၏။

ရွှေမှုန်နှင့် လက်ထပ်ပြီးမှ ဝါဂွမ်းနှင့်ပတ်သက်နေတာမျိုးတော့ အထင်ကရ မလုပ်ချင်ပါ။ ရွှေမှုန် အပေါ် သစ္စာစိုင်မြဲချင်သည်။

''ရွှေမှုန် စဉ်းစားမိတာက နောက်ခြောက်လလောက်မှာ ရွှေမှုန်ရဲ့ပညာသင်ကိစ္စက သွားရတော့မှာ သေချာနေပြီ၊ လက်ထပ်ပြီးမှ ဆိုရင် ဗိုက်ကြီးတကားကားနဲ့ သွားရမယ့်ပုံပဲ အဟင်း ဟင်း ကိုယ့်ပုံကြည့်ပြီး ကိုယ့်ဘာသာ ရယ်မိမှာသေချာတယ်''

ရွှေမှုန် ပြောရင်း ရယ်နေတော့ သူလည်း ပြုံးမိသည်။ ကိုယ်ဝန်ကြီးတကားကားနှင့် ဝါဂွမ်းကို သူ စောင့်ရှောက်ပေးနေရပေမယ့် ရွှေမှုန်ကိုတော့ စောင့်ရှောက်ခွင့်မရသလို ဖြစ်နေတော့မည်။





''ဆေးပညာသင်ဖို့ သွားတာ မဟုတ်ဘဲ ကလေးမွေးဖို့သွားသလိုဖြစ်တော့မယ့်ပုံပဲ''

''ရွှေမှုန် မာမီ့ကို ရှင်းမပြလိုက်ဘူးလား''

''ဟင့်အင်း မောင်နဲ့အရင် တိုင်ပင်တာလေ၊ ရွှေမှုန်တို့ ပြန်လာမှ လက်ထပ်ကြမယ်လေ၊ လူကြီးတွေ စိတ်ချမ်းသာအောင် စေ့စပ်ပွဲလေးတော့ လုပ်ထားကြမှာပေါ့''

''အင်း ရွှေမှုန်သဘောလေ''

''ဟင် မောင်ကလည်း မောင့်ဆန္ဒကိုလည်း ပြောလေ''

''အင်း၊ ရွှေမှုန် စောစောက တွက်ပြတာ ကောင်းပါတယ်၊ မာမီတို့လာရင် စေ့စပ်ထားပြီး ရွှေမှုန် ပြန်လာမှ လက်ထပ်ကြတာပေါ့''

ရွှေမှုန် ခေါင်းလေးညိတ်နေတုန်းမှာပဲ အထင်ကရ ဟန်းဖုန်းလေးက မြည်လာတာမို့

''ခဏလေးနော် ရွှေမှုန်''

ရွှေမှုန်ကို ခွင့်တောင်းကာ ဖုန်းကိုဖွင့်ကြည့်လိုက်တော့ ဦးထိန်ဆီက ဖြစ်နေ၏။ ဝါဂွမ်း ဘာကိစ္စပေါ်သည်လဲ။

''ပြော ဦးထိန် ဘာကိစ္စလဲ''

ရွှေမှုန် ရှေ့မှာမို့ အသံခပ်အုပ်အုပ်နှင့်ပဲ သူ မေးရင်း ဦးထိန်စကားတွေကို နားထောင်လိုက်ရသည်။

''ဗျာ ဟုတ်လား အင်း အခုလာခဲ့မယ် ဦးထိန် ဟုတ်လား''

အထင်ကရ ဖုန်းကိုပိတ်ပြီး ရွှေမှုန်ကိုလှည့်ကြည့်တော့ ရွှေမှုန်



www.burmeseclassic.com

www.burmeseclassic.com



စိတ်ဝင်တစားလေး ကြည့်နေတာမို့

"ရွှေမှုန်ရေ စက်ရုံမှာ အလုပ်သမားတွေ အချင်းချင်း ရန်ဖြစ်လို့တဲ့၊ မောင်သွားမှဖြစ်မယ်"

"ဟုတ်လား ရွှေမှုန် လိုက်ခဲ့ချင်ပေမယ့် ဂျူတီဝင်ရဦးမှာ မောင်ရဲ့"

"ရတယ် ရွှေမှုန် ကိုယ် အမြန်ဆုံး သွားလိုက်မယ်၊ ညကျမှပဲ ဖုန်းဆက်လိုက်တော့မယ်နော်"

ပြောပြီးသည်နှင့် အထင်ကရ ရွှေမှုန်နှင့် ကော်ဖီဆိုင်လေးထဲက ထွက်ခဲ့လိုက်သည်။

စိတ်ထဲမှာတော့ ဦးထိန် စကားတွေကြောင့် စိုးရိမ်စိတ်နှင့်အတူ ဒေါသတွေဖြစ်နေမိတာ ဝါဝမ်းကိုပဲဖြစ်သည်။

ကိုယ့်ကိုကိုယ် ဂရုစိုက်ပါဟု အသေအချာ မှာထားလျက်နှင့် ဒီလိုဖြစ်စရာတဲ့လား။

စိတ်အာရုံတွေက ရွှေမှုန်ဆီက ကွယ်ပျောက်ကာ ဝါဝမ်းဆီမှာပဲ ရောက်ရှိပေါက်ကွဲနေသည့်အဖြစ်။

■ ■ ■

အထင်ကရ ကားခြံရှေ့ကို ရောက်သည်နှင့် ဦးထိန် ခြံဝင်းတံခါးကို ကြိုတင်ဖွင့်ပေးပြီး ဖြစ်နေသည်။

"သူ အခုဘယ်မှာလဲ ဦးထိန်"

"အိမ်ထဲမှာပါ ဆရာလေး"

"ဖြစ်တာ ကြာပြီလား၊ ဘယ်နှစ်ကြိမ်လောက် ရှိပြီလဲ"





"မနက်မိုးလင်းကတည်းကပါ ဆရာလေး၊ ငါးကြိမ်ခြောက်ကြိမ်လောက်ရှိပြီထင်ပါတယ်"

"တောက် ဘာတွေ အစားသောင်းကျန်းသလဲမှ မသိတာ"

အထင်ကရ မကျေမနပ် ရေရွတ်ရင်း ကားကို ခြံထဲမောင်းဝင်ခဲ့လိုက်သည်။ ဆင်ဝင်အောက်မှာ ကားလေးထိုးရပ်ပြီးသည်နှင့် ခြေလှမ်းကျဲကြီးတွေနှင့် လှမ်းဝင်လိုက်၏။

ဒေါ်ရွှေ မျက်နှာ ဆီးရှုက်လောက်နှင့် သူ့ကိုကုပ်ကုပ်လေး ရပ်ကြိုနေ၏။

"ဝါဝမ်း ဘယ်မှာလဲ"

"အ အခန်းထဲမှာပါ ဆရာလေး"

ဒေါ်ရွှေကို ဘာမှထပ်မမေးတော့ဘဲ ဝါဝမ်း အခန်းဆီသို့ သူ တန်းတန်းမတ်မတ် လျှောက်ခဲ့လိုက်သည်။

ခပ်ဟဟလေး ပွင့်နေသော အခန်းထဲကို အသံမပေးဘဲ ဝင်ခဲ့လိုက်တော့ ခုတင်ပေါ်မှာ ခွေခွေလေး လှဲနေသော ဝါဝမ်း မျက်လုံးလေးတွေ ဝိုင်းစက်သွားကာ လူးလဲထထိုင်သည်။

"မင်း ဘာတွေစားလို့ ဝမ်းတွေသွားနေရတာလဲ ဝါဝမ်း"

"ကျွန်မ ဘာမှ မစားပါဘူး အစ်ကို"

နဖတ်ကြည်လင်သော မျက်နှာလေးက မျက်ကွင်းတွေ ချောင်ကျနေတာ အထင်အရှား။ သူ့မျက်နှာက ဒေါသရိပ်တွေကို ကြောက်လန့်နေသော ဝါဝမ်း မဝံ့မရဲလေးကြည့်နေဆဲ။

"မစားဘဲနဲ့ ဝမ်းပျက်စရာ အကြောင်းမရှိဘူးကွ မင်း ငါ့ကို



www.burmeseclassic.com

www.burmeseclassic.com



လိမ်ညာဖို့ မကြိုးစားနဲ့ ဝါဂွမ်းဖြူဖြူ''

''ဟို ဟို ဝါဂွမ်း မညာပါဘူး ဟိုလေ''

''ကျွတ် ပြောရင်းနဲ့ ညာနေတာပဲ''

အထင်ကရ အလိုမကျစွာ ရေရွတ်နေတုန်းမှာ ဒေါ်ရွှေ အခန်းထဲကို ဝင်လာတာမို့

''ဒေါ်ရွှေ ဒီနေ့ သူ ဘာတွေစားသလဲ''

''ဟို ဒီမနက် ဘာမှမစားသေးပါဘူး အဲ မနေ့ညနေက ထမင်းစားတော့ ကြက်သားတွေ ငါးကြော်တွေ မစားချင်လို့တဲ့ ဟိုလေ ဒေါ်ရွှေအတွက် ချက်ထားတဲ့ ချဉ်ပေါင်ဟင်းလေးတစ်ခွက် တောင်းစားပါတယ်''

''ဟာ သေစမ်း မင်းတော်တော် အပေအတေနိုင်တာပဲ၊ ငါက ကလေးကို ထိခိုက်မှာစိုးလို့ အဆိပ်အတောက်ဖြစ်စေမယ့် အစားအသောက်တွေကို ရှောင်ခိုင်းတာ၊ မင်းက နားမထောင်ဘဲ ခိုးစားတော့ မရှူနိုင် မကယ်နိုင်ဖြစ်ပြီပေါ့ မင်း ဝတ်နေသလား''

ဒေါသတွေ ဆူဝေလျက် သူ ပြောချင်တာတွေကို ဆက်တိုက်ပြောချပစ်လိုက်မိသည်။ ဝါဂွမ်း မျက်နှာလေး နီရဲကာ မျက်ရည်လေးတွေဝိုင်းလာတာချက်ချင်း။

''ဟော့ မငိုနဲ့ဦး ဒေါ်ရွှေ ဒေါ်ရွှေမှာလည်း အပြစ်ရှိတယ်၊ သူ့ကို မတည့်တာကို ဘာလို့ ကျွေးတာလဲ၊ တကယ်ဆို ဒေါ်ရွှေလည်း ချက်မစားနဲ့''

''ဟုတ် ဟုတ်ကဲ့ပါရှင် ကျွန်မ နောက်ဆို ဆင်ခြင်ပါ့မယ်''

''ဒေါ်ရွှေမှာ အပြစ်မရှိပါဘူး အစ်ကို၊ ဝါဂွမ်း အပြစ်ပါ၊ အစ်ကို





ဝါဂွမ်းကို ဆူပါနော် ဝါဂွမ်း ခံယူပါ့မယ်''

ဒေါ်ရွှေကို အပြစ်တင်စကားတွေဆိုတော့ ဝါဂွမ်း ကြားကအပြစ်ကို ဝန်ခံနေသည်။ ဝမ်း ငါးကြိမ် ခြောက်ကြိမ်လောက် သွားထားသည်ဆိုတော့ ပြည့်တင်းနေသော မျက်နှာလေး ညှိုးလျော်ချောင်ကျသွားတာ အထင်အရှား။

ဝါဂွမ်း ဝမ်းထဲက ကလေး ဘယ်လိုခံစားနေရမည်လဲ တွေးမိကာ အထင်ကရ စိတ်ပူလာ၏။

''ကဲ တော်ပြီ ဆေးခန်းသွားမယ် အခု ထ''

အထင်ကရ ပြောတော့ ဝါဂွမ်း ခေါင်းလေးညိတ်ကာ ခုတင်ပေါ်က ဆင်းသည်။ အထင်ကရ ရှေ့က အရင်ထွက်ခဲ့ပေမယ့် ဝါဂွမ်းနောက်က ကပ်ပါမလာတာမို့ လှည့်ကြည့်တော့ မျက်နှာလေး မဲ့ကာရှုံ့ကာဖြစ်နေသည်။

''ဘာဖြစ်တာလဲ ဝါဂွမ်း''

''ဟို ဟို ဗိုက် ဗိုက်နာလို့''

''ဘာ ဗိုက်နာတယ် ဘယ်လိုနာတာလဲ ကလေးမွေးချင်တာလား''

ဝါဂွမ်း မျက်နှာလေးမဲ့ရှုံ့နေရင်းက နီမြန်းသွားကာ ခေါင်းလေးခါ၏။

''မ မဟုတ်ပါဘူး အစ်ကို၊ ဆီးသွားချင်လို့ အ အ ကျွတ်ကျွတ်''

ဗိုက်ကို လက်ကလေးနှင့်ဖိနှိပ်ကာ ဝေဒနာ ခံစားနေရသော



www.burmeseclassic.com

www.burmeseclassic.com



ဝါဠွမ်းကိုကြည့်ရင်း အထင်ကရ ဒေါသလည်းဖြစ်ရ သနားလည်း သနားရ၏။

"ကဲ ခဏလေး အောင့်ထား ဟုတ်လား"

အထင်ကရ ပြောရင်း ဝါဠွမ်းဆီ ပြန်လျှောက်လာကာ ဖွေ့ခနဲ ပွေ့ချီလိုက်တာမို့

"ဟို အို မလုပ်ပါနဲ့"

"စကားမများဘဲ ငြိမ်ငြိမ်လေးလိုက်ခဲ့"

အထင်ကရ ပြောရင်း ဝါဠွမ်းကို အိမ်သာဘက်သို့ ပွေ့ချီခေါ်လာခဲ့သည်။ ဝါဠွမ်း မျက်နှာလေး ရှက်သွေးတွေနှင့် နီနေတာကိုလည်း သူ ဂရုမစိုက်နိုင်ခဲ့ပါ။

ရေအိမ်ထဲရောက်တော့ ဗိုလ်ထိုင်အိမ်သာပေါ် ဝါဠွမ်းကိုတင်ပေးပြီး သူ ကျောခိုင်းထားလိုက်၏။

"ကဲ မင်းကိစ္စ ပြီးအောင်ရှင်း"

"အစ် အစ်ကို အိမ်သာထဲက ထွက်လေ"

"မင်းတစ်ယောက်တည်း ဖြစ်မလား၊ ချော်လဲရင် ဘယ်လိုလုပ်မလဲ"

"ဟို ဖြစ်ပါတယ်၊ အစ်ကို အထဲမှာရှိနေရင် ဝါဠွမ်း ဟို အဲ မနေတတ်လို့ပါ"

"ဟာကွာ ကဲ ဒါဆို အပြင်ကစောင့်မယ်၊ တကယ်ကွာ အစားတစ်လုပ်ကြောင့် ဖြစ်တဲ့ဒုက္ခဆိုတာ မှတ်ပြီလား"

အထင်ကရ တဖျစ်တောက်တောက် ပြောရင်း ရေအိမ်အပြင်

မိုး-မိုး ၁၁၁၄ ပ



ဘက်က ရပ်စောင့်နေခဲ့သည်။

ထိုနေ့က ဆေးခန်းအသိ ဝါဠွမ်း မလိုက်နိုင်တာမို့ အထင်ကရ ဆရာဝန်တစ်ယောက် သွားခေါ်၏။

ဆရာဝန်က ဝါဠွမ်းအတွက် လိုအပ်သောဆေးတွေထိုး သောက်ဆေးတွေပေးကာ မှာသင့်တာတွေ မှာသည်။

အထင်ကရကတော့ ဆရာဝန်ထက်တောင် ဝါဠွမ်းကို မှာကြားချက်တွေ ပေးမဆုံးပါ။ ဒေါ်ရွှေခမြာလည်း အထင်ကရ စကားတွေကို ခေါင်းလေးတညိတ်ညိတ် နားခံနေခဲ့ရရှာ၏။

မိုးချုပ်လုမှ အထင်ကရ ပြန်သွားခဲ့၏။ ဝါဠွမ်း သည်တော့မှပဲ ပင့်သက်လေးရှိုက်မိတော့၏။

နောက်တစ်ခါတော့ သူ မကြိုက်သော အလုပ်မျိုးကို ဝါဠွမ်း ဘယ်တော့မှ မလုပ်ရဲတော့ပါ။

အထင်ကရရဲ့ ကရုဏာဒေါသတွေကို ကြောက်သွားမိပြီ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၂)

မိတ်ဆွေ သူငယ်ချင်းတစ်ယောက် အိမ်ကိုလာပြီး အပြန်မှာ ရွှေမှုန် စိတ်က သတိရမိတာ ဝါဂွမ်းကိုဖြစ်သည်။

ဝါဂွမ်းရဲ့အိမ်က လမ်းကြိုနေတာမို့ ဝင်လည်ဖို့ ရွှေမှုန် ဆုံးဖြတ်ကာ မှတ်မိနေသော လိပ်စာအတိုင်း မောင်းခဲ့လိုက်သည်။

ဝါဂွမ်းက ကြိုတင်ဖုန်းဆက်ဖို့ ပြောထားပေမယ့် ရွှေမှုန် ဖုန်းမဆက်ဖြစ်တော့ပါ။ မကြာခင်ဘဲ လူကိုယ်တိုင် တွေ့ရတော့မည်ပဲ။

လမ်းမထဲ ကားလေးမောင်းဝင်ခဲ့ကာ ခြံနံပါတ်ကို ရှာမိသည်။ ပလက်ဖောင်းအတိုင်း လျှောက်လာသော အန်ကယ်ကြီးတစ်ယောက်ကို ရှာနေသော ခြံအမှတ်ကို ကားလေးရပ်မေးကြည့်လိုက်၏။

"ခြံအမှတ် ၁၀၇ က ဘယ်နားလောက်မှာလဲ အန်ကယ်"

"ခြံအမှတ် ၁၀၇ လား၊ ရှေ့ဘက်လောက်မှာ ဟော ဟိုမှာ





ကားထွက်လာတဲ့ခြံပဲ"

အန်ကယ်ကြီး ညွှန်ပြသော အရှေ့ဘက်ကို မျှော်ကြည့်လိုက်တော့ မြင်လိုက်ရသော ကားကြောင့် ရွှေမှုန် မျက်ဝန်းလေးတွေ ဝိုင်းသွားသည်။ ဘုရားရေ ဒါ အထင်ကရရဲ့ လင်ခရူဆာကားပြာကြီးပဲ။

"ဟုတ် ဟုတ်ကဲ့ ကျေးဇူးပါပဲ အန်ကယ်"

အထင်ကရ ကားက ရွှေမှုန်ရှိရာဘက်ကို လာတာမဟုတ်ဘဲ ဆန့်ကျင်ဘက်ကို ကွေ့မောင်းသွားခဲ့တာ ဖြစ်သည်။

ရွှေမှုန် ကားကို ဆက်မောင်းခဲ့ကာ ခြံအမှတ် ၁၀၇ ရောက်တော့ ခြံစောင့်ကြီးက ခြံတံခါးကို ပိတ်နေတာမို့

"ဒါ ဝါဂွမ်းဖြူဖြူတို့ အိမ်ပါလားရှင်"

"ဟုတ်ကဲ့ ဟုတ်ပါတယ် ဘယ်သူနဲ့တွေ့ချင်လို့ပါလဲ ခင်ဗျာ"

"ဝါဂွမ်းတို့ ဇနီးမောင်နှံနဲ့ တွေ့ချင်လို့ပါရှင်"

"ဆရာလေး ကိုအထင်ကရ က အခုပဲပြန်သွားပြီကွဲ့"

ခြံစောင့်ကြီး စကားကြောင့် ရွှေမှုန် မျက်ဝန်းလေး ဝိုင်းစက်အံ့သြသွားရသည်။ ဝါဂွမ်း ပြောထားသည်က ဝါဂွမ်း ခင်ပွန်းအမည်က ကိုရန်ရှင်း ဖြစ်သည်။ အခုတော့ ကိုအထင်ကရ တဲ့။

"ဟို ဟို အထင်ကရ ဆိုတာ ဝါဂွမ်းရဲ့ခင်ပွန်းလား ဦးလေး"

"ဟုတ်ပါတယ် သမီးလေး ဝါဂွမ်း သိပ်နေမကောင်းလို့ ဆရာလေး ဆရာဝန်ပင့်လာတာပါ၊ အခုပဲ ပြန်သွားပြီ၊ သမီးလေးကားနဲ့ မရှေးမနှောင်းလေးပဲကွဲ့"

ရွှေမှုန် ရင်ထဲမှာ ကတုန်ကယင်ကြီး ဖြစ်လာရတော့ အမှန်။

www.burmeseclassic.com



ဒါ ဘယ်လိုမှ တိုက်ဆိုင်မှုမဖြစ်နိုင်ပါ။ မောင့်ရဲ့ကားဆိုတာ သေချာသည်။ ဘာတွေလဲ အမှန်တရား တစ်ခုကိုတော့ ရွှေမှုန် သေချာစွာ သိခွင့်မရသေးတာ မလွဲပါ။

"ဦးလေး ကျွန်မ ဝါဂွမ်းနဲ့တွေ့ပါရစေ၊ ဝါဂွမ်းရဲ့မိတ်ဆွေပါရှင်"

"ကောင်းပြီ သမီး။ ဝင်ပါ အထဲဝင်ပါကွယ် ဝါဂွမ်းလေး ရှိပါတယ်"

ခြံစောင့်ကြီး ပြန်ဖွင့်ပေးသော တံခါးမှ ရွှေမှုန် ကားလေးကို မောင်းဝင်ခဲ့လိုက်သည်။ မမျှော်လင့်ဘဲ သိခဲ့ရသော အဖြစ်အပျက်ကြီးအတွက်တော့ ရင်ထဲမှာ စူးစူးနစ်နစ် ခံစားနေရတာတော့ အမှန်ပဲဖြစ်သည်။

မောင်နှင့်ဝါဂွမ်း ဆိုတာ ရွှေမှုန် မသိအောင် ပတ်သက်နေခဲ့သည်လား။ ဧည့်ခန်းထဲမှာ ထိုင်နေသော ဝါဂွမ်းက ရွှေမှုန်ကိုမြင်သည်နှင့် အံ့ဩမျက်ဝန်းလေးတွေနှင့် လျှောက်လာ၏။

"မ မမ ဘယ်ကဘယ်လို ရောက်လာတာလဲဟင်"

"ရွှေမှုန်လား ဝါဂွမ်းဆီ လာတာပေါ့၊ ဝါဂွမ်းတို့လင်မယားနဲ့ တွေ့ချင်လို့လေ"

ဝါဂွမ်း မျက်နှာလေး ပျက်ယွင်းသွားခဲ့တာကို သတိထား ကြည့်နေမိသည့် ရွှေမှုန် မြင်ဖြစ်အောင်တော့ မြင်လိုက်ပါသည်။

"ဟို ဟိုလေ ဝါဂွမ်း မနေ့ကတည်းက ဝမ်းတွေလျှောနေလို့ အဲဒါ သူရောက်လာပြီး ဆုပ္ပသွားတယ်၊ အခုလည်း ဆရာဝန်တစ်ယောက် ခေါ်လာကြည့်ပေးပြီး ပြန်သွားတယ် မမရွှေမှုန်ရဲ့"





"ဟင် ဟုတ်လား တို့နဲ့နည်းနည်းလေး လွဲသွားတာပေါ့၊ တို့က ဝါဂွမ်း ခင်ပွန်းကို မြင်တွေ့ချင်နေတာ"

ရွှေမှုန် ပြောသမျှ ဝါဂွမ်း မျက်နှာလေးပျက် နားထောင်နေရှာသည်။ ဒါပေမဲ့ ဖြူစင်ရိုးသားသော မျက်ဝန်းလေးတွေက ကြည်လင်နေသည်။

"ဝါဂွမ်း ယောကျာ်းက ချောသလားဟင်၊ ဒါဆိုရင်တော့ မွေးဖွားလာမယ့် ကလေးလေးကလည်း တကယ်ချောမှာပဲ"

ရွှေမှုန် စကားတွေကို နားထောင်နေရပေမယ့် ဝါဂွမ်း မျက်နှာလေး ရဲရဲနီကာ ရွှေမှုန် မျက်ဝန်းတွေနှင့် ရင်မဆိုင်နိုင်အောင် ရှောင်တိမ်းနေခဲ့သည်။

ဟန်မဆောင်တတ်သော ဝါဂွမ်းဖြူဖြူ၏အပြုအမူတွေကြောင့်လည်း ရွှေမှုန် အမှန်တရားတစ်ခုကို မြင်တွေ့လိုက်ရသလို ခံစားရ၏။

အထင်ကရနှင့် ပတ်သက်နေတာကို ရွှေမှုန် မသိအောင် ဝါဂွမ်း ညာထားခြင်းလား။ စဉ်းစားရင်း ရွှေမှုန်ရင်ထဲမှာ နင့်ခနဲ ခံစားလိုက်ရပါသည်။

"မမရွှေမှုန် အအေးလေး သောက်ပါဦးနော်"

အမျိုးသမီးကြီးတစ်ယောက် အအေးဘန်းလေး ယူလာတော့ ဝါဂွမ်း ရွှေမှုန်ဆီ လှမ်းပေးကာ ဧည့်ခံသည်။

"ဝါဂွမ်းလေး ပြီးရင် ဆေးသောက်ဦးနော် ဆရာလေး မှာခဲ့တယ်"

"ဪ ဟုတ်ကဲ့ ဒေါ်ရွှေ ခဏနေရင် သောက်မှာပါ၊ ဝါဂွမ်း



www.burmeseclassic.com

www.burmeseclassic.com



ဓာတ်ဆေးရည်တွေသောက်ထားလို့''

အခုမှပဲ ဝါဂွမ်း မျက်နှာလေးကို ရွှေမှုန် အကဲခတ်ကြည့်လိုက်မိ၏။ မျက်ကွင်းလေးတွေ ချောင်ကျကာ ဝါဂွမ်း မျက်နှာလေးက အားနည်းနေပုံရသည်။

''ဝါဂွမ်း ဝမ်းလျှောနေတာ ရပ်သွားပြီလား သက်သာရဲ့လား''

''ဟုတ်ကဲ့ မမရွှေမှုန် သက်သာပါပြီ''

''ဒီအချိန်က ကိုယ့်ကိုကိုယ် ဂရုစိုက်လေ ဝါဂွမ်းရဲ့၊ ဘာလို့ မမတို့ဆေးခန်းကို မလာတာလဲ၊ အဲဒါ စိုးရိမ်လို့ မမ လိုက်လာတာ''

ဝါဂွမ်း မျက်နှာလေးကိုမြင်တော့လည်း ရွှေမှုန် စေတနာတွေက ပေါ်လာရပြန်ပါသည်။ ကိုယ်ဝန်ရင့်မှ ပုံမှန်ရောက်မလာသော ဝါဂွမ်းအတွက် ရွှေမှုန် စိုးရိမ်ခဲ့မိတာ အမှန်။

''ဟိုလေ အစ်ကို အဲ သူက ဝါဂွမ်းအတွက် အိုကျိတစ်ယောက်နဲ့အပတ်စဉ် ပြနေလို့ပါ၊ ဒါကြောင့် ဝါဂွမ်းမလာဖြစ်တာပါ မမ''

''ဟုတ်လား ဝါဂွမ်း ခင်ပွန်းကို မမတို့ဆေးခန်းမှာ မွေးဖွားဖို့ ပြောမထားဘူးလားကွယ်''

''ဟိုလေ အစ်ကိုက သူ့မိတ်ဆွေ ဆရာဝန်နဲ့ပဲ မွေးဖို့ စီစဉ်ပြီးဖြစ်နေလို့ပါ၊ ဝါဂွမ်း မမနဲ့မွေးချင်ပေမယ့် မဖြစ်တော့လို့ပါ''

ရွှေမှုန် သဘောပေါက်ပါသည်။ ရွှေမှုန် ရှိသော ဆေးခန်းမှာ အထင်ကရက မွေးဖွားဖို့ ဘယ်လက်ခံမည်လဲ။

ရွှေမှုန် စိတ်ထဲမှာ အထင်ကရရဲ့ လှည့်စားမှုတွေကို ပြန်တွေးမိလာသည်။

နိုးမိုး၁၀၁၄၉



သည်ရက်ပိုင်းတွေမှာ အထင်ကရ ရောက်မလာနိုင်တာ ဝါဂွမ်းနဲ့အနားမှာ ရှိနေပေးရလို့ပဲဖြစ်မည်။ တကယ်ဆို ဒါက အထင်ကရ သိမ်ညာမှုတွေပါပဲ။

ဝါဂွမ်းကိုတော့ ရွှေမှုန် အပြစ်မမြင်ရက်ပါ။

အထင်ကရ ဘယ်အချိန်ကာလတစ်ခုအထိ ရွှေမှုန်ကို လှည့်စားနိုင်မည်လဲ စောင့်ကြည့်ချင်သေး၏။

ဝါဂွမ်း အိမ်ကပြန်ခဲ့တော့ သေချာသလောက် ဖြစ်နေသော အထင်ကရနှင့်ဝါဂွမ်းတို့ကိစ္စကြီးက ရွှေမှုန် ရင်ထဲကို ပူလောင်စွာ ဝင်ရောက်လို့နေခဲ့သည်။

ဘဝမှာ တစ်ယောက်ပဲချစ်ခဲ့သည်၊ ထိုတစ်ယောက်သည်လည်း ဟိုးငယ်စဉ်ကတည်းက သံယောဇဉ်နှောင်ခဲ့သော ငယ်သူငယ်ချင်းပါပဲ။

မောင်ရယ် ရှင် ဘာကြောင့် ရွှေမှုန်ကို လိမ်ညာရတာလဲ။

ရွှေမှုန် နှလုံးသားကို ရက်စက်စွာ မောင် နင်းခြေချင်တာကြောင့်လား။

မောင် ရှင် သိပ်ရက်စက်တယ်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၃)

"မောင် ပြီးခဲ့တဲ့ဆန်းဒေးက လာမလားလို့ ရွှေမှုန် မျှော်သေးတယ်"

ရွှေမှုန် စကားကြောင့် မောင် မျက်မှောင်တွေကျုံ့ကာ ခေါင်းကို ခါရမ်းသည်။

"လာချင်တာပေါ့ ရွှေမှုန်ရာ၊ ဆန်းဒေးကလည်း အလုပ်ကို မနားရဘူးလေ၊ စက်ရုံထဲကို သွားနေရတာ ဂျာမနီကပို့လိုက်တဲ့စက် အသစ်တွေ ရောက်လာလို့လေ တစ်နေကုန်နီးပါးပဲ"

"ဟုတ်လား ရွှေမှုန် စက်ရုံကိုဖုန်းဆက်သေးတယ်၊ မောင် မရှိဘူးဆိုတာနဲ့"

အထင်ကရ အကြည့်တွေ ရွှေမှုန်ဆီ ရောက်လာသည်။ ထို မျက်ဝန်းတွေကိုပဲ ရွှေမှုန် ခပ်စူးစူးနစ်နစ်လေး စိုက်ကြည့်နေတော့





အထင်ကရ ချက်ချင်းမျက်နှာလွှဲသွားခဲ့၏။

"ဟုတ်လား အဲဒါ မောင် အပြင်ထွက်သွားတဲ့အချိန် ထင်တယ်၊ ဆောက်လုပ်ရေးဆိုက်တစ်ခုက ကိစ္စပေါ်လာလို့ ပြေးလိုက်ရသေးတယ်"

မောင့်ရဲ့အလိမ်အညာ စကားတွေက ပိပိရိရိ မရှိတာတော့ ရွှေမှုန် သတိထားမိပါသည်။ မောင့်အပေါ် ဘယ်တုန်းကမှ သံသယတွေ မဝင်ဖူးပေမယ့် ဒီတစ်ခါတော့ ရွှေမှုန် မယုံကြည်တော့ပါ။

"အရေးကြီးတဲ့ကိစ္စပဲဖြစ်ဖြစ် ဘာကိစ္စပဲဖြစ်ဖြစ် မောင့်ဟန်းဖုန်းကိုပဲဆက်လေ ရွှေမှုန်ရဲ့ စက်ရုံဖုန်းက မသေချာဘူး"

ရွှေမှုန်အပေါ် မောင့်ရဲ့အလိမ်အညာစကားတွေက ဘယ်အချိန်ကာလအထိ ရှိနေမှာလဲ။ တကယ်ဆို မောင့်ရဲ့ကိုယ်ကျင့်တရားနှင့်သိက္ခာကို ရွှေမှုန် အထင်ကြီး လေးစားသည်။

မောင့်တစ်ယောက်တည်းကိုပဲ ရွှေမှုန် မြတ်နိုးသစ္စာရှိစွာ ချစ်ခဲ့ဖူးသည်။ မောင့်အချစ်တွေကလည်း ရွှေမှုန်အပေါ် ခိုင်မြဲမည်ဟု အကြွင်းမဲ့ ယုံကြည်ထားခဲ့သည်။ ဒါပေမဲ့ အခုတော့ ရွှေမှုန်ရဲ့ယုံကြည်မှုတွေ ပြိုပျက်ခဲ့ရတာ ဝမ်းနည်းကြေကွဲစရာလည်း ကောင်းပါသည်။

"ရွှေမှုန် ပညာသင်ကိစ္စ ဘာထူးခြားသေးလဲ"

"သေချာနေပြီလေ ခြောက်လတောင် မလိုတော့ဘူး၊ လိုအပ်တဲ့ ကိစ္စတွေတောင် ရွှေမှုန် စီစဉ်နေရပြီ"

"အင်း မာမီတို့လည်း မကြာခင် ရန်ကုန်လာကြမယ်"

စေ့စပ်ပွဲကိစ္စအတွက် မောင် ရည်ညွှန်းနေတာလား။ ဝါဂွမ်းဖြူ



www.burmeseclassic.com

www.burmeseclassic.com



ဖြူနှင့် လွန်ကျူးခဲ့ကာ မကြာခင် ရင်သွေးတစ်ယောက်ရတော့မှာပဲ။ ဘာ ကြောင့် မောင် ရွှေမှုန်ကိုပါ မျှော်လင့်နေရတာလဲ။

ငါးရံ့နှစ်ကောင်ဖမ်းဖို့ မောင် ချိန်ရွယ်နေခြင်းလား။

"မောင့်ကိုပြောရဦးမယ်"

"ဘာလဲ ရွှေမှုန် ပြောလေ"

"ဩော် ရွှေမှုန်တို့ကိစ္စတော့ မဟုတ်ပါဘူး၊ ရွှေမှုန့်သူငယ်ချင်း လေ ဒေါက်တာနုနုလွင်ကို မောင် သိလား"

"ဩော် ဟိုတလောက မင်္ဂလာဆောင်လိုက်တဲ့သူမဟုတ်လား သူ့ယောက်ျားက အကြီးတန်းအင်ဂျင်နီယာဆိုလား"

"အင်း ဟုတ်တယ် ဒါပေမဲ့ နုနုအပေါ် သစ္စာမရှိတဲ့ယောက်ျား ပါ"

"ဟင် ဘာတွေဖြစ်ကြလို့လဲ"

"အခု သူ ဖောက်ပြန်နေပြီလေ၊ နုနု ကွယ်ရာမှာ နောက် တစ်ယောက်ထားနေတာတဲ့ နုနုခမျာ တော်တော်စိတ်ဆင်းရဲနေရှာတာ"

အထင်ကရ ဘာမှတ်ချက်မှမပြောဘဲ ရွှေမှုန့်စကားကိုပဲ ငြိမ် သက်နားထောင်နေခဲ့သည်။

"ရွှေမှုန်တော့ တော်တော် အံ့ဩတယ် သိလား၊ တကယ်ဆို မိဘတွေက ရိုက်နှက်ပေးစားထားကြသူတွေလည်း မဟုတ်ဘူး၊ နှစ် ယောက်ချစ်သူဖြစ်ပြီးမှ အသေအချာ ဆုံးဖြတ် လက်ထပ်ထားကြတဲ့သူ တွေ၊ ဒါနဲ့တောင် ဒီလိုဖောက်ပြန်တာတော့ သိပ်ဆိုးတယ်သိလား၊ ရွှေမှုန် တောင် တော်တော်အံ့ဩတယ်၊ အဲဒီလို အိမ်ထောင်ရေးကြီး ကြုံဆုံရ တာတော့ ရွှေမှုန် ကြောက်တယ်"





အထင်ကရ မျက်စိပျက်မျက်နှာပျက် ဖြစ်နေပြီ၊ ရွှေမှုန် မျက်နှာ ကိုတောင် ရဲရဲမကြည့်တဲ့ စားပွဲပေါ်က အအေးဘူးကို စိုက်ကြည့်နေသည်။

"မောင် ရွှေမှုန် ပြောတာ မောင်လက်ခံသလားဟင်၊ ဒီလို အိမ်ထောင်ဖောက်ပြန်မှုမျိုးတော့ ရွှေမှုန် လက်မခံဘူး"

"ဩော် ရွှေမှုန်ရယ် ဒါတော့ လက်ခံနိုင်စရာမရှိဘူးလေ၊ ဒါပေမဲ့ နုနုရဲ့ယောက်ျားဘက်မှာလည်း ဘယ်လိုပြဿနာရှိလဲ မသိနိုင်ဘူး"

"ဟင် မောင်က ဘာကိုပြောတာလဲ၊ ဖောက်ပြန်ပါတယ်ဆိုတာ အခိုင်အမာ သက်သေကြီးရှိနေရက်နဲ့ ဘာလို့ သူ့ဘက်က နားလည်ပေး နေတာလဲ"

"ဟာ မောင် ပြောတာ ဒီသဘောမဟုတ်ပါဘူး ရွှေမှုန်ရဲ့၊ ဟိုဘက်မှာ မရှောင်လွှဲနိုင်တဲ့အခြေအနေ၊ ပြဿနာမျိုး ရှိနိုင်သလား မှုဝေတွေးကြည့်ပေးတာပါ၊ အဲ အိမ်ထောင်ရေးသစ္စာမဲ့တာတော့ မောင် လည်း လက်မခံနိုင်ပါဘူး"

မောင့်စကားတွေကို ရွှေမှုန် ဘယ်လိုနားလည်ရတော့မည်လဲ။ မောင့်ဘက်က ကာကွယ်ဖြေရှင်းချက်တွေ ပေးနေခြင်းလား။

မောင်နှင့်ဝါဂွမ်းကြားမှာ မောင် မရှောင်လွှဲနိုင်သော ပြဿနာ တွေရှိနေသည်လား။

အာရုံထဲမှာ ဝါဂွမ်း မျက်နှာလေးကို ပြေးမြင်လာမိသည်။ ဝါဂွမ်း ဖြူဖြူဆိုသော ကောင်မလေးကို ရွှေမှုန် စတွေ့ကတည်းက ခင်မင်ခဲ့သည်။ ချစ်ခင်ခဲ့မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဝါဂွမ်းရဲ့ဖြူစင်သော စိတ်ဓာတ်လေးကို ယုံကြည်လေးစားတာ ကြောင့်ဖြစ်သည်။

ဒီကောင်မလေးမှာ မထင်မှတ်တဲ့ ကိုယ်ဝန်ရှိတာကိုလည်း ရွှေမှုန်ပဲ ပထမဆုံး စမ်းသပ်သိရှိခဲ့တာ ဖြစ်၏။ ထိုစဉ်တုန်းက ဝါဂွမ်းလေး အတွက် ရွှေမှုန် စိတ်မကောင်းဖြစ်ခဲ့ရသေးသည်။

ဝါဂွမ်းဖြူဖြူက ကိုယ်ဝန်ကိစ္စကို အမှန်မပြောဘဲ လိမ်ညာခဲ့ သေး၏။ နောက်တော့လည်း သူမနှင့်ပတ်သက်သူက တာဝန်အပြည့်အ ယူထားသည်ဆိုလာပြန်၏။

ရွှေမှုန် တွေ့စတုန်းက ဘဝနှင့်ခြားနားစွာ ဝါဂွမ်း ဘဝလေး ပြောင်းလဲသွားတာ မြင်တော့ ဝမ်းသာခဲ့မိသေးသည်။

ကိုရန်ရှင်းဟု ဝါဂွမ်း အသိပေးထားသော ကလေးအဖေ အစ် အမှန်က အထင်ကရ ဆိုသည့် မောင်ဖြစ်နေသလား။

ဝါဂွမ်းက အထင်ကရနှင့်ရွှေမှုန်အကြောင်း သိထား၍ နာမည် လွှဲ ညာထားခြင်းလား။ ဒီကိစ္စမှာ ဝါဂွမ်းရဲ့မှားယွင်းမှုလား၊ မောင့်ရဲ့ မှားယွင်းမှုလား။

ဘယ်သူ့အပြစ်လဲ ရွှေမှုန် သိချင်လှပါသည်။

"ကဲပါ ရွှေမှုန်ရဲ့၊ သူတစ်ပါးကိစ္စတွေ ခဏလေး မေ့ထားပြီး မောင်နဲ့ရွှေမှုန်တို့ ဆုံကြတဲ့ရက်လေးမှာ ပျော်ပျော်နေရအောင်နော်"

ရွှေမှုန်ကိုကြည့်ကာ မောင် ပြောတော့ ရွှေမှုန် မေးချင်ခဲ့သော စကားတွေကိုလည်း မမေးရက်ခဲ့တော့ပါ။

မောင့်ရဲ့ကိုယ်ကျင့်တရားနှင့်သိက္ခာကို ရွှေမှုန် ယုံသည်။ ချစ်သူ





ဘဝ ခရီးရှည်ကြီးမှာ မောင်သည် ရွှေမှုန်အပေါ်မှာ ဘာအခွင့်အရေးမှ မယူခဲ့ မတောင်းဆိုခဲ့ပါ။

ဖြူစင်မှုတွေနှင့်သာ နိုင်မြဲခဲ့သော မောင့်အချစ်တွေကိုသာ ရွှေမှုန် စွန့်လွှတ်ရလျှင်တော့ . . . ။

ရင်မောရပါလား မောင်ရယ်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၄)

"ဟင် ဒီအရုပ်တွေ ဘာလုပ်ဖို့လဲ အစ်ကို"

ကားထဲက အရုပ်တွေ တပွေ့တပိုက်ကြီး သယ်ဆောင်ဝင်လာသော အထင်ကရ ကိုမြင်တော့ ဝါဝွမ်း တအံ့တသြလေး မေးမိ၏။

"ကလေးအတွက်လေ"

"ဟင် ကလေးအတွက် ဟုတ်လား"

ဝါဝွမ်း အံ့သြသလို အထင်ကရ စကားကိုပဲ လိုက်ရွေ့တော့ အထင်ကရ အရုပ်တွေကို ဆိုဖာကြီးပေါ် တင်လိုက်ရင်း

"ဟုတ်တယ်လေ ဟောဒီ မင်းဗိုက်ထဲက ကလေးအတွက် ဝယ်လာတာပေါ့၊ နောက်ထပ် လိုအပ်တဲ့အနှီးတွေ၊ ကလေးအဝတ်အစားတွေလည်း ဝယ်ရဦးမယ်၊ ဒါမျိုးက ကြိုဝယ်မကောင်းဘူးလို့ တချို့က ပြောတာ ကြားဖူးလို့"





အထင်ကရ စကားကြောင့် ဝါဝွမ်း ပြုံးမိပြန်ပါသည်။ ဒါကိုပဲ အထင်ကရက မြင်သွားခဲ့ကာ မျက်မှောင်ကြီးကုပ်သွား၏။

"မင်းက ဘာပြုံးတာလဲ"

"ရှင် မဟုတ်ပါဘူး အစ်ကို၊ ဟိုလေ ကလေးက အပြင်တောင် ရောက်သေးဘူးလေ၊ အစ်ကို့အရုပ်တွေလည်း ကစားတတ်ဦးမှာ မဟုတ်သို့ပါ"

ဝါဝွမ်း စကားကြောင့် အထင်ကရ မျက်နှာကြီး ထူပူနီမြန်းသွားခဲ့၏။ ကိုယ့်အပြုအမူတွေကပဲ အိုဗာဖြစ်နေသည်လား။

"မကစားတတ်လည်း ကစားတတ်တဲ့အချိန် ကစားလို့ရတာပဲ ဟာ"

အရှက်ပြေပြောရင်း ဝါဝွမ်း မျက်နှာကို သူ လှမ်းကြည့်တော့ ဝမ်းဗိုက်ကို ပွတ်သပ်ကာ ဝါဝွမ်း မျက်နှာလေး တအံ့တသြ ဖြစ်နေတာမို့

"ဘာဖြစ်လို့လဲ မင်းဗိုက် ဘာဖြစ်လို့လဲ"

"ဟို အထဲက ကလေးလှုပ်နေလို့"

"ဟင်"

အထင်ကရ စိတ်လှုပ်ရှားစွာနှင့် ဝါဝွမ်း အနားကို သုတ်ခနဲ ရောက်သွားခဲ့ကာ ဝါဝွမ်း ဖိကိုင်ထားသောလက်ကိုဖယ်ကာ သူ့လက်ဖဝါးနှင့်ကပ်ထားကြည့်လိုက်သည်။

"ဟင် ဟုတ်တယ်ကွ လှုပ်နေတယ်"

အထင်ကရ အံ့သြစွာပြောရင်း အထူးအဆန်း တစ်ခုကို မင်



www.burmeseclassic.com

www.burmeseclassic.com



သက်နေပေမယ့် ဝါဂွမ်းကတော့ မျက်နှာလေး ရဲရဲနီနေသည်။

အထင်ကရကတော့ ဝါဂွမ်း ရှက်ရွံ့နေခြင်းကို လုံးဝ မရိပ်မိ ဝါဂွမ်း ဝမ်းဗိုက်မှာ ကပ်ထားသော လက်ကို မရုပ်မိသေးဘဲရှိ၏။

"သူ့အတွက် ကိုယ် အရုပ်တွေ ဝယ်လာတာသိလို့ ပျော်နေတာ ထင်တယ်ကွ အဟွန်း"

အထင်ကရ ဝမ်းသာအားရ ရယ်မောပြောတော့ ဝါဂွမ်း ခေါင်း လေးငုံ့ပြီးပြုံးသက်နေ၏။ သည်တော့မှပဲ အထင်ကရ သဘောပေါက် သတိ ထိလာကာ…

"ဆော ဆောရီးနော် ကိုယ် ကလေးဖောကပ်သွားလို့ကွာ"

အထင်ကရ တောင်းပန်ရင်း လက်ကိုပြန်ရုပ်သိမ်းသွားခဲ့သည် ဝါဂွမ်းရင်ထဲမှာတော့ ကြည်နူးမှုတွေ တရိပ်ရိပ်တိုးနေခဲ့တာ အမှန် ဖြစ်သည်။

အထင်ကရရဲ့ နွေးထွေးကြင်နာသော ဆက်ဆံမှုလေးတွေကို ဝါဂွမ်း တပ်မက်နေခဲ့မိပြီလား။ ဒါ မမျှော်လင့်သော အရာဟု ဝါဂွမ်း စိတ်က သိနေပေမယ့်လည်း…။

"ဝါဂွမ်း မင်းမွေးဖွားခါနီးနေပြီဆိုတော့ ဂရုစိုက်ပါ၊ ကိုယ်လည်း မကြာခဏ ရောက်လာမှာပါ"

"ဝါဂွမ်း အားနာပါတယ် အစ်ကို၊ ဝါဂွမ်းကြောင့် အစ်ကို အလုပ်တွေပျက်နေပြီ"

"အဲဒါ ပြဿနာမဟုတ်ပါဘူး ငါ့တာဝန်ပဲ"

တာဝန်တဲ့လား အစ်ကိုရယ်။ အဲဒီ စကားကြီးကိုကြားတိုင်း





ဂွမ်း အလိုလို ဝမ်းနည်းမိတာအမှန်ပါ။

"ဝါဂွမ်း ကျေးဇူးတင်ပါတယ် အစ်ကို၊ ဝါဂွမ်း ရင်သွေးလေး မွေးဖွားပြီးရင် အစ်ကို့ကို ဒုက္ခမပေးဘဲ ထွက်ခွာသွားမှာပါ"

"ဘယ်လို မင်းက ဘယ်ကိုထွက်သွားမှာလဲ၊ မင်းအမေအိမ်ကို သား"

အထင်ကရ အလိုမကျနိုင်စွာ မျက်မှောင်ကြီးကုပ်မေးတော့ ဂွမ်း ခေါင်းလေးကိုပဲ ခါရမ်းပြရင်း

"မဟုတ်ပါဘူး အစ်ကို၊ ဝါဂွမ်းနဲ့ရင်သွေးလေးအတွက် ဝါဂွမ်း ဘာသာ ကြိုးစားရုန်းကန်မှာပါ၊ အရာရာကို ဝါဂွမ်း ရင်ဆိုင်ရဲပါတယ်"

အထင်ကရ ဝါဂွမ်းကို စိုက်ကြည့်နေရင်း ပင့်သက်ရှိုက်သည်။ ဂွမ်းရဲ့စကားတွေကို ယုံကြည်မှုမရှိတာလား၊ ဝါဂွမ်းမှာ ငွေကြေး မချမ်း သာပေမယ့် မေတ္တာတရားတွေ ပြည့်စုံပြီးသားပါ။

"အခုချိန်မှာ မင်းကလေးအတွက်ပဲ အားမွေးထားပါ ဝါဂွမ်း၊ ပြီးရင် ကိုယ် တစ်ခုခုစီစဉ်ပေးမှာပါ"

"တောင်းပန်ပါတယ် အစ်ကို၊ ဝါဂွမ်းကြောင့် အစ်ကို ဒီလောက် တာဝန်ယူပေးတာကိုပဲ ကျေးဇူးတင်လှပါပြီ၊ အစ်ကို လက်ထပ်မယ့်သူနဲ့ ဂွမ်းကြောင့် ပြဿနာမဖြစ်စေချင်ပါဘူး"

အထင်ကရ ဘာမှမပြောနိုင်ဘဲ နှုတ်ဆိတ်သွားခဲ့သည်။ ဝါဂွမ်း အနားမှာရှိနေချိန်မှာ သူ မေ့ထားသော ရွှေမှုန်မျက်နှာကို ပြေးမြင်မိအောင် ဂွမ်း သတိပေးလိုက်သလိုပါပဲ။

ဒါပေမဲ့ ဝါဂွမ်းနဲ့ရင်သွေးငယ်လေးကို သူ ဥပေက္ခာပြုပစ်ဖို့ဆို



www.burmeseclassic.com

www.burmeseclassic.com



တာ ဖြစ်နိုင်ပါ့မည်လား။

ဦးနှောက်က ဖြစ်သင့်တာကို ဥပေက္ခာပြုဖို့ ပြောနေပေမယ့် ခံစားချက်တွေက မှိုင်းဝေတွန့်ဆုတ်နေဆဲ။

ကြာရင်တော့ သူ ရူးရတော့မည်ထင်ရဲ့။

■ ■ ■

## အခန်း (၃၅)

"အားလုံး အိုကေတယ် ဝါဝွမ်း၊ ကလေးရော မိခင်ပါ အပြည့်အဝ ကျန်းမာပါတယ်ကွယ်"

ဝါဝွမ်း ဝမ်းဗိုက်ကလေးကို စမ်းသပ်ပြီးတော့ ရွှေမှုန် မှတ်ချက်ပေးသည်။ ဝါဝွမ်း ခုတင်ပေါ်က အသာအယာ ထထိုင်လိုက်ရင်း

"မွေးရက်နီးလာတယ်ဆိုတော့ ဝါဝွမ်း စိတ်တွေ အရမ်းလှုပ်ရှားနေတယ် မမ ရွှေမှုန်"

ဝါဝွမ်း စိုးရိမ်မျက်ဝန်းလေးတွေနှင့် ပြောတော့ ရွှေမှုန် ယဲ့ယဲ့လေး ပြုံးကြည့်မိ၏။ တကယ့်ကို ဖြူစင်လွန်းတဲ့ ဝါဝွမ်းလေးအပေါ်မှာ ရွှေမှုန် အပြစ်မမြင်ရက်အောင် ဖြစ်ရပါသည်။

ဒါကြောင့်လည်း ရွှေမှုန် အားလပ်သည့်ရက်တွေမှာ ဝါဝွမ်းရဲ့ ကျန်းမာရေးအတွက် ရွှေမှုန် လာစမ်းသပ်ပေးတာ ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ဝါဂွမ်းက ရွှေမှုန် ရောက်လာသည့်အတွက် စိုးရိမ်ကောင်း စိုးရိမ်လောက်ပါသည်။ ရွှေမှုန်နှင့်အထင်ကရတို့ ဆုံမှာကို ဝါဂွမ်း စိုးရိမ်ကြောက်နေလိမ့်မည်။

ဒါပေမဲ့ ဒီနေ့ ဝါဂွမ်းဆီ အထင်ကရ မလာနိုင်ဘူးဆိုတာကိုလည်း ရွှေမှုန် သိထားသည်။

အထင်ကရရဲ့မိဘတွေ ရောက်လာကြမှာမို့ အထင်ကရ ဝါဂွမ်းဆီ လာနိုင်မှာမဟုတ်။ ဒါကြောင့်လည်း ရွှေမှုန်ဘက်က အကြောင်းပြချက်ပေးကာ ဝါဂွမ်းဆီ ရောက်ခဲ့တာဖြစ်သည်။

"ရွှေမှုန် ဒီနေ့ သွားစရာရှိတယ် မောင်၊ ကျောင်းတုန်းက ရွှေမှုန်တို့ဆရာတစ်ယောက် တော်တော် နေမကောင်းဖြစ်နေတယ်၊ အဲဒါ ရွှေမှုန် ဒီနေ့ သွားတွေ့မလို့"

"ရပါတယ် ရွှေမှုန်၊ မာမီတို့က ဒီမှာကြာဦးမှာဆိုတော့ ဘယ်အချိန်ဖြစ်ဖြစ် တွေ့နိုင်တာပဲ သွားပါ"

အထင်ကရ သူ့မာမိကို ကြိုရမည်။ ပြီးလျှင် အိမ်မှာ မေမေတို့နှင့် မနက်စာ စားမည်။ မိဘနှစ်ပါး နေထိုင်ဖို့ကိစ္စတွေ စီစဉ်ပေးရဦးမှာမို့ မလာနိုင်တာသေချာ၏။

"ဝါဂွမ်း ဘာမှမပူပါနဲ့ကွယ်၊ လိုအပ်ရင် မမကိုယ်တိုင် ဝါဂွမ်းကို မွေးဖွားပေးမှာပါ"

ဝါဂွမ်း မျက်နှာလေး ငေးငေးလေး ဖြစ်သွားသည်။ ရွှေမှုန် အစီအစဉ်က မဖြစ်နိုင်တာ ဝါဂွမ်း သိထားပြီးထင်၏။

"ဝါဂွမ်း မွေးချင်ပါတယ် မမရယ် ဒါပေမဲ့"





"ဘာလဲ ဝါဂွမ်းခင်ပွန်းက သဘောမတူဘူးလား"

ဝါဂွမ်း ခေါင်းမညိတ် ခေါင်းမခါရှာဘဲ မျက်ရည်လေးတွေ ချက်ချင်းဝဲတက်လာရှာသည်။

"ဟေ့ ဘာကို စိတ်မကောင်းဖြစ် ဝမ်းနည်းရပြန်တာလဲ"

"ဝါဂွမ်းဘဝကို တွေးမိပြီး ဝါဂွမ်း စိတ်မကောင်းလို့ပါ မမရယ်"

"ဘာကို စိတ်မကောင်းတာလဲ ဝါဂွမ်း။ မမသိအောင် ပြောစမ်းပါ။ အခုဆို ဝါဂွမ်းကိုကြင်နာတဲ့ယောကျ်ားရှိတယ်၊ မကြာခင် ရင်သွေးလေး ပိုင်ဆိုင်ရတော့မယ်လေ၊ ဘယ်လောက် ပျော်စရာကောင်းလဲ"

ရွှေမှုန် စကားတွေကို ခေါင်းလေးခါရင်း ဝါဂွမ်း မျက်ရည်တွေ ကျလာသည်။ ဝါဂွမ်း မျက်ရည်တွေကိုမြင်တော့ ရွှေမှုန် သနားစိတ်လေး ဝင်လာမိပြန်၏။

အထင်ကရ ဝါဂွမ်းအပေါ် ဘာတွေများ စိတ်ဆင်းရဲအောင် လုပ်ထားသည်လဲ။

"ဝါဂွမ်း ညီမလေး ခံစားနေရတာတွေ မမကို ဖွင့်ပြောပါလား ဘာတွေဖြစ်နေတာလဲဟင်"

"ဝါဂွမ်းဘဝက မမထင်သလို ပျော်စရာမရှိပါဘူး မမရယ်၊ ဘာကြောင့်လဲဆိုတော့ သူက ဝါဂွမ်းကို ဝါဂွမ်းရဲ့ရင်သွေးလေး မွေးဖွားပြီးတဲ့ထိပဲ စောင့်ရှောက်ကူညီမှာပါ၊ ပြီးရင် ဝါဂွမ်း အနားမှာမရှိတော့ပါဘူး"

"ဘာရယ် ဘယ်လို ဝါဂွမ်း"

"ဟုတ်တယ် မမ သူ့မှာချစ်သူရှိပြီးသားပါ၊ ဒါကြောင့် သူ ဝါဂွမ်းကို လက်ထပ်မှာမဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလိုလုပ်လို့ ရမလား၊ ဒါဆို သူ အပျော်ကြံတာလား သစ္စာမဲ့တဲ့ယောကျ်ားပဲ"

"ဟင့်အင်း အဲဒါတွေ တစ်ခုမှ မဟုတ်ဘူး မမရွှေမှုန်"

ဝါဂွမ်း ရင်ထဲက ခံစားချက်လေးတွေ ပွင့်အံနေတုန်း ရွှေ မေးမိသည်။ ရွှေမှုန် သိချင်တာ ဝါဂွမ်းရင်ထဲက စကားတွေပဲဖြစ်

"သူ့မှာ အပြစ်ကင်းစင်သလို ဝါဂွမ်း နာကျည်းစရာအချက်ရေ လည်း မရှိပါဘူး မမရွှေမှုန်၊ ကြမ္မာဆိုးတစ်ခုကပဲ ဝါဂွမ်းအပေါ် ရိုက်ခတ်စေခဲ့တာပါ၊ အမေ ဖွတ်စေခိုင်းတဲ့ အလုပ်ကို လုပ်ခဲ့ရ ဝါဂွမ်း ဒီအဖြစ်ဆိုးကြီးကို ရင်ဆိုင်ခဲ့ရတာပါ"

မျက်ရည်စလေးတွေကြားက ဝါဂွမ်း ရင်ဖွင့်စကားလေးတွေ ရွှေမှုန် ကြားခွင့်ရခဲ့၏။

"ဝါဂွမ်း မလုပ်ချင်တဲ့ ရွံမုန်းစရာအလုပ်ကြီးကို အမေ့ကြော လုပ်ပေးခဲ့ရတယ်၊ နှမသားချင်း မစာနာတဲ့ အမူးသမားတွေကြော ဝါဂွမ်း သူ့တို့ဖွတ်တိုက်တဲ့ ဖျော်ရည်ကို သောက်ခဲ့ရတယ်၊ သေချာတာ တော့ အဲဒီဖျော်ရည်တွေသောက်ပြီး ဝါဂွမ်း အသိစိတ်ကင်းမဲ့ မူး သွားခဲ့တာပဲ မမရယ်"

သနားစရာ ဝါဂွမ်းအကြောင်းတွေကို ရွှေမှုန် သိခွင့်ရခဲ့သည် ထို့နောက်မှာတော့ ဝါဂွမ်းရဲ့အပျိုစင်ဘဝလေး ဆုံးရှုံးခဲ့ရသည့်အဖြ

"သူ့အိပ်ခန်းထဲကို ဝါဂွမ်း ရောက်မှန်းတောင် မသိခဲ့ပါ မမရယ်၊ သူကလည်း ဝါဂွမ်းကို သူ့ချစ်သူအမှတ်နဲ့ မှားယွင်းခဲ့တာ အဲဒီအချိန်မှာ သူ သိပ်မူးနေတယ်"





ရွှေမှုန် အံကိုတင်းတင်းလေး ကြိတ်ထားမိ၏။ အထင်ကရတာ ဒီအမှားကြီးကို လွှန်ကျူးခဲ့တာပေါ့။

"သေချာတာက သူ့မှာအပြစ်မရှိပါဘူး မမ"

"အပြည့်အဝ တာဝန်တော့ရှိတယ်၊ သူ ယောကျ်ားပီပီ တာဝန် ယူရမယ်လေ"

"မမစကားကို ဝါဂွမ်း လက်မခံနိုင်ဘူး၊ ဘာလို့လဲဆိုတော့ တစ်ယောက်နဲ့တစ်ယောက် မချစ်မနှစ်သက်ဘဲ မှားခဲ့တဲ့အမှား၊ ဝါဂွမ်း အတွက်နဲ့ သူ့ဘဝတစ်ခုလုံး ပေးရမှာ မတရားပါဘူး"

"ဝါဂွမ်းဘက်က တရားသလား"

"ဝါဂွမ်း ကံကိုက ဆိုးခဲ့တာပဲ မမရယ်၊ ဝါဂွမ်းကြောင့် ဘယ်သူမှ စိတ်မဆင်းရဲစေချင်ဘူး၊ ဒါကြောင့် ဝါဂွမ်းကလည်း ရင်သွေးလေး မွေး ဖွားပြီးရင် အပြီးထွက်သွားမှာပါ"

"ဝါဂွမ်း ဝါဂွမ်းခင်ပွန်း အဲ အဲဒီယောကျ်ားနာမည်က ဘယ်သူ လဲ"

"ကိုရန်ရှင်းပါ မမ"

ကြည့်စမ်း ဝါဂွမ်းသည် နောက်ဆုံးအချိန်ထိတောင် ရွှေမှုန်ကို ညာနေပြန်သည်။ ကိုရန်ရှင်းဆိုတာ အထင်ကရဟု ဝါဂွမ်းနှုတ်က ဘယ် တော့မှ ဖွင့်ပြောလိမ့်မည်မဟုတ်။

ဒါ ဘာကြောင့်လဲဆိုတာကို ရွှေမှုန် နားလည်လိုက်ပါသည်။

အထင်ကရ ဆိုတာ ရွှေမှုန်ရဲ့ချစ်သူဟု ဝါဂွမ်း သိထားသော ကြောင့်ပဲဖြစ်မည်။



www.burmeseclassic.com

www.burmeseclassic.com



"မမကိုလည်း ဝါဂွမ်းတစ်ခါတည်း နှုတ်ဆက်ပါတယ် မမ ဝါဂွမ်းရဲ့ရင်သွေးလေးကို မီးဖွားပြီးတာနဲ့ ဝါဂွမ်း ထွက်သွားတော့မှာပါ"

"မဟုတ်တာကွယ် ဝါဂွမ်း ဘယ်ကိုမှ ထွက်သွားစရာ မလိုပါဘူး"

"ဝါဂွမ်းကို မတားပါနဲ့ မမရယ်၊ ဒါ အားလုံးအတွက် အကောင်းဆုံးဆိုတာ ဝါဂွမ်း ယုံကြည်တယ်"

ရွှေမှုန် ပင့်သက်မောလေး ရှိုက်မိသည်။ ဝါဂွမ်းဖြူဖြူဆိုသော မိန်းကလေးရဲ့ နှလုံးသားလေးက အားလုံးအတွက် ပေးဆပ်ခြင်းသက်သက်ပဲလား။

ကံတရားက စီရင်မှုက မတရားလိုက်တာ။

■ ■ ■

## အခန်း (၃၆)

"ဘယ် ဘယ်လို ရွှေမှုန် ရွှေမှုန်ကိုယ့်ကို နောက်နေတာလား"

အထင်ကရ အထိတ်တလန့် မျက်ဝန်းတွေနှင့် ကြည့်ရင်းမေးလာသည်။ ရွှေမှုန် ယဲ့ယဲ့လေး ပြုံးရင်း

"အဟင်း မနောက်ပါဘူး မောင်ရဲ့၊ ဒါ နောက်ပြောင်စရာကိစ္စမှမဟုတ်တာ"

"ဟို မဟုတ်ဘူးလေ ရွှေမှုန်ပဲ အရင်က အင်္ဂလန်က ပညာသင်ပြန်လာမှ လက်ထပ်ကြမယ်ဆို၊ အခု ချက်ချင်းကြီး စိတ်ပြောင်းသွားတာ မောင် အံ့ဩမိလို့ပါ"

"အံ့ဩစရာမှမဟုတ်ဘဲ မောင်ရယ်၊ ရွှေမှုန် ပညာသင်သွားရမယ့်ကာလကြီးက တစ်နှစ်တောင် ကြာမှာလေ၊ အဲဒီလောက် အကြာကြီး မောင့်ကို စိတ်ချမထားနိုင်ဘူး၊ ဒါကြောင့် ရွှေမှုန် မသွားခင် အမြန်လက်ထပ်သွားချင်တာ၊ မေမေတို့လူကြီးတွေလည်း စိတ်ချမ်းသာသွားအောင်



www.burmeseclassic.com

www.burmeseclassic.com



ချင်တယ်လေ၊ လက်ထပ်ပြီးတာနဲ့ မောင် ရွှေမှုန်နဲ့လိုက်ခဲ့လေ"

"ဟင် မောင်က ဘယ်ကိုလိုက်ခဲ့ရမှာလဲ"

"အင်္ဂလန်ကိုပေါ့၊ ရွှေမှုန်နဲ့မောင်ရဲ့ပျားရည်ဆမ်းခရီးလေးပေါ့ တစ်လလောက်နေပြီးမှ မောင် မြန်မာပြည်ပြန်ပေါ့"

မောင် ဘယ်လိုမှ လက်မခံနိုင်သောကိစ္စကြီးဆိုတာ ရွှေမှုန် ကောင်းကောင်းသိပြီးသား ဖြစ်သည်။

ကိုယ်ဝန်ကြီးနှင့်ဝါဂွမ်းကို ထားရစ်ခဲ့ပြီး ရွှေမှုန်နောက်ကို မောင် လိုက်ဖို့ဆိုတာ ဖြစ်နိုင်မည်လား။ အထင်ကရ ဆိုသော မောင့်စိတ်ဓာတ်က ဒီလောက်အထိ စာနာတရားကင်းမဲ့မှာမဟုတ်။

"အဲ အဲဒါ မဖြစ်နိုင်ဘူးထင်တယ် ရွှေမှုန်၊ ဟို ဟိုလေ မောင့်ရဲ့ လုပ်ငန်းတွေကို ပစ်ထားခဲ့ဖို့ဆိုတာ မလွယ်ဘူး၊ လက်ရှိ မောင် အစ တည်ထားတဲ့စက်ရုံကို ရက်ရှည်ပစ်ထားဖို့ဆိုတာ အတော့်ကို မလွယ်တဲ့ ကိစ္စပဲ"

"မောင်ရယ် ရွှေမှုန်နဲ့မောင့်အနာဂတ်ထက် ဘာက အရေးကြီး နေလို့လဲ"

အထင်ကရ ဘာမှမတုံ့ပြန်နိုင်ဘဲ နှုတ်ဆိတ်နေသည်။ စိတ်ညစ် ညူးရှုပ်ထွေးမှုတွေက အထင်ကရ မျက်ဝန်းတွေထဲမှာ အရိပ်တွေ ယှက် သမ်းလို့နေသည်။

"မောင့် ရွှေမှုန်ပြောတာ ဖြေလေ"

"ဟို ဟို မောင် စဉ်းစားနေတာ ရွှေမှုန်၊ ဟိုလေ မောင်တို့ အနာဂတ်ဘဝကို အလောတကြီး မဆုံးဖြတ်ပါနဲ့ကွာ"



"မောင်"

နှစ်ယောက်သား ရင်ဆိုင်မိသော မျက်ဝန်းတွေ ထိပ်တိုက်ဆုံမိ ကြသည်။ ဒါပေမဲ့ အရင်ဆုံး အကြည့်တွေ ရှောင်လွှဲသွားသူက မောင် ဖြစ်သည်။

"ဟိုးအရင်က နှစ်ယောက်လက်ထပ်ဖို့ကို မောင်ကပဲ အမြဲ တောင်းဆိုခဲ့တာပါ၊ အခုမှ ဘာကြောင့် လက်ထပ်ဖို့ကို မောင် တွေဝေ ငြင်းဆန်နေတာလဲဟင်"

"မောင် ငြင်းဆန်နေတာ မဟုတ်ဘူး ရွှေမှုန်၊ ရွှေမှုန်ကို မောင် သိပ်ချစ်ပါတယ်"

ရွှေမှုန် ရင်ထဲမှာ နင့်ခနဲ ခံစားလိုက်ရသည်။ ရွှေမှုန် လက်ဖဝါး လေးကို တင်းတင်းဆုပ်ကိုင်ထားသော မောင့်လက်ဖဝါးတွေ အေးစက် နေသည်။

မောင့်အချစ်ကို ရွှေမှုန် ယုံကြည်ပါသည်။

ဒါပေမဲ့ အမှန်တရားတစ်ခုကို မျက်စိမှိတ် ဥပေက္ခာပြုပစ်လိုက် ဖို့ ရွှေမှုန် လိပ်ပြာမသန့်ပါ။ သနားစရာ ဝါဂွမ်းရဲ့မျက်နှာလေးက ရွှေမှုန် အာရုံထဲ အရိပ်ထင်လာသည်။

မောင်ရယ် အခုချိန်မှာ ရွှေမှုန် ကြားချင်တာ မောင့်နှုတ်က ဝန်ခံစကားတစ်ခွန်းပါပဲ။

ဒါကို ဝန်ခံဖို့ မောင် ဘာကြောင့် တွန့်ဆုတ်နေခဲ့တာလဲဟင်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၇)

"အစ်ကို"

တိုးညင်းသော ခေါ်သံသဲ့သဲ့ကြောင့် အထင်ကရ လှည့်ကြည့်မိသည်။ သူထိုင်နေသော ဝရန်တာလေးကို ထွက်လာသော ဝါဂွမ်းဖြူဖြူကိုတွေ့ရသည်။

ပန်းနုရောင်ဂါဝန်ပွယောင်းယောင်းလေးနှင့် နုညက်သော မျက်နှာလေးမှာ ဘာအခြယ်အသမှမရှိဘဲ ရှင်းသန့်ချောမောနေ၏။

"ဝါဂွမ်း အစ်ကို့ကို စကားပြောချင်လို့ပါ အစ်ကို"

အထင်ကရ ပင့်သက်မောကြီးကိုချမိသည်။ တကယ်ဆို ဒီအချိန် မှာ ဘယ်သူနဲ့မှ သူ စကားမပြောချင်ပါ။

သူ့စိတ်တွေ မွန်းကြပ်ပိတ်လှောင်နေ၏။ ရွှေမှုန်နှင့်ဝါဂွမ်းဖြူဖြူ ကြားမှာ ဆုံးဖြတ်ရခက်သော အခြေအနေတစ်ခုကို သူ ကြုံဆုံနေရ၏





"မင်း ဒီအချိန်ထိ မအိပ်သေးဘူးလား ဝါဂွမ်း၊ မိခင်လောင်း တစ်ယောက်က အိပ်ရေးဝဝအိပ်သင့်တယ်"

"ဝါဂွမ်း အိပ်မပျော်ဘူး အစ်ကို၊ အစ်ကို့ကိုကြည့်ပြီး ဝါဂွမ်း စိတ်မကောင်းဘူး၊ အစ်ကို ဘာဖြစ်နေတာလဲဟင်"

"ငါ ဘာဖြစ်လို့လဲ ဘာမှမဖြစ်ဘူး"

"မညာပါနဲ့အစ်ကိုရယ်၊ အစ်ကိုတစ်ခုခု ခံစားနေရတာ ဝါဂွမ်း ရိပ်မိတယ်"

အထင်ကရ စိတ်မရှည်နိုင်တော့ပါ။ တစ်ယောက်တည်း အတွေး တွေ လွှင့်ထားချင်လို့ ဝရန်တာလေးမှာ ဒရင်းဘတ်နှင့် ထိုင်နေတာဖြစ်၏။

"ငါ ဘာမှမဖြစ်ဘူး ဝါဂွမ်း၊ မင်းဘာသာ သွားအိပ်ပါတော့ကွာ မင်း ဂရုစိုက်ရမှာ မင်းဝမ်းထဲက ရင်သွေးပဲ"

ဝါဂွမ်း နှုတ်ခမ်းလေးတွေ မဲ့ခနဲ ပြုံးသွား၏။ ပြီးတော့ ဝရန်တာ လက်ရမ်းလေးအထိ လျှောက်သွားကာ မှီရပ်နေသည်။

"အစ်ကို အစ်ကို ဂရုစိုက် အလေးအနက်ထားတာ ဝါဂွမ်းဝမ်း ထဲက ရင်သွေးအတွက်ပဲလားဟင်၊ ဝါဂွမ်း ရင်ထဲမှာရှိနေတဲ့ ခံစားချက် တွေကိုတော့ အစ်ကို မမြင်နိုင်ဘူးမဟုတ်လား၊ ဝါဂွမ်းရင်ထဲမှာ မွန်းကြပ် နေတယ် အစ်ကို"

"မင်း ရူးနေသလား ဝါဂွမ်း၊ ငါ့ရင်ထဲမှာ မင်းနဲ့ပတ်သက်တဲ့ ခံစားချက်တွေ ဘာတစ်ခုမှ ရှိမနေဘူး၊ ဒါကို မင်းနည်းနည်းလေး မသိဘူးလား"

သူ စိတ်မရှည်နိုင်စွာ ဟစ်အော်လိုက်တော့ ဝါဂွမ်း မျက်ရည်များ



www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်းဝဲလာ၏။ မျက်တောင်ရှည်ကြီးတွေနှင့် ပုတ်ခတ်သိမ်းရင်း ဝါဂွမ်း သူ့ကို ရင်ဆိုင်ကြည့်သည်။

"ဟင့်အင်း ဝါဂွမ်း မျှော်လင့်နေတာ ဘာတစ်ခုမှ ဖြစ်မလာတာ ဝမ်းနည်းတယ် အစ်ကို၊ ဝါဂွမ်း ပျော်နေတယ်လို့ အစ်ကိုထင်သလား"

"မင်းအတွက် ဘာမှလိုလေသေးမရှိအောင် ငါ့ဘက်က စီစဉ်ပေးထားတာပဲလေ"

"ဝါဂွမ်းအတွက် အစ်ကို စီစဉ်ပေးထားတာ မဟုတ်ပါဘူး။ ဝါဂွမ်းရဲ့ရင်သွေးအတွက် အစ်ကို တာဝန်ယူပေးနေတာ သက်သက်ပဲ"

"ဘာကွ ဒီထက် မင်းက ဘာကိုမျှော်လင့်နေတာလဲ၊ ငါ့ဆီက ဘာတွေ မင်းလောဘတက်နေတာလဲ"

"ဝါဂွမ်း ဘာမှလောဘမကြီးခဲ့ပါဘူး အစ်ကို၊ ဒါကြောင့်လည်း အစ်ကို့ရဲ့အတ္တဆန် ဆက်ဆံမှုတွေအောက်မှာ ဝါဂွမ်း နေထိုင်ပေးခဲ့တာပါ။ ဝါဂွမ်းနဲ့အစ်ကို့ကြားမှာ ကံတရားက စီရင်လိုက်တဲ့ အမှားကြီးအတွက် အစ်ကို တာဝန်ယူပေးတာသက်သက်ပဲ၊ ဝါဂွမ်း ခံစားချက်တွေကို အစ်ကို ဘာတစ်ခုမှ အရေးမထားဘူး"

ဝါဂွမ်း မျက်ရည်တွေနှင့် ခံစားချက်တွေ ပွင့်အံနေသမျှ သူ တိတ်ဆိတ်စွာပဲ နားထောင်ပေးနေမိသည်။

"ဝါဂွမ်း ဘာမှမတောင်းဆိုတဲ့ အစ်ကို စီစဉ်ပေးခဲ့တယ်၊ ဒါပေမဲ့ ဒါက ရင်သွေးလေး မွေးဖွားချိန်အထိပဲ၊ ဝါဂွမ်းနဲ့ရင်သွေးလေးအတွက် တကယ်လိုအပ်တဲ့ မေတ္တာတရားနဲ့ ကြင်နာမှုအရိပ်ဆိုတာ အစ်ကို ဘယ်တော့မှ ပေးနိုင်မှာမဟုတ်ပါဘူး။ အစ်ကို အခုစိတ်ညစ်ညူးနေတာ အစ်ကို





နဲ့အစ်ကိုချစ်တဲ့သူရဲ့ အနာဂတ်အတွက်ပဲ မဟုတ်လား"

ဝါဂွမ်း ပြောဆိုသမျှတွေက မှန်ကန်နေတာမို့ သူ ဘာမှခွန်းတုံ့ မပြန်နိုင်ပါ။

"လောကကြီးထဲ မကြာခင် ရောက်လာတော့မယ့် ရင်သွေး အတွက်တော့ အစ်ကို စဉ်းစားသင့်ပါတယ်၊ ဝါဂွမ်းတို့ ရင်သွေးလေး အတွက် ဖခင်ရင်းချာရှိလျက်နဲ့ အဖမဲ့ရှင်သန်ရတော့မယ်လေ၊ တကယ် လိုအပ်တာ ငွေကြေးနဲ့ ခြံတွေ၊ တိုက်တွေ၊ ကားတွေမဟုတ်ပါဘူး အစ်ကို"

"ဝါဂွမ်း မင်းဘာကို တောင်းဆိုချင်တာလဲ"

"ဝါဂွမ်း တောင်းဆိုတာမဟုတ်ဘူး အစ်ကို၊ ရင်သွေးလေး အတွက် အစ်ကိုပေးဆပ်နိုင်တဲ့အရာကို သိချင်တာပါ၊ ဘာလဲ အစ်ကို့ ရည်ရွယ်ချက်က ဝါဂွမ်းရင်သွေးလေးကို ခွဲထုတ်ယူပြီး မိထွေးလက်ထဲမှာ ရှင်သန်နိုင်းမလို့လားဟင်"

ဝါဂွမ်း စကားတွေက သူ့ရင်ထဲအထိ 'စိုက်ဝင်စူးနစ်စေ၏။ တကယ်ဆို သူ့ရဲ့သွေးသားလေးကို တစ်ချိန်မှာ သူနှင့်ရွှေမှုန်တို့အရိပ် မှာပဲ ရှင်သန်ဖို့ ရည်ရွယ်ထားတာဖြစ်၏။

ဒါကို ဝါဂွမ်း ကြိုတင်ရိပ်မိနေခဲ့ပြီပေါ့။

"ဝါဂွမ်း တောင်းပန်ပါတယ် အစ်ကို၊ ဝါဂွမ်း ရင်သွေးလေးကို ဝါဂွမ်း မစွန့်နိုင်ဘူး"

"မင်း မင်း ငါ့အာရုံတွေကို ဖောက်ထိုးမိုးမျှော်ဖြစ်အောင် မလုပ်ချင်ပါနဲ့၊ ငါ တောင်းပန်ပါတယ်၊ ငါ့ရင်သွေးလေးကို ငါ အရမ်းချစ် တယ်၊ ပြီးတော့ ရွှေမှုန်ကိုလည်း ငါ မြတ်နိုးတယ်၊ ရွှေမှုန်လိုကုဏ်သိက္ခာ

www.burmeseclassic.com



ရှိတဲ့မိန်းမတစ်ယောက်ကို ငါ ဆုံးရှုံးမခံနိုင်ဘူး''

အထင်ကရ မှုန်းကြုပ်နေသော ခံစားချက်တွေကို ရင်ဖွင့်အံ ထုတ်မိသည်။ ဝါဂွမ်း နှုတ်ခမ်းတွေကို တင်းတင်းစေ့ရင်း မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် စီးကျလာ၏။

''ဝါဂွမ်းက ဂုဏ်သိက္ခာမရှိတဲ့မိန်းကလေးပေါ့ ဟုတ်လား အစ်ကို''

''ဟုတ်တယ် မင်းက ဂုဏ်သိက္ခာမရှိတဲ့ မိန်းမပဲ''

အထင်ကရ လက်ညှိုးထိုးကာ စွပ်စွဲပစ်လိုက်၏။ ဝါဂွမ်း နှုတ်ခမ်းလေးတွေ တဆတ်ဆတ် တုန်ယင်လာရင်း

''ဟုတ်ပါတယ် အစ်ကို၊ ဝါဂွမ်းက ဂုဏ်သိက္ခာမရှိတဲ့ မိန်းမ တစ်ယောက်၊ အဲဒီဂုဏ်သိက္ခာမရှိတဲ့ မိန်းမတစ်ယောက် မွေးလာမယ့် ရင်သွေးလေးကကော ဘယ်မှာဂုဏ်သိက္ခာရှိတော့မှာလဲ''

''ငါ့သွေးသားကို ငါ တာဝန်ယူတယ် ဝါဂွမ်း''

''သိပ်အတ္တကြီးလွန်းပါလား ဦးအထင်ကရ ဝါဂွမ်းဖြူဖြူဆိုတဲ့ မိန်းမတစ်ယောက်ကို ရှင်က အသုံးချဖို့သက်သက် ရည်ရွယ်နေတာပဲ၊ ပထမတစ်ကြိမ်တုန်းက ကံကြမ္မာရဲ့စီရင်မှုကြောင့် ဝါဂွမ်း နာကျင်ရှုံးနိမ့် ခဲ့တယ်ဆိုရင်တောင် နောက်တစ်ခါ ရှုံးနိမ့်မှုက ရှင့်ရဲ့အကွက်ကျကျ စီမံမှုကြောင့်ပဲလေ၊ ဝါဂွမ်း နှလုံးသားကို ရှင် အတ္တဆန်စွာခွဲဖို့ ကြိုးစား နေတာပဲ''

ဝါဂွမ်းနှုတ်က ဒီလောက်အထိ နာကျင်ပြင်းထန်သော စကား တို့ကို သူတစ်ခါမှ မကြားဖူးပါ။ ဒါ ပထမဆုံးကြားသော စကားတွေပဲ





ဖြစ်၏။

''ဝါဂွမ်း နှလုံးသားကို နောက်တစ်ကြိမ် မဆုံးရှုံးနိုင်ဘူး အစ်ကို ဝါဂွမ်းရဲ့ရင်သွေးလေးကြောင့် အစ်ကို စိတ်ဆင်းရဲနေတာ ဝါဂွမ်း သိပါပြီ၊ အစ်ကို့ဘဝထဲက ဝါဂွမ်းတို့ ထွက်သွားပေးပါ့မယ်''

အထင်ကရ မျက်ဝန်းတွေ အလန့်တကြား ပြူးကျယ်သွား၏။

''ဝါဂွမ်း မလုပ် နဲ့''

အထင်ကရ တားမြစ်ရင်း ထရပ်ပြီး ဝရန်တာလေးမှ ခုန်ဆင်းဖို့ ကြိုးစားနေသော ဝါဂွမ်းကို လှမ်းဆွဲလိုက်သည်။ ဒါပေမဲ့ နောက်ကျ သွားခဲ့ပြီ။

ပန်းနုရောင်ဂါဝန်လေး ဟိုးအောက်ကို လွင့်စင်ကျသွားခဲ့တာကို ပြာဝေသော မျက်ဝန်းတွေထဲမှာ ရိပ်ခနဲ မြင်လိုက်ရ၏။ ကွန်ကရစ်ကြမ်း ပြင်နှင့် ဝါဂွမ်းဖြူဖြူ၏ခန္ဓာကိုယ် ထိရိုက်သံကို ချောက်ချားစွာ ကြားရ၏။

အထိတ်တလန့် မှိတ်ထားသော မျက်ဝန်းတွေဖွင့်ကာ ငုံ့ကြည့် တော့ ဟိုးအောက်ကြမ်းပြင်မှာ ဝါဂွမ်းဖြူဖြူ ငြိမ်သက်လို့။

''ဝါဂွမ်း ဝါဂွမ်း''

■ ■ ■

''ဝါဂွမ်း မ မလုပ်နဲ့ ဟင်''

အိပ်မက်ဆိုးက အထင်ကရ လန့်နိုးချိန်မှာ တစ်ကိုယ်လုံး ချွေးတွေ ရွှဲနစ်နေခဲ့သည်။

ဆိုးလွန်းလှတဲ့ အိပ်မက်ဆိုးကြီးက သူ့ကိုချောက်ချားစေ၏။

''အစ်ကိုလေး အစ်ကိုလေး ဘာဖြစ်တာလဲ''



www.burmeseclassic.com

www.burmeseclassic.com



အခန်းအပြင်ဘက်က အော်သံနှင့်အတူ ဖိုးထူးလေး၏ စိုးရိမ်တကြီးမေးသံကို ကြားရ၏။ သူ ခုတင်ပေါ်က ဆင်းကာ တံခါးကိုဖွင့်ပေးတော့ ဖိုးထူး အိပ်ချင်မှုးတူးမျက်ဝန်းတွေနှင့်

"အစ်ကိုလေး အခန်းထဲက အော်သံတွေကြားလို့"

"အေး ငါ အိပ်မက်ဆိုးတွေ မက်လို့"

"ဟင်"

"ရပြီ မင်းပြန်အိပ်တော့၊ ငါ ဘာမှမဖြစ်တော့ဘူး"

ဖိုးထူး ခေါင်းလေးညိတ်ကာ ပြန်ထွက်သွားတော့ သူ မီးဖိုခန်းဘက်လှမ်းခဲ့သည်။ ရေခဲသေတ္တာထဲက ရေတစ်ဘူးထုတ်ကာ၊ အထင်ကရမော့သောက်လိုက်သည်။

ရင်ထဲမှာအေးမြသွားပေမယ့် အိပ်မက်ဆိုးကြီး၏အရိပ်တွေကပြေပျောက်မသွားသေးပါ။

ဒီည ဒယ်ဒီနှင့်မာမီတို့ အိမ်မှာမရှိကြပါ။ ရွှေမှုန်မိဘတွေအိမ်မှာပဲ အိပ်ကြသည်။

သူနှင့်ရွှေမှုန်တို့အရေးကိစ္စတွေကို မိဘတွေ ဆွေးနွေးတိုင်ပင်ကြမှာထင်၏။ တကယ်ဆို သူ့ကိုပါ အတူလိုက်ခဲ့ဖို့ ခေါ်ပေမယ့် သူအကြောင်းပြ ငြင်းဆိုခဲ့သည်။

ရွှေမှုန် အင်္ဂလန်မသွားခင် လက်ထပ်သွားချင်သည်ဆိုတာကိုလည်း သူ လက်မခံနိုင်ပါ။

ဝါဂွမ်းနှင့်ရင်သွေးလေးကို ဥပေက္ခာပြုလိုက်ဖို့ သူ့စိတ်က ဘယ်လိုမှ လက်မခံနိုင်ပါ။ သူ့ရင်သွေးလေးကိုလက်ခံပြီး ဝါဂွမ်းကို စွန့်ပစ်လိုက်ဖို့ကြံစည်ထားတာကိုလည်း သူ ပြန်စဉ်းစားကြည့်တော့ လက်မခံနိုင်။

ဝါဂွမ်းရဲ့ဖြူစင်သော နှလုံးသားကို သူ ငြိတွယ်နေပြီထင်၏။

သူ့အနာဂတ်သည် ဝါဂွမ်းရယ်၊ ချစ်သောရင်သွေးလေးရယ် ပျော်စရာမိသားစုဘဝလေးဖြစ်စေရမည်။

ထို့အတွက် ရွှေမှုန်ကိုတော့ သူ စွန့်လွှတ်ရမည်။

ရင်ထဲမှာ ခိုင်မာလွန်းနေသော ဆုံးဖြတ်ချက်ကြီးကို ချက်ချင်း ဝါဂွမ်းဆီ အပြေးပြောချင်မိ၏။ ဒါပေမဲ့ ဒီအချိန်ကြီးမှာ ဝါဂွမ်း အထိတ်တလန့်ဖြစ်မှာလည်း စိုးပါသည်။

မနက်ဖြန်တော့ ဝါဂွမ်းဆီကို မရောက်ရောက်အောင်သွားရမည်။

မျက်ဝန်းတွေကို အိပ်စက်မရနိုင်ဘဲ ကြောင်တွေနေခဲ့တာ သူနဲ့ ဝါဂွမ်းတို့ရဲ့အနာဂတ်လေးကို တွေးမြင်ယောင်မိတာကြောင့်ပဲဖြစ်၏။ တကယ့်ကို ကြည်နူးချမ်းမြေ့စရာ အနာဂတ်ဘဝလေး။

■ ■ ■





www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၈)

ရေမိုးချိုး အဝတ်အစားလဲပြီး ဝါဂွမ်းဆီသွားဖို့ သူ ဆင်းခဲ့ ချိန်မှာပဲ ဟန်းဖုန်းလေးက မြည်လာ၏။

ဖုန်းလေးကိုဖွင့်ကြည့်တော့ ဝါဂွမ်းဆီက ဆက်သွယ်လာတာမို့ အံ့ဩသွားရ၏။ ဝါဂွမ်းကို သူနှင့်ဆက်သွယ်နိုင်ဖို့ ဖုန်းပေးထားပေမယ့် ဝါဂွမ်း တစ်ခါမှ မဆက်ဖူးပါ။

အထင်ကရ အံ့ဩစွာ ဖုန်းကိုဖွင့်နားထောင်လိုက်၏။

''ဟဲလို ဝါဂွမ်း ပြောပါ''

''ဝါဂွမ်းဖြူဖြူရဲ့ခင်ပွန်း ဦးအထင်ကရ ထင်ပါတယ်''

''ခင်ဗျာ ဟုတ်ပါတယ် အခုဆက်နေတာ ဘယ်သူလဲ''

ဝါဂွမ်းအသံလည်း မဟုတ်သလို ဒေါ်ရွှေအသံလည်း မဟုတ် တာကြောင့် အထင်ကရ မေးမိသည်။

''ဝါဂွမ်းဖြူဖြူ ဗိုက်နာနေလို့ပါ ဦးအထင်ကရ''





''ဗျာ''

''ဟုတ်ကဲ့ ရှင်အမြန်ဆုံးလာမှဖြစ်မယ်''

တစ်ဖက်က ဖုန်းချက်ချင်းပိတ်သွား၏။ အထင်ကရ ရင်တွေ တုန်ခါသွားခဲ့သည်။ ဝါဂွမ်း ဗိုက်နာနေသည်တဲ့။ ဆရာဝန်ပေးထားသော မွေးဖွားခန့်မှန်းရက်က လိုသေးသည်။

ဒါပေမဲ့ အချိန်စောပြီး မွေးနိုင်သည်ဟု ပြောခဲ့တာကိုလည်း ပြန်သတိရ၏။

အထင်ကရ စိတ်တွေလှုပ်ရှားလျက် ကားဆီကို ကသောကမျော လေး ပြေးထွက်ခဲ့လိုက်သည်။

ကားမောင်းရင်း တလှပ်လှပ် ခုန်နေသော ရင်ခုန်သံတွေက ဘဝမှာ ပထမဆုံး ခံစားဖူးသော ခံစားမှုအသစ်ဖြစ်နေတာ သေချာသည်။

သူ့အတွက် ရင်သွေးလေးကို ဝါဂွမ်း မွေးဖွားသန့်စင်ပေးတော့ မည်တဲ့လား။ တကယ့်ကို မင်္ဂလာရှိသော သတင်းလေးပါပဲ။

မကြာခင် ပိုင်ဆိုင်ရတော့မည့် ရင်သွေးလေးကိုပွေ့ထားရင်း ဝါဂွမ်းဆီက သူ တောင်းဆိုချင်တာရှိသည်။

ဝါဂွမ်းကို လက်ထပ်ခွင့် ပြီးတော့ ဝါဂွမ်းနှင့်ရင်သွေးလေးကို သူ တစ်ဘဝတာလုံး စောင့်ရှောက်ကြင်နာခွင့်။

ဝါဂွမ်းရယ် ဒါ ငါ့နှလုံးသားက တောင်းဆိုတာပါ။ မင်းလေး ခြင်းဆန်လိုက်ပါနဲ့ ကောင်မလေးရယ်။

■ ■ ■

ဟင်းလင်းပွင့်နေသော ခြံတံခါးက သူ ဆင်ဝင်အောက်အထိ



www.burmeseclassic.com

www.burmeseclassic.com



ကားကို မောင်းဝင်ခဲ့သည်။

လှုပ်ရှားတုန်ခါနေသောစိတ်တွေနှင့် အထင်ကရ လှုပ်ရှားမှုတွေ
က မြန်ဆန်တက်ကြွနေခဲ့၏။ ကားတံခါးဖွင့်ကာ ဧည့်ခန်းထဲကို အပြေး
လိုက်တော့

"ဟာ"

ဆိုဖာထိုင်ခုံမှာ မြင်လိုက်ရသူက ရွှေမှုန်သာ ဖြစ်နေသော
အထင်ကရ မျက်ဝန်းတွေ မယုံနိုင်စွာ ပြူးကျယ်သွားခဲ့၏။

"ရွှေ ရွှေမှုန် ဘယ်က ဘယ်လို"

အထင်ကရ ဆုံးအောင် မမေးနိုင်ပါ။ ရွှေမှုန်သာကလည်း
တည်ငြိမ်သောအကြည့်တွေနှင့် သူ့ကိုစိုက်ကြည့်နေရင်း တစ်ချက်
နှုတ်ဆက်၏။

"မောင် သိပ်စိတ်ပူသွားသလား။ ရွှေမှုန် ဖုန်းဆက်လိုက်တာ

"ဟင်"

စောစောက ဖုန်းထဲကကြားရတာ ရွှေမှုန့်အသံလား။ ဝါဂွမ်း
က ဖုန်းက ရွှေမှုန့်ဆီ ဘာကြောင့်ရောက်နေတာလဲ။ ရွှေမှုန်ကို ဒီ
ဆုံတွေ့ရမည်ဟု အထင်ကရ လုံးဝမထင်ခဲ့ပါ။

"တောင်းပန်ပါတယ် မောင်၊ မောင် စိုးရိမ်အောင် ညာလို
တာအတွက်ပါ"

"ဘယ်လို ဒါဆို ဝါဂွမ်း ဘာမှမဖြစ်ဘူးပေါ့"

"ဝါဂွမ်း ကျန်းကျန်းမာမာပါပဲ မောင်၊ သူ အိပ်ပျော်နေတာ
လေ ထိုင်ပါဦး"



ရွှေမှုန်ဆိုမှ သူ မင်သက်စွာ ရပ်နေမိတာကို သတိရကာ
ရွှေမှုန်နှင့်မျက်နှာချင်းဆိုင်ထိုင်ခုံမှာ ဝင်ထိုင်လိုက်မိသည်။

"မောင့် အံ့ဩနေရင် ရွှေမှုန် အရင်ရှင်းပြပါ့မယ်၊ ရွှေမှုန်နဲ့
ဝါဂွမ်းက ညီအစ်မရင်းချာလို ခင်မင်ကြသူတွေပါ၊ ဝါဂွမ်းက ရွှေမှုန်တို့
ဆေးခန်းမှာ အလုပ်လုပ်ဖူးတယ်"

အထင်ကရ အံ့ဩမိပြန်ပါသည်။ ဝါဂွမ်း သူ့ကိုပြောစဉ်က
ကုမ္ပဏီမှာ လုပ်သည်ဟုပဲ သိထား၏။ ဝါဂွမ်း ဘာကြောင့် လိမ်ညာထား
သည်ကို အခုမှ သဘောပေါက်တော့၏။

"ဝါဂွမ်းက မောင်နဲ့ရွှေမှုန်အကြောင်း ရွှေမှုန် မသိခင်ကတည်း
က ကြိုသိထားတယ်၊ ဒါကြောင့် သူ့ခင်ပွန်းနာမည်မေးတော့ အထင်ကရ
လို့မဖြေဘဲ ကိုရန်ရှင်းလို့ပဲ ပြောခဲ့တာ၊ ဝါဂွမ်း ခံစားချက်တွေကို ရွှေမှုန်
နားလည်တယ် မောင်"

အခုချိန်မှာ ရွှေမှုန်ပြောသမျှ သူ ငြိမ်သက်စွာ နားထောင်နေ
မိသည်။ အမှန်တရားတစ်ခုကို ရွှေမှုန် သိအောင် ရင်ဖွင့်ဖို့လည်း သူ
ဆုံးဖြတ်ထား၏။

"မောင် အမှန်ကိုပြောသင့်ပြီထင်တယ်၊ အဲဒီ အမှန်တရားကို
ရွှေမှုန် သိချင်လို့ ခေါ်လိုက်တာပါ"

အထင်ကရ ခေါင်းညိတ်ကာ ရွှေမှုန်ကို ရင်ဆိုင်ကြည့်လိုက်သည်။

"မောင် အဲ ကိုယ့်ကိုခွင့်လွှတ်ပေးပါလို့ ကိုယ် မတောင်းဆိုချင်
ပါဘူး ရွှေမှုန်၊ ဒါပေမဲ့ အမှန်တရားကို ကိုယ် ဝန်မခံရဲခဲ့ဘူး၊ အဲဒါက
ရွှေမှုန်ကို စွန့်လွှတ်ရမှာစိုးလို့ပါ၊ ဒါပေမဲ့ အခုချိန်မှာ ကိုယ် အားလုံး



www.burmeseclassic.com

www.burmeseclassic.com



ဝန်ခံချင်တယ် ရွှေမှုန်"

"ပြောပါ မောင်၊ ရွှေမှုန် နားထောင်ချင်ပါတယ်"

"ဝါဂွမ်းနဲ့ကိုယ့်အဖြစ်က မယုံနိုင်စရာကောင်းတဲ့ ကံကြမ္မာရဲ့ စေရာကြောင့် ဆုံတွေ့ခဲ့တာပါ၊ ဒီအဖြစ်အပျက်ကြီးကို အိပ်မက်မဟုတ်မှန်း သိလိုက်ရချိန်မှာ ကိုယ် သိပ်ချောက်ချားသွားတယ်၊ ဒါကြောင့်လည်း ဝါဂွမ်းကို ဥပေက္ခာပြုဖို့ ကြိုးစားခဲ့တယ်၊ ဒါပေမဲ့ လိပ်ပြာမသန့်တဲ့ဖြစ်ရပ်ကြီးအတွက် တာဝန်မကင်းဘူးလို့လည်း ကိုယ် ခံစားနေရတာကြောင့် ဝါဂွမ်းအကြောင်းကို စုံစမ်းခဲ့တယ်၊ အဲဒီမှာတင် ဝါဂွမ်းဘဝလေးကို စာနာသနားလာတယ်၊ ကိုယ့်ရင်သွေးလေးကိုလည်း ဥပေက္ခာမပြုရက်တော့ဘူး"

အထင်ကရ ပြောပြနေတာတွေကို နားထောင်ရင်း ရွှေမှုန် ရင်ထဲမှာ တလှပ်လှပ် တုန်ယင်ချင်လာသည်။ တကယ်ဆို စွန့်လွှတ်ဖို့ ဆုံးဖြတ်ပြီးဖြစ်ပေမယ့် နှလုံးသားက မောင့်ကို စွန့်လွှတ်ရခက်နေဆဲ။

"ကိုယ် အခုဆုံးဖြတ်ခဲ့ပြီ ရွှေမှုန်၊ ဝါဂွမ်းနဲ့ကိုယ့်ရင်သွေးလေးကို ကိုယ် အပြည့်အဝ တာဝန်ယူမယ်"

အလေးအနက် ပြတ်သားစွာ ဆိုလာသော မောင့်စကားကြောင့် ရွှေမှုန် ရင်ထဲမှာ ဟာလာဟင်းလင်း ခံစားလိုက်ရသည်။

မောင့်မျက်ဝန်းတွေထဲမှာ လေးနက်မှုနှင့်အတူ ရွှေမှုန်ကို တကယ်ပဲ သံယောဇဉ်ကင်းပြတ်နိုင်ပြီလား ရွှေမှုန် ရှာဖွေကြည့်မိ၏။

"ကိုယ့်ကို ခွင့်လွှတ်ပေးပါလို့ မပြောချင်ပါဘူး ရွှေမှုန်၊ ဒါပေမဲ့ ကိုယ်နဲ့ရွှေမှုန်တို့ ဇာတ်လမ်းကိုတော့ အဆုံးသတ်လိုက်ကြရအောင်"





ရင်ထဲမှာ စူးခနဲ ခံစားရပေမယ့် ရွှေမှုန် ဟန်ဆောင်အပြုံးလေးနှင့် ပြုံးလိုက်နိုင်ခဲ့၏။

"ဒီအကြောင်းတွေ ရွှေမှုန် သိလိုက်ကတည်းက မောင့်ဝန်ခံစကားတွေကို ကြားချင်ခဲ့တာပါ၊ ဝါဂွမ်းလေးကိုလည်း ရွှေမှုန် အရမ်းသနားတယ်၊ ဝါဂွမ်း နှလုံးသားလေးက ရိုးသားဖြူစင်တယ်"

"ကိုယ်သိတယ် ရွှေမှုန်၊ အစက ကိုယ့်အမှားအတွက် ကာလအတိုင်းအတာတစ်ခုအထိပဲ တာဝန်ယူဖို့ပါ၊ ဒါပေမဲ့ ကိုယ် အခုချိန်မှာ ဝါဂွမ်းနဲ့ရင်သွေးလေးအပေါ် တစ်ဘဝလုံး ပုံအပ်မယ်လို့ ဆုံးဖြတ်လိုက်နိုင်ပြီ၊ ဒီအတွက် ရွှေမှုန်ကို တောင်းပန်"

"ဟင့်အင်း တောင်းပန်စရာမလိုပါဘူး မောင်၊ ဖြစ်သင့်တာကို ရွှေမှုန်လည်း လက်ခံနိုင်ပါတယ်၊ ဒါကြောင့် နှစ်ဖက်မိဘတွေ နားလည်အောင် ရွှေမှုန် ရှင်းပြမှာပါ"

"ကျေးဇူးတင်ပါတယ် ရွှေမှုန်"

မောင့်စကားတွေက ရွှေမှုန်အပေါ် သူစိမ်းဆန်လိုက်တာ။ တကယ်ဆို မြတ်နိုးချစ်ခဲ့ကြသည့် ချစ်သူတွေ ဖြစ်ခဲ့ကြတာပဲ။

"မလိုအပ်ပါဘူး မောင်၊ နင်နဲ့ငါက ငယ်သူငယ်ချင်းအရင်းအချာတွေပဲလေ၊ ငါ နားလည်ခွင့်လွှတ်တယ်"

"ရွှေမှုန်ရယ်"

■ ■ ■

ကြားနေရသော စကားတွေအတွက် ဝါဂွမ်း မယုံနိုင်အောင် ဆောင်းလေးခါရမ်းမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အသံလှိုင်းတွေကြောင့် ဝါဂွမ်းနိုးလာချိန်မှာ မမရွှေမှုန်နှင့်အစ်ကို့တို့ ဆုံနေပြီဟု ချောက်ချားစွာ သိခဲ့ရ၏။

မနွေ့ညက မမရွှေမှုန် ဝါဂွမ်းအိမ်မှာ လာအိပ်သည်။ အခုတော့ ဝါဂွမ်း စိုးရိမ်သည့်အတိုင်း အထင်ကရနှင့်ဆုံကြသည်။

ဝါဂွမ်းနှင့်ရင်သွေးလေးအတွက် အစ်ကိုက တစ်ဘဝလုံး ပုံအပ်မည်တဲ့လား။ ဟင့်အင်း အဲဒီလောက်အထိ ရွှေမှုန်အပေါ် ဝါဂွမ်း မရက်စက်နိုင်ပါဘူး။

ဝါဂွမ်းအတွက်နှင့် ချစ်သူနှစ်ယောက် ဝေးကွာရတော့မှာတဲ့လား။ အစ်ကို့ရဲ့ချစ်ခြင်းတွေကို ဝါဂွမ်း ပိုင်ဆိုင်ချင်ပေမယ့် မမရွှေမှုန်ကိုတော့ မရက်စက်နိုင်ပါ။

မမရွှေမှုန်ဆိုတာ ဝါဂွမ်းအပေါ်မှာ ညီအစ်မရင်းချာလို ကောင်းခဲ့တဲ့ အစ်မတစ်ဦးပဲလေ။

ဝါဂွမ်းကြောင့် အစ်ကိုနှင့်မမရွှေမှုန် ဘယ်တော့မှ မဝေးစေချင်ပါ။ ဆုံးဖြတ်ချက်နှင့် ဝါဂွမ်း ညေ့ခန်းထဲ လှမ်းဝင်လိုက်၏။

"ဟင် ဝါဂွမ်း"

အခန်းတံခါးဘက်ကို မျက်နှာပြု ထိုင်နေသော အထင်ကရက အရင်ဆုံးမြင်သည်။ ရွှေမှုန်သာက ဦးလှည့်ကြည့်ရင်း

"ဟော ဝါဂွမ်း ညီမလေး နိုးပြီလား အဟင်း လာလေ"

ရွှေမှုန် အပြုံးလေးနှင့် နှုတ်ဆက်နေပေမယ့် ဝါဂွမ်း နားလည်မြင်ကြည့်နိုင်ပါသည်။ မမရင်ထဲမှာ ခံစားပူလောင်နေရမှာပဲလေ။

"မမရွှေမှုန် ဝါဂွမ်း အားလုံးကိုကြားပြီးပြီ"





ရွှေမှုန် ခေါင်းလေးညိတ်ပြုံးရင်း ဝါဂွမ်းရှိရာကို ထလျှောက်လာသည်။ ပြီးတော့ ဝါဂွမ်းပခုံးလေးကို ညင်သာစွာ ဖက်ကာ ထိုင်ခုံမှာ ထိုင်စေသည်။

"အားလုံးကိုလည်း ဝါဂွမ်းလေး သိထားတာပဲလေ၊ ဒါပေမဲ့ ဝါဂွမ်းက မမတို့ကြားမှာ ပြဿနာတွေ မဖြစ်စေချင်လို့ သိုဝှက်ထားတယ်ဆိုတာ မမ သိပါတယ်"

"ဘာပဲဖြစ်ဖြစ် ဝါဂွမ်း လက်မခံနိုင်ဘူး မမ၊ ဝါဂွမ်းကြောင့် မမနဲ့အစ်ကို မဝေးစေချင်ဘူး"

"မဟုတ်သေးဘူး ဝါဂွမ်း၊ မင်း မဝေးစေချင်ပေမယ့် မမနဲ့ အထင်ကရ အခြေအနေက မဖြစ်နိုင်ဘူး၊ မမ မျှော်လင့်ထားတဲ့အိမ်ထောင်တစ်ခုက ဒီလိုမဟုတ်ဘူး၊ ဒါကြောင့် မမနဲ့အထင်ကရ လက်ထပ်ဖို့ဆိုတာ မဖြစ်နိုင်ဘူး"

ရွှေမှုန် စကားကြောင့် ဝါဂွမ်း နှုတ်ဆိတ်သွားခဲ့သည်။ အခုချိန်မှာ ဝါဂွမ်း လက်ခံနိုင်ဖို့အတွက် ရွှေမှုန်ဘက်က ပြတ်သားပြဖို့ လိုကာ ရွှေမှုန် နားလည်၏။

"တကယ်လည်း ပြောရရင် မမနဲ့အထင်ကရက ငယ်သူငယ်ချင်းတွေပါ၊ သံယောဇဉ်ရှိတယ်၊ နှစ်ဖက်မိဘတွေက ရင်းနှီးတော့ ကြည်ဖြူတယ်၊ ဒါကြောင့် လက်ထပ်ဖို့ဖြစ်ခဲ့ကြတာပါ၊ ဒါပေမဲ့ အချစ်ဆိုတာ မပါဘဲ မပြည့်စုံပါဘူး"

"ဟင့်အင်း မမညာနေတာပါ၊ အစ်ကို့ကို မမချစ်တယ်"

ရွှေမှုန် ခွေးခွေးလေး ပြုံးကာ ဝါဂွမ်းကိုကြည့်သည်။ ဖြူစင်



www.burmeseclassic.com

www.burmeseclassic.com



လွန်းသည့်ကောင်မလေးကို ရွှေမှုန် ပထမဆုံးနှင့်နောက်ဆုံးအကြိမ်တော့ လိမ်ညာရပါတော့မည်။

"ဝါဂွမ်း မှားနေပြီ၊ သံယောဇဉ်နဲ့ချစ်ခြင်းက မတူပါဘူးကွယ်၊ မမတို့ လက်ထပ်မယ်ဆိုရင် ကြာပြီပေါ့၊ ဒီအချိန်ထိတောင် မရောက်နိုင်ဘူး၊ မမ အထင်ကရကို သူငယ်ချင်းလို ခင်မင်သံယောဇဉ်ရှိတယ်၊ ဒါပေမဲ့ မမရဲ့ရည်ရွယ်ချက်တွေလောက် မချစ်ခဲ့ဘူး၊ ဒါ သေချာတယ်၊ ဒါကြောင့်လည်း အခု အင်္ဂလန်မှာ ပညာသင်ပြီး ပါရဂူဘွဲ့ယူမှာလေ၊ မမရဲ့ရည်ရွယ်ချက်က အဲဒါပဲလေ၊ အထင်ကရကို မမရဲ့ရည်မှန်းချက်လောက် တန်ဖိုးမထားနိုင်ဘူး"

ဖျတ်ခနဲ ကြည့်သော အထင်ကရ မျက်ဝန်းတွေကို ရွှေမှုန် ရင်ဆိုင်ကြည့်ရင်း အပြုံးလေး ဖန်ဆင်းလိုက်၏။

"အထင်ကရ ငါတို့နှစ်ယောက်ကြားမှာ သူငယ်ချင်းတွေရဲ့ ခင်မင်မှုတွေနဲ့ပဲ ရှိကြရအောင်၊ ငါ လာမယ့်အပတ်ထဲမှာ အင်္ဂလန် ကြိုတင်သွားပြီး ပညာရေးကိစ္စတွေ ပြင်ဆင်ရမယ်၊ ငါ နှုတ်ဆက်ခဲ့တယ်"

"ဟင် မမက သွားတော့မယ်"

"ဟုတ်တယ် ဝါဂွမ်း မမ အားလုံးစီစဉ်ပြီးပြီ၊ ဒါကြောင့် ဝါဂွမ်းကိုလည်း နှုတ်ဆက်ခဲ့တယ်၊ မမ ပြန်လာတဲ့အခါ ပျော်စရာမိသားစုဘဝလေးနဲ့ ပြန်ဆုံကြစို့နော် ကဲ မမကို ခွင့်ပြုဦး"

ရွှေမှုန်သာ နှုတ်ဆက်ထွက်သွားတော့ ဧည့်ခန်းထဲမှာ ဝါဂွမ်းနှင့် အထင်ကရတို့ပဲ ကျန်ခဲ့၏။ ရွှေမှုန်ရဲ့ကားလေး ခြံထဲက ထွက်သွားသည် အထိ တိတ်ဆိတ်နေခဲ့ပြီးမှ အထင်ကရ စကားသံထွက်လာ၏။





"ဝါဂွမ်း"

"ရှင် အစ်ကို"

"မင်းကို ကိုယ်လက်ထပ်မယ်၊ ကိုယ့်ရဲ့ရင်သွေးလေးနဲ့မင်းရဲ့ ဘဝကို ကိုယ် တစ်သက်လုံး စောင့်ရှောက်သွားမှာပါ"

"ဟို ဝါဂွမ်း ဝါဂွမ်း"

"ကျေးဇူးပြုပြီး မငြင်းပါနဲ့ ဝါဂွမ်း၊ ဘယ်လိုခံစားချက်တွေပဲရှိရှိ မင်း ငါ့ဆန္ဒကို ခေါင်းညိတ်ပေးပါ"

ဝါဂွမ်း ဘာမှမပြောနိုင်ခဲ့ပါ။ အထင်ကရ စကားအဆုံးမှာ အိပ်ခန်းထဲ လှမ်းဝင်သွား၏။

ဝါဂွမ်း ရင်ထဲမှာ ကြည်နူးရမှာလား။

ဝါဂွမ်း ပိုင်ဆိုင်လိုက်ရတာ အစ်ကို့ရဲ့ချစ်ခြင်းတော့ မဟုတ်နိုင်ဟု ထင်သည်။ ရင်သွေးလေးအတွက် အစ်ကို့နှလုံးသားကို စတေးခဲ့တာထင်၏။

ပင့်သက်လေးရှိုက်ရင်း ဝါဂွမ်း မျက်ဝန်းတွေကို မှိတ်ပစ်လိုက်မိသည်။

ဆုံးဖြတ်ချက်က ရင်ထဲမှာ ခိုင်မာနေခဲ့ပြီ။

■ ■ ■



www.burmeseclassic.com

## အခန်း (၃၉)

မိုးချုပ်မှ အထင်ကရ ပြန်သွားသည်။ ဝါဝွမ်းကိုလည်း နှုတ်ဆက်ရင်း မှာသွားသောစကားတွေက နားထဲမှာ ကြားနေဆဲ။

"ဝါဝွမ်း ကိုယ်တို့မိသားစုဘဝလေး တည်ဆောက်ကြရအောင်နော်"

ဝါဝွမ်း မျက်ရည်တွေ အလိုလို စီးကျလာသည်။ အခြေအနေတစ်ခုအတွက် အထင်ကရ ရွေးချယ်လိုက်တာပဲ ဖြစ်မှာပါ။

ဒါ ဝါဝွမ်း ဝမ်းထဲက ကလေးငယ်လေးကြောင့်ဆိုတာ ဝါဝွမ်းသိ၏။ ဒီအခြေအနေကြီးက အထင်ကရနှင့်မကြာမှာ ပြဿနာကြီးပါပဲ။

ဝါဝွမ်း ဆုံးဖြတ်ပြီးခဲ့ပြီ။

ဒီညပဲ ဝါဝွမ်း အထင်ကရအရိပ်အောက်က ထွက်ခွာသွားတော့မည်။ ဝါဝွမ်းသည် အထင်ကရအတွက် အနှောင့်အယှက်ကြီး မဖြစ်လိုပါ။

ကျောပိုးအိတ်လေးကို ဝါဝွမ်း ကောက်လွယ်လိုက်သည်။ ဒီ





ကျောပိုးအိတ်ထဲမှာ ဝါဝွမ်းအတွက် အဝတ်အစား ငါးစုံပဲပါသည်။ ကျန်တာတွေက အထင်ကရ ဝယ်ပေးထားသော ကလေးအတွက် အရုပ်တွေနှင့် အဝတ်အစားတွေပဲဖြစ်သည်။

ကျန်တာ ဘာတစ်ခုမှ ဝါဝွမ်း မလိုချင်ပါ။ ရင်သွေးလေးအတွက် အထင်ကရ ပေးထားသော အရုပ်လေးတွေကိုပဲ မြတ်နိုးသည်။

ဒီအရုပ်လေးတွေက ရင်သွေးလေးအတွက် ဖခင်မေတ္တာတွေ လွှမ်းခြုံပေးနေမည်ဟု ဝါဝွမ်း ယုံသည်။

ဒေါ်ရွှေကော ဦးထိန်ပါ ဒီအချိန်ဆို အိပ်မောကျနေလောက်ပြီ။ နာရီကိုမော့ကြည့်တော့ ဆယ့်တစ်နာရီကျော်ပြီ။

ဝါဝွမ်း ခြံတံခါးသော့လေး ကျစ်ကျစ်ဆုပ်ကာ ညှိခန်းထဲဖြတ်ခဲ့၏။ ပြီးတော့ တံခါးကိုဖွင့်ကာ ခြံထဲဆင်းလိုက်သည်။

အေးစိမ့်သော လေက ဝါဝွမ်းကို ဆီးကြိုသည်။ အေးခနဲခံစားလိုက်ရပေမယ့် ဝါဝွမ်း ခြံတံခါးဆီ သွက်သွက်လေး လျှောက်ခဲ့လိုက်၏။

အမေ့အိမ်ကိုလည်း ဝါဝွမ်း ပြန်လို့မဖြစ်တာ သိပါသည်။ အထင်ကရ အရိပ်က ဝေးသည့်နေရာတစ်ခုကို ဝါဝွမ်း တွေးထားပြီးပြီ။

အဖေ့ရဲ့ဆွေမျိုးတွေ ရှိသော ရွာလေးကို ဝါဝွမ်း သွားမည်။ မနက်လေးနာရီလောက်ဆိုလျှင် အဝေးပြေးဝင်းထဲမှာ ကားတွေရှိ၏။ ဝါဝွမ်း အိမ်မှာမရှိတော့တာ အထင်ကရ သိရှိချိန်မှာ ဝါဝွမ်းလည်း ရန်ကုန်မြေမှာ မရှိတော့မှာသေချာ၏။

ခြံတံခါးသော့ကိုဖွင့်ပြီး တံခါးငယ်လေးကပဲ ဝါဝွမ်း ခေါင်းငုံ့၍ ထွက်လိုက်သည်။

ခြံအပြင်ရောက်မှ အိမ်ကြီးကို တစ်ချက်ပြန်ကြည့်ရင်း ဝါဝွမ်း

www.burmeseclassic.com



မျက်ရည်တွေ ဝဲလာ၏။ အထင်ကရရဲ့ ယုယကြင်နာမှုတွေကို ဝါဂွမ်း ဘယ်တော့မှ ပြန်မရနိုင်တော့တာ တွေးမိတော့ ဝမ်းနည်းမျက်ရည်တွေ စီးကျလာပြန်၏။

ဝါဂွမ်း လက်အုပ်လေးချီကာ အထင်ကရကို အာရုံထဲမှာ မြင်ယောင်ရင်း

"ဝါဂွမ်းကို ခွင့်လွှတ်ပါ အစ်ကို၊ အစ်ကို့ချစ်ခြင်းကို ဝါဂွမ်း ပိုင်ဆိုင်ချင်ပါတယ်၊ ဒါပေမဲ့ ဝါဂွမ်းကြောင့် အစ်ကိုတစ်သက်လုံး စိတ်မညစ်စေချင်လို့ပါရှင်"

ဝါဂွမ်း အသံလေးထွက်အောင် တောင်းပန်ပြီး လှည့်အထွက်မှာ

"အိုး အမေ့"

"ဝါဂွမ်း"

ရင်ထဲမှာ ထိတ်ခနဲ တုန်သွားခြင်းနှင့်အတူ မြင်လိုက်ရတာ အစ်ကို့မျက်နှာဖြစ်နေ၏။ အထင်ကရက ဝါဂွမ်းရှေ့မှာ မားမားမတ်မတ်ကြီးရပ်နေ၏။

"အစ်ကို အစ်ကို ဘာလာလုပ်တာလဲ"

"မင်းထွက်သွားမှာစိုးလို့ ကိုယ်မပြန်ဘဲ တစ်ညလုံး ခြံရှေ့မှာ စောင့်နေတာ"

"အို"

"ဝါဂွမ်း မင်း သိပ်ရက်စက်တယ်၊ ကိုယ့်ကိုထားရစ်သွားဖို့ မင်း ကြံစည်ရက်တယ်နော်"

"ဝါဂွမ်း အစ်ကို့ကို ဒုက္ခမပေးချင်လို့ပါရှင်"

"ဒုက္ခမပေးချင် စိတ်မညစ်စေချင်ဘူး ဟုတ်လား၊ မင်းထွက်





သွားရင် ငါ ရူးမှာသိလား၊ ငါ့ရင်သွေးလေးကြောင့်တင်မကဘူး မင်းကို ချစ်တဲ့စိတ်နဲ့ပါ ငါ ရူးမှာကွ"

"ရှင်"

ဝါဂွမ်း မျက်ဝန်းလေး ဝိုင်းစက်ငေးကြည့်နေတာ ကြည့်ကာ အထင်ကရ မချင့်မရဲ ဖြစ်လာတာမို့ ဝါဂွမ်း ခန္ဓာကိုယ်လေးကို ဖက်ထားမိ၏။

"ဝါဂွမ်းရယ် မင်းရဲ့ဖြူစင်ရိုးသားတဲ့နှလုံးသားလေးကို ကိုယ် ချစ်သွားခဲ့တာ ကြာပါပြီ၊ ဒါကြောင့်လည်း မင်းကို ကိုယ်လက်ထပ်ခွင့် တောင်းဆိုခဲ့တာပါ၊ ယုံပါကွာ မင်းထွက်သွားမှာကြောက်လို့ ကိုယ် တစ်ညလုံး ခြံရှေ့မှာ ထိုင်စောင့်နေခဲ့ရတာ"

"အစ်ကိုရယ် ဝါဂွမ်း သနားလိုက်တာ"

"ဟင့်အင်း ကိုယ်လိုချင်တာ ဝါဂွမ်း ရင်ထဲက ချစ်ခြင်းမေတ္တာပါ"

"အို"

"ဟုတ်တယ် ဝါဂွမ်း မင်းကိုကိုယ်ချစ်တယ်၊ သိပ်ချစ်သွားမိတာပါ ကလေးရယ်"

ပါးချင်းအပ်ကာဆိုနေသော အထင်ကရ စကားတွေကို ဝါဂွမ်း ကြားနေရတာ အိပ်မက်လားဟုတောင် ထင်မိ၏။ ဒါ တကယ်ပဲလား ဝါဂွမ်းကို အစ်ကိုချစ်နေတာတဲ့လား။

ဝါဂွမ်းကို တစ်ညလုံး စောင့်နေခဲ့တာတဲ့လား အစ်ကိုရယ်။

"ဝါဂွမ်း မင်းသွားမယ်ဆိုရင် ငါ့ကိုသတ်ပြီးမှသွားပါကွာ"

"ဟင့်အင်း ဝါဂွမ်း အစ်ကို့ကို အရမ်းချစ်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ တကယ်လား ဟင်"

ဝါဝွမ်း မျက်ရည်တွေကြားက ခေါင်းလေးညိတ်မိသည်။ အထင်ကရ မျက်ဝန်းတွေက ချစ်ခြင်းရောင်စဉ်တွေ တောက်ပလျက်။

"ဝါဝွမ်းရယ် ဝမ်းသာလိုက်တာကွာ မငိုနဲ့နော်၊ မင်းမျက်ရည်တွေကို ကိုယ် မမြင်ရက်ဘူး"

"ဝါဝွမ်း ဝမ်းသာလို့ပါ အစ်ကို၊ ဝါဝွမ်းကို အစ်ကို မချစ်ဘဲ လက်ထပ်မယ်ထင်လို့ပါ"

"ဝါဝွမ်းကို ချစ်တာပေါ့ကွာ၊ ဟောဒီရင်သွေးလေးကိုလည်း ချစ်တာပေါ့"

"အစ်ကိုရယ်"

ဝါဝွမ်း မျက်နှာလေးကို လက်ဖဝါးတွေနှင့် ပင့်မော့စေကာ အထင်ကရ အနမ်းမိုးတွေ ရွာချမိ၏။

ရင်ခုန်သံတွေက နှစ်ဦးစလုံး နှလုံးသားမှာ တူညီစွာ စီးမျော သွားခဲ့ကြသည်။

ဒီတစ်ခါ ရင်ခုန်သံတွေ စည်းချက်ညီနေခဲ့ခြင်းက အိပ်မက် မဟုတ်။ ကံကြမ္မာရိုင်းရဲ့စေရာကြောင့်မဟုတ်တာ သေချာသည်။

ဖြူစင်သောအနမ်းတို့သည် ချစ်ခြင်းကြောင့် ပေါက်ဖွားလာခဲ့ခြင်းဆိုတာ . . .။

အားလုံးအတွက်
နတ်သမီး

စိုးမိုး၊ ၁၇၆ပ

www.burmeseclassic.com